

TSM
PUBLISHING CENTER

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| င်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| ချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သျှင်မ

## သန့်ခင်ဝင်း

အချစ်မေတ္တာဘွဲ့
လုံးချင်းသန့်သန့်

စာမူခွင့်ပြုချက်အမှတ် • ၅၀၀၁၂၈၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၀၁၄၆၀၀၆၁၂
**ထုတ်ဝေခြင်း**
၂၀၀၇ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်
အုပ်ရေ-၅၀၀၊ တန်ဖိုး(၁၀၀) ကျပ်
**ထုတ်ဝေသူ**
ဦးကျော်ဟင်း (၀၉၁၀) (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ တာမွေလမ်း
တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်
ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
အောင်လွင် (CONQUEROR)
**ဖြင့်ပဆက်သွယ်ရေးမှူး**
ခင်မာဆွေ
**ဖြန့်ချိရေးမှူး**
မြတ်မာမာမင်း
**အတွင်းဖလင်/စာအုပ်ချုပ်**
သစ္စာမွန် (T.S.M)
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

## အခန်း (၁)

"တက္ကသိုလ်မတက်ခိုင်းလို့တော့ လုံးဝမဖြစ်ဘူး သမီး. . . ကိုယ့်အိမ်ထဲမှာ ကိုယ်ဘယ်လိုပဲနေနေ. . . အကြောင်းမဟုတ်ဘူး. . . အပြင်မှာတော့ တင့်တင့်တယ်တယ် ထားရမှာပဲ"

"လူကြားကောင်းအောင် ပြောစရာတွေ အများကြီးပါ မေမေရယ်. . . မေမေ အဲဒီလို ဟိုကြောက်ဒီကြောက်နဲ့ ရှောင်လွှန်းလို့ ဒီကောင်မခုလို တက္ကသိုလ်တက်ဖို့ထိ ဖြစ်လာတာ. . . ဒီလို ခပ်ထုံထုံ ခပ်အအမိန်းမတစ်ယောက်ကို ထူလို့ အလို့ စာသင်ပေးလို့မရလို့ အကြောင်းပြစရာတွေမှ အများကြီးပဲ"

"ပြောသလောက် လွယ်မလားအေ. . . သူ့အဒေါ် မုဆိုးမက ကျောင်းဆရာမ၊ သူ့တူမ ပညာရေးဘယ်လိုဆိုတာ သိနေတဲ့ဟာ. . ."

"အဲ့တစ်ယောက်က ဦးလေးနဲ့စပ်မှ တော်တာပါ. . . အခု မုဆိုးမ ဖြစ်သွားပြီ ဘာမှမဆိုင်တော့ဘူး"

**သစ္စာမွန်စာပေ**

"သွေးမဆိုင်ပေမယ့် ပါးစပ်က ဆိုင်သေးတယ်. . . နေကြတာ အလှမ်းကွာပေမယ့်. . . ဒီအိမ်၊ ဒီခြံ လုပ်ငန်းအားလုံးက တို့နဲ့ ဘာမှ မဆိုင်ဘူးဆိုတာ ပြောမယ့်သူတစ်ယောက်ရှိနေတဲ့အတွက် ဆင်ခြင်ဘင့်ဘကို ဆင်ခြင်ရမှာပဲ"

"ဘာလုပ်ငန်းလဲ မေမေရယ်. . . ဘာတွေများ ကြီးကြီးကျယ်ကျယ် ရှိလို့လဲ"

သမီးသုံးယောက် ရှိသည်။

တစ်ယောက်ပြီးတစ်ယောက် ဝင်လာပြီး ဒီစကားတွေချည်းနေတာ ဒေါ်စုစုလွင် စိတ်မရှည်ဖြစ်လာသည်။

"ဒါပြောလိုက်ရင် လူကြားတော့မှာပဲ. . . အဲဒီ ဘာမှမရှိတဲ့ လုပ်ငန်းတွေ အိမ်ယာတွေကိုပဲ ညည်းတို့မှာ ဘာရှိသလဲ၊ ညည်းတို့အဖေ အလှအမွေ ကောင်းလွန်းလို့ ဒီအိမ်ကို ရောက်လာကာစဆို သူများကအိုးခေါင်ထဲမှာ နေရတာသိလား"

ဒေါ်စုစုလွင်အသံက သူများကျေးဇူးကို ပြောသလိုလို သမီးတွေကို နားချသလိုလို မျက်ဝန်းများက အေးစက်ခက်ထန်ကာ နာကျည်းသံပါလာသည်။ မေ့နိုင်ပါ့မလား။

ညီအစ်ကိုဝမ်းကွဲ တော်တာတောင် ညီကို ဒရိုင်ဘာလုပ်ခိုင်းပြီး မယားနဲ့ သမီးသုံးယောက်ကို အလုပ်သမားတန်းလျားမှာ နေခိုင်းခဲ့တာ။

"ဘယ်လိုမှတော့ သဘောမထားနဲ့ စုစု ညီညီးယောက်ျားက ငွေမြင်ရင် စိတ်ခိုင်တာ မဟုတ်ဘူး. . . ဒါကြောင့် သူ့ကို အခွင့်အရေး များများ ပေးထားလို့ မဖြစ်ဘူး. . . လုပ်အားနဲ့ တိုင်းတာသတ်မှတ်ပေးမယ် မယ့်. . . မလောက်ငရင် ညည်း အစ်မကိုပြောပါ. . . လိုမှ အကူအညီတောင်း"





ပြောပုံလေးကတော့ ယဉ်နေသည်ပါပဲ။

ဦးဇေယျနိုင်၊ ဒေါ်ဝသုန်စန်းတဲ့။

နာမည်ကြားတာနဲ့တောင် ဒေါ်စုစုလွင် နှုတ်ခမ်းက မဲ့ပြီးသား။

ကိုယ့်ယောက်ျား လောင်းကစားမက်တာ အသုံးစွဲလက်ဖွာ၍ နာမည်ပျက်ရှိခဲ့တာ သူမ သိသည်ပဲ။

ဒေါ်စုစုလွင် သူမကိုယ်တိုင်က အတည်ကြီးပျက်သားသမီးမို့ နကိုမာနစိတ်က ရှိပြီးသား။

ဦးအောင်လွင်နဲ့ လက်ထပ်တာက ချစ်စိတ်တစ်ခုတည်းကြောင့် ဖြစ်သည်။ ထို့ကြောင့် မိဘများကလည်း ကိုယ်မှာ စီးပွားပျက်နေရတဲ့ထဲ အားကိုးလောက်ဖွယ် အခြေအနေမရှိတဲ့ ယောက်ျားကို ယူရပါ့မလားလို့ ဆက်ဆိုးကြသည်။ ဒါပေမယ့်. . .

"မောင့်ဆွေမျိုးနဲ့ အသိုင်းအဝိုင်းနဲ့ပါကွာ. . . ခပ်နိမ့်နိမ့်ကောင် မဟုတ်ပါဘူး"

ဦးအောင်လွင်က ဆွေမျိုးအားကိုးနှင့် အာမခံတွေ ခံလိုက်သေးသည်။ တကယ်တမ်းကျတော့ ဘယ်ဆွေမျိုးက အားကိုးရလို့လဲ။

ငွေကြေးလေး နည်းနည်းပါးပါး ထောက်ပံ့ခဲ့ကြသည်မှလွဲ၍ ဘာအကူအညီမှ မရခဲ့ပေ။ အစကတော့ တိုက်ခန်းငှားနေနိုင်ခဲ့သေးသည်။

ကလေးနှစ်ယောက်ရတော့ ဦးအောင်လွင် ပေါ့ပေါ့နေ ပေါ့ပေါ့တားတတ်တဲ့ အကျင့်ကြောင့် အိမ်လေးပေါ် ပြောင်းနေခဲ့ကြရသည်။

ဆင်းရဲပါတယ်ဆိုမှ မွေးလိုက်မိတာက တစ်ဝမ်းလွယ်လိုက်တာ အမွှာသမီးလေး နှစ်ယောက်။

ဒုတိယကိုယ်ဝန် သုံးယောက်မြောက် သမီးလေး မွေးပြီးတော့ ဘယ်လိုမှ ရပ်တည်လို့မရအောင် ကျပ်တည်းလာတာကြောင့် ဦးဇေယျနိုင်

တို့ဆီ ရောက်သွားခဲ့သည်။ အားကိုးထိုက်တဲ့ ဆွေမျိုးတွေ။

ညီအစ်ကိုဝမ်းကွဲချင်းတောင် ဒရိုင်ဘာလုပ်မှ နေစရာစားစရာ ပေးနိုင်မယ်တဲ့ ဆင်းရဲကျပ်တည်းနေတုန်း အကူအညီ ပေးတာက ကျေးဇူး တင်ထိုက်တယ်ဆိုပေမယ့် တစိမ်းတွေမှ မဟုတ်တာ။

ပြီးတော့ သူ့မှာ သမီးရှိသလို ကိုယ်မှာလည်း သမီးရှိသည်။ သူတို့သမီးက ကိုယ့်သမီးအငယ်ဆုံးနဲ့မှ ရွယ်တူ။ ဒါကို အောက်ကျနောက် ကျ သည်းခံချော့မြှူ၍ ပေါင်းသင်းနေရတဲ့ ဘဝ။ သားသမီးချင်းယှဉ်တော့ မှာနက ခေါင်းထောင်လာသည်။ သူ့သမီးကို ဆင်သမျှ ကိုယ့်သမီးလေး တွေကို မဆင်ရမကျွေးရတော့ မကျေနပ်စိတ်တွေ တစ်စစ စုဆောင်းမိလာ သည်။

"ဒီကောင်မကို ကျောင်းထားပေးရတာနဲ့. . . တင့်တယ်စေချင် ရတာနဲ့. . . တက္ကသိုလ်မှာ နားပွင့်မျက်စိပွင့်နဲ့ ဖြစ်သွားရင် ဒီကောင်မကို သမီးတို့ ဘယ်လိုထိန်းနိုင်မလဲ"

နေခြည်စုလွင် အသံကြောင့် ဒေါ်စုစုလွင် အတွေးစတွေ ပြတ် တောက်ကုန်၏။

"ကျောင်းထားပေးခဲ့တာလည်း ဆယ်တန်းအောင်သွားပြီ မဟုတ်လား. . . ဒီကောင်မ ငါတို့ကို မျက်မွှေးတောင် ကြည့်ရဲခဲ့လို့လား တက္ကသိုလ်မှာလည်း အဲ့ဒီပုံစံအတိုင်းပဲ ဆက်လုပ်သွားမှာပေါ့. . . ညည်း တို့ရှိတာပဲ. . ."

"ရှိပေမယ့် အထက်တန်းကျောင်းနဲ့ တက္ကသိုလ်က တူတာ မဟုတ်ဘူး မေမေရဲ့. . . တက္ကသိုလ်ရောက်မှ သူငယ်ချင်းကောင်းတော သူ အဲဒီလိုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ. . ."

"ဘာ သူငယ်ချင်းမှ ရခွင့်မပေးဘူး. . . ကျောင်းနဲ့အိမ်ပဲ အိပ်နဲ့





ကျောင်းပဲ. . ."

ရွှေခြည်စုလွင်က နှုတ်ခမ်းမဲ့သည်။

အငယ်ဆုံး စုစုအောင်လွင်က ကက်ဆက်နားထောင်နေရာက နားကျပ်ကိုဖြုတ်၍ စားပွဲပေါ်တင်လိုက်က။

"အဲဒီတစ်ယောက်ကို သမီးနဲ့အတူတူ တက္ကသိုလ်တက်ခိုင်းမှာ ပေါ့ ဟုတ်လား မေမေ"

"ဟုတ်တယ် တက်ခိုင်းရမှာပဲ. . အနားပါးနီးမှာ သူ့ဆွေမျိုးသား ချင်းတွေ ရှိတယ်. . . ပါးစပ်တွေ ဟာမလာခင် အပြောမခံရအောင် လုပ် ပေးရမယ်"

"ဘာမှမဆိုင်ဘူး လုံးဝ လုပ်မပေးနဲ့ စု လုံးဝမကျေနပ်ဘူး ဒါပဲ"

"ဟုတ်တယ်. . . တက္ကသိုလ်တက်ခိုင်းဖို့ကတော့ မေမေ အခွင့် အရေးပေးလိုက်တာပဲ"

"ဟုတ်တယ်. . . လုံးဝ မတက်ခိုင်းရဘူး"

"တော်ကြစမ်း. . . ပါးစပ်တွေ ပိတ်ထားကြ"

ဒေါ်စုစုလွင် အော်ကြီးဟစ်ကျယ် ပြောလိုက်ပြီးမှ အသံကို နှိမ် ရကာ. . .

"ညည်းတို့ အိမ်ပေါ်ကနေ ခေါင်းနဲ့ ဆင်းချင်လို့လား"

"ဘာဆိုင်လဲ မေမေ နှစ်တွေပဲကြာလို့ပြီ. . သူ မူလတန်းလေးက တည်းက မေမေတို့လက်ပေါ်မှာ ကြီးခဲ့ရတာ. . . ဘယ်သူလာထိန်းပေး လို့လဲ. . . ဒီအိမ်ကြီး ဒီစီးပွားရေးတွေရော ဖေဖေ ဦးစီးလုပ်နေခဲ့လို့ ဒီ လောက်ထိ အခွန့်ရှည်နေတာ"

ဒေါ် စုစုလွင်က နှုတ်ခမ်းကို ဆတ်ခနဲ တွန့်ပင့်လိုက်၍. . .

"ပါ့တ်ပါလိမ့်မယ် အားကြီး. . . ညည်းတို့အဖေ လုပ်လို့ အခု

နို့ဆီခွက်ကြီးပဲ ကျန်တော့တာ ကြွေးတွေ ပတ်လည်ဝိုင်းနေပြီ"

"တော်ပါ မမေရယ်. . . မမေပါးစပ်က ဒီစကားတွေ ထွက်နေတော့ သေချာတယ်. . . ဒီဟာမ ရွှေလှေ့ပါ လုပ်ပါဦးမှာ. . ."

"ကြည့်ပါလား. . . မိန်းမတန်မဲ့ ထိပ်ပြောင်ဖြစ်သွားအောင် ဆံပင်တွေကို တစ်ချောင်းစီ ဆွဲနုတ်ပစ်လိုက်မယ်"

"ဟုတ်တယ်. . . ဒီဟာမမျိုး ခေါင်းတောင်ကြည့်ပါလား. . . လည်မျိုတောင် နင်းပစ်လိုက်ဦးမယ်"

"အေးပါ. . . ညည်းတို့ နို့ဝ်စက်လို့လဲ ဟိုမှာ ယဲ့ယဲ့ပဲရှိတော့တာ မဟုတ်လား"

"ကိုယ်လုပ်ချင်တိုင်း လုပ်လို့မရဘူး. . . ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်"

ညီအစ်မ သုံးယောက်စလုံး မျက်နှာများက တစ်သွေးတစ်ရောင်တည်း ရှိနေကြတာ။

"ဘာပတ်ဝန်းကျင်ရှိရှိ. . . အဲဒီဟာက တက္ကသိုလ်ရောက်ကြည့်ကြောက်ပါပြီ မတက်တော့ပါဘူး. . . လို့အော်ပြောအောင်ကို ပညာပြလိုက်ဦးမယ်"

ကြိမ်းဝါးသံတို့က တစ်ထပ်တည်း။

❖ ❖ ❖



## အခန်း (၂)

"ကဲ. . . ဆင်းတော့"

"ဟင်. . ."

"ဆင်းတော့လို့ ပြောနေတာ. . . ဘာဟင်လဲ. . . ရှေ့ နှစ်ဆယ်ဒ်ကနေ လိုင်းကားစီးပြီး ကျောင်းကိုသွား"

သုန် နှစ်ဆယ်တန်အသစ်လေး တစ်ရွက်ကို ဆုပ်ကိုင်ကာ မျက်လုံးလေး ပြူးသွားသည်။

ဘယ်လိုသွားရမှန်း နားမလည်။

အိမ်ကနေထွက်လာတော့ ကားပေါ်တင်ခေါ်လာပြီး လမ်းကျမှ ဆင်းတော့ဟု ပြောလာသဖြင့် သုန် ဘေးဘီကို ဝေ့ကြည့်ကာ မျက်နှာလေး ငယ်သွားသည်။

"သုန်. . . သုန် မသွားတတ်လို့ပါ မမရယ်. . . ဒီကားနဲ့. . ."

"စိတ်ကူးယဉ်လှချေလား. . . မိသုန်. . . ကိုယ်ပိုင်ကားနဲ့

ကျောင်းတက်ရအောင် နင်က ဘာမို့လို့လဲ. . ဆင်း. . ခုဆင်းစမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ပခုံးကို အတင်းတွန်းချနေသဖြင့် သုန် ကားပေါ်က ဆင်းလိုက်ရင်း. . .

ပေတရာလမ်းမကြီးမှာ ခြေနှစ်ချောင်းခိုင်ခိုင် မရပ်ရသေးပဲ ကားက ဆောင့်ထွက်သွားတော့ သုန် ကမန်းကတန်း ဆုတ်ရှောင်ရသဖြင့် လူကယိုင်နဲ့ကာ ပလက်ဖောင်းပေါ် လက်ကလေးနှင့် လေးဘက်ထောက်ကျသွား၏။

"လဲပါဦးမယ်ကွာ. . . ကျွတ်. . . ကျွတ်"

"ဟေ့. . . လိုက်မလား"

ဖြတ်သန်းသွားကြသော ကားပေါ်မှ ရယ်သံတချို့ ပျံ့လွင့်ကျန်ခဲ့၏။ သုန် ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ နှစ်ဆယ်တန်းလေးကို ဆုပ်ကိုင်၍ ရှေ့မှလှမ်းမြင်နေရသည့် ကားမှတ်တိုင်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ကျောင်းကိုရောက်ဖို့ ဘာကားစီးရမှန်း မသိ။

သုန် ဟိုပြေးဒီမေးနှင့် ကျောင်းရောက်လာတော့ မောဟိုက်တုန်ယင်ကာ တစ်ကိုယ်လုံးမှာလည်း ချွေးတွေရွှဲကာ တော်တော်နဲ့ ခြေလှမ်းလို့မရပေ။ မြင့်မားထည်ဝါလှသော တက္ကသိုလ် အဆောက်အဦးကြီးကို လှမ်းကြည့်ကာ နှုတ်ခမ်းလေးတွေ ပြုံးသွားပေမယ့် အမောမပြေနိုင်။

သူမ တက္ကသိုလ်တက်ခွင့်ရခဲ့လေပြီ။

ဒါဟာ လုံးဝမထင်မှတ်ခဲ့တဲ့ အရာဖြစ်သည်။ တက္ကသိုလ်ဝန်းထဲ ခြေချမိတာနဲ့ပဲ အန်တီစုစုတို့ မိသားစုအပေါ် ကျေးဇူးတင် ဝ[illegible]ာက်ခြင်းတွေ အတိုင်းအဆ မရှိဖြစ်ထွန်းလာခဲ့သည်။

"တီ"





"အမေ့"

ကားခေါင်းကိုလည်း နံဘေးမှမြင်သည်။ တီခနဲ ဟွန်းသံကလည်း ကပ်လျက် တီးလိုက်သဖြင့် သုန် တွန့်ခနဲ ဖြစ်သွား၏။

"လမ်းမအလယ်ခေါင်မှာ ဘာရပ်လုပ်နေတာလဲ"

ကားပေါ်ကနေ လှမ်းဆူသွားသေးသည်။

နှုတ်ခမ်းဖျားလေးတွေပေါ်မှာ စို့တက်နေသော ချွေးတို့ကို လက်ခုံလေးနဲ့ အသာလေးသုတ်၍ သုန် ရှေ့ဆက်ဝင်လာခဲ့သည်။

နားထဲမှာ တီးသံ၊ ဆိုသံတွေလိုလို လက်ခုပ်ဩဘာသံတွေလိုလို ဘယ်ကကြားနေရမှန်းမသိ။

မောင်မယ်သစ်လွင်ကြိုဆိုပွဲကြီး ကျင်းပနေတာကို သုန် မသိပါ။ သူမ သိသည်က သူမ တက်ရောက်ရမည့် စာသင်ခန်းကို သွားဖို့ပဲ ဖြစ်သည်။

"ဟိတ် ဘာရှာနေတာလဲ"

နောက်ကနေ ပခုံးလာပုတ်တာကြောင့် လန့်ဖျန့်လှည့်ကြည့်လိုက်တော့ ဆံပင်တိုကပ်ကပ် ခပ်သွယ်သွယ် ကိုယ်လုံးလေးနှင့် ပြုံးပြနေသော နှုတ်ခမ်းထောင့် အောက်နားလေးမှာလည်း ပါးချိုင့်ခွက်သေးလေးရှိနေသော လွန်စွာ ချစ်စဖွယ်ကောင်းသောမျက်နှာလေး ပိုင်ရှင်ကို တွေ့လိုက်ရ၏။ သုန် နှစ်မြို့စွာ ပြန်လည်ပြုံးပြကာ. . .

"ဟို. . . မာတုအင်ဂျင်နီယာ. . ."

သူမ စကားမဆုံးမီ. . .

"အဲဒါ နောက်မှရှာမယ်လေ. . . လောလောဆယ် ဟိုမှာဆိုကြီးကြတာတွေ သွားကြည့်မယ်လာ. . ."

"ဟင်. . . ဘယ်မှာလဲ"

"စက်မှုခန်းမထဲမှာပေါ့. . တို့ အဖော်မရှိလို့ မသွားဘဲနေရတာ"

"နင်က. . ဘာ ဘာသာလဲဟင်"

"အတူတူပဲ ယူနဲ့တို့ ကလပ်စ်မိတ်ပါ. . . အဲဒါ ပူမနေပါနဲ့"

"အဲဒီမှာ ဘာဖြစ်လို့ ဆိုတီးနေကြတာလဲ"

သူမ ဆွဲခေါ်တဲ့နောက်ကို လိုက်လာတာနဲ့ သုန် သိချင်တာကို လည်း မနားတမ်း မေးနေမိသည်။

"မောင်မယ်သစ်လွင်ကြိုဆိုပွဲလေ. . . ယူကလည်း ဘာမှမသိ ဘူးလား. . . တို့က ဒီကျောင်းမှာ တို့ကိုကိုရှိတော့ ဒီပွဲကို နှစ်တိုင်းလိုက် ကြည့်တယ်. . အဲဒီမှာ ကျောင်းသားဟောင်းတွေရော တို့လို ကျောင်းသူ သစ်တွေရော အစုံပဲ. . တကယ့်အချောအလှတွေချည်းပဲ"

သုန် ဝမ်းသာအားရ ဖြစ်သွားသည်။

တစ်ယောက်တည်း ဘယ်သွားရမှန်းမသိ ဘယ်ဝင်ရမှန်းမသိ ဖြစ်နေတုန်း ဦးဆောင်ခေါ် ဝင်မယ့်သူ ရလိုက်သဖြင့် အရိပ်ကောင်းတစ် ခုအောက် ပြေးဝင်လိုက်သလို ရင်ထဲမှာ အေးချမ်းသွားမိ၏။

"အထဲမှာ ဘယ်သူဆိုနေတာလဲ မသိဘူး. . . ကော်ရစ်ဒါမှာ တောင် ကျပ်ခဲနေတာပဲ ကြည့်စမ်း"

သုန့်ကို ခေါ်လာသူလေးက ညည်းညူသလို ပြောရင်း အပြေးအ လွှားသွားကာ ဝင်ဖို့နေရာရှာသည်။

စက်မှုခန်းမ၏ အနောက်ဘက်ဆုံး ဝင်ပေါက်တံခါးကနေ အထဲ သို့ ခေါင်းလေးပြူကြည့်နိုင်ဖို့ အကြိတ်အနယ် ကြိုးစားနေသည့် သူမလေး ကိုကြည့်ကာ သုန် ဘေးကနေ သနားမိသည်။

ဝါသနာက သေးသေးလေး မဟုတ်ပါ။

ဆိုနေသည့် သီချင်းက ယုဇနရဲ့ သီချင်းထင်သည်။





"တောက်. . . အသံကတော့ တကယ်ဂွင်တယ်. . . လုံးဝကို မမြင်ရဘူး. . . နင်ကြည့်မလား. . လာ. . ရှေ့တိုး"

သုန့်ကို ဆက်ဆွဲ၍ နေရာပေးဖို့ လုပ်နေသေးသည်။

သုန် ခေါင်းလေးခါပြ၏။

"ဟင့်အင်း. . . သုန် ဝါသနာ မပါပါဘူး. . . နင်ပဲ ကြည့်ပါ"

"မမြင်ရဘူး. . . တကယ်ညစ်တယ်"

သူမလေးက နားဆွဲလေးတွေ လှုပ်ခါသွားအောင် ခေါင်းကို လှုပ် ရှားကုတ်ဖွ၍ ခြေထောက်လေးပါ ဆောင့်သည်။

"တို့. . ချီပေးရမလား"

အနားမှာရှိနေသည့် တစ်ယောက်က ရယ်မောမောနဲ့ ထပ်ပြော သည်။

"ယူက ချီပေးရအောင် စွန်ကြီးလား"

သူမလေးက ဆတ်ခနဲ ပြန်တွယ်၍ မျက်စောင်းထိုးသည်။

"ဟင်း. . ."

သုန့်လက်ကိုဆွဲ၍ ထိုနေရာမှ ထွက်လာခဲ့ရင်း. . .

"ဒီနေ့မှ ကိုကိုတို့ ဘယ်ရောက်နေတယ် မသိဘူး. . . တို့က အိပ်ရာထ နောက်ကျသွားလို့ပါ. . . မဟုတ်ရင် နေရာကောင်းရတာပေါ့ ကိုကိုကလည်း လွန်ပါတယ်. . . ကျောင်းမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကိုတော့ အလုအယက်သွားတယ်. . . ကိုယ့်ညီမ ကျောင်းသူသစ်တစ် ယောက်ကြီးကိုတော့ ထားခဲ့တယ်တဲ့. . . တွေ့လို့ကတော့ ပြောကိုပစ်လိုက် ဦးမယ်. . ."

တစ်ယောက်တည်း ကြိမ်းဝါးနေသေးသည်။

"ယူကရော ဒီမှာ ညီအစ်ကိုမောင်နှမ နှစ်ဟောင်းထဲက မရှိဘူး

လား"

"ရှိတယ်. . အဲ. . "

ဖြေပြီးမှ သုန် နှုတ်ခမ်းလေးကို လက်နဲ့ပြန်ပိတ်မိသည်။

"ဘာလဲ. . ယူကလည်း တို့လိုပဲလား. . . "

"အင်း. . အဲ. . မဟုတ်ဘူး. . နင့်နာမည် ဘယ်လိုခေါ်လဲ ဟင်"

သုန် ဘာဖြေရမှန်းမသိ၍ ပါးစပ်ထဲ တွေ့ကရာကောက်ပြော လိုက်မိသည်။

"ဟုတ်သားပဲ မိတ်ဆက်ဖို့တောင် မေ့နေတယ်. . လာ တို့ ပင်မ ဆောင်ရှေ့မှာ သွားထိုင်ရအောင်"

ခုံတန်းလေးဆီကို သွားကြတာလည်း သူမပဲ ဦးဆောင်ခဲ့တာပါ ပဲ။

"ယူ့နာမည် အရင်ပြောလေ"

"လက်ဝဲသုန်"

"လက်ဝဲသုန်"

"အင်း. . . "

"အဆန်းပါလား"

သူမက လှောင်သလို ပြောင်သလို ရယ်ချလိုက်သဖြင့် သုန် စိတ်မဆိုးမိပါ။

"ဆောရီးနော် လှောင်တာ မဟုတ်ဘူး. . . တို့က ဟန်မဆောင် တတ်လို့ပါ"

"ရပါတယ်"

သုန်က ပြုံးပြ၍ ခွင့်လွှတ်တော့ သူမက ခပ်စူးစူးလေး ပြန်ကြည့် ကာ. . .





"ယူက အရမ်းအေးတာပဲနော်. . . မြင်တာနဲ့ သိတယ်. . . မျက် နှာလေးကလည်း လှတယ် ချစ်စရာကောင်းတယ်. . . ပြီးတော့ ဆံပင်တွေ က ပေါင်လယ်လောက် ရှည်တယ် ထင်တယ်"

"အင်း. . . "

သုန်က ကျစ်ဆံမြီးနှစ်ခွ ကျစ်ချထားသည့် ဆံပင်တွေကို စမ်း ကိုင်လိုက်ရင်း ခေါင်းညိတ်သည်။

"တို့က ဆံပင်ရှည်ထားရမှာ စိတ်မရှည်ပေမယ့်. . . ဆံပင်ရှည် ဘဲ့လှဆို သိပ်သဘောကျတာ. . . ပြီးတော့ ယူ့လို အေးအေးလေးနေတတ် [illegible]ကိုလည်း ကြိုက်တယ်. . . တို့ကလေ ဘာမဆို ဆရာလုပ်ရမှ ကြိုက် တာ[illegible]တို့ကို ဦးဆောင်သွားမယ့်လူဆို ဆောရီးပဲ"

"ဩော်. . . "

"ယူနဲ့တို့ ခင်လို့ရမလား"

"ရပါတယ်. . . နင့်ကို ငါ ခင်တယ်"

"ဟိုလေ. . . တို့က မြတ်မြတ်နိုးနိုး. . . အားလုံးကတော့ နိုးနိုး လို့ခေါ်ကြတာပဲ. . . အိမ်မှာပြောတာ ကျောင်းမှာတော့ ဘော်ဒါမရှိသေး ဘူး. . . အ. ထ. က မှာ အတူတူ ပေါင်းခဲ့ကြတဲ့ သူငယ်ချင်းမတွေက ဒီကို တစ်ယောက်မှ မရောက်ဘူးလေ. . . ယူက ပထမဆုံး သူငယ်ချင်း ပေါ့"

သုန် နိုးနိုးကို ကြည့်၍ အားကျနေမိသည်။

ဝတ်စားဆင်ယင်ပုံ ပြောဆိုနေထိုင်ပုံ မြင်တာနှင့် လူကုံထံ အသိုင်းအဝိုင်းထဲကမှန်း သိသာနေသည်။

ဖြူဝင်းနုဖတ်သော လက်ချောင်းလေးတွေမှာ လက်စွပ်ပါးပါး လေးတွေ အပြည့်။

ဟန်းချိန်း၊ ဖုဒ်ချိန်း လည်တိုင်မှာအစ လက်ဝတ်လက်စားတွေ ညွတ်နေသည်။

အနည်းငယ် ပြေပြစ်သည့် မျက်နှာပြင်လေးရှိပေမယ့် ရယ်လိုက်တိုင်း အင်မတန် ချစ်စရာကောင်းသည့် မျက်နှာလေးဖြစ်နေတဲ့သူ။

"နှင့်မှာ မိဘတွေရှိမှာပဲနော်"

"အင်း. . . ရှိတာပေါ့. . . ဘာလဲ ယူက မိဘမဲ့လား"

မေးပုံက ပွင့်လင်းလွန်းသောကြောင့် ရိုင်းသလိုကြီးပါ။

ရင်ထဲမှာ လှိုက်ခနဲ နွေးဆင်းသွားလေတော့ သုန် စိတ်မဆိုးခဲ့ပေ။ ခေါင်းလေး အသာညိတ်ပြကာ. . .

"ဟုတ်တယ် သုန့်မှာ. . ."

သုန့်မျက်လုံးလေး တစ်နေရာကို ကြည့်ကာ မြူကျယ်ခြောက်ခြားသွား၏။

"ဘာဖြစ်လို့လဲ"

နိုးနိုးကပါ သုန် ကြည့်ရာကို လှမ်းကြည့်၏။ ရုပ်ချင်းခွဲမရအောင်တူသော မျက်နှာနှစ်ခု၊ ပင်မဆောင်ရဲ့ လက်ဝဲဘက်ထောင့်မှာ မိန်းကလေးတွေ အများကြီးရှိနေကြပေမယ့် သုန့်ကို တင်းတင်းမာမာ မျက်နှာများနဲ့ လှမ်းကြည့်နေကြသော ထိုမျက်နှာနှစ်ခုကိုပဲ နိုးနိုး တုန်ခနဲ သတိပြုမိသည်။

သုန်ကို ပြန်ကြည့်တော့ သရဲတစ္ဆေကို မြင်လိုက်ရတဲ့အတိုင်း။

"သူတို့က ဘယ်သူတွေမို့လဲ သုန်. . ."

သုန်သည် ထိုမျက်နှာများကို စိတ်ညှို့ခံထားရသူပမာ စူးစိုက်ငေးမောရင်း နေရာမှ ဆတ်ခနဲ ထရပ်လိုက်သေးသည်။

"ဘယ်သွားမလို့လဲ. . ."





"သူတို့ခေါ်နေပြီ သွားမယ်နော်. . ."

သုန် လွယ်အိတ်လေးကိုပင် မလွယ်တော့ဘဲ ရင်ခွင်ထဲမှာ ပိုက်လျက်နှင့် အပြေးအလွှား ထွက်သွားလေသည်။

နိုးနိုး မျက်မှောင်တွန့်လျက် မကျေမနပ် ကျန်ခဲ့ရင်း။

## အခန်း (၃)

"ဖြန်း"

"အား. . ."

"ရိုက်. . . မမ"

"ဖြန်း"

"အား. . ."

သုန် လဲကျသွားခွင့်မရပါ။ တစ်ယောက်က လက်မောင်းမှ ဆွဲထူထားသည်။

နေခြည်စုစုလွင်ရဲ့ ရိုက်ချက်များက သုန့် ပါးပြင်နှစ်ဖက်မှာ. . .

"ကဲ. . . ကဲ တော်ကြတော့"

ဒေါ်စုစုလွင်က ကုလားထိုင်မှာ ခြေခြင်းချိတ် ထိုင်ကြည့်နေပြီး သုန် ခေါင်းခေါက်ပျော့ဆင်းနေမှ လှမ်းတား၏။

"ငါးဖယ်မ ဘယ်လောက်ရိုက်ရိုက် မမှတ်ဘူး. . . ဒီကောင်မက





ဘယ်သူနဲ့ သွားတွဲလဲ မေမေသိလား. . ."

"ပြောပါဦး ဘယ်သူနဲ့ သွားသိနေတာလဲ. . ."

"နာမည်တော့ သမီး မသိပါဘူး. . . ဒါပေမယ့် အဲ့ဒီကောင်မလေးက ဆက်ကိုကိုရဲ့ ညီမဆိုတာ သိတယ်. . . သူ့အစ်ကိုနဲ့ ခဏခဏပါလာတာ မြင်ဖူးနေတာ. . . သူတို့ အဖေက နိုင်ငံခြားကုမ္ပဏီတစ်ခုရဲ့ ဘကယ့် အမိကရာထူးကြီး မောင်နှမနှစ်ယောက်က ကားတစ်စီးစီနဲ့ လာတာ ဆက်ကိုကိုဆိုတာရော သိလား. . . စက်မှုမှာ သိပ်ပေါ်လွင်တဲ့ ကောင် သူတို့အုပ်စုတစ်စုလုံး ပေါ်ပြူလာတွေချည်းပဲ"

"ဟဲ့. . . ဒီမှာ ငါ့ကိုကြည့်စမ်း အဲဒီတစ်ယောက်ကို နင်ဘယ်လို သွားစည်းရုံးလိုက်တာလဲ. . . သူ့အစ်ကိုလိုဟာမျိုးက နင့်လိုမိန်းမကိုများ တွဲကူးမယ် မှတ်လို့လား"

"မဟုတ်ပါဘူး မမနေရယ်"

"မပြောနဲ့"

ပါးစပ်နဲ့လက်က တစ်ထပ်တည်း. . .

သုန့် ပါးပြင်တစ်ဖက်မှသည် နှုတ်ခမ်းထောင့်မှစ၍ သွေးစတို့ စီးထွက်လာ၏။

"ကောင်မလေးက လည်မယ့်ပုံလေး မေမေရဲ့. . . ချောချောလှလှ ခပ်သွက်သွက်လေးရယ်. . . နင်က အပြင်ထွက်ခွင့် ပေးလိုက်တာနဲ့ အားကိုးရှာတာပေါ့လေ ဟုတ်လား. . ."

သုန် စကားမပြောရဲတော့ဘဲ ခေါင်းလေးသာ တွင်တွင်ခါနေမိသည်။ နေခြည်က သုန့် မေးဖျားလေးကို ခပ်ဆတ်ဆတ် ဆွဲခါ၍. . .

"ကောင်မ. . . ပြောစမ်း အဲ့ဒီ ကောင်မလေးနဲ့ နောက်ကို စကားပြောဦးမလား"

"မပြောတော့ပါဘူး"

"ဖြန်း"

"အား. . ."

"ခေါ်ဦးမလား"

"ဟင့်အင်း"

"ဖြန်း"

"နေခြည်. . တော်ပြီ. . . အရမ်းကရော ဖြစ်ကုန်မယ်"

"ဒီကောင်မကို မြင်နေရရင် သမီးတော့ သတ်မိမှာပဲ မေမေ ဖ်ဲဒါကြောင့် မေမေ့ကို ပြောတာ ဒီကောင်မကို ကျောင်းဆက်မထားပါနဲ့ လို့. . . ခုကြည့်စမ်း ကျောင်းတစ်ရက်ပဲ သွားရသေးတယ်. . . တကယ့် ဂရိုတ်ဆိုတာနဲ့ တက်ပေါင်းလိုက်ပြီ"

"မိသန် ပြောစမ်း အဲ့ဒီတစ်ယောက်နဲ့ ဘယ်လိုခင်သွားတာလဲ"

ရွှေခြည်က ပခုံးကို ဆောင့်ခါ၍ မေးသည်။

သုန် ပြန်ဖြေဖို့ အင်အားမရှိတော့ပါ။

ပါးပြင်သည် ကျိန်းစပ်ကိုက်ခဲလာကာ မျက်လုံးပြာဝေနေပြီ။

"ဟဲ့. . ဟာမ မေးနေတာကို ကြားလား"

"အင်း. . ."

သုန် ကြိုးစား၍ ခေါင်းထောင်ပေမယ့် မရ။

ချာခနဲ စိုက်ကျသွားသည်။

"ကောင်မ မထီလေးစားနဲ့"

ရွှေခြည် လက်ကို လွှဲမြှောက်လိုက်၏။

သို့သော် ဒေါ်စုစုလွင် ကပျာကယာ ထလာကာ ရွှေခြည်လက်ကို ဖမ်းဆွဲထားလိုက်ပြီး. . .



"အောက်ကလူကိုလည်း ပြန်ကြည့်ဦး. . . လူကို ဖွဲ့အိတ်ကြီး ပှတ်နေကြသလား. . . တကယ်ပါပဲအေ. . ."

"သေသွားလည်း အေးတာပဲ မေမေရာ. . ."

"သေမှာစိုးလို့ မဟုတ်ဘူး. . . ဒဏ်ရာဒဏ်ချက်တွေနဲ့ သေရင် ညည်းတို့ ထောင်ကျမှာ နားလည်လား. . . အားလုံး လမ်းဘေးရောက်ကုန်မယ်"

သုန် ကိုယ်လေးကို ဆောင့်လွှတ်လိုက်သောအခါ သုန်သည် ကြမ်းပြင်ပေါ် မှာ အဖျားတစ်စကနေ ကိုင်ဆွဲ၍ လွှတ်ချလိုက်သော ကြိုးတစ်ပလို ပုံခနဲ ခွေဆင်းသွား၏။

"ဟော ကားသံကြားတယ်. . ညည်းတို့အဖေ လာပြီထင်တယ်"

"တံခါးပိတ်ထားခဲ့. . ."

ဒေါ်စုစုလွင်က အရင်အပြင်ထွက်သွား၏။

အားလုံး ဝေးကွာသွားကြသော ခြေသံများကို သုန် ကြားနေသည်။ မျက်လုံးတွေ မှိတ်ထားကြသည့်ကြားမှ အနီရောင် အပြာရောင်တွေ ပြေးလွှားလင်းလက်ကာ တဒိုင်းဒိုင်း ထိုးဆောင့်လာသော ဦးခေါင်းတစ်ခုလုံး ချာချာလည်လျက် နောက်ဆုံးမှာတော့ သုန် ဘာဆိုဘာမှ မသိတော့ပေ။

## အခန်း (၄)

"မိသုန်"

"ရှင်"

ခေါ်လိုက်တဲ့ အသံဟာ နားထဲမှာ ဗုံးတစ်လုံး ပေါက်ကွဲသွားသည့်အတိုင်း ဆူညံပွလောင်သွားလေသည်။

ယောင်ယမ်း၍ လွယ်ထားသည့် အိတ်ကို ရင်ခွင်ထဲမှာ ကျစ်နေအောင် ဖက်ထားလိုက်မိသည်။

ရွှေခြည်က ရှေ့ကပိတ်ရပ်လိုက်ပြီး မေးဖျားကို ခပ်ကြမ်းကြမ်း ဆွဲမော့လိုက်သည်။

ထို့နောက် လက်နှစ်ဖက်နှင့် ပါးနှစ်ဖက်ကို ဆွဲဖျစ်လိုက်ရာ. . .

"အား"

သနပ်ခါးလိမ်းတာတောင် မျက်ရည်ကျအောင် နာသည့် မျက်နှာတစ်ခုလုံးဟာ မခံရပ်နိုင်အောင် နာကျင်သွားလေသည်။

"ဘာဖြစ်တာလဲ အဲဒါ. . . ကိုင်တာလေးတောင် အဖြစ်က





သည်းသေးတယ်. . . နင့်သနပ်ခါးက ဒီထက်ထူထူလိမ်းလို့ မရဘူးလား. . ဘေးမှာ အနီကွက်တွေ ပေါ်နေသေးတယ်. . . သွားပြန်လိမ်း. . ."

နေခြည်က အနီရောင် ကြိုးပျော့လေးနှင့် ချည်လွယ်အိတ်လှလှလေးကို ဟန်ပါပါလွယ်၍ အနားကထွက်လာသည်။

"ဒဏ်ရာတွေ ဖုံးအောင် သနပ်ခါးလိမ်းပါဆိုမှ သူက အလှပျက်မှာ စိုးနေသေးတယ်. . . ဟင်း. . . ထပ်လုပ်လိုက်ရရင် သေဦးမယ်. . . ဘာလုပ်နေတာလဲ. . . သွားပြန်လိမ်းဆို လိမ်းလေ"

သုန် အခန်းထဲပြန်ဝင်၍ သနပ်ခါးပြန်သွေး မျက်နှာပေါ် သာသာလေး တင်။ ပွတ်မပစ်နိုင်သည့် သနပ်ခါးက ပါးပေါ်မှာ အပုံလိုက်ကြီးဖြစ်နေပေမယ့် သာသာလေးပဲ ညိုလိုက်နိုင်ကာ ပြန်ထွက်လာခဲ့၏။

"ဟီး. . . ဟီး"

သုန်ကိုကြည့်၍ စုစုအောင်လွင်က ခစ်ခနဲ ရယ်သည်။

"ဒီနေ့တော့ အရမ်းရယ်ရမယ့်ပွဲပဲ. . . ကိုယ့်ကျောင်းကိုယ်မသွားဘဲ စက်မှုထဲ လိုက်ရမလားပဲ"

စုစုက သမိုင်းအဓိကနဲ့ ပထမနှစ်မို့ သုန်တို့နဲ့အတူ နေခြည်နဲ့ ရွှေခြည်တို့က ခပ်မိန့်မိန့်ပြုံး၍ ရှေ့ကထွက်သွားကြ၏။

"သမီးရေ ခဏနေဦး"

ဒေါ်စုစုလွင်က တံခါးဝနားမှာ လာရပ်၍. . .

"သူ့ကို လမ်းမှာချမပစ်ခဲ့နဲ့. . . အဲဒါတွေ သူ့ အခွင့်အရေးရသွားတာ. . . အတန်းထဲရောက်အောင်သွင်း. . . အပြန်ကို စောင့်ခေါ် ဘယ်သူနဲ့မှ အပေါင်းအသင်း မဖြစ်စေနဲ့"

"စိတ်ချ ဒီတစ်ခါ နပ်သွားပြီ"

နေခြည်က ကားကို ကိုယ်တိုင်မောင်းသည်။

ကားပေါ်မှာ ခုလို တစ်ပြုံကြီးစုတင်၍ တစ်ကျောင်းစီ လိုက်ချပေးရတာကို နေခြည် မကျေနပ်ပေ။

ပြောတော့ မေမေက ဘာလေးညာလေးနဲ့။ ကျောင်းမှာ ဒို့ဖြင်သူဌေးတွေ ဘယ်လိုကျောင်းတက်ကြသလဲဆိုတာ သူမှမသိဘဲ။ မောင်နှမနှစ်ယောက်ရှိ ကားနှစ်စီး၊ သုံးယောက်ရှိ ကားသုံးစီးနဲ့ ဒီကြားထဲ ဖအေ - လိုက်လာတဲ့ ကားကတစ်မျိုး. . .

သူတို့မှာတော့ တိုရိုတာဆိုတဲ့ အရောင်မထွက်တော့သည့် ကားဟောင်းကြီးပေါ်မှာ ပြွတ်သိပ်ညှပ်နေရတဲ့အဖြင်. . .

"မိသုန်"

"ရှင်"

"ဟိုဟာမလေးနဲ့ ထပ်တွေ့ရင် ညည်းပါးစပ်ကို ပိတ်ထားနော်"

"ဟုတ်ကဲ့"

"လုံးဝ အဆက်အဆံ မလုပ်နဲ့. . . လုပ်တာတွေ့ကြည့် ပါးပုပ်ပြီသာမှတ်"

အဖိုပြောတာ မဟုတ်မှန်း သုန်သိသည်။

စကားပြောတာတောင် နှာနေသည့် ပါးနှစ်ဘက်ကို ဖွဖွလေးကိုင်မိရင်း ကြေကွဲနေမိသည်။

"အတူတူပဲ ယူနဲ့တို့က ကလပ်စ်မိတ်ပါ"

နိုးနိုးပြောသည့် စကားသံလေးကို နားထဲမှာ ပြန်ကြား၍ လေကိုခွင်းကာ ပြေးလွှားနေသည့် ကားကြီးကို ရှေ့ဆက်မတိုးအောင် တားဆီးထားလိုက်ချင်သည်။

စာသင်ခန်းထဲ ရောက်ရင် နိုးနိုးကို ဘယ်လိုကျောဒိုင်းနေမလဲ။

❁ ❁ ❁



## အခန်း (၅)

"ဟာ. . . ဟာ. . . လုပ်ကြပါဦး"

"ဘာလဲကွ"

"သရဲ. . . သရဲ"

"ဘယ်မှာလဲ"

တစ်တန်းလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်သည်။

မားမားကြီး ရှည်ထွက်လာသည့် တစ်ယောက်ရဲ့ လက်ညှိုးဟာ အခန်းဝရောက်လာသည့် သုန်ဆီသို့ တန်းခနဲ တိုးလာပြီးမှ ဟိုလိုလို ဒီလိုလို ဝေ့ထွက်သွားသည်။

"ဟိတ်. . . လာဒီကို"

လက်ယာဘက် ရှေ့ဆုံးမှ နိုးနိုးရယ်။

"သုန်. . . ဒီကိုလာလေ"

သုန် ခေါင်းခါလိုက်သည်။

သနပ်ခါးတွေ ဝိုင်းပိတ်အောင် လိမ်းထားသော သုန့်ကိုကြည့်၍ တစ်တန်းလုံး ရယ်သံတွေ ထွက်လာသည်။

နိုးနိုးကတော့ မရယ်ပါ။

အူကြောင်ကြောင် မျက်နှာလေးနှင့် သူ့ ခေါ်တာလည်း မလာ။

ကျောင်းသားတွေ လှောင်ရယ်ကြတာကိုလည်း ရှက်နေပုံနှင့် ထိုင်စရာမရသေးသော သုန့်ကိုသာ နားမလည်နိုင်ဘဲ ဒေါသလည်းထွက်လာမိသည်။

သုန်သည် သူခေါ်လိုက်မှပဲ တီကို အားနှင့်တို့လိုက်သလို အနီး စပ်ဆုံး ထိပ်ဆုံးတန်းမှာ ဆတ်ခနဲ ထိုင်ချလိုက်၏။

"အို. . . ဗွတ်ကြီးပါလား. . . ဒီမှာ လူပြည့်နေပြီ"

"ဟင်. . ."

"တကယ်ပြောတာ နောက်ကိုသွား"

သုန် ယောင်ချာချာလေး ပြန်ထရပ်သည်။

နောက်ကို လှည့်ကြည့်တော့လည်း လွတ်နေသည့် ခုံစွန်းမှာ စာအုပ်ပစ်ချခဲ့သူကချ။ လွယ်အိတ်နဲ့ ပိတ်ကာတဲ့သူကကာ။

ထိုစဉ် နိုးနိုး သူမ အနားရောက်လာကာ. . .

"ဘယ်လိုဖြစ်နေတာလဲ သုန်. . လာခဲ့"

သုန့်လက်ကို နိုးနိုးက ဆတ်ခနဲ ဆွဲခေါ်သွားလေသည်။

"ဟင့်အင်း. . . နိုးနိုး. . ."

သုန် နိုးနိုးလက်ထဲက သူမ လက်ကလေးကို ရုန်းနေရင်း အတန်းထဲထိ ပါသွားလေသည်။

နိုးနိုးနဲ့ သူ့ကို အားလုံး စိတ်ဝင်စားနေကြသည်။

ခုမှ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးဖို့ကြိုးစားနေကြတုန်း





နိုးနိုးနဲ့ သုန် ရင်းနှီးသိကျွမ်းနေကြတာကို အံ့သြနေကြပုံလည်း ရလေသည်။

သုန်တစ်ယောက် နိုးနိုး မျက်နှာလေးပေါ်က ဒေါသများကို မြင်လိုက်ရသော် ရုန်းနေသည့် လက်ကလေး ရပ်တန့်သွားသည်။

ငြင်းဆန်သည့် မြင်လိုက်သော နှုတ်ခမ်းဟဟလေးမှ မည်သည့် စကားလုံးမှ ထွက်ကျမလာတော့ပေ။

❖ ❖ ❖

ဟုတ်ရင် တစ်သက်လုံး မုန်းပစ်လိုက်မယ် သိလား. . . ရင်ထဲမှာ ဒေါသ
ဘ တစ်ပြုံတစ်မကြီး ဖြစ်နေတာ"

"မုန်းလိုက်ပါ နိုးနိုးရယ်. . . သုန့်ကို မခင်ပါနဲ့နော်. ... သုန်က
ခင်စရာမကောင်းတဲ့ မိန်းမပါ"

သုန်က ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရှာဖွေရင်း နိုးနိုးလက်ထဲက
ရုန်းသည်။ သုန့်ပုံစံကို နိုးနိုးရိပ်မိသွားကာ ဘေးကို ဝေ့ကြည့်လိုက်ပြီး. . .

"ဘာလဲ တို့နဲ့ မခင်ရဘူးလို့ တစ်စုံတစ်ယောက်က တားမြစ်ထား
ပို့လား"

"တို. . ."

သုန့် ဆတ်ခနဲ တုန်ခါသွားပုံက နိုးနိုးမေးတာကို ဝန်ခံလိုက်တဲ့
အတိုင်း. . .

"အဲ့ဒါ ဘာဖြစ်လို့လဲ တို့က ဘာဖြစ်နေလို့လဲ ပြောစမ်းပါ"

"ဟင်. . ."

သုန် တစ်နေရာကို လှမ်းကြည့်ကာ သူမလက်ကို ဆတ်ခနဲ
ဖြုတ်ချ၍ ပြေးထွက်သွားလေသည်။

ကျောင်းသားတွေ ကြားထဲမှ နိုးနိုး လှစ်ခနဲ မြင်လိုက်သည့် မျက်
နှာတစ်ခု မှတ်မိလိုက်ပါသည်။ ဟိုနေ့က တစ်ယောက်ပါပဲ။

ထိုသူတို့ကို နိုးနိုး မသိပါ။ သုန့်ကိုလည်း သိကျွမ်းထားခဲ့သည့်
ကောက်ပါ။ ဒါဆို သုန်က သူမကို ဘာဖြစ်လို့ မခေါ်ချင်တာလဲ။

သုန့်ကို သူမအား ဘာအတွက်ကြောင့် မခေါ်စေချင်ကြတာလဲ
နိုးနိုး ဒေါသတွေ ကျိတ်ဖြစ်နေမိဆဲ. . .



## အခန်း (၆)

ကလပ်စ်ပြီးသွားသည်နှင့် ဆတ်ခနဲ ထရပ်လိုက်သည့် သုန့်လက်
ကို နိုးနိုးက ဆုပ်ဆွဲထားလိုက်၏။

"ဘယ်ကိုပြေးဦးမလို့လဲ သုန်. . . ယူ့ကို တို့ လုံးဝမကျေနပ်ဘူး
အဲဒါကို ယူ ရှင်းမှဖြစ်မယ်"

"ဘာလဲ နိုးနိုးရယ်. . . သုန် သွားပါရစေ"

နိုးနိုးက လွှတ်မပေးဘဲ ဆွဲထားလျက်နှင့် အတူထွက်လာသဖြင့်
သုန် မျက်လုံးလေးပြူးကာ ကြောက်စိတ်ဖြင့် လက်ဖျားလေးတွေပင် အေး
စက်လာသည်။

"သုန်. . ယူက တို့ကို ဘာဖြစ်လို့ ရှောင်တာလဲ. . . ကျောင်းသား
တွေရှေ့မှာ ဘာဖြစ်လို့ အရှက်ခွဲတာလဲ. . . တို့က. . ယူ့ကို စတွေ့ပြီး
ကတည်းက တို့ရဲ့ အခင်မင်ဆုံးသူငယ်ချင်းလို့ သတ်မှတ်ခဲ့တာ"

"သုန်. . . သုန်က. . ."

"အင်း. . . ပြော. . . ပြောပါ တို့ကျေနပ်အောင်သာ ပြောနော်

## အခန်း (၇)

"မဟုတ်ပါဘူး မမနေရယ်. . . သူက အတင်းဆွဲထားတာပါ. . . သုန် ဘယ်လိုမှ ထွက်မရလို့ပါ. . . ဘာမှမပြောခဲ့ပါဘူး"

"မဟုတ်ဘူး. . . ညည်းတို့ တစ်ခုခုကို အကြိတ်အနယ် ပြောဆိုနေတာ. . . ငါမြင်တယ် မိသုန်. . . ညည်းက ငါ့ကို လိမ့်လို့ရမယ် ထင်လို့လား ဟင်"

နေခြည် လက်တစ်ဖက် မြှောက်တက်သွား၏။

'ရွှေခြည်က သူမလက်ကို ဆွဲထားကာ. . .

"သူမှာ ဒဏ်ရာတွေနဲ့ မတရား ရိုက်မနေစမ်းပါနဲ့. . . မမ ပြောသလို အခြေအနေတွေ တအားဆိုးပြီး ကြည့်မကောင်း ရှုမကောင်းဖြစ်လုန်ရင် ရွှေတို့ပဲ နာမည်ပျက်မှာ တစ်ခန်းတည်း အတူနေမှတော့ စကားပြောဖြစ်ကြမှာပဲ. . . ကိုယ့်အိမ်အကြောင်း ဘယ်အတွင်းရေးမှ သွားမပြောရဘူးလို့ မှာထားလိုက်ပေါ့. . . ဒီကောင်မ မပြောရဲပါဘူး"





နေခြည်က လက်ကို ဖြည်းညှင်းစွာ ပြန်ချသည်။

ပါးနှစ်ဖက်ကို အုပ်၍ ကြောက်လန့်တကြား ကြည့်နေသည့် သုန့်ကို ရူးရူးရဲရဲ ကြည့်လိုက်ပြီး. . .

"မှတ်ထား မိသုန် ညည်း ငါတို့အိမ်အကြောင်း ငါတို့ အကြောင်း မကောင်းသတင်း အပုတ်ချ ပြောကြည့် ပါးစပ်ထဲကသွားတွေ ကျွတ်ထွက်ကုန်အောင် ရိုက်မယ်. . . ကျောင်းလည်း ထုတ်ပစ်မယ်. . . မယုံမရှိနဲ့"

"ကောင်မ ပြောတာကြားလား"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"သွား. . . သွား"

သုန် ထိုင်နေရာမှ အမြန်ဆုံး ပြေးထွက်ခဲ့မိသည်။

သူမအတွက်က ထိုနေရာဟာ ငရဲခန်းကြီးနှယ်။

ရွှေခြည်က လက်ထဲက သစ်တော်သီးကို အခွံသင်နေရင်း ဆိုဖာမှာ ထိုင်ချလိုက်ပြီး. . .

"မမကလည်း ဒေါသချည်းပဲနော်. . . မမ ဒေါသဖြစ်နေတာ ရွှေ သိတယ်"

"နင်က ဘာသိသလဲ"

"ဆက်ကိုကိုရဲ့ ညီမနဲ့ သုန်နဲ့ ခင်တာကို မမ အလိုမကျ ဖြစ်နေတာ မဟုတ်လား"

နေခြည်က ဘာမှခွန်းတုံ့မဆိုဘဲ မျက်နှာချင်းဆိုင်မှာ ဆောင့်ခနဲ ဝင်ထိုင်သည်။ ရွှေခြည်က ပြုံးစစနှင့် လှမ်းကြည့်၍. . .

"ဆက်ကိုကိုတို့အုပ်စုက ကားထည်လဲစီးပြီးနေတဲ့ 'ရွှေမမအောင်'လို အချောအလှကိုတောင် လှည့်ကြည့်တာ မဟုတ်ဘူး. . . သူ့လို စုတ်စုတ်ပြတ်ပြတ်ဟာကို ဂရုစိုက်မတဲ့လား. . . တွေးလည်းကြည့်ပါ

ဦး. . ."

"နင်ကလည်း ဒီဟာမ ကျောင်းဆက်တက်မယ်ဆိုတုန်းကလည်း တက္ကသိုလ်မှာ တကယ့်ပဂေးတွေချည်းပဲ. . . ဒီကောင်မမျိုး ဘယ်သူမှ အဖက်လုပ်ကြမှာ မဟုတ်ဘူး. . . ပူမနေနဲ့ ဘာညာ နင်ပဲပြောတာပဲ. . . အခု ဆက်တိုကိုရဲ့ ညီမတစ်ယောက်လုံးက အဖက်လုပ်နေပြီ ဘာပြောဦးမလဲ"

"စောင့်ကြည့်ပါဦး မမရာ. . . ကျောင်းဖွင့်စပဲ ရှိသေးတယ်. . . ဖြူမှန်း မည်းမှန်း မသိသေးလို့ပါ. . . ဟိုက နုတ်သီး သူက ရေလဲသားတခြားစီပါ"

နေခြည် မျက်နှာမှာ တွေဝေမှုများနှင့် ငြိမ်သက်သွား၏။

"ဆက်တိုကိုကြောင့် ငါ သဝန်တိုနေတာ မဟုတ်ဘူး"

"အမ်. . . ဘယ်သူ့ကြောင့်လဲ ဘာလဲ မမက. . ."

"တိုင်းဝင္ဘာ"

"တိုင်းဝင္ဘာကို မမက. . ."

နေခြည် မျက်နှာမှာ နူးညံ့မှုလေးတွေ အစားထိုးဝင်လာသည်။ လှပအောင် မြှုပြင်ထားသည့် ဖြောင့်စင်းအိတွဲနေသည့် ပခုံးအောက် ဆံနွယ်လေးများက သူမမျက်နှာသွယ်သွယ်လေးနဲ့ လိုက်ဖက်စွာ ဖြည့်ဆည်းပေးနေကြသည့်နှယ်။ မျက်နှာလေးက နုဝင်းဖန့်လှမနေ၏။

ရွှေခြည်ကတော့ ခစ်ခနဲ ရယ်လိုက်ပြီး. . .

"မမရယ် ဆက်တိုကိုလောက်ဆို တော်ရောပေါ့. . . တိုင်းဝင္ဘာကိုပဲ မှန်းရတယ်လို့"

"ဘာပြောတယ်ဟ. . . နင်က ငါ့ကို တိုင်းဝင္ဘာနဲ့ မတန်ရာဘူးလို့ ပြောတာလား"



"တန်တာ မတန်တာ မသိဘူးလေ. . . တိုင်းဝင္ဘာက ရော်မှုကကင်းပဲဟာ. . . ပြီးတော့ ဘဝင်မြင့်တယ်. . . နေတဲ့ပုံက ခပ်ကြောကြောရှေ့တို့ဘဝက သူ့နဲ့လို မိန်းမမျိုးအပေါ်မှာ သခင်လုပ်နေနိုင်ပေမယ့် တက္ကသိုလ်မှာတော့ ရုပ်ရော အဆင့်အတန်းမှာ ဘာမှဟုတ်လောက်သေးတာမဟုတ်ဘူးလေ. . . ကိုယ့်အထက်မှာ တကယ့်ဒိတ်ဒိတ်ကြတွေမှ အများကြီးပဲ. . . တိုင်းဝင္ဘာနဲ့ ငြိဖူးတာ ဘယ်သူရှိလို့လဲ"

"ငါ ငြိဖူးတယ်"

"ဘယ်လို. . ."

ရွှေခြည် ခပ်လျော့လျော့မှိန်း၍ သစ်တော်သီး ဝါးနေရာမှ. . .

"သူနဲ့ငါ စာကြည့်တိုက်မှာ ဆုံဖူးတယ်. . . စာအုပ်တစ်အုပ်ကို နှစ်ယောက်ပြိုင်တူ ဆွဲမိကြတာ"

"အင်း. . . စိတ်ဝင်စားစရာပဲ ပြောပါဦး"

"သူက အရင်ပြုံးပြတာ ပြီးတော့ သူပဲ အလျှော့ပေးသွားတယ် နာမည်ကြီးလောက်တယ် ရွှေရယ်. . . အနီးကပ်ကြည့်လေ ချောလေပဲ နှုတ်ခမ်းအဖွင့်ဘဲ ပြုံးတော့ ပါးချိုင့်လေး တစ်ဖက်နဲ့ သူပြုံးလိုက်တာလေးကို ငါ ဆုပ်ဖမ်းထားလိုက်ချင်တယ် သိလား"

"ဒါပဲပေါ့"

"မဟုတ်ဘူး. . . ငါ့ကိုမေးတယ် ဘယ်မေဂျာကလဲတဲ့"

"ပြီးတော့ရော"

"ငါလည်း သူ့ရှေ့မှာ ထူပူနေတာနဲ့ ဘာတွေပြောမိမှန်း မသိတော့ဘူး"

"ဒါနဲ့ပြီးရောလား"

"အင်း. . ."

"ဆက်ရန် ရှိသေးလား"

"လှမ်းတွေ့နေပေမယ့် ဖျက်နေ့ချင်း မဆိုင်ဖြစ်တော့ဘူး"

ရွှေခြည်က ရယ်ကျဲကျဲနှင့်. . .

"ဒါပဲလေ. . . တချို့ဆို ဂီတလိုလို ကဗျာလိုလိုနဲ့ မိတ်ဆက်ကြတာတောင် ရှိသေးတယ်. . . ခေါ်ဖြစ်ပြောဖြစ်ကြပြီး ပြီးသွားတာပဲ. . . စိတ်ကူးယဉ်မနေစမ်းပါနဲ့ မမရယ်. . . ဒီကောင်မျိုးတွေက လိုချင်တာရနေတော့ တော်ရုံမိန်းကလေးလောက်ကို ခပ်ကြောကြောပဲ ဆက်ဆံတာ"

"ငါက သူများလို သွားမိတ်ဆက်တာမှ မဟုတ်တာ"

"မမ အဲသလောက်ထိ မပေါက်လို့ပါ. . . ခုလည်း စကားပြောမိလာပြီး. . . မမ မပြီးနိုင် မဆုံးနိုင် စိတ်ကူးယဉ်နေတာပဲ မဟုတ်လား"

"ချောတာ လှတာကို မမက်မောတဲ့သူ ရှိလား"

"ရွှေတို့ကဖြင့် မမက်ပါဘူး. . . မက်နေလည်း ရမှာမှ မဟုတ်တာ စိတ်ကူးယဉ် မလိုချင်ဘူး"

"ငါ့စိတ်နဲ့ ငါ့ကိုယ်ပါ နှင် မဝေဖန်ပါနဲ့. . ."

"မဝေဖန်ပါဘူး. . . မမက အခု သူ့နဲ့ကို သဝန်တိုနေလို့ ပြောနေရတာ. . . ကိုယ်တောင် စိတ်ကူးနဲ့ ရှုးနေရတဲ့ သူကို သူ့လိုကောင်မနဲ့များ စိတ်ပူနေရတယ်လို့"

"မဖြစ်နိုင်ဘူးဆိုတာ ငါသိတယ်. . . ဒါပေမယ် အဲ့ဒီကောင်မလေးနဲ့ ခင်မင်သွားရာကနေ ဟိုအုပ်စုနဲ့ ရင်းနှီးသွားမှာစိုးတာ"

"ရင်းနှီးသွားလည်း ဒီကောင်မရဲ့ ခပ်နုံနုံပုံနဲ့ အားလုံးထဲမှာ ဟာသရုပ်ကလေးပဲ ဖြစ်မှာပါ. . . ရောနှောဖို့က အဝေးကြီး"

"ဒီကောင်မရုပ်ကို သိပ်တော့ အထင်သေးလို့ မရဘူး ရွှေ"

"ဒါဆိုလည်း လွယ်ပါတယ်. . . နေ့တိုင်း မျက်နှာပေါ်မှာ သနပ်





ခါး ငါးဆယ်သားလောက် တင်ခိုင်း ဟိုကောင်မလေးနဲ့ ဘယ်မှတွဲမထွက်ရဘူးလို့မှာထား. . ."

"ငါတို့က အမြဲစောင့်ကြည့်နိုင်တာမှ မဟုတ်တာ. . . ဟားကြလောင်[illegible]ရင်းကနေ မတော်တဆ ခင်မင်ကြနဲ့ ဖြစ်ကုန်ရင် ငါတို့ လုပ်တာတွေပါ ပေါ်ကုန်ဦးမှာ နှင်သိလား"

"ဒါလည်း လွယ်သေးတာပဲ ရွှေအကြံပေးမယ်"

"ဘာလဲ"

"အဲဒီအုပ်စု မိသုန်ကို တစ်ခါတည်း အထင်သေး မုန်းရှဲသွားမယ် ကံကောင်းရင် သူညီမကိုပါ. . . မိသုန်နဲ့ မပေါင်းဖို့ ပြောလိမ့်ဦးမယ်"

"ပြောစမ်းပါဟာ ဘာလဲ"

ရွှေခြည်က နေရာမှထလာကာ နေခြည်နားမှာ ကပ်ထိုင်၍. . .

နှစ်ကိုယ်ကြား ကပ်ပြောလေသည်။

နေခြည်မျက်နှာ မချိုမချဉ် ပြုံးလာလျက်. . .

## အခန်း (၈)

"ဟဲ့ လာဦး"

မမရွှေက သုန့်လက်ကိုလာဆွဲ၏။

မမနေက ခပ်လှမ်းလှမ်းကနေရပ်ကြည့်နေသည်။

မမရွှေသုန့်ကို မမနေရပ်နေသည့်နားထိ ဆွဲခေါ်သွားပြီး အနားမရောက်သေးမီလက်ကို လွှတ်ထားခဲ့သည်။

မမနေနှင့်ဘာတွေပြောနေမှန်းမသိဘဲ စကားတွေ ထွတ်ထိုးနေကြ၏။

တအောင့်ကြာတော့မှ မျက်နှာဖုံးလှလှလေးနှင့် စာအုပ်ကိုကိုင်၍ ပြန်လျှောက်လာသည်။

သူမနောက်မှ မမနေပါပြန်ပါလာ၏။

"ရော့ . . . ဒီစာအုပ် ဟိုတစ်ယောက်ကို သွားပေး ပေးစမ်း . . . ငါတို့ထားတာကြာနေပြီ မျက်နှာချင်းဆိုင်ရမှာ အားနာနေလို့"





"ဟင် . . . ဘယ် . . . ဘယ်တစ်ယောက်လဲ"

လက်ထဲရောက်လာသည့်စာအုပ်ကို သုန့်က ယောင်ကန်းကန်းလေးယူထားလိုက်၏။ နေခြည်က သုန့်မျက်နှာလေးကို ခပ်တင်းတင်းကြည့်၏။

"ဘယ်တစ်ယောက်ဖြစ်ဖြစ် မြန်မြန်ပေးပါနဲ့၊ နင့်ကို လိုက်ပြမှာနိုင်းတာကိုလုပ် မရှည်နဲ့"

ထုံးစံအတိုင်း အမိန့်တစ်ရပ်၏နောက်မှာ သုန့်ဘာ စကားမှထပ်ပြောခွင့်မရှိတော့။

"လာ . . . လိုက်ခဲ့"

သူမတို့နှစ်ယောက် နောက်မှသုန့်လိုက်လာခဲ့ရ သည်။

နေ့စဉ်ကျောင်းကိုကိုယ်တိုင်လိုက်ပို့ အတန်းထဲဝင်သွားတဲ့အထိရပ်ကြည့်ပြီးမှ ပြန်လှည့်သွားတတ်ကြကာ အတန်းပြီးချိန်ကိုသေချာပြန်စောင့်ခေါ်။ သုန့်ကိုဟိုတုန်းကလို လွှတ်မပေးတော့တာဟာတယုတယသစောင့်ရှောက်နေကြတာ မဟုတ်မှန်းတော့ ခံစားမိပါသည်။

သုန့်ကိုသူတို့ နိုးနိုးနဲ့မဆက်ဆံစေချင်ကြတာဖြစ်သည်။ နိုးနိုးအပြင် ဒီမြို့အခြားဘယ်သူတစ်ယောက်ယောက်နဲ့မှလည်း သိကျွမ်းရင်းနှီးတာမကြိုက်။

ထို့ကြောင့် ဤသို့ပြန်ကြိုလိုက်ပို့ရမည့် စည်းကမ်းကိုအန်တီမုစုကထုတ်ခဲ့၏။

ဒီနေ့တော့ သုန့်ကိုတစ်ယောက်တည်း အတန်းထဲ သွားခိုင်းပြီးမှနောက်ကနေလိုက်ခေါ်သည်။

စာအုပ်တစ်အုပ်လက်ထဲထည့်ပေးကာ သူမတို့ ဦးဆောင်သွားနေကြသည့်နောက်လိုက်ရင်း ဘာမှန်းမသိ၊ ဘာလုပ်ပေးရမည်

မှန်းလည်းမတွေးတတ်။

သုန်သည် ထိုဗိသားစုနှင့်ပတ်သက်လာတိုင်း မနက်ဖြန်များစွာ၏အနာဂတ်ကို ကြိုမြင်နိုင်စွမ်းမရှိခဲ့ပေ။

သူမတို့ဘာပဲပြင်ဆင်ထားထား ဘာပဲနိုင်းနိုင်း သုန်အဆင်သင့်ဖြစ်နေရသည်။ ခေါင်းညိတ်ခေါင်းခါ ဤနှစ်ရပ်ပေါ်မှာတောင် သုန့်မှာ ခေါင်းခါခွင့်မရှိခဲ့ပါ။

"မိသုန်"

နောက်ကနေ ခပ်သုတ်သုတ်လေးလိုက်လာရင်း တွေးမိတွေးရာတွေးလာခဲ့ထိသည့် သုန့်မှာနေခြည်နဲ့ ရွှေကြည်ရုတ်တရက် ရပ်ပစ်လိုက်ပြီး နောက်ပြန်လှည့်လာလျှင် ရင်ဘတ်ချင်းပြေးတိုက်မိမတတ် အရှိန်မသတ်နိုင်ဘဲ ဖြစ်သွား၏။

"ဟဲ့. . . ဟဲ့ ဘာဖြစ်တာလဲ အဲဒါ. . . တောက်"

ရွှေကြည်က နောက်ကမန်းကတန်းဖြန့်ဆုတ်၍ တက်ခေါက်သည်။

"လာ ဒီကို. . ."

နေခြည်က သုန့်လက်ကိုဆောင့်ဆွဲ၍ သူမဘေးမှာရပ်စေသည်။ ထိုအခါကျမှ ကင်တင်းနားကိုရောက်လာခဲ့မှန်း သတိထားမိခဲ့၏။

နေ့လည်ပိုင်းအတန်းလွှတ်ချိန်မို့ ကင်တင်းမှာ ကျောင်းသားတွေနှင့်ပြည့်ကြပ်နေ၏။ သည်တို့ရပ်နေသည့် နေရာက အတော်ဝေးပါသေးသည်။ နေခြည်က ကင်တင်းဆီကို လည်ပင်းလေးရှည်ကြည့်သည်။

"မမ. . . ဟိုမှာ"

"ဘယ်မှာလဲ"

သူတို့ချင်းဖိတော့ သိကြမည်ပေါ့။





ကင်တင်းဆီကိုလှမ်းကြည့်ကာ ခေါင်းချင်းရိုက်နေ ကြသည်။ ဟိုမှာဆိုဘာ တစ်ယောက်ယောက်ကိုတွေ့သွားမှန်းသိပေမယ့် ဘယ်သူဆိုတာက သူတို့ပြမှသိရမှာမို့ မျက်လုံးတစ်ချက်သာဝေ့ကြည့်မိပြီး သုန့်သိမ့်တော့ စိတ်မဝင်စားပါ။

"မိသုန် ဟိုမှာလာနေတဲ့ သုံးယောက်တွေ့လား"

"ဟင်"

သုန်လှမ်းကြည့်ပါသည်။

ရွှေခြည်ပြနေသည့် မျက်ဝန်းရှေ့မှာ အလွန်စတိုင်ကျ၍ ချောမောသောယောကျ်ားသုံးယောက်။

ဒါပေမယ့် သူတို့နဲ့မပတ်သက်နိုင်ဟုယူဆကာ ဟိုဒီဝေ့ဝဲမှာနေမိ၏။ ရွှေခြည်မေးဆတ်ပြနေသည့် မျက်လုံးတို့အောက်မှာ ဘခြားဘယ်မိန်းကလေးတွေမှ ရှိမနေသဖြင့်-

"မမရွှေ ဘယ်သုံးယောက်လဲဟင်"

"ကြည့်စမ်း ဒီလောက်ပဲထူရ အရသလား. . . ကဲ"

"အ. . ."

လက်မောင်းသားလေးကို ဖိကပ်လိမ်ဆွဲခံလိုက်ရ သဖြင့် သုန်မျက်ရည်လေးဝေ့သွား၏။

နေခြည်က တက်တစ်ချက်ခေါက်၍ အနားတိုးလာကာ ကင်တင်းမှထွက်လာကြသည့် သုန်မြင်ထားပြီးသား ထိုယောကျ်ားသုံးယောက်ကိုပဲ ထပ်၍မေးဆတ်ညွှန်ပြပြီး. . .

"ဟိုမှာဟိုကောင်သုံးယောက် အလယ်ကဖောရှိန် ရှပ်အပြာနဲ့ကောင်ကို ဒီစာအုပ်သွားပေးပေး. . . ငါကငါ့ညီမကိုပေးခိုင်းလိုက်မယ်လို့ ပြောထားခဲ့တာ"

"ရှင်. . . အဲ အဲ့ဒီလူကို"

သုန်မျက်လုံးလေးပြူးသွားသည်။

ကိုင်ထားမိသည့် စာအုပ်ကိုပါအန္တရာယ်ရှိသည့် ပစ္စည်းတစ်ခုလို ငုံ့ကြည့်မိသည်။

"အံမယ် စာအုပ်ကိုပဲ သရဲတစ္ဆေကျနေတာပဲ ဘာဖြစ်တာလဲ၊ သွားလေ"

"မမနေ သုန်"

"ဘာလဲ စာအုပ်ငှားထားလို့ပြန်ပေးတာ ဘာဖြစ်သွားမှာ မို့လို့ပဲ၊ မမနေကစာအုပ်ပြန်ပေးခိုင်းလို့ပါလို့ ပြောပြီးပေးခဲ့ သူသိတယ်"

"ဟဲ့ သွားလေ မြန်မြန် ဟိုမှာထွက်သွားဦးမယ်"

ရွှေခြည်က သုန့်ပခုံးလေးကိုတွန်းလွှတ်၏။ စာအုပ်ကိုတစ်ချက် ပြန်ကြည့်ကာ သုန်ထွက်လာခဲ့သည်။

မမနေ ငှားထားတာဟုတ်မှာပါ။ ဘာဖြစ်လဲ မမနေက ပြန်ပေးခိုင်းလို့ပြောလိုက်ရင်ပြီးပြီ။ ကိုယ့်ကိုယ်ကို အားတင်းလိုက်ပေမယ့် စာအုပ်လေးကို ဖိဆုပ်ထားသည့် လက်တို့က ပို၍တင်းကြပ်သွားကာ ချွေးစေးတို့ပြန်လာ၏။

"ဗိသုန့် သူများစာအုပ်ကို လျှောက်လှန်မသွားနဲ့"

ဟုကပ်ပြောလိုက်သေးသည်။ မမရွှေစကားကို သတိရကာ နောက်ကိုသမင်လည်ပြန်မေးကြည့်လိုက်မိ၏။

သစ်ပင်အောက်မှာ မမနေနဲ့မမရွှေတို့ရပ်နေကြ ကုန်။

နှစ်ယောက်သားလက်ပိုက်ကာ သုန့်ကိုသွားလေဟု ပြာနေကြ သည့်နှယ်။ သုန်ဒီဘက်ပြန်လှည့်ထွက်သည်။

စကားပြောရင်း ခပ်ဖြည်းဖြည်းထွက်သွားနေကြသည့်





သုံးယောက်၏အနောက်သို့ သုန်ရောက်လာ၏။

နာမည်လည်း မပြောလိုက်။

အလယ်ကအပြာရောင်ဆိုတာကို မှတ်သားကာ ဂုတ်ပေါ် မရောက်တရောက် ဆံပင်ပျော့ပျော့ကို သေသပ်စွာ သိမ်းလှန်ဖြီးထားသော အပြာရောင်လူ၏ ကျောပြင်ကိုပဲကြည့်လာခဲ့မိသည်။

နောက်တစ်ချက်ပြန်လှည့်ကြည့်မိတော့ မမရွှေတို့ မရှိကြတော့။

ဒါပေမယ့် တစ်နေရာရာကနေ ရပ်ကြည့်နေကြမှာပဲ ဖြစ်သည်။

သုန် ဒီအတိုင်းလှည့်ပြန်သွားလို့တော့မဖြစ်။

စိတ်ကိုတင်း၍ခြေလှမ်းကိုအရှိန်မြှင့်လိုက်သည်။

စာအုပ်ပြန်ပေးတာဘာဖြစ်လဲ။

စာအုပ်ကိုခပကျစ်ကျစ်ဆုပ်၍ နောက်ထပ်ခြေခ အလှမ်းမှာ ကျင်းချိုင့်လေးတစ်ခုထဲ ခြေတစ်ဖက်စောင်းကျ သွား၏။

"အမေ့"

သုန့်ကိုယ်လုံးကို မထိန်းနိုင်တော့ဘဲ ထိုအပြာရောင် လူ၏ကျောပြင်ထက်သို့ ဟပ်ထိုးလဲလေသည်။

"ဟာ"

"ဘာဖြစ်တာလဲ"

ထိုသူပါဒိုက်ခနဲ ငိုက်ကျသွားကာ ကျန်သည့်နှစ်ယောက် ကလည်း လှည့်ကြည့်သည်။

သုန်လက်ထဲက စာအုပ်ပြုတ်ကျသွားသည်။

ကပျာကယာပြန်ကောက် ပြန်ထရပ်ပြီး သုန်တုန်တုန်ချိချိ ဖြစ်နေပုံကို သူတို့အံ့ဩသလိုကြည့်နေကြပြီးမှ ပြုံးစိစိတွေဖြစ်ကုန်ကြ၏။

"ဘာဖြစ်တာလဲ ပြေးပွဲဝင်မလို့ကျင့်နေတာလား"

"ဟို. . . ဟို မဟုတ်"

"လုပ်မနေနဲ့ ဒါမျိုးတွေရှိနေပြီ"

တစ်ယောက်က မထိတထိမကြားတကြားပြောပြီး ရယ်၏။ သုန် ဒေါသမဖြစ်တတ်ပါ။

ပြုံးစိစိယောကျ်ားနှစ်ယောက်ကို မကြည့်ဝံ့တော့ဘဲ သူမရှေ့မှာ မျက်ခုံးတွန့်တွန့်နှင့် စူးစိုက်ကြည့်နေသူကိုသာ

"သုန်လေ. . . ဟို. . . စာအုပ်. . . စာအုပ်"

ပြောပြဖို့ကြိုးစားပေမယ့် စကားတို့ကအစီအစဉ် မကျ။ ရှက်သည့်စိတ်ကြောင့် မျက်ဝန်းမှာမျက်ရည်တွေ ဝေတက်လာသည်။

"စာအုပ်တဲ့ စာအုပ်ထဲမှာစာညှပ်ပေးတာလား"

"အို့"

တစ်ယောက်က တည့်တည့်ကြီးမေး၏။ သုန့် လက်ဖျားတွေ အေးစက်ကုန်၏။

"မဟုတ်ဘူး ဟို. . . မမနေကပေးခိုင်းတာ ရော့"

ထိုသူသည် သုန်ပေးသည့်စာအုပ်ကိုမကြည့်ဘဲ ဆုပ်ကိုင်ထား လိုက်သည်။ မျက်ဝန်းတို့က သုန့်မျက်ဝန်းလေးတွေထဲကို ထွင်းဖောက် မတတ်စူးစိုက်ကြည့်ဆဲ။

သုန် ဒူးတွေချောင်လာသည်။

ယောကျ်ားသုံးယောက်၏ရှေ့မှ တအားပြေးထွက် ချင်သော် လည်း ခြေလှမ်းတို့ကို ခွေကျမသွားအောင်ဘဲ မနည်းကြိုးစားခဲ့ရင်း-

ကျောပေးလိုက်ချိန်တွင် မျက်နှာမှာမျက်ရည်. . . ပြည့်သိပ် နေပြီဖြစ်၏။

"စာအုပ်ထဲမှာ စာညှပ်ပေးတာလား"





"လုပ်မနေပါနဲ့ ဒါမျိုးတွေကရှိနေပြီ"

ပြောစကားတွေကနားထဲမှာ ဗုံးတွေတစ်လုံးပြီး တစ်လုံး ပေါက်ကွဲနေသလိုပင်။ စကားတစ်လုံးမှမဆိုခဲ့သော မျက်လုံးအစုံကို သတိရလိုက်မိတော့ ရှက်ရွံ့စွာပဲဖြစ်မိ။

ထိုသူကကော သုန့်ကိုဒီလိုပဲထင် သွားသလား။

"နားလည်လို့ကြည့်နေတာလား"

"မမနေကစေခိုင်းလို့" လို့စွာပြောတာနှင့် သူသိသွားလို့ငြိမ်နေ သည်လား။ ကိုယ့်ဘက်ကရိုးသားစွာ ဖြစ်သော်လည်း သုန့်မျက်ရည်တွေ မိုးပိုးပေါက်ပေါက်ကျလာကြ၏။

တစ်သက်နဲ့တစ်ကိုယ် ဤကဲ့သို့ယောကျ်ားတို့ အလယ်မှာ ထင်မြင်သေးစွာ လှောင်ရယ်ပြောဆိုခံရခြင်းဟာ ဒါပထမဆုံး။

မမနေ ရက်စက်လိုက်တာ. . .

ကိုယ်စာအုပ်ကိုယ်ပြန်ပေးပါလား။

သက်သက် သုန့်ကိုခြောက်တွန်းလိုက်မှန်းတွေးရင်း သိလာကာ ဝမ်းနည်းလို့မဆုံး အတန်းထဲရောက်လာလျှင် သူမပါးပြင်ထက်က မျက်ရည်စတို့ကြောင့် နီးနီးကသေချာလိုက်ကြည့်သည်။

ကိုယ့်ကိုဂရုစိုက်တဲ့ သူရှေ့ရောက်တော့ ငိုချင်သည့် စိတ်ကပိုကဲ ကာ နီးနီးဘေးလာမှာထိုင်ချ၍ ပခုံးစွန်းမှာ မျက်နှာမှောက်ငိုချလိုက်သည်။

"ဟဲ. . . သုန်. . . သုန်ဘာဖြစ်တာလဲ ရင်တုန်လိုက်တာ . . . နင့်ကိုဘယ်ကောင်ကစလိုက်လို့လဲပြောစမ်းပါ"

"ဟင့်. . . အင်"

ပြောပြ၍ရသည့်ကိစ္စလည်းမဟုတ်။

စာအုပ်ငှားထားတာကို ပြန်ပေးတာပဲဖြစ်သည်။ ဒါကိုပြောပြရင်

မမနေတို့ နိုင်းတာတွေပါ ပါလာဦးမည်။ ဘာမှလည်းမပြောနိုင် ရှက်စိတ်တို့လှိုက်တက်နေလျက် သူ၏မျက်ရည်တွေကာ ဆုတ်လို့မနိုင်။

"သုန်ရယ် ဟိုမှာသူများတွေလှမ်းကြည့်တုန်ကြပြီ ပြောစမ်းပါ . . . ဘာဖြစ်တာလဲဆိုတာ"

"မပြောချင်ဘူး နိုးနိုးရယ် . . . ငါ . . . ငါမငိုတော့ပါဘူး"

မျက်နှာလေးကိုငုံ့ထားလိုက်သည်။ လူမမြင်အောင် ကြိတ်၍ မျက်ရည်သိမ်းဖို့ကြိုးစားသည်။

"သုန်ရယ် နင်ဟာလေ"

စိတ်မြန်လက်မြန်ရှိတတ်သည့် နိုးနိုးမှာ သုန့်ခြိမ့်ခြိမ့် လုပ်တတ်တာကို စကတည်းက အားမလိုအားမရဖြစ်ခဲ့ရသူ။

ခုလိုငိုကြီးချက်မဖြစ်နေတော့ သူမအသည်းတွေယား နေသည်။ ဤမျိုးသားအေးဆေးသည့် သူငယ်ချင်းလေးကို သနားခြင်းလည်းဖြစ် ဒေါသကလည်းဘယ်ကရောက်လာ မှန်းမသိ။

"ခက်တယ် နင်ပဲဒီလိုလုပ်လုပ်နေသလား"

ကရုဏာဒေါသနှင့်ဆိုရင်း လှည့်မကြည့်ဘဲနေပစ်လိုက်ချင် သည်။ သို့သော် သံယောဇဉ်နှင့်တုံ့ဆွဲခံထားရသည့် မျက်ဝန်းတို့က သုန်ထံသို့သာ စိတ်မသက်သာစွာ စောင်းငုံ့ကြည့်မိပြန်၏။

xxxxx



## အခန်း(၉)

"ဟား . . . ဟား"

"ခစ် ခစ် ရယ်ရတယ်သိလား"

လက်ခုပ်လက်ဝါးတီး၍ ရယ်သည်။ ဗိုက်ကိုနှိပ်၍ ခုတင်ပေါ် မှာထိုင်နေတာတောင် လွန်ကျသွားအောင်ရယ်၏။ ရယ်သံတွေကို နားထောင်လိုက်မိကာ အခန်းရှေ့က ဖြတ်လျှောက်တော့မည်သုန့် ခြေလှမ်းတွေ ရပ်တန့်သွားခဲ့၏။

"မိသုန်ဖြစ်သွားပုံများ နင့်ကိုပြချင်တယ် မိစုရယ် . . . တကယ် . . . တကယ်"

"ဟုတ်ပဟယ် ဟိုတစ်ယောက်နားကျမှ ပက်ပင်းကြီး ခလုတ် တိုက်လဲတယ် ဟိုကောင်သုံးယောက်လုံး ဝိုင်းစလိုက်ကြတာများ နင့်ကိုမြင်စေချင်တယ်"

နေခြည်နဲ့ရွှေကြည် ကျေနပ်နေသမျှ ဘာမှမသိသေးသည့်

စုစုကမျက်မှောင်ကုတ်သွားလိုက် လိုက်ရယ်မလိုဖြစ်ပြီးမှ နားမလည် အံ့သြဟန်နှင့် မျက်လုံးလေးပြူးသွားလိုက်-

"ဘာရယ် မိသုန်က ကင်းကို . . ."

"ဟုတ်ပ ငါလေစာအုပ်သွားပေးနိုင်းလိုက်တာ ခစ်ခစ် စာအုပ်ထဲမှာဘာစာမှမပါဘူး ကျောင်းစာအုပ်မှ မဟုတ်တာ . . . အဲဒီကောင်ငါ့ကိုလည်းသိမှာမဟုတ်ဘူး"

"ဒါဆို မမကဘာလုပ်တာလဲ"

စုစုက နားမလည်သေး။

"ပြော် ခုလောက်ဆိုတမင်လိုက်ရောတာပဲဆိုပြီး ဟိုကောင်တွေ မျက်စိထဲမှာ ဒီမိန်းမစုတ်ပြတ်သွားပြီပေါ့ ဟား . . . ဟား ငါ့အကြံ မကောင်းဘူးလား"

"မကောင်းဘူး"

ရယ်နေသည့် နေခြည်မျက်နှာမှာတစ်ပိုင်းတစေနှင့် စူပုတ်သွား၏။

"ဘာလဲ ဘာမကောင်းတာလဲ သူ့ကိုလူလယ်ခေါင်မှာ သူများအထင်မြင်သေးအောင် တမင်လုပ်တာပဲ ဘာဖြစ်လဲ"

"အဲဒါပြောတာပေါ့ ဆေးကဆေးဖြစ်သလို အဆိပ်ကနေ ဆေးဖြစ်တတ်တယ် သူများမကောင်းကြံတာ လွှတ်တဲ့အလုပ်မှတ်လို့လား ဟွန့် မမတို့ခုလိုလုပ်ချလိုက်တာ အရှက်ကွဲဖို့ပဲဖြစ်မလား ဇာတ်လမ်းတွေ ပဲဖြစ်တုန် မလား"

ထိုစကားကြားလျှင် ညီအစ်မနှစ်ယောက်လုံး မျက်စိမျက်နှာ မျက်ကုန်ကြ၏။ သို့သော် သူတို့ဖြစ်စေချင်ကြတာ ဤသို့မဟုတ်သည်မို့ နေခြည်ကမျက်နှာကိုပြန်တင်းပစ်လိုက်၏။



"ဘာဇာတ်လမ်းမှဖြစ်ဖို့မရှိဘူး၊ ဒီကောင်တွေအုပ်စုလား သူ့ကိုမှန်းမှာ၊ သုံးယောက်လုံးကသိပ်ဘဝင်မြင့်တာ၊ ပေါ်ပြူလာဖြစ်ကြ ရက်နဲ့ တစ်ယောက်မှရည်းစားမရှိကြသေးတာကိုက မိန်းကလေးတိုင်း စိတ်ဝင်စားနေကြတဲ့ အရည်အချင်း"

"ဘာအရည်အချင်းရှိလို့လဲ ဒီကမိန်းမကကော ရုပ်ဆိုးဆိုး သုံးစားမရတဲ့ပုံမျိုးဖြစ်နေလို့လား၊ မိသုန်ကို မမတို့ကနေရာတကာ သိပ်လျှော့တွက်တာပဲ စာအုပ်ထဲမှာ စာလည်းပါတာမဟုတ်ဘူး၊ ဟိုက ဘယ်သူ့ကိုမှသတိမထားခဲ့တဲ့သူ၊ အခုသူတို့သတိထားမိသွားပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

"သူ့ခေါင်းထဲမှာ ဒီစာအုပ်ဘာကြောင့်လာပေးတာ လဲဆိုတဲ့ အတွေးတော့ဝင်သွားပြီပေါ့ ဒါကိုတွေးဖြစ်တိုင်း မိသုန်ကိုသတိ မရဘဲနေမလား"

အငယ်ဆုံးဖြစ်သည့် စုစုအောင်လွင်၏ ဝေဖန်ချက်က သူတို့နှစ်ယောက်၏အရှိက်ကို တည့်တည့်ထိ၏။

ဒါကိုသူတို့မတွေးမိခဲ့။

သို့သော်မဖြစ်နိုင်ဘူးဆိုသည့် အတွေးနှင့်ဖွတ်ဖျောက်ပစ် လိုက်သည်။

"နင်ဆရာကြီးဝင်မလုပ်ပါနဲ့ ဒီဟာမကို နင်ပဲ အထင်ကြီး ဘာမှမပါတဲ့စာအုပ်ကို အကြောင်းပြလိုက်ပေးပြီး ကင်းကိုပတ်သက်ဖို့ ကြိုးစားတယ်ဆိုတဲ့သတင်း ခုလောက်ဆိုပြန့်ကားသွားပြီ ဒါအသိသာ ကြီးပဲဟာ"

"ဟွန်း ဖြစ်သွားရင်တော့ ကောင်းပါတယ်"

စုစုက ယုံကြည်သလို မဲ့နေတုန်း . . .

သစ္စာမွန်စာပေ

ပြောစကားများကို နားထောင်ရင်း သုန်နောက်ကို တစ်လှည့် ချင်းပြန်ဆုတ်သည်. . . နောက်ဖေးအဆင်း တံခါးပေါက်နားကျတော့ ကျောမြင့် နံရံကိုမှီကာ ပြည့်အိုင်နေခဲ့သော မျက်ရည်တို့ကို လွတ်လပ်စွာ စီးမျောခွင့်ပေးလိုက်သည်။

ရက်စက်လိုက်ကြတာ. . .

ဒါဟာ တစ်ခုခုကြံစည်မှုမှန်း စိတ်ခံစားခဲ့မိပေမယ့် ဒီလောက်အထိ သူတို့ရည်ရွယ်ထားခဲ့ကြမှန်းသုန်မသိပါ။ ထင်လည်း မထင်မိခဲ့။

တမင်လိုက်ရောတာပဲဆိုပြီး ဟိုသုံးယောက် မျက်စိထဲမှာ ဒီမိန်းမစုတ်ပြတ်သွားပြီ. . .။

ထိုစကားကိုသာ အထပ်ထပ်ပြန်ကြားနေမိကာ ပြုံးစိစိမျက်နှာ တွေကို သတိရလာမိသည်။

"စာအုပ်ကြားထဲမှာ စာညှပ်ပေးတာလား" ဟုလည်း မေးလိုက်ပြီးပြီ။

"ဒါတွေ ရိုးနေပြီတဲ့"

သူတို့ပြောသလို ယောကျ်ားသုံးယောက်ဟာ သုန်တမင်ရောနှော ဖို့ ကြိုးစားတာလို့ ထင်သွားပါသည်။

သူမတို့ စကြလှောင်ကြပါသည်။

သုန့်ဘဝသည်ဟိုးငယ်စဉ်ကတည်းက အေးချမ်းမှု မရှိခဲ့တာပါ။ သုန်နှစ်တန်းဖြေသည့်အချိန်မှာ ဖေဖေဆုံးသွားသည်။ ဦးနှောက်အာရုံ ကြောပြတ်၍ ရုတ်တရက်ဆုံးသွားတာပေမယ့် ထိုညကမေမေနဲ့ရန်ဖြစ် ကာ ဖေဖေအရက်တွေ အလွန်အကျွံသောက်ခဲ့သည်။

မိန်းမတစ်ယောက်နှင့်အထင်လွဲကာ ဖေဖေ့အပေါ် မေမေ





အကြီးအကျယ်စွပ်စွဲပြောဆိုခဲ့ပြီးမှ ဖေဖေဆုံးသွားတော့ အရူးတစ်ပိုင်း ဖြစ်သွား၏။

သုန့်ကိုလည်းဂရုမစိုက်နိုင်တော့။ ငိုလိုက်အိပ်ရာထဲ ဝင်လှဲလိုက်။ ပြီးတော့ ကားကလျှောက်မောင်း။

ထိုစဉ်ကတော့ အန်တီစုစုတို့မိသားစုဟာ သုန့်ကိုတုန်နေ အောင်ချစ်ကြ၏။ ဖေဖေဆုံးပြီး ငါးလအကြာမှာပဲ မေမေကားမှောက်၍ ဆုံးသွားပြန်သည်။

ကားမှောက်ခဲ့ပေမယ့် သုန်နဲ့မေမေစကားပြောခဲ့နိုင် သေးသည်။ နောက်ဆုံးထွက်သက်ကို အနိုင်နိုင်ရှူရှိုက်နေရ သည့်အချိန်ရောက်တော့မှ သမီးဖတွက်သတိရရှာသော မေမေသည် ဒီမိသားစုကိုမယုံကြည်ဖို့ တရစ်မှာခဲ့သည်။ ကျန်တာဘာတွေပြောခဲ့ဆိုခဲ့မှန်းမသိ။

မေမေသည် စကားလုံးအများကြီးပြောခဲ့ချင်ရှာသည်။ ပြောဖို့လည်းကြိုးစားရှာပါသည်။

သို့သော် သူ့ရင်ထဲမှာထိုအကြောင်းကိစ္စသည်သာ ကြီးမားဆုံး နိုင်ခဲ့နေခဲ့လေသလားမသိ။ မှာသမျှထဲမှာ ထိုစကားကိုပဲသုန်ကြားယောင် မှတ်မိနေသည်။ မှာခဲ့နိုင်ရှာသည့် သုန်မှန်မိတာတွေရှိပါသည်။

ဒါပေမယ့် သိပ်ကိုနုနယ်လွန်းသောသုန့်ခမျာ သုန့်ရဲ့ဆုံးဖြတ် ခွင့်အားလုံးဟာ စကားပြောအလွန်လည်သော၊ အများအမြင်မှာလည်း ဦးဖေယျနိုင်၏ညီအရင်းအဖြစ်သာ လက်ခံထားကြသော၊ ထိုသော မျှားစွာ ထဲမှာ သုန့်ဘဝဟာ ဦးအောင်လွင်ဒေါ်စုစုလွင်တို့မိသားစု၏ လက်ထဲမှာ သာအစပျောက်ခဲ့ရ၏။

"ဟဲ့. . . ဘယ်သူလာရင်ဘာပြော"

"ဘယ်သူ့ရှေ့မှာ ဘာမှမပြောနဲ့"

"ဒီစကားကို ညည်းပြောကြည့်စမ်း"

စသော တားမြစ်ချုပ်နှောင်မှုများနှင့်အတူ မေမေ မရှိတော့သည် နောက်မှာသူတို့ဇာတ်ရုပ်တွေပေါ် လာခဲ့သည်။

ညှို့သည်တွေရှေ့ရောက်လျှင် သမီးဟုခေါ်တတ် တာရှိသည်။ ကောင်းကောင်းလေး ဆင်ယင်ပေးပြီး သားသား နားနားထွက်ခိုင်းသည်။

"မမဝသုန်စန်းရဲ့ သမီးလေးလေ၊ မိဘတွေက ကြွေးတွေတင် စီးမွှားကျနဲ့ ယောကျ်ားကဖောက်ပြန်လာတော့ ဖရိုဖရဲဖြစ်ကုန်တာပေါ့ ကလေးကိုကျွန်မတို့က စောင့်ရှောင့်ထားရတာ ဒီတိုက်ကြီးအပေါင် ထားတဲ့ကြားက ကျွန်မတို့ ပြန်ရွေးထားရတာ"

သုန်ခအသိထဲမှာ သုန့်ဘဝကိုသူတို့က ဆက်လက်ကယ်တင် ထားခဲ့သည်၊ မေမေတို့မရှိတော့ သူတို့ကိုအားကိုးစရာရှိခဲ့သည်။

ဆွေမျိုးနီးစပ်ဆိုသည့် အဓိပ္ပါယ်ဆိုတာတွေ မိတ်ဆွေဆိုတာတွေ သုန်ဘယ်သူ့နောက်မှ မလိုက်ရဲမပြောရဲအောင်လည်း တဘက်က ခြိမ်းခြောက်၏။

"ညည်းပြောကြည့်စမ်း"

"လိုက်သွားကြည့်နော် ငါ့အကြောင်းသိမယ်"

ဒေါ်စုစုလွင်ထိုသို့ ကြိမ်းမောင်းပြီဆို သုန်အသေကြောက် သည်၊ တစ်ချက်ကလေး စိတ်တိုင်းမကျတာနှင့် သည်းခြေပျက်လောက် အောင် ဒဏ်ခတ်ပစ်တတ်သည့် ဆောင်းတွင်းအိပ်မက်များတာ သုန်ဘယ်အရွယ်ပဲရောက်လာလာ နှစ်တွေမည်မျှပင်ကြာပါစေ ဘယ်သောအခါမှ မမေ့နိုင်သော စွဲမြဲနေခဲ့သောဒဏ်ရာများသာ၊ သုန်တာ ထိုမိသားစုကိုချေးသေးပါအောင်ကြောက်ခဲ့ရသည်။

မေမေဆုံးသွားပြီးတော့ သုန်ကျောင်းဆက်တက်ရသော





ကိုရွှေမှာတောင် ဦးဦးနဲ့အန်တီစုစု စကားများခဲ့ကြသေးသည်။

"လူမြင်ကောင်းလားကွ"

ဆိုသော စကားရပ်၏နောက်မှာ သုန်ကျောင်းတက် ခဲ့ရ၏။ သို့သော် ကျောင်းရယ်အိမ်ရယ်၊ အိမ်ပြန်ရောက်သည်နှင့် လုပ်စရာရှိတာ လုပ် အခန်းထဲပြန်ဝင် သုန့်အလုပ်ဟာဒါပဲ ဖြစ်သည်။

နေရောင်ကိုမြင်ခွင့်ရတာ အလွန်ကံကောင်းခြင်းဟု မှတ်ခဲ့ရင်း မိသားစုတိဗီ ဗီဒီယိုကြည့်ပြီဆို သုန်ခေါင်းပင်မြှု မကြည့်ရ၊ ရုပ်ရှင်ဆိုတာ အဝေးကြီးပဲဖြစ်၏။

ကျောင်းစာမှလွဲ၍ ဘာစာအုပ်မှမဖတ်ရ၊ သုန်သိတာ စာတွေရယ် သူတို့လက်ညှိုးညွှန်သမျှ ဖြစ်စေဖို့ရယ် ဒါပဲဖြစ်သည်။ အားလုံးအလည်မှာ သုန်ဟာမျက်စိမမြင်နားကန်းသူနှယ်။

မခမ်းသောမျက်ရည်စတို့ဖြင့် သုန်သည်အားလုံး၏ ကွယ်ရာမှာ အိတ်ဆိတ်စွာငိုကြွေးနေရသဲ. . .

×××××

## အခန်း (၁၀)

"သိခဲ့ရပြီကွ လက်ဝဲသုန်တဲ့"

လူမစုံလို့ စောင့်နေကြဆဲ ဆက်ကိုကိုကရောက်လာ သည်နှင့် မထိုင်ဖြစ်သေးဘဲသတင်းကိုအရင်ပေး၏။

ထိုင်တော့လည်း ခုံပေါ်မှာမထိုင့်ဘဲ မြက်ခင်းပေါ် မှာပဲ လွတ်လွတ်လပ်လပ်ကြီးသွားထိုင်ချသည်။

"မထူးဆန်းတော့ဘူး ငါပြောပြီးသား"

စိုးရာဇာက ပိုက်ထားသည့်ဂစ်တာကို ဒင်ခနဲဒေါင်ခ နဲ ဆွဲချပစ်နေရင်း ပြုံးစိစိနှင့်လှမ်းပြော၏။

"နှစ်ယောက်လုံးသိတာဒါပဲလား"

စိုးရာဇာနဲ့ ဆက်ကိုကိုဖျတ်ခနဲ အကြည့်ချင်းဆုံ၏။ ဘယ်သူမှဘာမှ ဦးအောင်မပြောနိုင်ကြသောအခါ နှစ်ယောက်လုံးဒါပဲသိလာခဲ့ကြလေချင်း အတူတူပဲဆိုတာ ပိုရှိသေချာသွားကာ-





"ဒါပဲသိခဲ့တာပေါ့ မှင်းပဲနာမည်လေး သိချင်တယ်ဆို"

"ဪ . . . ဪ သစ္စာရှိတယ်နော်"

"မဖောက်မယွင်းသောသစ္စာပါ"

တိုင်းမျက်နှာမကြည်တာကို ဆက်ကိုကိုက ပြန်ရိသည်။

"နေပါဦး မင်းပဲနာမည်သိချင်တယ်ဆိုလို့ နာမည်ရအောင် စုံစမ်းပေးခဲ့တာ ဒီထက်ပိုပြီးမင်းကစိတ်ဝင်စားနေပြီလား"

"သိချင်နေတာ"

"ဟွန်း"

စိုးရာဇာကမေးပြီး နှုတ်ခမ်းရော နှာခေါင်းပါတွန့်မဲ့ သွား၏။

"သိချင်လည်း အဲဒီတစ်ယောက်ကိုစိတ်ဝင်စားတယ် အားလုံး သိချင်တယ်၊ ရောဂါသည်ဆိုဘာညာ မင်းစကတည်းက ဝန်ခံပါလား"

"ဘာမှမဟုတ်ဘဲ ဘာလို့ဝန်ခံရမှာလဲ"

တိုင်း မျက်နှာကမကြည်မလင်ရှိဆဲ။ သူစိတ်ဝင်စား နေတာက မျက်ရည်ကျနေသည့်မျက်ဝန်းလေးအစုံကို ဖြစ်သည်။ သူတို့ကိုကျောခိုင်း ပစ်လိုက်စဉ် လက်ခနဲစင်ကျသွားသည့် မျက်ရည်စက်ကလေးကို နားမလည်နိုင်ခဲ့။

နှုတ်ခမ်းလှလှလေးနဲ့ ကဆုတ်ဆုတ်တုန်အောင် မြောက်ကြွား ပြက် ရှက်ကြောက်နေရှာသော မျက်နှာလေးမှာ သူတို့ထင်သလို အရောဝင်ပက်ညက်လို့မှုတွေရှိမနေဘူးဆိုတာ စိတ်ထဲမှာခံစားမိ နေခဲ့သည်။

"သိပ်ခံစားမနေနဲ့တိုင်း အဲဒီတစ်ယောက် နောက်ထပ် မင်းနား ကိုရောက်လာဦးမှာ"

"အေးလေ သက်သက်အပင်ပန်းခံနေတယ်၊ ဘာမှမပါတဲ့

စာအုပ်အလွှတ်ကြီးကိုင်ပြီး ဇာတ်လမ်းလုပ်သွားတဲ့ဟာ သူစသွားတာ အဆုံးသတ်ဖို့ပြန်ပေးမှာပေါ့"

ဆက်ကိုကိုနဲ့ စိုးရာဇာက ထင်ကြေးတွေ ပေးကြပြန်သည်၊ တိုင်းခေါင်းခါပစ်လိုက်၏။

"မင်းတို့ထင်သလို သူ့ကိုငါမထင်ဘူး"

ပေါင်လယ်လောက်ထိရှည်ကျနေသော ကျစ်ဆံမြီး နှစ်ဖက်နှင့် ကျော့ရှင်းလှပသော ကိုယ်လုံးလေးမှာ အများသူငါလို သစ်လွင်တောက်ပ အောင် ပြင်ဆင်ဝတ်စားထားတာမျိုးလည်းမရှိ။

ဘယ်ရှုထောင့်ကကြည့်ကြည့် ဖြူစင်တာတွေချည်း မြင်နေခဲ့ရ သည့် သူမပုံစံလေးကမျက်လုံးထဲမှာ စွဲထင်နေသည်။

သူ့မှာ သူမနှင့်တိုက်မိ၍ငိုက်ကျယိမ်းယိုင်သွားတာတောင် မျက်နှာလေးကိုလှည့်ကြည့်မိတော့ စကားပြောဖို့ သတိမရ၊ သူတို့ ရယ်သလိုမရယ်နိုင်။ သူတို့ထင်သလို မထင်ရက်ခဲ့။

"သူပြောတဲ့ မမနေဆိုတာမင်းသိလား"

ဆက်ကိုကို အသံကြားမှသူ့ဖျတ်ခနဲပြန်ကြည့်မိ၏။ ပြီးတော့ ခေါင်းခါမိသည်။

"ဒါပဲလေ မင်းကကောင်မလေးကို အဖြူထည်လေးလို့မြင်ပြီး ဖီးလ်မြင့်နေတယ် မရှိတာကိုအရှိလုပ်သွားတာ သိသာကြီး"

စိုးရာဇာက သူ့လက်ခံလာဖို့ကို ဇွဲရှိရှိနဲ့သလို ဒါကိုပဲထပ် ခါထပ်ခါပြောနေသည်။

ဆက်ကိုကိုကလည်း တစ်လေသံတည်း။

"နာမည်လေးကတော့ ချစ်စရာလေးနော် လက်ဝဲသုန်တဲ့ အဟွန့်"





"လှလေးတလည်း လှပါတယ်"

စိုးရာဇာက ဖြုံးဖြီးဖြီးပြောပြီး တိုင်းကိုစောင်းကြည့်၏။ သူတို့သုံးယောက်စလုံး ဘယ်သူ့မှာမှရည်းစားမရှိကြ၊ မိဘတွေကချမ်းသာ ကြသည်။ တိုင်းဝဏ္ဏဟာ ကင်းဆိုပေမယ့် ချောသည်ဟုပေါ် လွင်ကြတာ တော့ သုံးယောက်လုံးပဲဖြစ်၏။ တစ်ယောက်မှာမှ ရည်းစားမရှိဘူးဆိုတာက လည်း လူများစိတ်ဝင်စားနေကြသည့် အကြောင်းတစ်ခုဖြစ်နေခဲ့သည်။ ထို့အတူ တော့ရှုံမိန်းကလေးလောက်ကို စိတ်ဝင်တစား ငုံ့စောင်းမကြည့် ကတ်ခဲ့သော စရိုက်သဘာဝချင်းကလည်း သုံးယောက်လုံးတူကြပြန်သည်။ မိန်းကလေးတစ်ယောက်အကြောင်း စုံစမ်းဖြစ်ပြောဖြစ်ကြတာ ဒါပထမ ဆုံး။

တိုင်းဝဏ္ဏက ပင့်သက်ရှိုက်၍ စိုးရာဇာဆီကဂစ်တာ ကိုယူလို လိုက်သည်။ ရင်ထဲမှာဝိုက်လိုက်ပြီးမှ မတီးဖြစ်ဘဲ မျက်နှာမော့ကာ. . .

"ငါသူ့ကိုဒီထက်ပိုနားလည်ချင်တယ်"

ဟုခပ်တိုးတိုးပြော၏။

စိုးရာဇာမျက်ခုံးနှစ်ဘက်မြင့်တက်သွားသည်။

ဆက်ကိုကိုက မျက်လုံးပြူးကြည့်၏။ လွန်ပြီ. . .

xxxxx

## အခန်း (၁၁)

အကြံအစည်တွေနဲ့ မကြာမကြာ ဗူးသီးကြော်ဆိုင်ခေါ်လာရသမျှ မျှော်ငေးနေသည့် ရွှေခြည်မျက်နှာလေး ဝင်းလက်သွားသည်။

နေခြည်ကို မျက်စလှမ်းပစ်လိုက်၏။

"အိရေ ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ"

"ဘာလုပ်မလို့လဲ"

"လာပါ ခဏလေးပါ"

နေခြည်က အပေါ်ပါလာသည့် သူငယ်ချင်းကို ဆွဲ၍ ထွက်ရင်း. . .

"မမကလုပ်ပြီ. . . ပိုက်ဆံရှင်းမထားခဲ့ဘဲနဲ့ လာလိုက်ပေါင်းဦးမယ်. . . မိသုန် နင် ဒီမှာ ခဏနေခဲ့ဦး"

"ဟင်"

ရွှေခြည်က တစ်ချက်မှ လှည့်မကြည့်တော့ဘဲ နောက်က ပြေး





လိုက်သွားသည်။ စားပွဲတစ်လုံးမှာ သုန်တစ်ယောက်တည်း ကျန်ခဲ့လေသည်။ သူမ ဒက်ကနဲ နားလည်သိရှိလိုက်သည်က မမနေတို့ သူမကို ဒုက္ခပေးခဲ့ပြီဆိုတာပဲ ဖြစ်သည်။

နေ့စဉ်လိုလို အတန်းရှေ့ထိ လိုက်လာခေါ် ဗူးသီးကြော်လိုက်ကျွေး ကင်းတင်းမှာထိုင်။ ရင်တထိတ်ထိတ်နဲ့ ကျွေးသမျှ မျိုချနေရသော်လည်း ဘာမှမဖြစ်ခဲ့ဘဲ ဒီနေ့မှ ဘာကြောင့် ဒုက္ခပေးခဲ့သည်ကို စဉ်းစားမရပေ။ ဒီပြင် စားပွဲတွေမှာ ကျောင်းသား ကျောင်းသူတွေ ပြည့်နေဆဲ။

ခုမှ ရောက်လာကြသူတွေလည်း ရှိသည်။

မမနေတို့ စောစောစီးစီး ထထွက်သွားကြတာဟာ ပြန်လာဖို့ မဟုတ်မှန်း သုန် သိသည်။ ရင်ထဲမှာ ပူလောင်ပြင်းပြသွား၏။

သူမမှာ ပိုက်ဆံဆို၍ ခြူးတစ်ပြားမှ မရှိပါ။

ကမန်းကတန်း ထထွက်သွားကြသောကြောင့် ပန်းကန်အထပ်ကို ငုံ့ကြည့်၍ သုန် ဘာလုပ်ရမှန်း မသိ။

"ဒီကို အကြော်တစ်ပွဲပေးပါ"

"ဒီကမှာထားတာ ကြာပြီနော်"

ပတ်ဝန်းကျင်သံများကို သုန် မကြားနိုင်တော့ပေ။ လောလောဆယ် ဒီပြဿနာကို ဘယ်လိုရှင်းမလဲ. . .

"ထိုင်စရာတောင် မရှိတော့ဘူးကွာ"

"ရှိပါသေးတယ်ကွာ. . . လာ ဒီမှာပဲ ထိုင်ရအောင်"

သုန် ကျောဘက်မှ လွတ်နေသည့် စားပွဲရှိလို့ စိတ်သက်သာနေဘုန်း လှုပြည့်သွားသဖြင့် လှည့်လည်းမကြည့်ဝံ့တော့ဘဲ ပို၍ပူလောင်သွားခဲ့၏။ လူတွေကြားထဲမှာ စားပြီးပိုက်ဆံ ရှင်းစရာမရှိတဲ့ အဖြစ်ကို ဘယ်လိုရှင်းမလဲ။ ကျန်နေသေးသည့် ဗူးသီးကြော်နှစ်ခုကို ငုံ့ကြည့်ရင်း

မျက်ရည်တွေ ရစ်သီဝေ့ဝဲလာ၏။

ဒုက္ခဟာ သုန့်အတွက် ဖြစ်လာခဲ့သည်လား။

"သုန် မရှင်းတတ်နိုင်သော ဒုက္ခများစွာထဲက ထိုသို့သော ဒုက္ခများကို ဖြတ်ကျော်ဖို့ သုန်မှာ ဘယ်လိုအင်အားရှိသင့်သလဲ"

ဘာမှမရှိပါ။ သုန့်မှာ မျက်ရည်ပဲရှိတာမို့ မျက်ရည်ပဲ ဝေ့တက်လာသည်။ ကိုယ့်အဖြစ်ကို သူများမသိပေမယ့် မျက်နှာမဖော့ရဲဘဲ ဇက်ကျိုးမတတ် ငုံ့ချကာ ပြည့်အိုင်လာသည့် မျက်ရည်က ပါးပြင်ထက်သို့ ဖြတ်သန်းခွင့်မရတော့ဘဲ စားပွဲပေါ်သို့ တိုက်ရိုက် ခုန်ဆင်းလာသည်။

"ဒီမှာ. . . ဒီမှာ. . . ဒီကို အကြော်. . . ဟင်"

စိုးရာဇာ အသံတစ်ပိုင်း တစ်စနှင့် ရပ်သွားသည်။

"ဟိတ်ကောင်. . . ဘာဖြစ်တာလဲ"

ပန်းလှမ်းပုတ်သည့် ဆက်ကိုကို လက်ကိုဖယ်ချကာ စိုးရာဇာက တိုင်း ခြေထောက်ကို အသာလှမ်းတို့၏။

"ဟိုမှာ လက်ဝဲသုန် ဆိုတာလေး မဟုတ်လား"

"ဘယ်မှာလဲ"

"မင်းနောက်မှာ"

စိုးရာဇာ မေးဆတ်ပြသဖြင့် တိုင်း နောက်လှည့်ကြည့်လိုက်သည်။ အဝါစက်ပျောက်ကလေးတွေပါသော ခပ်နွမ်းနွမ်း ဝတ်စုံလေးနှင့် ကျစ်ဆံမြီးလေးနှင့် နှစ်ဘက်ခွဲကျစ်ထားသည့် ကောင်မလေး။

မျက်နှာကို အတင်းငုံ့ချထားသဖြင့် ရှည်လျားသော ကျစ်ဆံမြီးများတစ်ဖက်က အောက်ဖက်ထိ စင်းကျနေသည်။

အတန်ကြာ စူးစိုက်ကြည့်နေမိသည်အထိ လက်ဝဲသုန် မလှုပ်ပေ။





"ဗူးသီးကြော်စားရင်း တရားမှတ် နေတာထင်တယ်ကွ"

တစ်ဖက်စားပွဲက ကျောင်းသားတချို့ထံမှ အသံထွက်လာသည်။

"ဝါးမယ် ဖွိုမယ် ဝါးတယ် မျိုတယ် ဖြစ်တယ် ပျက်တယ် ဖြစ်တယ် ပျက်တယ်. . ."

"ဟား. . . ဟား. . . ဟား"

ကျောင်းသားတွေ ရယ်ကြပေမယ့် သုန် မလှုပ်ရှားပေ။

တိုင်း ဒီဘက်ပြန်လှည့်တော့ ဆက်ကိုကိုက မေးဆတ်ပြ၏။ သူ ခေါင်းခါပြမိသည်။ ကောင်မလေး တစ်ယောက်တည်း ဘာထိုင်လုပ်နေမှန်း သူလည်းမသိပါ။

ဘေးမှာလည်း ကုန်ပြီးသာ အကြော်ပွဲတွေ အထပ်လိုက်။

သူမ ရှေ့မှာလည်း အကြော်ပွဲ ရှိနေသည်။ ဒါပေမယ့် စားသောက်နေသည်လည်း မဟုတ်။

လက်နှစ်ဖက်ကို ပေါင်ပေါ်မှာ ပူးဆုပ်ချထားကာ မျက်နှာကို အဟင်းကြီး ငုံ့ချထားပုံက လူသတိထားမိလောက်အောင် ဖြစ်နေရာ သူမဟာ အားလုံးကြည့်စရာ ဟာသရုပ်လေးသဖွယ်။

သုန် အားလုံးကို ကြားသည်။ ရင်တွေ တဒိတ်ဒိတ်တုန်ကာ မျက်ရည်စက်တွေ ပေါက်ခနဲ ပေါက်ခနဲ ကြွေ၏။

မကြာသော မိနစ်ပိုင်းတွင်းမှာ သူမ လဲသေချင်လောက်အောင် ရှက်ဖွယ်ကောင်းသော အဖြစ်တစ်ခုကို ရင်ဆိုင်ရတော့သည်။

"အကြော်စားပြီး အကြော်ဖိုးရှင်းစရာ မရှိဘူး. . . ထင်တယ်ကွ သနားပါတယ်. . ."

သုန် ဆတ်ခနဲ တုန်သွားသည်။ သူမ ငိုနေရုံပြီးမှာလား. . .

သူများတွေလည်း သိကုန်ပြီ။ လှောင်ရယ်ခံရပြီးမှ ဘာထူးမှာလဲ

ဆိုင်ရှင်ကို ပိုက်ဆံမပါပါဘူးလို့ သွားတောင်းပန်ရမလား။

"ဟင့်အင်း"

သုန် ထိုမျှအထိ သတ္တိမရှိပါ။ ထို့နောက် ဆုံးဖြတ်ခြင်းနှင့်အတူ သုန် တုန်ယင်သော လက်ကလေးများနှင့် နားတပ်ကိုချွတ်၏။

"ဟာ. . . ဟုတ်တယ်ဟ. . . နားကပ်ချွတ်နေပြီ. . . တိတိ ကောင် ဝင်ရှင်းပေးလိုက်ပါကွာ သနားပါတယ်"

သုန် နားကပ်နှစ်ဖက်လုံး ချွတ်ပစ်လိုက်၍ လက်ထဲမှာ တင်းနေအောင် ဆုပ်ထားမိသော်လည်း မျက်နှာမမော့ရဲဘဲရှိသည်။ မျက်ဝန်းအောက်သို့ ခြေအစုံ ဝင်ရောက်လာသည်။

ထိုခြေထောက်ပိုင်ရှင်ဟာ သုမ ဘေးကခုံလေးမှာ ဝင်ထိုင်လိုက်တာဖြစ်လျက်. . .

"မင်း ဘာဖြစ်နေတာလဲ သုန်"

"ဟင်. . ."

မိန်းကလေး သူငယ်ချင်းတောင် ထားခွင့်မရခဲ့သော သုမဘဝမှာ 'သုန်'ဆိုသော တရင်းတနှီးခေါ်သံ အသုံးအနှုန်းနှင့် အနားရောက်လာသူဟာ ဘယ်သူလဲ။ သုန် ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

"ဟင်. . ."

မျက်ရည်စတို့ ရှိနေသော မျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။

ချောမွေ့သန့်စင်နေသော မျက်နှာသည် နီမြန်းပိရိသော တောင့်ချိုးညီနေသည့် နှုတ်ခမ်းအစုံကြောင့် ပြုံးရယ်ခြင်း မပြုရဘဲနှင့် ဆွဲဆောင်နိုင်စွမ်းရှိသူဖြစ်သည်။ ထိုမျက်နှာကို သေချာသိပေမယ့် သုန် မှတ်မိသည်။ ဘယ်သူဘယ်ဝါမှန်း မသိဘဲ သုမ တလိုက်ပေးခဲ့ရတဲ့သူ။





သုန် မျက်နှာပြန်လွှဲဖို့ သတိမရဘဲ အိပ်မွေ့ချခံလိုက်ရသူလို သူ့ကို ငေးကြည့်ရင်း ဆွံ့အနေခဲ့သည်။ မျက်ဝန်းတို့ ကြာမြင့်စွာ ဆုံဆည်းလိုက်ကြပြီး သူ့နှုတ်ခမ်း တွန့်ခနဲ ပြုံးသွားသည်။

"အဖေါ် မပါဘူးလား"

"ပါပါတယ်"

"မင်းကို တစ်ယောက်တည်း ထားခဲ့ကြတာလား"

သုန် ဘယ်လိုဖြေရမှန်း မသိဘဲ မျက်လွှာချပစ်လိုက်သည်။ ထိုစဉ် သူတို့မှာထားကြသည့်အကြော် ရောက်လာသည်။

သူက တစ်ပွဲလှမ်းယူ၍ ရှေ့မှာချလိုက်သည်။

"ထပ်စားဦး"

"ဟင့်အင်း"

ဗူးသီးကြော်ကို မကြည့်ဘဲ ကြောက်ရွံ့စရာ တစ်ခုလို မျက်နှာလွှဲပစ်၍ သုန် ခေါင်းခါငြင်းပုံကို သူက စူးစိုက်ကြည့်သည်။

"လက်ဝဲသုန်"

"ရှင်"

သုန် သူ့ကို အံ့သြဟန်လေးနှင့် မော့ကြည့်၏။

"သုန့်ကိုသိတယ်"

သုန် ယောင်ယမ်း ရေရွတ်ရင်း မျက်နှာလေးရဲသွား၏။

"သုန် မင်းနဲ့ကိုယ် စကားအေးအေးဆေးဆေး ပြောချင်တယ်"

"အို. . ."

ဗူးသီးကြော် ကိုင်ထားသည့် သူ့လက်သူကြွယ်က စိန်မြရံ လက်စွပ်ကို ကြည့်သည်မဟုတ်ဘဲ လှမ်းမြင်လိုက်ရင်း သုန် ခေါင်းခါလိုက်မိသည်။ ထို့နောက် နေရာမှ ထဖို့ပြင်၏။

“ဘယ်သွားမလို့လဲ”

“သုန်သွားတော့မယ်”

“မင်းထသွားတော့ ကိုယ်က ဒီမှာ ကြောင်တောင်တောင်ကြီး ကျန်ခဲ့မှာပေါ့ကွ မထနဲ့. . .”

အမိန့်သံများစွာကို နာခံလာခဲ့ရသော စိတ်ဟာ ‘မထနဲ့’ ဆိုသည့် သူ့စကားဆုံးမှာ တုတ်တုတ်မလှုပ်ဘဲ ထိုင်နေမိပြန်သည်။

“ဘယ်မေဂျာတာလဲ”

“ဖက်စ်ယီးယား ကယ်မီကယ်”

“ဩော်. . . ကိုယ်နဲ့မင်း ဘယ်မှာဆုံဖူးခဲ့လဲ”

“ဟင့်အင်း”

“ဟင်”

သူ့မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားသည်။

“ကိုယ်မေးချင်တာကို မင်းသိလား”

“ဟင့်အင်း”

ဝင်းအိနီမြန်းနေသော မျက်နှာလှလှလေးကို စူးစိုက်ကြည့်၍ တိုင်း စဉ်းစားမိသည်။ လက်ဝဲသုန်ဆိုသော ကောင်မလေးမျက်နှာမှာ ကောက်ကွေ့လမ်းကြောင်း တစ်စုံတစ်ရာမှ ရှိမနေပါ။

“လက်ဝဲသုန်ဆိုတာ မင်း ဟုတ်တယ် မဟုတ်လား”

“ဟုတ်”

“သုန်”

မျက်ဝန်း လက်လက်ကလေးတွေက ပို၍အရောင်လဲ့လာသည်။

မဖြေရှင်းတတ်သော နှုတ်ခမ်းသားလေးတွေ ကတိမ်းကပါးဖြစ် လာ၏။ သူမ နှုတ်ခမ်းဖျားမှ တစ်စုံတစ်ရာသော အဖြေကို စိတ်ရှည်စွာ





စောင့်စားခဲ့သော်လည်း. . .

“မင်း ကိုယ့်နာမည်ရော သိလား”

“ဟင့်အင်း”

ရင်ထဲမှာ မတင်မကျရှိနေသော ရှုပ်ထွေးမှုတစ်ခုဟာ ပို၍ ကျစ်လျစ်သွားသည့်နှယ်. . .

သူ သုန့်ရဲ့ ကယောင်ချောက်ခြား ပုံစံလေးကို စူးစိုက်မှု ပိုကဲလာ သည်။ သုန်သည် လှောင်အိမ်ထဲမှ ပြေးပေါက်ရှာနေသော ငှက်ကလေး တစ်ကောင်သဖွယ်။

“သုန် သွားပါရစေ. . .”

အကြော်ဆိုင်ကို လှမ်းကြည့်ကာ လက်ထဲက ဆုပ်ထားသည်ကို ပို၍ ကျစ်ကျစ်ဆုပ်၏။ သူမ ဒီပစ္စည်းနဲ့ ပိုက်ဆံရှင်းရဦးမည်။

တိုင်း မျက်နှာကို တင်းပစ်ကာ. . .

“သွားလို့မရဘူး သုန်. . . မင်း ကိုယ်မေးတာကို တစ်ခုမှ မဖြေ သေးဘူး”

“ဟော့. . . ပိုက်ဆံရှင်းဦးမယ်”

ဆက်ကိုကိုက သူတို့စားပွဲကိုပါ လက်ညှိုးထိုးပြ၍ ပိုက်ဆံရှင်း လိုက်သည်။

“ငါတို့ သွားနှင့်မယ် တိုင်း”

“အေး”

သုန် သူ့ကို ညှိုးငယ်စွာ မော့ကြည့်၏။

သူက ပြန်စိုက်ကြည့်တော့ မျက်နှာလွှဲပစ်လိုက်မိသည်။

ထို့နောက် နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

သူပါ လိုက်ထရပ်ကာ. . .

"ဟိုကောင်တွေ ပိုက်ဆံရှင်းသွားပြီ လာမြန်မယ်"

အားလုံးရဲ့ မျက်လုံးတွေ သူနဲ့ သုန်ထံ စုပြုံရောက်ရှိလာသည်။ နုသာရောင် ဖော့ရှိန့်ရှပ်နဲ့ လေးညှင်းရောင် ပုဆိုးဝတ်ထားသည့် သန့်စင်ချောမွေ့နေသော သူ့အပါးမှ သုန်ဟာ လမင်းနံဘေးက မှုန်ပုံဝါးကြယ်ပွင့်ကလေး တစ်ပွင့်ပမာသာ။

အားလုံးကို သူ ဂရုမစိုက်စွာ ရှိပေမယ့် သုန့်ခြေလှမ်းတွေ မှားကုန်သည်။ မြင့်မားသော သူ့အရပ်ကြီးကို မျက်နှာတစ်ချက်ထိ မော့မကြည့်ရဲဘဲ လက်ဖျားလေးတွေ အေးစက်လာ၏။ သူ့လိုလူဟာ သုန့်နံဘေးမှာ ဘာကြောင့် ယှဉ်တွဲပါလာခဲ့ပါသနည်း။

"သူ သူဘယ်ကို သွားမလို့လဲ ဟင်"

"မင်းနဲ့ စကားပြောစရာ ကျန်သေးတယ်. . . ပြီးရင် ပြန်ပို့ပေးမယ်"

"ဟင့်အင်း. . . သုန့်ကို ဘာမှမမေးပါနဲ့. . . သုန် ဘာမှပြောနိုင်မှာ မဟုတ်ဘူး. . . လိုက်လည်း မလိုက်ပါနဲ့နော်. . . အကြော်ဖိုး ရှင်းပေးတာကို ကျေးဇူးတင်ပါတယ်"

သုန်သည် ကမန်းကတန်း နှုတ်ဆက်၍ မပြေးရုံတမယ်လေး လျှောက်ထွက်သွားသည်။ တိုင်း ပါးစပ်ပြင်လိုက်ပြီးမှ မတားဖြစ်တော့ဘဲ ကြည့်နေလိုက်တော့သည်။ သေချာခဲ့သည် တစ်ခုက လက်ဝဲသုန်ဆိုသော မိန်းကလေးကို သူ စိတ်ဝင်စားခဲ့ပြီဖြစ်၏။

အမြဲတမ်း ခြောက်ခြား အားငယ်နေတတ်သော လျှို့ဝှက်ဆန်သည့် သူမရဲ့ လှုပ်ရှားမှုများကိုလား။ မရိုးသားစွာ စိတ်ဝင်စားခဲ့ခြင်းလား။

ဒါကို သူ မသိပေ။ သုန့်ကို သူ အမှတ်တမဲ့ ထားလိုက်လို့မရတော့မှာက သေချာနေပြီ။ သုန် မည်သောမိန်းကလေးမှာ ဘယ်သို့သော





ခြောက်ခြားမှုများ ဖိစီးနှိပ်စက်နေပါသနည်း။

သူမ ဘဝ မည်သို့ရှိခဲ့သနည်း။

ဆင်းရဲ၍ ဖြူစင်တဲ့ သွင်ပြင်လေးကို သူ နားလည်ခဲ့သည်။

နောက်ကွယ်က လျှို့ဝှက်ခြင်း တချို့ကိုတော့ မသိခဲ့ပါ။ တစ်ချက်ကလေးမှ နောက်ပြန် လှည့်မကြည့်တော့ဘဲ ဝေးကွာသွားသည့် ကျောပြင်လေးကို လှမ်းကြည့်ရင်း တိုင်း စိတ်ရှုပ်ထွေးနေဆဲ။

## အခန်း (၁၂)

"အဲဒါ နင်ကြောင့် နင်ပဲ ငါ့ကို အကြံပေးတာ. . . တကယ်ဆို ဟိုတစ်ခါ စာလိုက်ပေးခိုင်းလိုက်ကတည်းက ဒီကောင်မ မြောင်းထဲရောက် သွားပြီဘား. . ခုတော့. . ."

"ခု ဘာဖြစ်နေလို့ မမရာ. . . မိုးမီးလောင်တာ ကျနေတာပဲ"

"မိုးမီးလောင်တာ ဘာဖြစ်လဲ သေတော့ အများသေမှာ အခု တော့ ကိုယ်ရှူးကိုမှ်ပတ်သလို ဖြစ်ကုန်ပြီ. . . ကောင်မက အမူအရာပို ပိုနဲ့ ဟိုက သနားသွားတာနေမှာပေါ့. . . အတူ လက်တွဲလျှောက်လာ တယ်တဲ့. . အဲ့ဒီသတင်းက ငါတို့ မက်ကယ်နီကယ် ဗိုင်နယ်မှာ ဘယ် လောက် ပြန့်ကားသွားတယ်မှတ်လဲ"

"မပြန့်ကားပါဘူး မမတို့ နားမှာပဲ ပြောနေကြတာပါ. . . ပြော မှာပေါ့ တိုင်းဝဠာကို မမ ကြိတ်ပိုးနေတာ သိနေကြတာကိုး အစကတည်း က ရွှေ ပြောသားပဲ စိတ်ကူးယဉ်မနေပါနဲ့လို့. . . အဲဒီသုံးယောက်က တစ်





သမတ်တည်းပဲ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ အထာပိုတဲ့ဟာ တွေ"

"ရွှေ. . နင် စကားကို အမျိုးမျိုး မပြောနဲ့နော်. . အကြံတွေ အမျိုးမျိုး ပေးခဲ့တုန်းက နင်ပဲ. . ."

"ဒါက မမပဲ ဟို မြတ်မြတ်နိုးနိုးဆိုတာလေးနဲ့ အိမ်ကဟာမ ကွာပြီးသွားစေချင်တာဆို ဟိုအုပ်စုနဲ့ ခင်သွားမှာစိုးတာဆို"

"အေးလေ"

"အဲ့ဒါကြောင့် ရွှေ အကြံပေးတာပဲ. . . သူတို့စိတ်နဲ့ သူတို့ကိုယ် ခုလိုဖြစ်သွားတာ ရွှေ ဘယ်ဟတ်နိုင်မှာလဲ. . . အဲဒါပေါ့ ရတာမလို လို တာမရတဲ့. . . အဲ့ဒါ မမ အရမ်းလိုချင်နေလို့ မရတာ"

"ဘာ"

ရွှေခြည်က ခပ်တင်းတင်း ပြန်ကြည့်၍ မျက်ခုံးပင့်ကာ. . .

"ဟုတ်တယ်. . . ကိုယ်ကလိုက်ရင် သူကပြေးမှာပဲ လိုချင်လွန်း ရင် လွဲတတ်တယ်. . . ဟိုဟာမက ရွှေတို့ကို ဒူးတုန်အောင် ကြောက်နေ တာ တိုင်းဝဠာ ဘာကောင်ဆိုတာလည်း သိတာမဟုတ်ဘူး. . . သူ့အနား မှာ နတ်သားတစ်ပါး ဘွားခနဲပေါ်လာရင်တောင် သရဲသရဲလို့ မျက်လုံး စုံမှိတ်အော်မယ့် မိန်းမ. . ."

"ခုတော့လည်း သိနေပြန်ရောလား"

နေခြည်မျက်နှာက တင်းနေသည်။

ရွှေခြည်က ဂရုမစိုက်စွာ ရယ်နေ၏။

"စိုးရိမ်မနေပါနဲ့ မမရာ. . . ပုံပြင်ဆိုတာ စာအုပ်ထဲမှာပဲ ရှိတာ ပါ. . . အပြင်မှာ စင်ဒရဲလာ မရှိပါဘူး. . . ဒီကောင်မက ကိုယ်သေဆို သေ ရှင်ဆိုရှင်နေရတဲ့ ကောင်မပါ"

"ခုပဲ မြတ်မြတ်နိုးနိုးဆိုတဲ့ ကောင်မလေးက သူ့မွေးနေ့ အထိမ်းအမှတ် ကျွေးဖို့ဆိုပြီး ငါတို့လက်ထဲကနေ ပေါင်တင်ကြီး ခေါ်ထုတ်သွားပြီး လူရှေ့သူရှေ့မှာ မထည့်ပါဘူးဆိုလို့ရော ရမလားနော်. . . ဒါမျိုး မကြာခဏဖြစ်လာရင် ကိုတစ်ယောက်လည်း ဂရုစိုက်မိသွားတဲ့ကိစ္စ ဘယ်လိုတွေဆက်ဖြစ်ကုန်မလဲ နှင်သိလား"

"ဘာမှမဖြစ်အောင် ကျောင်းထုတ်ပစ်လိုက်. . ."

ရွှေစကားကြောင့် နေခြည် ပါးစပ်ပိတ်သွားသည်။ ရွှေခြည်က ခပ်ပေါ့ပေါ့ ရယ်လိုက်ကာ အစ်မဖြစ်သူ ငိုင်ကျသွားတာကို လှမ်းကြည့်သည်။

"ဘာလဲ တကယ်ကျောင်းထုတ်ဖို့ စိတ်ကူးမိသွားတာလား. ကြီးစားမနေပါနဲ့ မမရာ. . . မိသုန်မှာ အဲ့သလောက် ဆွဲအားမရှိပါဘူး. ဆင်နိုင်ပြင်နိုင်တာချင်းက တခြားစီပါ. . . လှတိုင်း ပေါ်လွင်တာမှတ်လို့"

စကားကို မိုးပေါ်ထိ ခုန်ပြောလိုက် အဝီစိအောက်နက်အောင် ဆင်းပြောလိုက်။ မော့ကြည့်ရမည်လား။ ငုံ့ကြည့်ရမည်လား။ သူ့စပြောသမျှကို နားယောင်ရင်း မူးချင်လာအောင် အမျိုးမျိုး ပြောနေသည့် ရွှေခြည်ကို နေခြည် စိတ်မရှည် စူးစိုက်ကြည့်မိသည်။

ဝမ်းသာရတော့မလိုလိုနှင့် ခေါင်းရိုက်ခွဲချင်စရာတွေလည်း ပြောနေပြန်သည်။ မြင့်တင်တော့မလိုနှင့် ဆွဲချပစ်တာမျိုး။

"ဒီကောင်မကို ဇာတ္တသိုလ် ပို့လိုက်တာကိုက မှားတာပါ"

❖ ❖ ❖





ရာပျက်နေတာကိုကြည့်၍ အမှတ်တမဲ့ကနေ

ပြီး

ဘာမပြောနဲ့ ဒါကိုကိုဟာ"

င်မလေး မပြောချင်လို့နေလည်း မရဘူး နေဦး"

တော့ဘူးဟုနေပြီးကာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ

ကိုကိုက နိုးနိုးကိုကြည့်၍. . .

်မီကယ်က လက်ဝဲသုန်ဆိုတာသိလား"

ဘာဖြစ်လို့လဲ"

ဘာလဲ"

ဘူးတာလား. . . ရင်းနှီးတာလား"

"ကိုကို နိုးနိုးကို န်းတည်း အတူထိုင်ကြတာပဲဟာ"

"ဟာ မရှိပါဘူး။"

ကိုယ်တောင်မ လှုပ်လှုပ်ရှားရှားဖြစ်သွားပုံက မလိုလားသော ဆက်ကိုကိုမကြည့်မလင်ည်။

စ်ချက်ပုမကြည့်ဘဲ ဖြီး အဲဒီကောင်မလေးက"

"ကျောင်းတွင်းမှ ဘာဆက်ပြောရမှန်းမသိ၊ မိန်းကလေး မဟုတ်တာ မေ့မေ့ရရာသည့်အကြောင်းတစ်ရပ်ဖြင့် ချိုးပွဲပြောဆိုမိသလို

"မနေ့ကျင်။

တောင်းတာလွန်သယ့် ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်ဖို့ကြိုးစား ပေးနေကြတာပဲဟု နသည်ပဲမို့ ညီမဖြစ်သူနှင့်ရင်းနှီးတာလည်း လက်မခံနိုင်။

"ဒါဇော်လေကိုကို သုန်ကဘာဖြစ်နေလို့လဲ၊ ကျောင်းမှာ အဆော့ချစ်ဆုံးပဲ"

တ်ခမ်းမသိရှုတ်"

"ခုပဲ မြတ်မြတ်နိုးနိုးဆိုတဲ့ ကောင်မလေးက
အမှတ် ကျွေးဖို့ဆိုပြီး ငါတို့လက်ထဲကနေ ပေါ်တင်"
လုရှေ့သူ့ရှေ့မှာ မထည့်ပါဘူးဆိုလို့ရော ရမလားဒုပ်လှလှ လေးတစ်ခုပ်
ခက်ဖြစ်လာရင် ဘိုတစ်ယောက်လည်း ဂရုစိုက်
ဆက်ဖြစ်ကုန်မလဲ နင်သိလား"

"ဘာမှမဖြစ်အောင် ကျောင်းထုတ်ပစ် ကိုကိုကစာအုပ်ကို
ရွှေစကားကြောင့် နေခြည် ပါးစပ်ပိတ
ခပ်ပေါ့ပေါ့ ရယ်လိုက်ကာ အစ်မဖြစ်သူ ငိုင်ကု
သည်။ ဒိုင်တာကို မရိုးမသားနဲ့

"ဘာလဲ တကယ်ကျောင်းထုတ်ဖို့ စိတ်"
ကြီးစားမနေပါနဲ့ မမရာ. . . မိသုန်မှာ အဲ့သလေ့ည့်ပိတ်ပစ်လိုက်ကာ
ဆင်နိုင်ပြင်နိုင်တာချင်းက တခြားစီပါ. . . လုတ်နဲ့"

စကားကို မိုးပေါ်ထိ ခုန်ပြောလိုက် ဂုတ် ကိုကို့ပစ္စည်းကိုနိုးနိုး
ဆင်းပြောလိုက်။ မော့ကြည့်ရမည်လား။ ငုံ့ကြည့်ရ
ကို နားထောင်ရင်း ရှုံ့ချင်လာအောင် အမျိုးမျိုး ပေ့ပစ္စည်းမှမဟုတ်တာ"
နေခြည် စိတ်မရှည် စူးစိုက်ကြည့်မိသည်။

ဝမ်းသာရတော့မလိုလိုနှင့် ခေါင်းရိုက်ခွဲချင်သျှသတ်မှတ်လို့ရတာ
နေမြန်သည်။ မြင့်တင်တော့မလိုနှင့် ဆွဲချပစ်တာမျိုး
"ဒီကောင်မကို တကူ့သိုလ် ပို့လိုက်တာကိုဂ

❖ ❖ ❖

စချင် တော့သလို
သူကို မသိစေချင်
နဲ့ပဲဖြစ်သည်။
နိုးနိုးကတော





ဆက်ကိုကိုအမူအရာပျက်နေတာကိုကြည့်၍ အမှတ်တမဲ့ကနေ
အမှတ်တရဖြစ်သွားခဲ့ပြီ။

"ကိုကိုနော် ညာမပြောနဲ့ ဒါကိုကို့ဟာ"

"ဟာ ဒီကောင်မလေး မပြောချင်လို့နေလည်း မရဘူး နေဦး"

လုံးဝမပြောတော့ဘူးဟုနေပြီးကာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ
တွေးလိုက်မိကာ ဆက်ကိုကိုက နိုးနိုးကိုကြည့်၍. . .

"နင်တို့ကယ်မိကယ်က လက်ဝဲသုန်ဆိုတာသိလား"

"သိသားပဲ ဘာဖြစ်လို့လဲ"

"ဘယ်လိုသိတာလဲ"

"မြင်ဘူးတွေ့ဘူးတာလား. . . ရင်းနှီးတာလား"

"နိုးနိုးနဲ့တစ်တန်းတည်း အတူထိုင်ကြတာပဲဟာ"

"ဟင်. . . ဘာ"

ဆက်ကိုကို လှုပ်လှုပ်ရှားရှားဖြစ်သွားပုံက မလိုလားသော
မျက်ဝန်းတွေနှင့်ဖြစ်သည်။

"မတိုင်နဲ့နိုးနိုး အဲဒီကောင်မလေးက"

ဝလိုက်ပြီးမှ ဘာဆက်ပြောရမှန်းမသိ။ မိန်းကလေး
တစ်ယောက်ကို မရေရာသည့်အကြောင်းတစ်ရပ်ဖြင့် ချိုးပဲ့ပြောဆိုမိသလို
လည်း မဖြစ်စေချင်။

ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်ဖို့ကြိုးစား
ခဲ့တာကော မှန်နေသည်ပဲမို့ ညီမဖြစ်သူနှင့်ရင်းနှီးတာလည်း လက်မခံနိုင်။

"ပြောလေကိုကို သုန်ကဘာဖြစ်နေလို့လဲ၊ ကျောင်းမှာ
နိုးနိုးသုန့်ကိုအချစ်ဆုံးပဲ"

"ကျွတ်"

သူ့အစ်ဆင့်စိတ်ပျက်မိပြန်သည်။ ကျွတ်ခနဲစုတ်သပ်တာ တာမြန်ဒို့ပါးပေါ်ပြင်မိ၏။

"သုန်က အရမ်းအေးချမ်းတာ နိုးနိုးသူ့ကို မြင်မြင်ချင်းကိုခင် သွားတာ. . . နှိုလွန်း အလွန်းလို့ စိတ်တောင်တိုမိရတဲ့ကိစ္စ၊ ကိုကိုက ဘာဖြစ်နေတာလဲ"

ထပ်ပြောပြန်သေးသည်။ ဆက်ကိုကိုညီမဖြစ်သူကို မျက်မှောင် ကြုတ်၍ကြည့်မိ၏။

"ဘာဖြစ်ရမှာလဲ. . . မခင်စေချင်လို့ပေါ့၊ မပေါင်းသင်းတာ အကောင်းဆုံးပဲ၊ အဲဒီကောင်မလေးက"

"ဆက်ပြောလေ ကိုကို"

ဆက်ကိုကိုမျက်လုံးတို့က အံဆွဲလက်ကိုင်ဆီ တစ်ချက်ဝေ့သွား၏။

သူစိတ်သည်စာအုပ်ကို သတိတရပြန်မြင်ရင်း-

"အဲဒီစာအုပ်ကို သူလိုက်ပေးတာ"

"ဘယ်လို. . ."

နိုးနိုးမျက်ခုံးလေးပင့်လို့ စိတ်ဝင်တစားဖြစ်သွားတော့ "ခုတော့သိပြီလား"ဆိုသည့် မျက်နှာကြီးနှင့် ဆက်ကိုကိုက စိုက်ကြည့်၍

"တိုင်းကို အဲဒီစာအုပ်လိုက်ပေးတာ လက်ဝဲသုန်"

"လက်ဝဲသုန်. . . သုန်က"

"ဟုတ်တယ် ဘာလဲ မယုံဘူးလား"

"ဟင့်အင်း ယုံစရာလား"

"ဒီမှာ ဒီမျက်လုံးကြီးရှေ့မှာ လိုက်ပေးတာ"

ဆက်ကိုကိုက သူ့မျက်လုံးသူပြန်ညွှန်ပြ၍ အသံလည်း





ပိုကျယ်လာ၏။

"စာအုပ်ထဲမှာ ဘာပါလို့လဲ"

"ဘာမှမပါဘူး"

"ကျောင်းစာတွေနဲ့လား အကြောင်းတစ်ခုခုရှိလို့ နေမှာပေါ့" ဟု

"ဘာစာတစ်လုံးမှ မပါဘူး. . . လုံးဝ အလွတ်ကြီး၊ ထွင်လုံးတွေ ပြီး ပါ နေပါဦး နင်က အဲဒီတစ်ယောက်ဘက်က ဘာဖြစ်လို့ ဒီလောက်ဝမန် ယုံယုံကြည်ကြည်ပြောနေတာလဲ ခုမှပေါင်းသင်းမိကြတာ ဘယ်လောက်အမျိုး သိနေလို့လဲ"

"ပြော်. . . ကိုကိုရယ်သိလွန်းလို့မှ တို ဘက်တောင်သည်။ လွန်နေတယ်၊ ဟန်ဆောင်လောကကြီးထဲမှာ ဘာကိုမှ ဟန်ဆောင်ရမှန်း မသိ၊ ရိုးလွန်းပြီး အနေရှာတာသူပဲ၊ သူများညစ်ပတ်လည်းခံရ၊ အနိုင်ကျင့်မှန်းမသိ၊ ဘာမဆို သူပဲရှက်သူပဲကြောက်"

ဆက်ကိုကို အံ့သြရပြီ. . .

သူတို့ထင်ထားကြသည့် လက်ဝဲသုန်ဆိုသော ကောင်မလေး ဘယ်ရှားသွားပုံက ဒီအကျင့်စရိုက်မျိုးနဲ့ တခြားစီ။

မောင်နှမနှစ်ယောက် သိနေကြတဲ့သုန်ဟာ တစ်ခုခု တော့ ကွဲပြားမှုရှိနေပြီ၊ နိုးနိုးကလည်း အစ်ကိုဖြစ်သူ တစ်ယစ်ချပြောနေတာကို ကြည့်၍ ဖါကိုတွေးလိုက်မိသည်။

"ဟုတ်လို့လား ကိုကိုရယ်၊ လက်ဝဲသုန်ကို ကိုကိုမြင်တာ ဘယ်လိုပုံစံမျိုးလဲ၊ နာမည်တူနဲ့ သက်သက်မဲ့ အမဲဖျက်တာလားမှ မသိတာ"

"ဘာနာမည်တူရမှာလဲ အဲဒီကောင်မလေး နာမည် ဘယ်သူလဲ လို့ စုံစမ်းခဲ့တာငါပဲမှားဖို့မရှိဘူး"

"ဆံပင်က အရှည်ကြီး"

"ဟုတ်တယ်. . ."

"ကျစ်ဆံမြီး နှစ်ဖက်အမြဲကျစ်ထားတယ်"

"ဟုတ်တာပေါ့"

ဆက်ကိုကို မိန့်မိန့်ကြီးခေါင်းညိတ်ပြီး ပြုံး၏။ ပြုံးတာ
မှုံပြု. . .

နိုးနိုးမျက်နှာလေးမှာ ဝေခွဲမရဟန်တွေ ဖြစ်လာခဲ့ပြီ။

"ကိုယ်လုံးသွယ်သွယ် အရပ်မြင့်မြင့် ဘယ်ကကြည့်ကြ
ထင်းနေတာပဲလေ. . ."

"ဟုတ်တယ် ဟုတ်ပါတယ်ဆိုမှ ဘာလဲသေချာ စေချင်လို့
မေးနေတာလား. . . အဲဒီတစ်ယောက် လှတာကို ကပ်ကြွားနေတာလာ

"မဟုတ်ပါဘူး သုန်ကလှပေမယ့် ပေါ်လွင်အောင် နေတာ
မဟုတ်တာ နေလည်းမနေရဲရှာပါဘူး. . . သူ့ခမျာ ဟိုနှစ်ယောက်
အနေ ကြောက်ရတာ"

"ဘယ်နှစ်ယောက်လဲ"

"သူ့အစ်မတွေလို့ ပြောတာပဲ. . . ဝမ်းကွဲအစ်မတွေပါ
သူတို့ကိုမြင်ရင် သုန်ကဘီလူးသရဲတွေ့သလိုပဲ လက်တုန်ခြေတု
ဖြစ်အောင်ကြောက်တာ"

"ကြောက်ပဲကြောက်ပါစေဦး၊ ဒီလိုလုပ်ရဲလော
အောင်ဖြစ်မလား. . . ငါ့ရှေ့မှာတင် တိုင်းကိုသူစာအုပ်လိုက်ပေးတာ
ပြောသွားသေးတယ်. . ."

ဟုဆိုလိုက်ပြီးမှ "မမနေ"ဆိုတာကို သတိရကာ နိုးနိုးပြောသ
အစ်မနှစ်ယောက်ကိစ္စက ခေါင်းထဲတကယ် ဝင်လာသည်။





"မမနေကပေးခိုင်းလို့"ဟု သုန်ပြောသွားသေးသည်ပဲ။

"မမနေဆိုတာ နင်သိလား"

ဟုလည်း ချက်ချင်းမေးလိုက်မိ၏။

နိုနိုကဆတ်ခနဲ ခေါင်းညိတ်လိုက်မိ၏။

"သူတို့ပဲနေမှာပေါ့၊ သုန်မှာ အပေါင်းအသင်းလည်း ထားရဲရှာ
တာ မဟုတ်ဘူး၊ သူတို့က သုန့်ကိုမျက်လုံးဒေါက်ထောက်ကြည့်ပြီး
အနိုင်ကျင့်နေကြတာ. . . သုန်ကြောက်တတ်ပြီး ဘာမှမဝေဖန်
မစဉ်းစားနိုင်အောင် ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်နေစေချင်တာမျိုး
တမင်မျက်စိကန်း နားကန်း ဖြစ်အောင်လုပ်နေကြတာ"

ညီမပြောသမျှကို သူစဉ်းစဉ်းစားစားတော့ ဖြစ်လာခဲ့သည်။

တိုင်းကိုယ်တိုင်က အထင်မသေးနိုင်ဘူးဟု ဝန်ခံခဲ့သည်။

"ဒီစာအုပ်သူလာပေးတာ မင်းတို့ထင်သလိုမျိုး သူကြီးစားတာ
မဖြစ်နိုင်ဘူးလို့ ငါစိတ်ထဲမှာခံစားမိနေတယ်"တဲ့

တိုးတက်ခေတ်မီတဲ့ကာလမျိုးမှာ လူငယ်တစ်ယောက်ဟာ
တစ်စုံတစ်ရာကို သည်မျှထိအစွန်းရောက်အောင် ခြောက်လှန့်ဖိနှိပ်ခံနေရ
သတဲ့လား. . .

ဖြစ်နိုင်ခြင်း မဖြစ်နိုင်ခြင်းတွေက အတွေးထဲမှာ လွန်ဆွဲနေကြ
သည်။

"သေချာပါတယ်ကိုကိုရာ၊ ဒီစာအုပ်ကို တစ်ယောက်ယောက်က
အတင်းသွားပေးခိုင်းတာနေမှာပါ၊ အဲဒီတစ်ယောက်ယောက်ဆိုတာ
သုန်ပြောတဲ့ အမွှာညီအစ်မပဲဖြစ်မှာ"

"ဘာ အမွှာညီအစ်မ ဟုတ်လား၊ အမြဲတမ်း အကျီဆင်တူ
ဝိနပ်ဆင်တူ ဝတ်တဲ့နှစ်ယောက်လား"

"သိနေပြီတွေ့လား. . . ကိုကိုနဲ့ငြိနေပြီလား ဟင်"

"ပြောတော့မယ် ငါခေါက်ပစ်လိုက်ရ အဲဒီထဲက တစ်ယောက်က တိုင်းကိုစခဲ့ဖူးတယ်၊ နာမည်မသိဘူး"

"ကိုကို့ကိုရော"

"စိတ်ကို မဝင်စားဘူး"

"ဝင်စားလို့လည်း မရဘူးနော်. . . ဟွန့် စင်ဒရဲလားပုံပြင်ထဲက ညီအစ်မနှစ်ယောက်လိုပဲ သိပ်ယုတ်မာ တဲ့ မိန်းမတွေ နိုးနိုးသူငယ်ချင်းက စင်ဒရဲလားလေး သနား ဖို့ကောင်းတယ်. . ."

"ဟွန့်"

ဆက်ကိုကိုက မျက်စောင်းချိတ်၍ကြည့်၏။

"တကယ်ပြောတာ အဲဒီနှစ်ယောက်နဲ့ငြိလို့ကတော့ ရိုက်ကိုထုတ်ပစ်မှာ ကိုကိုနဲ့ဖိုင်နယ်ချင်းတူနေလို့ သတိပေး တာနော်၊ လုံးဝစိတ်ကောင်းမရှိဘူး၊ ပုတ်ပွနေတာ. . . သုန့်ကို အနိုင်ကျင့်နိုင်းတာလည်း သူတို့ကလွဲလို့ အခြားလူ မရှိဘူး၊ ကိုတိုင်းကိုလည်း စဖူးတယ်ဆိုတော့ ဖြစ်နိုင်မဖြစ်နိုင် ကိုကိုစဉ်းစားကြည့်"

ဆက်ကိုကို ဘာမှမချေပနိုင်ဘဲဖြစ်သွားတာကတော သဘောကျလေသည်။

"သုန်က စာလည်းသိပ်တော်တာ လက်ရေးလေး တွေဆို အရမ်းလှတာ စာတွေဘယ်လောက် များများရေးရေး လက်ရေးက တစ်စက်မှပြောင်းမသွားဘူး၊ သူပြောတယ် သိလား၊ ငယ်ငယ်လေးကတည်းက ဘယ်မှမသွားရ ဘာမှ မလုပ်ရ အခန်းထဲမှာပဲ အမြဲနေရတိုင်း သူ့မှာစာပဲဖတ် စာပဲရေး တခြားအာရုံရှိချိန်မှမရဘဲ တစ်ခုတည်းစူးစိုက်တော့ အောင်မြင်တာပေါ့၊ စာဖတ်လိုက်ရင်လည်း





ချက်ချင်းရ သွားတာပဲသိလား၊ မှတ်ဉာဏ်အရမ်းကောင်းတာ၊ စကား လည်း သိပ်မများဘူး၊ ဒါပေမယ့် သူ့စကားထဲမှာ ဟိုတစ်ခွန်း ဒီတစ်ခွန်း အစ်ထုတ်လိုက်တာနဲ့ ခန့်မှန်းလို့ရတာပဲ သူက ညာမှမညာတတ်တာ"

"တစ်ခုမှကောင်းတာ မရှိပါလား. . ."

"တကယ်အဲဒီတိုင်းပဲ နိုးနိုးမညာဘူး၊ တော်ရုံသူငယ် ချင်းကို နိုးနိုးခင်လိုက်တာလို့ပြောတာ ကိုကိုကြားဖူးလား"

"မကြားဖူးဘူး. . . နင်က ဇော်ပျံမပဲ"

သူငယ်ချင်းကို အထိမခံနိုင်သည့် ကာကွယ်လိုစိတ် နှင့် ကိုယ့်ကိုဖွဲ့လိုက်တာကိုသိတာတောင် ချေပဖို့ကို နိုးနိုးသတိမရ။

"ဟုတ်တယ် သူနဲ့တွေ့မှ နိုးနိုးမှာ အားမလိုအားမရ ဖြစ်ရ မခံချင်ဒေါသတွေထွက်ရ အဲဒါ ဟိုနှစ်ယောက်ကြောင့် ပေါ့၊ သုန်က သူတို့လက်ထဲမှာ အသက်မရှိတဲ့ အရုပ်ကလေး လိုပဲ"

တစ်စစနဲ့ ယုံကြည်လာသလိုတော့ ရှိခဲ့သည်။ ကိုယ့်ညီမအကြောင်း ကိုယ်သိလို့ပါ. . .

အသွင်တူမှ အိမ်သူဖြစ်သည်တဲ့၊ စရိုက်တူချင်း ပေါင်းမိ သည်တဲ့. . .

နိုးနိုးတို့ကတော့ ဈေးစကားများနှင့်ဆန့်ကျင်သူ ဖြစ်သည်။

သူ့လိုဆိုးတဲ့သူကို ဘယ်တော့မှ ဗိုလ်မထားတတ်။

နိုင်ရမှပေါင်းသည် နေရာတကာ သူဆရာလုပ် ရမှ. . . လက်ဝဲသုန်ဆိုတာသူပြောတဲ့ အမူအရာအကျင့် စရိုက်လေး ဘာကယ်ရှိနေနိုင်တာကို ချက်ချင်းနားလည်လိုက် မိသည်။

တကယ် တရေးရေးတွေးကြည့်လိုက်တော့လည်း ထိုနေ့က အဖြစ်အပျက်ထဲ လက်ဝဲသုန် ဟော့ဟော့ရမ်းရမ်း ပြောဆိုရယ်မောသွား

တာမျိုးမရှိခဲ့ပေ၊

ဖြစ်နိုင်ခြေတွေ အများကြီးရှိလာသည်. . .

"ကိုကို. . ."

"ဘာလဲ"

"အဲဒါ ကိုတိုင်းကို သေချာပြောပြနော် တော်ကြာ နိုးနိုး သူငယ်ချင်းကိုအထင်မြင်သေးနေဦးမယ်"

"သေးပါလိမ့်မယ်အားကြီး. . . ခုမှ ဟိုကောင်တုတ်ကွေး ဖြစ်ချင်နေတာ"

"ဟယ် ဟုတ်လား ကိုတိုင်းက သုန့်ကိုသဘောကျတယ်ပေါ့"

"ကဲ သွားတော့ သွား အဲဒါ နင့်အလုပ်မဟုတ်ဘူး"

မေးချင်တာမေးပြီး ဒီမှာအမြုပ်ထွက်အောင်ပြော လိုက်ရပြီးမှ နှင်လွှတ်လိုက်တော့ နိုးနိုးမကျေမနပ်ဖြစ်သွား၏။

"ဒါဆို နိုးနိုးအလုပ်ကိုပဲပြောမယ် သုန့်ကို ကိုကိုကြိုက်လိုက် နိုးနိုးသဘောတူတယ်. . ."

"ဟာ ဒီကောင်မလေး. . ."

မှတ်ထား ပြောပြီးမှ နိုးနိုးထွက်ပြေးလာခဲ့သည်။

"ဟန်ဆောင်တာ မပါဘူးနော် တကယ်သဘောတူတာ" ဟုလည်း သမင်လည်ပြန် ပြောပစ်ခဲ့သေးသည်။

xxxxx



## အခန်း (၁၄)

"ဟယ်. . . ကင်း. . . ကင်း"

"ဘယ်မှာလဲ. . . ဘယ်မှာလဲ"

"အား"

လန့်ဖျန့်ထကြ ခုန်ကြနှင့် ရှုတ်ရှုတ်သဲသဲလေးဖြစ်သွားပြီး ခိုးခိုး ခစ်ခစ် ရယ်သံတွေ ထွက်လာသည်။

"ဘာဖြစ်တာလဲတွယ် ဒီက ဟိုကင်းကို ပြောတာ (King)လေ"

"အဲ. . . ကင်းက ကယ်မီကယ်လ်ကို ရောက်လာပါလား. . . ဘယ်သူ့ကိုလဲ မသိဘူး"

"ငါမဟုတ်တာတော့ သေချာတယ်ဟ"

"ခစ်. . . ခစ်"

နိုးနိုး အသံတွေကြားတော့ ခေါင်းထောင်ကြည့်သည်။

"ကိုကိုတို့ပါလား"

သူမ မတ်တပ်ထရပ်လိုက်တော့ ကိုကိုက လက်ယပ်ခေါ်နေ

သဖြင့် အခန်းပြင်ထွက်ခဲ့သည်။

"နီးနီး မုန့်ထွက်မစားကြဘူးလား"

"စားချင်တာပေါ့. . . သုန့်ကို ခေါ် လို့မရလို့"

သူမှာ ကိုယ်ညီမကိုပဲ မျက်နှာပူပူနှင့် နိုင်းရတော့သည်။

"အဲဒီတစ်ယောက်ကို ခေါ် ထုတ်ခဲ့စမ်းပါ. . . ဟိုကောင် နှာပူနေလို့"

"ကိုတိုင်းလား"

"အင်း. . ."

"ခေါ်ကြည့်မယ်လေ. . . ကင်တင်းကစောင့်"

အတန်းထဲ ပြန်ဝင်လာတော့ နီးနီး ဘယ်ထွက်သွားလဲ မော့ကြည့်ဖော် တောင်မရသော သုန်က စာရေးမပျက်။

"သုန်"

"ဟင်"

"ဗိုက်ဆာတယ်ဟာ မုန့်သွားစားရအောင်"

"မြမြတ်သွသယ်တို့ကို ခေါ် သွားပါ နီးနီးရယ်. . . သုန် မလိုက်ချင်ဘူး"

"သူတို့နဲ့ မသွားချင်လို့ပေါ့. . . နင်ကလေ ငါခင်သလိုကို မခင်ဘူး"

"ခင်ပါတယ် နီးနီးရယ်"

"မညာစမ်းပါနဲ့ ငါ့အတွက်ဆို ဘာများ ဂရုစိုက်ပေးခဲ့ဖူးလို့လဲ"

သုန်က ဘောပင်လေး ကိုင်လျက်သားနှင့် မော့ကြည့်ကာ. . .

"သုန့်မှာ ပိုက်ဆံဆိုလို့ တစ်ဆယ်တောင် ပြည့်အောင်ကိုပါတာမဟုတ်ဘူး. . . စားသောက်ဆိုင်လိုက်ဖို့ကို လန့်နေပြီ နီးနီးရယ်. . . မလိုက်





ပါရစေနဲ့နော်. . ."

"ငါကျွေးမှာပေါ့ သူငယ်ချင်းချင်း ခင်ရင် သူ့ပိုက်ဆံ ကိုယ့်ပိုက်ဆံ ခွဲစရာလိုသလား. . . နင့်မှာ မရှိတာ ငါသိနေတာပဲ"

"ဟိုလေ. . ."

"လာပါ. . . ထစမ်းပါ. . . တော်ကြာ ဘာမှမစားလိုက်ရဘဲ နေဦးမယ်"

နီးနီး သုန့်လက်ကလေးကို ဖွတ်ဆွဲခေါ် လာခဲ့သည်။ ဟိုတစ်ခါ အကြော်ဆိုင်မှာ ထားခဲ့ပြီးကတည်းက မုန့်စားချိန်မှာ မမနေတို့ ထပ်ခေါက်မလာတော့တာမို့ စိတ်လေးနေရပေမယ့် အပြင်ထွက်လာမိတော့ တွေ့မှာစိုးရသေးသည်။

"အဲဒီကောင်မလေးခေါ် တိုင်း မလိုက်နဲ့နော်. . . ငါတို့ မသိဘဲ လိုက်ကြည့်"

မွေးနေ့အထိမ်းအမှတ် စားသောက်ဖို့ လိုက်သွားပြီးကတည်းက နီးနီးနဲ့ ထပ်မလိုက်ဖို့ တင်းတင်းကျပ်ကျပ် မှာထားခဲ့သည်။

သုန် ဝမ်းကျင်အေးဘီကို လိုက်ကြည့်ရင်း ရင်တွေတုန်နေ၏။

ခြေလှမ်းတို့ပါ တုံ့ရပ်သွားသည်။ သို့သော် နီးနီးကလည်း ထိုစားပွဲနှင့်ကပ်လျက် စားပွဲကိုပဲ ဆွဲခေါ် သွားသည်မို့ သုန် ပါသွားရလေသည်။

"ခေါက်ဆွဲနှစ်ပွဲနဲ့ အချိုရည်နှစ်ဘူး"

နီးနီးက တစ်ခါတည်း လှမ်းမှာသည်။

ရောက်လာတော့ သုန့်ကို တစ်ပွဲချပေး၍. . .

"စား. . . ဒီမှာ တကယ်ဗိုက်ဆာနေတာ"

နီးနီးက ခေါက်ဆွဲသုတ်ကို တူနဲ့စားနေသည်။

သုန် တူမကိုင်တတ်ပါ။

"စားလေ သုန်. . . ဘာဖြစ်လို့လဲ ခေါက်ဆွဲမကြိုက်ဘူးလား"

"ကြိုက်ပါတယ်. . . သုန်မှ တူမကိုက်တတ်တာ"

"ဒီမှာ ဇွန်းခက်ရင်းရှိတာပဲ သုန်ရဲ့"

နိုးနိုးက လက်ထဲက တူကိုချ၍ သုန်အတွက် ဇွန်းခက်ရင်းကို သေချာထုတ်ပေးသည်။

"နိုးနိုး"

"ရှင်"

နိုးနိုးက နောက်လှည့်ကြည့်၍. . .

"အယ်. . . ဟိုမှာ ကိုကိုရယ်တော့ သုန် ခဏလေးနော်"

နိုးနိုး ကိုကိုဆိုပါလား။

"ဘယ်သူလဲ"

သုန် မရဲတရဲ ခိုးကြည့်လိုက်မိ၏။

သူမကို စိုက်ကြည့်နေသည့် မျက်လုံးအစုံနှင့် တန်းခနဲ တိုး၏။

မျက်လုံးကို လိုရာမရောက်စေတော့ဘဲ ကမျာကယာ မျက်နှာလွှဲပစ်လိုက်မိ၏။ ထိုစဉ် နိုးနိုး ထိုင်ခဲ့သည့် ကုလားထိုင်မှာ အရိပ်တစ်ခု စွန်းထင်လာသည်။ သို့သော် နိုးနိုး မဟုတ်မှန်း သုန် သိလိုက်၏။

"သုန်"

သူမ မော့မကြည့်ဖြစ်ပါ။ အံဆာမတန် လှုပ်ခါနေသော ရင်အစုံက နားနားမှာ ပတ်မကြီး ကပ်တီးနေသလိုအတိုင်း. . .

"မင်းနဲ့ကိုယ် မိတ်ဆွေဖြစ်ချင်တယ်. . . တို့ကို နေရာပေးနိုင်မလား"

သုန် မော့ကြည့်သည်။ ဒါပေမယ့် သူ့မျက်နှာဆီ မရောက်ဘဲ ချက်ချင်း မျက်လွှာချပစ်လိုက်မိသည်။ မငြိမ်မသက် လှုပ်ရှားနေသော





မျက်ဝန်းတွေကို မလုံ့တလုံ ကာကွယ်ဖို့ ကြိုးစားနေသော မျက်တောင်ကော့ကော့နက်နက်ကလေးတွေကို တိုင်း ငေးကြည့်မိသည်။

ဒီမိန်းကလေးကိုမှ သူ စိတ်ဝင်စားခဲမိတာ ထူးဆန်းနေသလား။ သူ့အတွက်တော့ ထူးဆန်းပါသည်။ ဒီနေ့ထိ ကင်းဆိုတဲ့ဘွဲ့ကို ပိုင်ပိုင်ကြီး ရရှိထားခဲ့သော သူ့အတွက် မိန်းမလှလေးတွေ ဝိုင်းနေပေမယ့် သူ့ရင်ထဲကို နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ဖူးသည် မရှိပေ။

သုန် မဟုတ်တရုတ် လာလုပ်သွားလေမှ ထိုအဖြစ်နဲ့ ထပ်တူ သုန့်ကို သူစိတ်ဝင်စားခဲ့သည်။ သူ့များ အသုံးချခံနေရသော မိန်းကလေး ဖြစ်ရှာမှန်းသိတော့ ပို၍ နက်နက်ရှိုင်းရှိုင်း ဖြစ်လာသည်။

သုန်နဲ့ သူ နီးကပ်စွာ ရင်းနှီးဆက်ဆံချင်တဲ့ဆန္ဒတို့က ဟန်ဆောင်နေလို့မရ။

"ကိုယ်မေးနေတာ ကြားလား သုန်"

"ရှင်"

"မင်းပေးတဲ့ ကိုယ်ဆီကစာကို ကိုယ် စုတ်ဖြဲပစ်လိုက်ပြီ အဲဒီစာ ဘယ်သူပေးခိုင်းတယ်ဆိုတာလဲ ကိုယ်သိပြီ. . . အခု မင်းကိုခင်ဖို့ ကြိုးစားတာ. . . အဲဒါတွေနဲ့ လုံးဝမဆိုင်ဘူး. . . ကိုယ့်ဘက်က မြတ်နိုးလို့လားစွာ တောင်းဆိုတာပါ. . . ဘယ်လိုလဲ"

"သုန်. . . သုန်လေ. . . ဟို သုန့်ကိုမခင်ပါနဲ့. . ."

"ဘာဖြစ်လို့လဲ"

သုန်သည် နိုးနိုးရှိတဲ့ စားပွဲကို လှမ်းကြည့်ကာ စိတ်ကျဉ်းကျပ်ဟန်လေးနှင့် ခေါက်ဆွဲကိုလည်း ဆက်မစားရှာတော့ပေ။

"ကိုယ့်ကို မယုံကြည်စရာ ဘာရှိလို့လဲ. . . သုန် ပွင့်ပွင့်လင်းလင်း ပြောကွာ"

"မဟုတ်ပါဘူး. . . သုန် ကိုယ့်အဖြစ် ကိုယ်သိလို့ ငြင်းနေတာပါ ဟို. . . ဟို. . ."

သူ့နာမည်ကိုတောင် သိမထားတော့တဲ့ သူလေးကို ကြည့်၍ တိုင်း နှစ်ခြိုက်စွာ ပြုံးမိသည်။

"ကိုယ့်နာမည် တိုင်းဝဋ္ဌာ. . . နိုးနိုး သူ့အစ်ကိုကို ခေါ်သလို ကိုကိုလို့ပဲ ခေါ်လည်းရတယ်. . . ကိုယ်က မင်းထက် အသက်ကြီးတယ် လေ. . ."

သုန့်မျက်နှာလေး ရဲတွတ်သွားသည်။

"ဆောရီးနော်. . . ခင်လို့စတာ. . . လောလောဆယ် ကိုတိုင်းလို့ပဲခေါ်ပေါ့. . . ဘာပဲဖြစ်ဖြစ်ကွာ လမ်းမှာတွေ့ရင်တော့ နှုတ်ဆက်လို့ ရတယ်. . . မဟုတ်လား"

"ဟင့်အင်း"

သုန် ဟန်နဲ့ဆောင်ပန်ဆောင်လေးတောင် ခေါင်းမညိတ်နိုင်ဘဲ၊ မှာမှာသလဲ ငြင်းတာ သူ အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ သုန်. . . အဲ့သလောက်တောင် ကိုယ့်အပေါ် မာနကြီးမှာလား"

"မဟုတ်ဘူး. . . သုန်"

ရှင်းပြဖို့က သူ့အတွက်မှာ ကန့်လန့်ကာဖွင့်ပြလို့ မရတဲ့ ကကွက် တွေချည်း ဖြစ်နေသည်။

သုန် ဘာစကားမှ ရေရေရာရာ မပြောနိုင်ဘဲ အင်း အနှင့် စကားမပြတ်ကာ တစ်ဖက်သား တစ်မျိုးအထင် ရောက်စရာဖြစ်နေပြီ ဆိုတာလည်း ကိုယ့်ဟာကိုယ် သိသည်။

သုန် သူ့လိုလူကို ဘယ်လိုနှုတ်ဆက်ရမှာလဲ။





သုန် တစ်ယောက်တည်း ဘယ်ကိုများ သွားရမှာလို့လဲ။

သူနဲ့သုန် ရယ်ကြပြုံးကြတာများ သူတို့မြင်သွားလျှင်. . .

"အို. . ."

ကိုယ့်ပါးကိုယ် ယောင်ယမ်း စမ်းမိရတဲ့အဖြစ်။

"ဒါဆို ညတက်ဖုန်းဆက်မယ်"

"ဟင့်အင်း မဖြစ်ဘူး"

"တိုလိုက်တာကွာ. . . အဲဒါပြဿနာပဲ. . . မရရင် ပိုလိုချင် တယ်. . . တစ်ခုခုတော့ ကိုယ့်ဘက်က ကြိုးစားရမှာပဲ"

သုန် သူ့ကို အလန့်တကြား ကြည့်မိသည်။

"သုန်ကမှ မခင်ချင်တာ သူမကြိုးစားပါနဲ့"

အားတင်းပြောလိုက်ပုံလေးနှင့် ပက်ခနဲ ပြောချပြီးမှ မျက်လွှာ လေး ပြန်ချသွားသည်။

ထိုမျက်ဝန်းလေးကို တိုင်း မှတ်မှတ်ရရ ဖြစ်သွားကာ နှုတ်ခမ်း မှာ အပြုံးတစ်ခု ဖြစ်ထွန်းလေသည်။

တိုင်း သုန့်မျက်နှာလေးကို စူးစိုက်ကြည့်နေမိဆဲ နောက်ထပ် တစ်ခါ မျက်တောင်တစ်ခတ် မျက်ဝန်းအဝင့်မှာ သူ ဖြားယောင်ညှို့ငင် သားလိုက်၏။

မျက်ဝန်းချင်း တိုးတိုက်ငြိတွယ်ကာ သုန့်က အကြည့်လေးတွေ ပြန်လည်ရုတ်သိမ်းလို့ မရတော့သည့် အဖြစ်ဟာ တစ်စုံတစ်ရာနှင့် ဆုပ် ယမ်းထိန်းချုပ်ထားခြင်း ခံလိုက်သည့်နှယ်. . .

မျက်ဝန်းတို့ ကြာမြင့်စွာ ဆုံဆည်းမိကြသော နောက်မှာ. . .

စည်းချက် မှားယွင်းကုန်သော ရင်ခုန်သံတို့ ဗြောင်းဆန်စွာ. . .

◈ ◈ ◈

## အခန်း (၁၅)

"ကလင်. . . ကလင်"

"ဘယ်ကဖုန်းလဲ. . . ဒီအချိန်ကြီးကျမှ"

"အေးလေ. . . ဆယ်နာရီကျော်လှပြီ"

ဒေါ်စုစုလွင်နဲ့ စုစုအောင်လွင်တို့ထံမှ သံစုံမြည်သွားသည်။ နေခြည်နဲ့ ရွှေခြည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

"မမက ရွှေ့ကို ဘာကြည့်တာလဲ. . . အဲ့ဒီလို ညဘက်ဖုန်းဆက်မယ့်သူ ရှိစေချင်လွန်းလို့တောင် ဆုတောင်းနေမိတာ သိလား. . . ရွှေ့ကို ဆက်မယ့်သူ မရှိဘူး"

"ငါလည်း နင့်လိုပဲပေါ့"

"ဖေဖေ့ဖုန်းလားမှ မသိတာ"

စုစုက ဝတ္ထုစာအုပ်တစ်ဖက်နှင့် ဖျတ်ခနဲ ခုန်ထသွား၍ ဖုန်းကိုင်လိုက်သည်။



"ဟဲလို. . . အမိန့်ရှိပါ"

"ဦးအောင်လွင်အိမ်က ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ဖေဖေ့ကို ခေါ်ပေးရမလား. . ."

"မဟုတ်ဘူး. . . လက်ဝဲသုန်နဲ့ စကားပြောချင်လို့ ခဏလေး ခေါ်ပေးပါ"

"ဘာရယ်"

စုစုက စကားပြောခွက်ကို အုပ်လျက် ညှော်ခန်းထဲမှာ ရှိရှိသမျှ လူတွေကို လှည့်ကြည့်၍ ဖျတ်ခိုးပင့် မျက်လုံးပြူးကာ ပခုံးတွန့်ပြ၏။

"ဘာလဲ"

နေခြည်က မေးဆတ်မေးရင် အနားရောက်လာသည်။

စုစုက လက်ကာပြ၍ "သုန့်ကိုမေးနေတာ" ဟု ဖြေရင်း. . .

"အခု ပြောနေတာ ဘယ်သူလဲ မသိဘူး"

"တို့. . . အဲ တိုင်းဝဋ္ဌာလို့ ပြောပေးပါ"

"တိုင်းဝဋ္ဌာ. ."

စုစု မေးသံအဆုံး ဖုန်းက နေခြည့်လက်ထဲ ရောက်သွားလေသည်။

"ဒီမှာ လက်ဝဲသုန် အိပ်နေပြီ နိုးလည်းမပေးနိုင်ဘူး. . . ဒီအချိန်ကြီး ထဆက်တာ ဘယ်လိုကိစ္စတွေ အရေးကြီးနေလို့လဲ. . . မှာထားလို့ ရတယ်လေ. . . မနက်ကျ ပြောပေးမယ်"

"ကျေးဇူးတင်ပါတယ်. . မလိုဘူး"

တစ်ဖက်က ဖုန်းချသွားတော့ နေခြည့်ဖုန်းကို ဆောက်ခေါက်၍ ဒွက်ခနဲ ချပစ်လိုက်သည်။

"တောက်. . . ဒီအဆင့်တောင် ဖြစ်နေကြသတဲ့. . . ရွှေ တို

ဟာမကို သွားဆွဲထုတ်ခဲ့စမ်း"

ရွှေခြည် ချက်ချင်းထသွားသည်။

ခေါ်စုစုလွင် ဘာမှန်းမသိဘဲ သမီးတွေ လုပ်သမျှကို လိုက်ကြည့်နေမိသည်။ ဆံပင်တွေ ဖြန့်ချထားလျက် အိပ်ယာဝင် သနပ်ခါးလိမ်းတတ်သော သုန်မျက်နှာလေးမှာ သနပ်ခါးပါးကွက်လေးတွေ ထင်းနေသည်။ စာကျက်နေရင်း ထလိုက်လာတာမို့ သနပ်ခါးလေးတွေလည်း မပျက်။

မျက်ဝန်းလေးတွေလည်း ကြည်လဲ့နေသည်။

သို့သော် နေခြည်သည် သုန့်ရှေ့ကို ခပ်ဆတ်ဆတ် လျှောက်လာပြီး...

"ဖြန်း"

"အား"

သုန် ဖျတ်ခနဲ လန့်သွားတော့ ရွှေခြည်က နောက်ကနေ ဆောင့်တွန်းလိုက်သဖြင့် နေခြည့်ရင်ခွင်ထဲ ပုံခနဲ ပြန်ကျ၏။

"တော်တော် ခြေလှမ်းကျဲတဲ့ဟာမ... ကဲဟာ... ကဲဟာ"

"ဖြန်း... ဖြန်း"

"အား"

သုန် နေခြည်ရှေ့မှာ ပုံကျသွားသည်။

"ဘာဖြစ်တာလဲ ငါ့ကိုလည်း ပြောကြပါဦး"

"စောစောက ဖုန်းလာတာ မေမေ မကြားဘူးလား... ဒီကောင်မ ရည်းစားထားနေတာ"

"ဘယ်လို... သုက"

"ဟုတ်တယ်... ဟိုကောင်က သမီးတို့ ဖိုင်နယ်ကကောင်း တစ်ဦးတည်းသော သူဌေးသား၊ သူ့ကို ဘာတန်ကြေးမှမရှိတဲ့ ကောင်မမှန်းသိလို့





အလကားရမလားလို့ ကြံတာ... တော်ကြာ ဗိုက်တစ်လုံးနဲ့ဖြစ်ရင် သမီးတို့ပဲ သိက္ခာကျမှာ မေမေရဲ့..."

"ဟုတ်တယ်... ဒီကောင်မကို မှတ်လောက်အောင် ဆုံးမစမ်း"

"ဟဲ့ကောင်မ ထစမ်း"

သုန် ဘာမှန်းညာမှန်း မသိဘဲ အရိုက်ခံရလျက် ဖုန်းဆက်တယ်ဆိုတာ ဘယ်သူမှန်းလည်း မသိသေးပေ။ နေခြည်က သုန့်ဆံပင်တွေကို ဆွဲကာ မျက်နှာလေးကို ဆွဲမော့လိုက်၏။

"မိသုန် ဖြေစမ်း တိုင်းဝဏ္ဏနဲ့ ညည်း ဘယ်လောက်ထိ ဖြစ်နေကြပြီလဲ"

"ဘယ်လောက်ထိမှ မဖြစ်ပါဘူး မမနေရယ်... ဘာမှမဆိုင်ပါဘူး... သုန် သုန် သူ့ကိုမခေါ်ပါဘူး... သူဟာသူ အတင်း..."

"ဘာ ကြီးကြီးကျယ်ကျယ်က ပြောသေးတယ်... တိုင်းဝဏ္ဏလိုလူကပဲ သူ့ကိုအတင်းလိုက်ဦးမယ်... ညည်း ဟိုကောင်မလေးနဲ့ ပေါင်းပြီး အဲဒီအုပ်စုနဲ့ရောဖို့ ကြိုးစားခဲ့တာ မဟုတ်လား..."

"မဟုတ်ပါဘူး မမနေရယ်"

"ဘာမဟုတ်ရမှာလဲ ညည်းကို ကျောင်းထုတ်ပစ်မယ်... လူပါးဝတဲ့ဟာမ"

သုန့်ကို ပခုံးနှစ်ဖက်မှ ဆွဲခါထုရိုက်၍ အခန်းထောင့်ကို တအားတွန်းပစ်လိုက်၏။

ပစ်ခတ်လွှင့်ထွက်သွားသဖြင့် ရင်ဝမှ အောင့်တက်ကာ သုန်မျက်လုံးတွေ ပြာဝေသွား၏။

ဘယ်လိုပဲ ထုနှက်ရိုက်ပုတ်ရပေမယ့် နေခြည်က မရနိုင်။

တိုင်းဝဏ္ဏနဲ့ ဆက်ကိုကိုဆိုတာ သုမ မျှော်လင့်ရင်ခုန်ခဲ့ရတဲ့

အမြင့်ပန်းတွေ ရည်းစားလည်း ထားခဲ့ဖူးသည်။ ချစ်လည်း ချစ်ခဲ့ဖူးသည်။

သို့သော် ထိုနှစ်ယောက်ကိုတွေ့တိုင်း သူမ ရင်ခုန်တတ်တာလည်း ထာဝရပါပဲ။ ရွှေခြည်ပြောဖူးသလို ကိုယ်နဲ့အဝေးကြီးပါဆိုတဲ့ စကားတွေ တစ်ခါတစ်ခါဝင်၍ သည်းသည်းထန်ထန် စွဲလမ်းတာမျိုး မဟုတ်ပေမယ့် မျှော်လင့်ခြင်းက ထာဝရရင်မှာ ရှိနေပြီ။

ခုတော့ ကိုယ်လုံးဝ အရာမသွင်း လူမထင်ခဲ့ပါသော လက်ဝဲသုန်ဆိုသည့် အိမ်ဖေါ် သာသာ မိန်းကလေးကျမှ. . .

"ကောင်မ နင့်ကို ငါ လုံးဝ ခွင့်မလွှတ်ဘူး. . . ဒီကိစ္စ. . ."

"ဘာကိစ္စဖြစ်နေတာလဲ သမီး ဖေဖေ့ကို ပြောစမ်း"

ဦးအောင်လွင် အခန်းထဲ ဝင်လာသည်။

နေခြည် မိုက်ဖို့ရွေ့တက်လာသည့် ခြေလှမ်းရပ်တန့်သွား၏။

ဒီအိမ်မှာ သုန့်အတွက် နေရာမပေးကြဘူးဆိုတာ ဦးအောင်လွင် သိပေမယ့် အတွင်းကျကျတော့ ဘာမှမသိပေ။

အိမ်မှာ အချိန်ပြည့်မရှိနေတာပဲ ဖြစ်တတ်သော ဦးအောင်လွင်တစ်ယောက် အိမ်ကပ်နေတဲ့အခါ အဆိုးဝါးဆုံး ရိုက်နှက်ခြင်းများ မပြုမိအောင် ရှောင်ကြ၏။ ခုလည်း နေခြည် ကိုယ်ရှိန်သတ်သွား၏။

"သူ ရည်းစားထားနေလို့ ဆုံးမနေတာ ဖေဖေ"

"ဟင် ဟုတ်လား"

သုန် ခေါင်းလေးခါပြမိပေမယ့် မဟုတ်ပါဘူးလို့ မငြင်းရဲတော့ပေ။

"ညည်း ငါတို့မိသားစု သားအဖကြားမှာ သွေးထိုးခြည် အဲ့ဒီပါးစပ်က ကတုံးကတိုက် ပြောလို့ကတော့ မီးစနဲ့ ကောက်ထိုးခံရမယ်မှတ်"

ခေါ်စုစုလွင်နဲ့ နေခြည်က အပြုတ်ကြိမ်းထားသည်။



သုန် သေအောင်မှတ်ပါသည်။ ဦးလေးဖြစ်သူနဲ့ မျက်နှာချင်းဆိုင်မိတော့တောင် ရှောင်ပစ်ခဲ့သည့်အထိ သူတို့ကို ကြောက်ခဲ့သည်။

ဦးအောင်လွင် ဘာမှမသိတာဟာ တမင် မသိချင်ယောင်ဆောင်နေတာလား တကယ်မသိတာလားတော့ သုန်မသိပါ။

ဒါဟာ သုန့်ကြီးပြင်းဖြတ်သန်းလာခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးပဲ ဖြစ်လေသည်။

"ဟုတ်လား. . . သုန် နင်ရည်းစားထားတယ်ဆို"

"သုန်. . . သုန် မထားပါဘူး"

"နင့်ကို ငါတို့က ပညာသင်ပေးခဲ့ စောင့်ရှောက်ခဲ့တာဟာ နင့်မိဘအမွေအနှစ်တွေ ကျန်ခဲ့လို့တော့ လုံးဝမထင်နဲ့နော်. . . ငါတို့က မပျက်စီး မပျောက်ပျက်ရအောင် စောင့်ရှောက်ခဲ့ရတာ. . . တကယ်ဆို ငါတို့က ကိုယ့်ရပ်ကိုယ့်ရွာ ပြန်နေကြရင် ဂုဏ်နဲ့သိက္ခာနဲ့ ဒီမှာနေရတာ ဘယ်လောက်ပဲ အနစ်နာခံခံ ပတ်ဝန်းကျင်က တစ်ချက်မှ အကောင်းပြောတာမဟုတ်ဘူး. . ."

"အဲဒါပြောတာပေါ့. . . ကိုယ့်သားသမီးဆိုလည်း ဘယ်လိုရိုက်ရိုက် ဆိုဆုံးမရတာ တင့်တယ်တယ်. . . ခုတော့ ရိုက်မြန်ရင် သားသမီးမဟုတ်လို့ဆိုတဲ့အပြောက လာဦးမယ်"

"ဆုံးမနေလည်း အပိုပဲ ဖေဖေ. . . ရိုက်လည်းရိုက်တာပဲ ဒီကောင်မကိုက အရေထူနေတာ ကျောင်းထုတ်ပစ်လိုက်မှ အေးမှာ"

သုန် မျက်နှာငယ် ငိုနေရာမှ ဆတ်ခနဲ မော့သွားသည်။

သူမဘဝမှာ ဒီပညာတစ်ခုသာ မီးရှူးတန်ဆောင်ဖြစ်သည်။ ဦးလေးဖြစ်သူကသာ ဆုံးဖြတ်ချက်ချလိုက်လျှင် အားကိုးရာမဲ့လေပြီ။

"သုန်. . . နင် ကျောင်းထွက်ချင်လို့လား ဟုတ်လား"

"မထွက်ပါဘူး ဦးဦးရယ်. . . သုန် ကျောင်းမထွက်ပါရစေနဲ့"

"အေး. . . ဒါ နောက်ဆုံးဖြစ်ပစေ ရည်းစားရှိခဲ့ရင် ဖြတ်ပစ်. . . ထားဖို့ကြိုးစားနေတာဆိုရင် မေ့ပစ်လိုက် နောက်ထပ် အသံထပ်ထွက်လာရင်း လုံးဝမစဉ်းစားတော့ဘူး. . . ကျောင်းထုတ်ခံရမယ်မှတ်"

သုန် ဝမ်းသာအားရ ခေါင်းလေးညိတ်လိုက်မိသည်။

သူမ ခေါင်းထဲမှာ ပညာလိုချင်စိတ်တစ်ခုသာ စိုးမိုးလျက်. . .

❖ ❖ ❖

## အခန်း (၁၆)

"အဲသလောက် စိုးမိုးနေရင် လဲသေလိုက်ပါလား. . . ခွေးကောင်ရဲ့"

ဖုန်းထဲက ဆက်ကိုကိုအသံကို နားထောင်၍ တိုင်း ရယ်လိုက်မိသည်။ ဘေးမှာရှိသည့် ဖက်လုံးကို ရင်ခွင်ထဲ ဆွဲဖက်ထားလိုက်ပြီး. . .

"တကယ်ကို နေလို့မရတာ ဖြစ်ချင်ဖြစ်ဆိုပြီး လှမ်းဆက်လိုက်တာကွာ. . . ဘယ်သူတွေနဲ့ တွေ့မှန်းမသိဘူး. . . အိပ်နေပြီး နှိုးမပေးနိုင်ဘူးတဲ့ လေသံကတော့ ဟာရိုကိန်းထက်ပြင်းတယ်"

"အေး. . . ခုလောက်ဆို ဟိုမှာ လေဆင်နှာမောင်းမွှေနေလောက်ပြီ. . . မင်းကြောင့် သုန် အရိုက်ခံရမှာ သေချာတယ်. . . သူတို့က ဘအားအနိုင်ကျင့်တာ. . . မင်း သိသားနဲ့ သွားစရသလား. . . ပြီးတော့ မိန်းမတွေက မနာလိုစိတ် သိပ်ပြင်းတာကွ. . . သေချာတယ် ကောင်မလေးနာပြီ"

"အေးကွာ. . . ဆက်လိုက်ပြီးမှ ငါ နောင်တရသွားတယ်. . . ဒါပေမယ့် သူ့ကို ကျောင်းမှာ ဘယ်လိုမှ တွေ့ဖို့ ကြိုးစားလို့ မရတာ. . . ကျောင်းသွားကျောင်းပြန် ဟိုနှစ်ယောက်က အစောင့်တွေလိုပဲ"

"အဲဒါပြောတာပေါ့. . . မင်းကသာ အစောင့်ထင်နေတာ. . . အဲ့ဒီတစ်ယောက်က မင်းကို ချိန်းနေတာ သိလား"

"ဟိတ်ကောင်. . . လွှဲမချနဲ့နော် ငါ မသိဘူးမှတ်လို့လား"

"ဘာလွှဲချရမှာလဲ. . . အဲဒီတစ်ယောက် သူလိုလို ငါလိုလို ကြာပြီ ဖယ်မရှုပ်ချင်လို့ မသိချင်ယောင်ဆောင်နေတာ"

"မင်းလိုပဲပေါ့"

"ဘာ. . . မင်းလိုပဲလဲ. . . ဟိုတစ်ခါ စာကြည့်တိုက်ထဲမှာ မင်းနဲ့ အဆင်ပြေသွားတယ်ဆို"

"ဘယ်ကလာကွာ ကိုယ်နောက်ဆုတ်လိုက်တာ သူ့ကိုနင်းမိလို့ တောင်းပန်ရင်းနဲ့ စကားပြောမိတာပါ. . . ဘုရားပေးပေး ကျမ်းပေးပေး"

"ဘာမှမပေးဘူး မင်းကိုပဲ နာနာခေါက်ချင်တယ်. . . မနက်မှ ပြောမယ် အိပ်တော့"

"ဟိတ်ကောင် နေဦး"

"ဘာလဲ"

ဆက်ကိုကို ဖုန်းချလိုက်မှာစိုးကာ တိုင်း ဖက်လုံးကို ဆွဲဖယ်ပစ်၍ ခပ်မတ်မတ် ပြင်ထိုင်လိုက်ကာ. . .

"သုန့်ကို ငါချစ်နေပြီကွ"

"လဲသေလိုက်"

"ကျွန်တော်မျိုးကြီး သေသင့်ပါတယ်. . . တကယ် ရှက်တရက် ချက်ချင်း ညတွင်းချင်းပဲ နှလုံးသားဂရပ်ဖ်က အချစ်ဒီဂရီကို အမြင့်ဆုံးပြ



သွားတာ. . . အဲဒါကြောင့် ချက်ချင်းကို ဖုန်းကောက်ဆက်ဖြစ်တာ နည်းနည်းလေး ကိုယ်ချင်းစာစမ်းပါ"

"ဘာကို ကိုယ်ချင်းစာရမှာလဲ. . . မနက်မှ ပြောမယ်ကွာ. . . အိပ်ချင်ပြီ"

"နေဦးကွာ. . . ငါ မနက်ဖြန် သူနဲ့ စကားပြောချင်တယ်. . . ဘယ်လိုလုပ်ရမလဲ"

"မင်းပြောချင်ပေမယ့် သူကမပြောချင်လို့ တမင်ပုန်းနေတာကွ"

"သူ ကြောက်တတ်တာပါကွာ. . . ငါ အရမ်းသနားတာပဲ. . . နှိုကိုးရာမဲ့နေတဲ့ သူ့ဘ၀လေးကို ငါ့ရင်ခွင်နဲ့ လုံခြုံမှုပေးချင်တယ်"

"တကယ် ရောဂါသည်းနေတာပါလား"

"ဟာကွာ. . . ဒါ သရုပ်ဆောင်စရာလား"

"အဲ့ဒါဆို မနက်ကျရင် ခါတိုင်းထက် နာရီ၀က်လောက် စောထွက်ခဲ့ ငါ အကြံထုတ်လိုက်ဦးမယ်"

"အားကိုးတယ်ကွာ. . . သူငယ်ချင်း တစ်ညလုံး အိပ်မပျော်ပါစေနဲ့"

"ဟာ. . . ခွေးကောင်"

"ဒါမှ ကြံနိုင်စည်နိုင်မှာပေါ့. . . ဖုန်းချပြီး တန်းထိုးအိပ်ရင် ဘာအကြံထွက်မှာလဲ. . ."

"စေတနာထားပုံက အကြံပေးချင်စရာပဲ"

တိုင်း ရယ်မောရှ ဖုန်းချဖြစ်လိုက်သည်။ တကယ်ချစ်နေပြီ သုန့်။ မင်းကို ကိုယ်ပိုင်ပါရစေ။

❖ ❖ ❖

## အခန်း (၁၇)

ကားတွေရပ်ထားသည့် နေရာရောက်တော့ ကားလည်းမရှိ။ လူတွေကိုလည်း မတွေ့ပေ။

ကလပ်စ်ရှေ့မှာ ရပ်စောင့်ခဲ့တာလည်း အတော်ကြာသည်။ မလာတဲ့အဆုံးကျမှ ကားရပ်ထားတဲ့ဆီ အရဲစွန့်ထွက်လာခဲ့ခြင်း ဖြစ်၏။ ဘယ်သူမှမတွေ့တော့ သုန် ရုတ်တရက် ဆက်စောင့်နေရမှာလား။ တစ်ယောက်တည်း ပြန်ရတော့မှာလား မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ ဘယ်လိုလုပ်ရင် အပြစ်လွတ်နိုင်မလဲ။

"သုန်"

"အမလေး"

ကားရှင်းလူရှင်းဖြစ်နေသော နေရာမှာ သုန့်ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်။

လှည့်ကြည့်လိုက်တော့ တိုင်းဝဠာ။

အဖြူပေါ်မှာ အနက်စင်းမှန်ကလေးတွေပါသော ရှပ်လက်တို





ပွပွနှင့် ကချင်ပုဆိုးအနီကွက်ကို ဝတ်ထားသည်။

သုန် မက်မောမိသော အပြုံးတစ်ပွင့်နှင့် သူကစိုက်ကြည့်၍. . .

"ဟိုနှစ်ယောက်ကို စောင့်နေတာလား"

"ဟုတ်"

"သူတို့ လာမှာမဟုတ်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ပြန်သွားကြပြီ"

"အို. . . မဟုတ်တာ"

"တကယ်ပြောတာ. . . ဒါပေမယ့် သူတို့ အိမ်ပြန်နောက်ကျလိမ့်မယ်. . . ဘာဖြစ်လို့လဲသိလား"

သူက သုန့်မျက်ဝန်းလေးတွေကို စိုက်ကြည့်၍. . .

"ဆက်ကိုကိုတို့ ခေါ်ထုတ်သွားကြလို့လေ. . . ခုလောက်ဆို သူတို့ အရမ်းပျော်နေကြလောက်ပြီ"

သုန် မယုံနိုင်ဘဲဖြစ်နေသည်။

"တကယ်ပြောတာ သုန်မယုံဘူးလား. . . မယုံမရှိနဲ့ အဲ့ဒါ ဆက်ကိုတို့ ကိုယ့်ကိုကူညီတာ"

"ဟင်"

တိုင်းက သုန့်ပခုံးစွန်းကလေးနဲ့ သူ့ပခုံး မထိတထိ ရပ်လိုက်ပြီး

"ကိုယ် သုန်နဲ့ စကားပြောချင်တယ်"

"အို. . ."

"ဒါကြောင့် နှောင့်ယှက်နိုင်တာတွေ အားလုံးကို ရှင်းပစ်လိုက်တာ. . . ခဏလေး အချိန်ပေးနော်"

သုန် မျက်လုံးလေးဝိုင်းကာ ဘေးဘီကို မလုံမလဲ ကြည့်သည်။

ဒီတစ်ခါ သူမ ခြေလှမ်းများရင်ဖြင့် တော့ာင်းထွက်ရပါလိမ့်မည်။

"သုန်. . . သုန် ပြန်ပါရစေ. . . ဘာမှ မပြောပါနဲ့တော့"

"ပြန်ရမှာပါ. . . မင်းကို ကိုယ် ဘယ်မှခေါ် မသွားပါဘူး. . . ဒါ ပေမယ့် ဒီကနေ အတူတူ လမ်းလျှောက်ပြန်မယ်. . . အိမ်နားကျတော့ ကိုယ်လှည့်ပြန်သွားမှာပါ"

"ဟင့်အင်း. . . ဦးဦး မြင်သွားရင် သုန့်ကို ကျောင်းထုတ်ပစ်မှာ"

"ဒါဆို အေးဆေးတဲ့ တစ်နေရာရာမှာ စကားထိုင်ပြောရအောင် လေ. . . တစ်နာရီလောက်ပဲ"

"အို. . . တစ်နာရီတောင်မှ"

သုန် ဟျာဟျာသလဲ ဖြစ်သွားတော့ သူကပြုံး၍. . .

"ဒါဆို နာရီဝက်"

"ဒီမှာပဲ ပြောပါ. . . ကိုတိုင်းရယ်"

"ဘယ်သူမှတောင် မရှိတော့ဘူးကွာ. . . မကောင်းပါဘူး. . . ခဏလေး လိုက်ခဲ့နော်"

"ဘယ်. . . ဘယ်ကိုလဲ ဟင်. . ."

"အင်းယားကန်စပ်နား. . ."

သုန် သူ့နောက်က လျှောက်လိုက်လာရင်း နေခြည်နဲ့ ဦးအောင် လွင်တို့ မျက်နှာကြီးတွေကို မြင်ယောင်နေမိသည်။

ဒါကိုများ သူတို့မြင်သွားလျှင်ဖြင့်. . .

"ထိုင်လေ. . . သုန်"

သုန် ခေါင်းခါပစ်၏။

"ဟင့်အင်း. . . ကိုတိုင်း ပြောစရာရှိတာ ပြောပါ"

"မတ်တပ်ကြီး သုန်ရယ်. . . ခဏလောက်ထိုင်ပါ. . . မင်းကို





ကယ်ဝါးမကားပါဘူး. . ."

ပြောလိုက်မှ သုန်က ပြုံးမလို မဲ့မလို မျက်နှာလေးဖျက်လျက် စွန်းမှာ မရဲတရဲလေး ထိုင်သည်။ သူ သုန်မျက်နှာလေးကို ငေးကြည့်နေ ိသည်။ ဖျက်ပြယ်စပြုနေပြီဖြစ်သော သနပ်ခါး ပါးကွက်လေးတွေအောက် မှာ နီမြန်းသော ပါးမို့လေးတွေ ပေါ်နေသည်။

ဘေးတစ်စောင်းက မြင်နေတာမို့ လုံးချွန်နေသည့် နှာတံလေး က ကောက်တွေ့ထစ်ခြင်းမရှိဘဲ စင်းကော့နေ၏။

ရှက်ရွံ့တတ်သော မျက်ဝန်းလေးတွေကို ကာကွယ်ပေးထားသည့် ျက်တောင်ရှည်တို့က ယပ်တောင်လေး ဖွင့်ချထားသကဲ့သို့ ရှိကာ အနက် ရောင် လက်ပြတ်ခါးတိုလေး ဝတ်ထားသဖြင့် သုန့်ရဲ့ လုံးဝန်းလှပသော ်က်မောင်းသားလေးတွေ ဝင်းနှစ်ပေါ်လွင်နေသည်။

သုန့် တစ်ကိုယ်လုံးမှာ အပြစ်ပြောစရာ ဘာမှမရှိ။

"ကိုတိုင်း"

"ဟင်"

"ဘာ. . . ဘာပြောမလို့လဲ ပြောလေ"

သူကြည့်နေတာကို သုန် ထွက်ပြေးချင်လောက်အောင် ထူပူ ာသည်မို့ မျက်နှာလေးလည်း အဝတ်စနီလို ရဲတွတ်နေပြီ။

"ကိုယ်ပြောရင် သုန် စိတ်မဆိုးနဲ့နော်"

"ဟင်"

"ကိုယ် သုန့်ကို ချစ်တယ်"

"အို. . ."

"ခင်ကြမယ်ဆိုတော့ မင်းကမှ လက်မခံတာ. . . ပြီးတော့ ိယ်တို့ ခဏခဏ ဆုံဖြစ်ဖို့က အခွင့်အရေးကို နည်းတယ်. . . ဟန်

ဆောင်မထားချင်လို့ပြောတာ. . . အခွင့်အရေးယူတယ် မထင်နဲ့နော်. . . ကိုယ် မင်းကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တာ. . . ချစ်တယ်ဆိုတဲ့ စကားကို လေးလေးနက်နက် ပြောတာ ကိုယ့်ကို ယုံလား သုန်"

သုန် လက်မခံနိုင်ခြင်းတရားကိုသာ ဆုံးဖြတ်ခြင်းနှင့် တည်ခေ၍ မျက်နှာလွှဲ ခေါင်းခါလိုက်မိသည်။

"သုန်"

"သုန့်ကို မချစ်ပါနဲ့. . . သုန်. . . သုန် ဘယ်တော့မှ ရည်းစား မထားဘူး"

"ဒါဆို တစ်ခါတည်း လက်ထပ်မယ်"

"ဟင့်အင်း"

"ကိုယ် မင်းကို သာမန် ရည်းစားစကား ပြောကြည့်နေတာ မဟုတ်ဘူး သုန်. . . လေးလေးနက်နက် တန်ဖိုးထားပြီး ပြောတာ"

"သုန်က တန်ဖိုးထားထိုက်တဲ့ မိန်းကလေး မဟုတ်ပါဘူး ကိုတိုင်းရယ်. . . ကိုတိုင်းနဲ့ သုန့်ဘဝက တခြားစီပါ. . . သုန် မယုံကြည်ရဲဘူး. . . အချစ်ကိုလည်း မလိုချင်ဘူး. . . ကိုတိုင်း သုန့်ကို ဘယ်လိုသဘောထားတာပဲဖြစ်ဖြစ် သုန် ဝမ်းမနည်းဘူး. . . ဝမ်းလည်းမသာဘူး သုန်သိတာ တစ်ခုပဲရှိတယ်. . . ဘဝမှာ ပညာဟာ အလင်းရောင်ပဲ သုန် ပညာလိုချင်တယ်"

"ဒါလည်း မှန်ပါတယ်. . . ဒါပေမယ့် လူတွေဟာ မွေးဖွားကြီးပြင်းလာခဲ့ကြတာကိုက မိဘမေတ္တာရဲ့ နွေးထွေးမှုအောက်မှာ ယုယမှုကြင်နာမှုတွေနဲ့ ရစ်ဖွဲ့ခဲ့တာပါ. . . ပညာက ဘဝအတွက် အကာအရံပဲ သုန် အချစ်နဲ့မကင်းကြတဲ့ လူတွေထဲမှာ မင်းရင်ထဲမှာလည်း အချစ်ရှိပါတယ် အဲဒီ အချစ်ကို ကိုယ်လိုချင်တယ်. . . ကိုယ့်အတွက်ပဲ ဖြစ်ချင်တယ်"



"သုန် ပြန်တော့မယ်. . ."

သုန် ချက်ချင်း ထရပ်လိုက်သည်။

"နေပါဦး သုန်. . . မင်း ကိုယ့်ခံစားချက်တွေကို အဲသလိုနည်းနဲ့ နင်းချေမပစ်ပါနဲ့"

"သုန့်ကို နားလည်ပေးပါ ကိုတိုင်းရယ်. . . သုန်"

"မင်းကို ကိုယ်နားလည်ပေးခဲ့လို့ ချစ်သွားတာပဲ သုန်. . . အချစ်ကို ဥပေက္ခာထားနိုင်ခဲ့တဲ့ ကိုယ်ရင်ထဲကို မင်းပြေးဝင်လာတာ မင်းပေးသမျှ ကိုယ်ယူထားခဲ့တာ ချစ်တတ်ပြီဆိုမှ မင်း လက်ပြန့်တ်ဆက်သွားလို့ မရဘူး"

တိုင်း သုန်ရပ်နေတဲ့ ရှေ့မှာရပ်လိုက်၍ ဖူးစူးရဲရဲ ငုံ့ကြည့်သည်။ သုန် တစ်ချက်သာ မော့ကြည့်လိုက်မိပြီး မျက်လွှာချပစ်လိုက်၏။

"ကိုယ့်မျက်နှာကို တည့်တည့်မော့ ကြည့်စမ်းပါ. . . မင်းကို နားလည်ခဲ့တာတွေ မြတ်နိုးနေတာတွေ ရှိမနေဘူးလား. . . မင်း မမြင်ဘူးလား တော့ပါဦး သုန်"

"ဟင့်အင်း"

သုန် ထွက်ပြေးဖို့ပဲ ကြိုးစားသည်။ တိုင်းက သုန် ခြေလှမ်းပြင်လိုက်တဲ့ နေရာတိုင်းမှ လိုက်ပိတ်တားဆီး၍. . .

"မင်းအချစ်ကို မရမချင်း ကိုယ်ကြိုးစားနေမှာပဲ. . . အဲဒီအတွက် ကိုယ့်ဘက်က မတရား တစ်ကိုယ်ကောင်းဆန်သလိုလည်း ဖြစ်ချင်ဖြစ်မယ်. . . အဲဒါ နားလည်ဖို့ ကြိုးစား"

သုန်သည် သူ့ရှေ့မှာ ကလေးငယ်လေးသဖွယ် ခြေစုံရပ် လက်ကိုင် ခေါင်းငုံ့လျက်နေ၏။ ထိုအမူအရာလေးကိုပဲ တိုင်း မချင့်မရဲ မြတ်နိုးရှင်း. . .

## အခန်း (၁၈)

ညည်းညည်းညူညူ ဖြစ်နေသော နိုးနိုးကို သုန် ငေးငေးလေး ကြည့်နေမိသည်။

"ဘာကြည့်နေတာလဲ သုန်. . . နင် အဲသလို အူကြောင်ကြောင် လုပ်နေပုံနဲ့ ကြာရင် ငါ့အစ်ကို ဟို မယ်ကုဝဏ်နှစ်ယောက်နဲ့ ငြိတော့မယ် ကိုကိုနဲ့ ကိုစိုးတို့ အဲဒီနှစ်ယောက်ကို ခဏခဏ ဟိုခေါ်ထုတ်ရ ဒီခေါ်ထုတ် ရနဲ့ မိန်းမတွေက ပဲများနေတာ ဘယ်ယောကျ်ား ခံနိုင်မှာလဲ"

"နိုးနိုးရယ်. . . ငါ. . ."

"ငါမနေနဲ့ ဒီနေ့လည်း ပဲခူးဘုရားဖူးဖို့ဆိုပြီး ဘယ်လိုဘယ်လို တွေ ပထုတ်သွားကြသလဲ မသိဘူး သွားပြီ"

"အို. . . ငါနဲ့ မမနေတို့ အတူလာတဲ့ဥစ္စာ"

"ဟုတ်တယ်. . . အဲဒါ သူတို့ အတန်းထဲတောင် မဝင်ဘူးလေ ကြပြီး"

"အဲဒါ. . . သုန်နဲ့ ဘာဆိုင်လို့လဲ ဟင်"





"ဘာရယ် သုန်"

နိုးနိုးက သူမဘက် ဆတ်ခနဲ လှည့်ကြည့်ကာ. . .

"အဲ့ဒါ ရှင့်ကြောင့်လေ. . . ကိုတိုင်းက ရှင့်နောက်ကိုချည်း တကောက်ကောက် လိုက်ချင်နေတော့ ဟိုမယ်ကုဝဏ်တွေကို တစ်ဖက်က ရှင်းရတာပေါ့. . . ဒီနေ့လည်း သူတို့ အတန်းလစ်သွားတာ အကောင်း မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ်နဲ့ ခဏလေးလိုက်ခဲ့ပါ သုန်"

"ဟင်"

သုန် လန့်ဖျန့်ထရပ်လိုက်မိသည်။

နိုးနိုးက လွယ်အိတ်လေး လွယ်၍ ထရပ်လိုက်ရင်း. . .

"နိုးနိုး ကိုကိုတို့ တိုလာပြီနော်. . . ကိုတိုင်း ဟိုမိန်းမတွေနဲ့ နောက်ထပ်မေး မတွေ့နိုင်ဘူး. . . ကြိုးစားမယ်ဆိုလည်း တစ်ခါတည်း ပန်းတိုင်ရောက်အောင်ဝင်"

နိုးနိုးက နှုတ်ခမ်းလေးစူ ပြောရင်း လှည့်ထွက်သွားသည်။

သုန် ကျစ်ဆံမြီးလေး နှစ်ဘက်ကို ဆွဲလိမ်ရင်း ခေါင်းငုံ့နေမိ၏။

"သုန် ကိုယ်တို့ ဒီနေ့ ရုပ်ရှင်ကြည့်ရအောင်နော်"

"အို. . . ဟင့်အင်း မဖြစ်ဘူး. . . လုံးဝမဖြစ်ဘူး"

"မဖြစ်မယ့်လူတွေ ဘယ်သူမှမရှိဘူး. . . တစ်နေကုန်သွားကြမှာ တစ်ကားတည်းပါ သုန်ရယ်. . . လိုက်ခဲ့နော်"

"သုန် မလိုက်ပါရစေနဲ့ ကိုတိုင်းရယ်"

"မရမနေ ခေါ်ရမှာပဲ. . . သုန် စောစောက နိုးနိုး ပြောသွားတာ ကြားလား. . . အားလုံး ကိုယ့်အတွက် အနစ်နာခံနေကြတာ. . ."

"သုန် ကြောက်လို့ပါ ကိုတိုင်းရယ်. . . ဒီမှာပဲပြောပါ. . . အတာန်းတော့ မလစ်ပါရစေနဲ့"

"ဒီတစ်ခါတော့ လစ်လိုက်ပါ သုန်. . . ကိုယ် အနူးအညွတ် တောင်းပန်တယ်ကွာ"

သုန် သူ့ကားပေါ် ရောက်ခဲ့ရပါသည်။ သူသည် ရုပ်ရှင်ရုံထဲ ရောက်တဲ့အထိ သုန့်မျက်နှာလေးကိုသာ တကြည့်ကြည့်နှင့်။

"သုန် အချဉ်ကြိုက်လား ဟင်. . . အချဉ်ထုတ်ဝယ်ခဲ့မလား. . ချိုတာစားမလား"

"ဘာမှ မစားချင်ပါဘူး"

တိုင်း သုန့်အတွက် သူဟာသူပဲ မုန့်တွေဝယ်၍ ခုံနေရာမှာ ထိုင်ကြသည်။ တီဗွီသေးသေးလေးကိုသာ ကြည့်ခဲ့ဖူးသော သုန့်မှာ ရုပ်ရှင်ရုံဆိုတာ ခုတော့ သူမ အားလုံးကို ဝေ့ဝဲကြည့်လို့မဆုံး။

တိုင်းက ကြားဖူးနားဝ ရှိထားတဲ့အတိုင်း ဝယ်ခြမ်းလာသည့် မုန့်တွေကို သုန့်လက်ထဲ ထည့်ပေးသည်။

"မိန်းကလေးတွေ ရုပ်ရှင်ကြည့်ရင် မုန့်စားတတ်တယ်တဲ့. . သုန် ဘာကြိုက်မှန်းမသိလို့ ရမ်းဝယ်လာတာ ကြည့်ဦး စားချင်တာပါရဲ့လား. . .

သုန် မုန့်ထုပ်တွေကို ကြည့်ဆိုလို့ ကြည့်လိုက်ရပေမယ့်. . .

ဘာတွေရယ်လို့ စိတ်မဝင်စားဘဲ ရင်တွေခုန် လက်တွေ အေးစက်ကာ ကြောက်နေတာပဲ သိသည်။

ချစ်သလားဆိုတာချည်း တကျိကျိ မေးတတ်သေး . ကိုတိုင်းဟာ ခုလည်း ဒါကိုပဲ မေးတော့မှာပါ။ သုန် ဘယ်လိုခေါင်းခါမလဲ။

ဒီတစ်ခါ သူ နာခံလှည့်ပြန်သွားပါ့မလား။





"သုန်"

"ဟင်"

တိုးတိုးလေး ခေါ်တာကို သုန် ဆတ်ခနဲ တုန်သွားသည်။ သူက မသိမသာ ပြုံး၍. . .

"ကိုယ့်ကို ဘယ်လိုငြင်းရမလဲ စဉ်းစားနေတာလား"

"အို"

နှလုံးသားက ဒိုင်းခနဲ ဆောင့်ခုန်သည်။ ပြန်လည် ငြိမ်သက်ခြင်း မရှိသောအခါ လက်ဖျားလေးတွေ တုန်လာ၏။

"ဒီတစ်ခါ ငြင်းလို့မရတော့ဘူး. . . ကိုယ် လုံးဝ ငြင်းခွင့်မပေးနိုင်ဘူး သုန်. . . ခေါင်းခါလိုက်တာနဲ့ တစ်ခါတည်း ခိုးပြေးမှာပဲ"

ထိုစဉ် ရုပ်ရှင်ပြတော့မှာမို့ မီးက ဖျတ်ခနဲ မှောင်ကျသွား၏။

"ကိုယ့်ကို ချစ်တယ်မဟုတ်လား ဟင်"

သုန့် ဘာကိုမှ မမြင်တော့ပေ။ ပြင်းထန်စွာ လှိုက်ခုန်နေသော နှလုံးသားလေးဟာ နှုတ်ခမ်းရယ် မျက်ဝန်းတွေ နားတွေထဲက တစ်နေရာရာမှာ ထိုးဖောက်ခုန်ထွက်တော့မတတ် ရှိလေသည်။

"အို. . . ဟင့်အင်း"

အေးစက်နေသည့် သုန့်လက်ဖဝါးလေးတစ်ဖက်ကို သူ ထွေးဆုပ်လိုက်တော့. . . သုန် ခေါင်းလေးပါခါ၍ အတင်းပြန်ရုန်းသည်။

တိုင်းက သူ့လက်ဖဝါးနှစ်ဖက်ထဲမှ ခိုင်မြဲစွာ ဆုပ်ကိုင်ထား၍. .

"လက်ဖဝါးလေးကလည်း အေးစက်နေတာပဲကွာ. . . ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေတာလဲ"

"သုန့်ကို လွှတ်ပါ"

"ကိုယ့်ကို ချစ်လား"

"သုန်. . . သုန် စဉ်းစားပါမယ်"

"အချိန်မဆွဲပါနဲ့ သုန်ရယ်. . . မင်းအချစ်ကိုရဖို့ ကိုယ်တစ်ယောက်တည်း ကြိုးစားရတာ မဟုတ်ဘူး. . . သူငယ်ချင်းတွေကို ပြန်ငဲ့ရဦးမယ်. . . သူတို့ကူညီနေလို့ မင်းကို ကိုယ် ခုလို စကားပြောခွင့်ရတာ. . . ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

သုန် သူ့ကို မရဲတရဲလေး မော့ကြည့်မိကာ. . .

"သုန်က ချစ်တယ်ဆိုရင် ကိုတိုင်းက ဘာလုပ်မှာလဲဟင်"

"သုန်ရယ်"

ချစ်သူလေးရဲ့ နိုးစင်းလွန်းသော မေးပုံလေးကြောင့် လက်ဖဝါးလေးကို တိုင်း မချင့်မရဲ ဖျစ်ညှစ်လိုက်မိသည်။

သူ နောက်နောက်ပြောင်ပြောင် မပြောရက်ပါ။

"အရမ်းဝမ်းသာမှာပေါ့ သုန်ရယ်. . . မင်းဟာ ကိုယ်မြတ်နိုးဆုံးဆုလာဘ်ဘဲ"

"သုန် ပြောတာကလေ ဟို. . . ဟို"

"ရဲရဲပြော. . ."

"သုန့်နောက်ကို ကိုတိုင်း ခုလိုပဲ တကောက်ကောက် လိုက်နေမှာလားလို့"

"ဟောဗျာ"

"ခဏခဏ စကားပြောချင်တယ်ဆိုရင် သုန် စိတ်ညစ်မှာ"

"သုန်ရယ်. . . မင်းက ကိုယ့်ကို တကောက်ကောက် မလိုက်ရအောင် ချစ်တယ်လို့ ပြီးစလွယ် ပြောချလိုက်ချင်တာလား"

"သုန်"

"မညာတတ်ဘဲနဲ့ မညာပါနဲ့ကွာ. . . သုန် သူတို့ကို ကြောက်နေ





တာ တစ်ခုပဲ ခေါင်းထဲမှာ ထည့်ထားတာ. . . အဲ့ဒါကို ဖျောက်ပစ်လိုက်စမ်းပါ. . . အရွယ်ရောက်တဲ့ ယောကျ်ား မိန်းမဆိုတာ ကိုယ့်ဘဝအတွက် ကိုယ်ပိုင် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ်. . . မင်းအတွက် ကိုယ် မားမား မတ်မတ်ရပ်ပေးဖို့ အသင့်ရှိတယ်. . . သူတို့ကို ကြောက်ဖို့လိုသလား အုပ်ထိန်းတာနဲ့ ဖိနှိပ်တာကို ခွဲခြားနိုင်အောင် ကြိုးစားကြည့်ပါ. . . အုပ်ထိန်းတာကို နာခံပေမယ့် ဖိနှိပ်တာကို တွန်းလှန်မှ မင်းလွတ်မှာ. . ."

"သုန် ကြောက်တယ်"

"ကိုယ်ရှိတယ် သုန်. . . မင်းကို ကိုယ် ရည်းစားထားနဲ့လေး ချစ်တာမဟုတ်ဘူး. . . တစ်ဘဝလုံး လက်တွဲဖို့ နားလည်မြတ်နိုးပြီး ချစ်တာဘာဖြစ်လို့ ကိုယ်ကိုမယုံတာလဲ သုန်ရယ်"

သုန် သူ့မျက်နှာကို ဆွေးငေးစွာ မော့ကြည့်မိသည်။

သူကလည်း သုန့်ကို ငုံ့ကြည့်လေသည်။ အားနည်းသော ခပ်ဖျော့ဖျော့ အလင်းရောင်အောက်မှာ တိုင်းရဲ့မျက်ဝန်းက ချစ်ရိပ်ချစ်သွေးတို့ဖြင့် ရွှန်းလဲ့နေ၏။

မျက်နှာနှစ်ခုသည် နီးကပ်စွာ ငေးမောနေမိကြရင်း. . .

သူ့မျက်နှာ ငုံ့ကျလာသောအခါ သုန် မျက်နှာလေးကွယ်၍ သူ့ပခုံးစွန်းမှာ မှီချလိုက်သည်။

တိုင်း နှစ်ခြိုက်စွာပြုံး၍ သုန့် လက်ခုံနုနုလေးကိုသာ နှုတ်ခမ်းမှာကပ်၍ နမ်းလိုက်မိသည်။ လက်ခုံများမှာ နွေးခနဲဖြစ်လျှင် သုန် ရှက်ရွံ့စွာ မျက်ဝန်းလေးတွေ မှိတ်ချလိုက်မိသည်။

ရင်ခုန်သံသည် ရုပ်ရှင်ထဲက အသံကို အောင်နိုင်စွာ ကျော်လွှားဟစ်ကြွေးနေသည်သို့. . .

❖ ❖ ❖

## အခန်း (၁၉)

"မေမေသိနေတာ ကြာပြီသား. . . သား ဒယ်ဒီလည်း သိတယ် ဒါပေမယ့် ဘာမှဖွင့်မမေးဘဲ ကြည့်နေခဲ့တာက သားလည်းကျောင်းပြီး တော့မယ်. . . ဒီနေ့ထိ သားချစ်ရေးချစ်ရာမှာ ရှုပ်ရှုပ်ပွေပွေ မရှိခဲ့တာ ကြောင့် ဒီမိန်းကလေးကို သား တကယ်မြတ်နိုးတာပဲလို့ ထင်လို့လည်း မာမီတို့ဖာသာ ကြိတ်စုံစမ်းနေခဲ့တာ"

ဒေါ်မြင့်မြတ်ဇင်က သားမျက်နှာကို သေချာပြန်ကြည့်၍ ပြောမယ့်စကားအတွက် ပင့်သက်ရှိုက်သေးသည်။ ပြီးမှ. . .

"မာမီတို့ လုံးဝသဘောမတူနိုင်ဘူး သား"

"သုန်က ဘာဖြစ်နေလို့လဲ မာမီ"

ဒေါ်မြင့်မြတ်ဇင် မျက်နှာလွှဲသည်။

"သိရက်သားနဲ့ ဘာလို့ထပ်မေးတာလဲ သား. . . လက်ဝဲသုန်ဆိုတဲ့မိန်းကလေးကို မာမီတို့ လက်ခံနိုင်စရာ ဘာတစ်ခုမှ မရှိဘူး"

"သူ့မှာ ဘာအပြစ်မှ မရှိဘူးလို့. . . ကျွန်တော် ထင်တယ် မာမီ





မိဘမဲ့ဆိုပေမယ့် သူ့အိမ်သူ့ယာမှာ သိက္ခာရှိရှိ နေခဲ့တဲ့သူ၊ ဆွေမျိုးအသိုင်းအဝိုင်း မကောင်းလို့ သူ့ဘဝ နစ်မွန်းနေတာပါ"

"မာမီပြောချင်တာလဲ အဲဒါပဲ၊ ဆင်းရဲတာ ချမ်းသာတာကို မာမီ မပြောလိုဘူး. . . တစ်သက်လုံးက ကျိုးနွံငုံ့လျှိုးနေလာခဲ့ရတဲ့ အိမ်ဖော်ဘဝသာလောက် ကျဆင်းနေတဲ့ သူ့ရဲ့စိတ်ဓါတ်တွေကို သား ဘယ်လိုပြန်ဆွဲတင်မလဲ. . . တစ်သက်လုံး သေးနုပ်သိမ်ငယ်စွာနေလာခဲ့တဲ့ သူ့အမူအရာ သူ့အပြောအဆိုပေါ့တွေကို သား လူကြားထဲ ဘယ်လိုတွဲခေါ်မလဲ. . . သူ့မှာ ဘာအဆင့်အတန်းမှ မရှိတော့ဘူးလို့ မာမီပြောရင် ရက်စက်လွန်းရာကျသွားမလားပဲ. . . ဒါပေမယ့် မာမီ့သားအတွက် မာမီ မပြောလို့မဖြစ်ဘူး. . စဉ်းစားပါ သားရယ်"

"ဒါတွေဟာ ဒီအနေအထားအဖွဲ့က လွတ်မြောက်သွားတာနဲ့ ပြီးသွားမှာပါ မာမီ. . . အေးချမ်းတဲ့ အရိပ်တစ်ခုအောက်မှာ သူ ပြောင်းလဲလာမှာပါ"

"ဖတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းက အချိန်အခါကို စောင့်ပြီး နားလည်ပေးကြမှာ မဟုတ်ဘူးလေ. . . ဦးထွန်းမြတ်ရဲ့သား တိုင်းဝဠာ တစ်ယောက် အိမ်ထောင်ကျသွားပြီဆိုကတည်းက ဘယ်လိုမိန်းကလေးလဲဆိုတာ ကြည့်လာကြမှာပဲ. . . အဲဒီအခါ သားယူတဲ့မိန်းမရဲ့ ကျိုးနွံနေတဲ့ ကမူအရာတွေ လူတွေများများထဲမှာ မနေရဲတာတွေ မာမီတို့ ဘယ်လိုဖုံးဖိကြမလဲ"

တိုင်း မျက်ခုံးအစုံ တွန့်ကွေးလျက် မေးကြောကြီးတွေ ထောင်လာနေ၏။ ဒူးနှစ်ဘက်ပေါ်မှာ ထောက်၍ဆုပ်ယှက်ထားသည့် လက်ဖဝါးနှစ်ဖက်က တင်းတင်းကျပ်ကျပ် ဖြစ်လာသည်။

"ငယ်ကြောက်ဆိုတာ သေတဲ့အထိ ကြောက်သွားတတ်ကြတယ်

သား. . . သားနဲ့ ဒီမိန်းကလေးရဲ့ အနေအထားကို မာမီတို့ အားလုံး စုံစမ်းပြီးပြီ. . . သားတို့ကိစ္စကို တစ်ဖက်က ဘယ်လောက်ဖျက်ဖျက်ဆီးနေတယ်ဆိုတာ. . . ဘာဖြစ်လို့ ဖျက်နေသလဲဆိုတာလဲ မာမီသိတာပဲ. . . မိန်းကလေးတွေ သဝန်တိုကြရင် ပိုကြောက်စရာ ကောင်းတယ်. . . သားယူထားတဲ့ မိန်းကလေးကို သူတို့ ဒီလောက်ထိနှိုင်နေမှတော့ သူတို့ တစ်ခုခု တုံ့ပြန်လာရင် မာမီတို့ပါခံရပြီး ဘာတွေဖြစ်ကုန်မလဲ"

"ကျွန်တော် အဲ့သလောက်ထိ တွေးမထားခဲ့ဘူး မာမီ. . . ဒါလည်း မစိုက်ဘူး. . . သုန့်ကို ကျွန်တော် အဲဒီထဲက ဆွဲထုတ်ချင်တယ်. . . ကျွန်တော့် အင်အားနဲ့ အားလုံးကို တွန်းလှန်နိုင်းပစ်ဖို့ ရည်ရွယ်ထားတယ်"

"ပြောသလောက် မလွယ်ဘူးဆိုတာ လက်တွေ့ လုပ်ကြည့်သိရင် နောက်ပြန်ဆုတ်လို့ မရတော့ဘူး သား. . . လောလောဆယ် သားတို့မင်္ဂလာဆောင်ကြရင်ပဲထား သူတို့နဲ့ သားမိန်းမကို ဘယ်လိုရင်ဆိုင်ရမလဲ"

"မဖိတ်ရုံပဲ မာမီ. . . ကျွန်တော် သုန့်ကို ဆုံးရှုံးမခံနိုင်ဘူး"

ဒေါ်မြင့်မြတ်ဇင် မျက်နှာ မသိမသာ တင်းသွားရင်. . .

တိုင်းကို အတန်ကြာ ငေးကြည့်နေပြီးမှ မျက်နှာကို ပြန်လျှော့ချ၍. . .

"သားကို မာမီ ပြောပြတာပါ. . . ဒါကြိုမှ နောက်မဆုတ်ဘူးဆိုရင်တော့ ဆက်လုပ်ပေါ့. . . မာမီတို့က သားအဖြစ်က စွန့်လွှတ်တာတို့ အမှုဖြတ်တာတို့ မလုပ်ပါဘူး. . . ဘာဖြစ်လို့လဲဆိုတော့ သားက မာမီတို့ရဲ့ တစ်ဦးတည်းသောသား. . ဘယ်လောက်ပဲဆိုးဆိုး မာမီ မပစ်နိုင်ဘူး တစ်ခုတော့ရှိတယ်. . . သား လက်ထပ်မယ့်မိန်းမဟာ မာမီတို့ သဘောတူ ကြည်ဖြူခြင်းမရှိဘဲ လက်ထပ်တဲ့အဖြစ်မျိုးနဲ့ ဒီကိုရောက်လာရင်





ပိမ့်မယ်"

တိုင်း ဖျတ်ခနဲ မော့ကြည့်သည်။

"ဒါဟာ သားနဲ့မာမီတို့ရဲ့ သိက္ခာအတွက် မာမီ အဖတ်ဆယ်လိုက်တာပဲ. . . မာမီတို့ သဘောမတူတဲ့အတွက် သူနဲ့ သူ့အသိုင်းအဝိုင်းကိုလည်း လုံးဝ အသိအမှတ်ပြုမပေးနိုင်ဘူး. . ."

ဒေါ်မြင့်မြတ်ဇင် ဖြည်းညင်းစွာ နေရာမှထသည်။

"ဒါပေမယ့် သား သူ့ကို ခေါ်လာလို့ရတယ်"

ပြောပြီး နေရာမှ လှည့်ထွက်သွားလေသည်။

တိုင်း ဆိုဖာမှာ ဝုန်းခနဲ မှီချလိုက်ကာ မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

"သုန့်ရယ်. . . မင်းကို သိပ်ချစ်တယ်"

◆ ◆ ◆

## အခန်း (၂၀)

"ကလင်. . . ကလင်"

"ဟလို. . ."

"သားလား. . ."

"ဟုတ်ကဲ့ ဒယ်ဒီ"

"သား. . . ဒီနေ့အားတယ် မဟုတ်လား. . . လေဆိပ်သွားလိုက်စမ်းပါ"

"ဘာလုပ်မလို့လဲ ဒယ်ဒီ"

"ဂျပန်ကလာမယ့် အဓိက ဧည့်သည်တစ်ယောက်ရှိတယ်. . . အဲဒါ သား သွားကြိုလိုက်စမ်းပါ. . ."

"ကျွန်တော်. . ."

"မအားလို့မရဘူး သား. . . ဒယ်ဒီ ဒီမှာ အရေးကြီး meetir ရှိနေတယ်. . . အဲဒီဧည့်သည် တခြားရောက်သွားလို့ လုံးဝမဖြစ်ဘူး. .





ဒယ်ဒီတို့ သူ့အကူအညီယူရဖို့ အများကြီးရှိတယ်"

"သူက ဘယ်သူမို့လို့လဲ ဒယ်ဒီ"

"သူ့ဓါတ်ပုံ ဒယ်ဒီစားပွဲပေါ်က နံပါတ်စဉ်ကိုးလို့ တပ်ထားနိုင်ငံတကာဂျာနယ် Page-5 မှာပါတယ်. . . အချိန်နီးနေပြီသား. . အဲဒီမှာ လုပ်ငန်းရှင် အတော်များများ ရောက်ကြလိမ့်မယ်. . . သား ဦးအောင်သွားလိုက်ပါ. . . အစောကြီးကတည်းက ဒယ်ဒီ အင့်ကျော်ရဲ့ လုပ်သားပြီးသား ဦးထွန်းမြတ်ရဲ့သားဆိုရင် သူ သားကို ဦးစားပေးမယ်"

"သူ့နာမည် ဘယ်သူတဲ့လဲ ဒယ်ဒီ. . ."

"အပြည့်အစုံ ဂျာနယ်မှာ အားလုံးရှိတယ်ကွာ"

ဒယ်ဒီ ကမန်းကတန်း ဖုန်းချသွားသည်။

တိုင်း သုန်နဲ့တွေ့ရဖို့ ကြိုးစားထားသည့် အစီအစဉ်တွေနှင့် မရှိနိုင်မကယ်နိုင်ဖြစ်ရရင်း ဒယ်ဒီ စာကြည့်ခန်းထဲ ရောက်လာခဲ့၏။

နံပါတ်ကိုး စာလုံးရဲရဲ ထိုးထားသော ဂျာနယ်ကို ချက်ချင်းတွေ့၏။

Page-5 ကိုလှန်လိုက်တော့ ကိုယ်တစ်ပိုင်းနဲ့ အနောက်တိုင်းဝတ်စုံဝတ်ထားသည့် ယောကျ်ားတစ်ယောက်ကို ဝိုင်းဝန်းနေသော လူအချို့ရဲ့အလယ်မှာ မျက်နှာသုံးချိုးတစ်ချိုးထိ ခပ်ကြီးကြီး ရိုက်ထားသည်ကို တွေ့လိုက်သည်။

ဟင်နရီချက်စ် ခေါ် အမိန့်ရှင်။

မိဘနှစ်ပါးလုံး မြန်မာ ဖခင်က သူငယ်စဉ်ကတည်းက အမေရိကန်မှာ အခြေချသွားသည်။ မြန်မာပြည်မှာ မိခင်ဆုံးသွားတော့ အမိန့်ရှင်အမေရိကန် ရောက်သွားခဲ့သည်။

နိုင်ငံပေါင်းစုံ စီးပွားကူးသန်းရင်းဖြင့် နယ်ပယ်သစ်ရှာခြင်းကို

သနာထုံသည်။ အိလက်ထရေရာနစ် အမိကနှင့် ဘွဲ့နှစ်ခုယူထားပြီ ဖြစ်သူသည် မြန်မာပြည်ကိုချစ်၍ မြန်မာပြည်မှာ အခြေချဖို့ ဆုံးဖြတ်ထား၏လည်း ဟင်နရီချက်စ်ဟု တွင်ခဲ့သော နာမည်ဖြင့် ယနေ့တိုင် နိုင်ငံကာ လှည့်လည်ဆဲရှိ၏။

သူ့ရဲ့ လုပ်ရည်ကိုင်ရည် လုပ်ငန်းအကြောင်း ကိစ္စအဝဝကို ဆက်ဖတ်မလိုတော့ဘဲ ဓာတ်ပုံကို သေချာကြည့်၍ မှတ်သားသင့်သလောက်ပဲမှတ်ကာ အပြင်ထွက်လာခဲ့သည်။

"သားဒယ်ဒီ ခိုင်းလိုက်သလား သား"

မာမီက ပြောင်လက်သော ပါတိတ်အပြာပွင့်ဝမ်းဆက်နှင့် ပါးလွှာသော ဇာပဝါ ဘယ်ညာချလျှက် အပြင်ထွက်မည့် ပုံစံမျိုးနှင့် သူ့ရှေ့ရောက်လာ၏။

"မာမီ ဘယ်သွားမလို့လဲ"

"လေယာဉ်ကွင်း လိုက်ရမှာလေ အစက သားဒယ်ဒီနဲ့ သွားမလို့ သားကို သူဖုန်းဆက်ကတည်းက သားကိုပဲ လွှတ်တော့မယ်ဆိုတာ သိတာပေါ့. . . ဒီစည့်သည်ကို သားတစ်ယောက်တည်း သွားကြိုလို့ မဖြစ်ဘူးသားရဲ့"

တိုင်း မျက်နှာညိုညိုနှင့်ပဲ ကားသော့ဖြုတ်လိုက်ရသည်။

ဒယ်ဒီ အလုပ်ရှုပ်ပြီဆို ဒယ်ဒီ အလုပ်တွေကို တိုင်း မကြာခဏ ကူရတတ်ပါသည်။

ဒီတစ်ခါသည်သာ စိတ်ပျက်ဖွယ် အကောင်းဆုံး ဖြစ်နေရခြင်းက ကိုယ့်အကြောင်းနဲ့ကိုယ်။

အဲဒါကြောင့် ကျောင်းပိတ်ရက် တိုင်း ကုန်လွယ်စေချင်တာ။

◈ ◈ ◈



## အခန်း (၂၁)

"ဒါ သုန့်အတွက်"

"ဘာလဲ ဟင်"

"ဖွင့်ကြည့်လေ"

လက်ထဲရောက်လာသည့် အသဲပုံ ရွှေရောင်ဘူးလေးကို သုန် သေချာလှည့်ပတ်ကြည့်ပြီးမှ ဖွင့်လိုက်၏။

"အို"

အသဲပုံလော့ကတ်လေးနှင့် သေးမျှင်သော ဆွဲကြိုးရှည်လေးက ဝလက်လက်တောက်နေ၏။

"ဒါ. . . ဒါ. . ."

"သုန့်အတွက်လေ အထဲမှာ ကိုယ့်ဓာတ်ပုံ ထည့်ပေးထားတယ် ညဘက် သတိရတဲ့အခါ ကြည့်ဖို့လေ. . . သုန်လည်း ကိုယ့်ကို ဓာတ်ပုံပေးကွာ"

"သုန့်မှာ ဓာတ်ပုံလည်း မရှိဘူး. . . ကိုကို ပစ္စည်းကိုလည်း မယူ

ပါရစေနဲ့. . . ဒီလောက် အဖိုးတန်တာကို သုန် မယူရဲဘူး. . . "

"ဘာအဖိုးတန်လို့လဲ သုန်. . . သုန် အချစ်ကို ကိုယ်ဘာနဲ့မှ တန်ဖိုးမဖြတ်နိုင်အောင် မက်မောခဲ့တာ"

"ပြီးတော့ သုန် ဒါကို သူများမမြင်အောင် ဘယ်လိုလုပ်သိမ်းရမလဲ ကိုကိုရယ်"

"ဘယ်မှာပဲ ထားထားပေါ့ကွာ. . . ကိုယ် သုန့်ကို အရမ်းပေးချင်နေတာ. . . ဘယ်လိုလုပ်ရမလဲ. . . သုန်. . . "

"ဟင်"

"ကိုယ် ကျောင်းပြီးတော့မယ် သုန်. . . နောက်ဆို ကိုယ်တို့တွေ့ဖို့က ဒီထက်ခက်တော့မှာ"

ပန်းစွယ်တော်တို့ရဲ့ နောက်ခံရှေ့ ချစ်သူရဲ့ မျက်နှာလှလှလေးကို တိုင်း ငေးကြည့်နေမိသည်။

သူဒီဗိုင်နယ်ပြီးသွားရင်ဖြင့် စွယ်ရုံတောနဲ့ ချစ်ရတဲ့သူကို သူခွဲရဦးမည်။ တွေ့ဖို့ဆိုတာ သူ့ဘက် ကိုယ့်ဘက် အခက်အခဲများစွာနှင့် ဒွိယက်ပို၍ လှုပ်ရှားရတော့မည်။ ချစ်တဲ့စိတ်က ပိုင်ဆိုင်ချင်နေပြီ။

ဒါပေမယ့် ချစ်တဲ့သူကိုလည်း အမြဲဆန်ဆန် လက်ထပ်ဖို့ ဆိုမခေါ်ရက်ပေ။ သုန့်မှာ ဘွဲ့တစ်ခုမှမရှိလျှင် ဂုဏ်ပြိုင်ဟူသော ပြာယုဂ်ဆို၍ ဘာမှရှိတော့မည် မဟုတ်ပေ။

သူ ဒါကို အဓိကမထားပေမယ့် အဓိကထားကြသည့် ပတ်ဝန်းကျင်မှာ သုန် မျက်နှာငယ်မှာစိုးသည်။ ထို့ကြောင့် သုန် ကျောင်းပြီးအောင် စောင့်ရမည် ဖြစ်သည်။ ကျန်နေသေးသည့် နှစ်များစွာကို လှမ်းမျှော်တွေး၍ တိုင်းမျက်နှာမှာ စိတ်ရှုပ်ထွေးခြင်းများနှင့် ဗျာမှိုင်းနေသည်။

သုန်သည် သူမလက်ကို ဆုပ်ကိုင်ထားသည့် တိုင်းရဲ့လက်ပေါ်



ကို ဖွဖွလေး ဆုပ်ကိုင်လိုက်တာ. . .

"ဘာဖြစ်နေတာလဲ ကို"

"ကိုယ်တို့ ပေါင်းရဖို့အတွက် စဉ်းစားကြည့်နေတာ. . . သုန် ကျောင်းပြီးအောင် အများကြီး စောင့်ရဦးမှာ"

သုန်လည်း မျက်နှာလေး ငယ်သွားရှာသည်။

သူမအတွက်လည်း ချစ်ခြင်းဆိုတာ ဘာမှန်းမသိပါဘဲ ခုတော့ တိုင်းကို သူမ မျှော်တာတ်လွမ်းတာတ်နေပြီ။

ဒါဟာ အချစ်စစ်ဆိုပါလျှင် တိုင်းကို သုန်ချစ်လေသည်။

ကိုယ့်ကို ချစ်ရဲ့လားဟုမေးလျှင် ရင်ခုန်ခြင်းများစွာနှင့် ခေါင်းညိတ်လိုက်ရတာကိုပဲ ကြည်နူးချမ်းမြေ့ခြင်းတို့ဖြစ်၏။

ချောမွတ်သန့်စင်နေသော တိုင်းရဲ့မျက်နှာကို မော့မော့လေးငေးကြည့်ရင်း ပန်းစွန်းမှာ မှီနွဲ့နေရလျှင် သုန် အရာအားလုံးကို မေ့သွားခဲ့သည်။

"သုန်"

"ဟင်"

"ကိုယ့်ကိုချစ်လား ဟင်"

"ချစ်တယ်"

"ချစ်တယ်ဆိုရင် ကိုယ့်ဘက်ကပဲ ဖြစ်ဖြစ်. . . သုန့်ဘက်ကပဲ ဖြစ်ဖြစ် ဘယ်လိုအနှောင့်အယှက်တွေပဲ ဖြစ်လာဖြစ်လာ. . . ကိုယ်တို့ မခွဲကြေးကွာနော်"

"ကိုရယ် သုန်က ပြောရမှာပါ. . . သုန့်ကို ချန်ထားခဲ့လည်း ကျန်ခဲ့ရမယ့်သူပါ. . . သုန်လေ ကို့ကို ဘယ်တော့မှ အပြစ်မမြင်မိအောင် ကြိုးစားမှာပါ. . . ကံဆိုးခြင်းများစွာဟာ သုန့်အတွက်ချည်းပဲ ဖြစ်ခဲ့တဲ့အထဲမှာ ကိုကိုဆုံးရှုံးရဖို့. . . "

ဆရာမွန်စာစေ

"ဘာတွေ လျှောက်ပြောနေတာလဲ သုန်. . . ကိုယ်နဲ့သုန် ဘယ်သူ့ကိုမှ ဘယ်သူကမှ ဆုံးရှုံးခံဖို့မလိုဘူး. . . အခက်အခဲတွေ ဖြစ်လာရင် သူ့စ စိတ်ခိုင်ခိုင်ထားပြီး ကျော်ဖြတ်ဖို့လိုတာ. . . ကိုယ်နဲ့သုန် ကိစ္စကို ဘယ်သူဘယ်လိုဖျက်ဖျက် သုန့်ကိုယ့်ကို ဖြတ်ဖို့ ရှောင်ဖို့ ပြေးဖို့ ဘယ်တော့မှ မကြိုးစားရဘူး ကြားလား"

တိုင်း သုန့်နောက်က ခုံတန်းလေးရဲ့ ကျောမှီမှာ လက်တင်ထားရင်း ထိုလက်သည် သုန့်ပခုံးလေးကို ဖွဖွဖက်လိုက်မိ၏။

"အို. . . ကျောင်းထဲမှာ. . ."

သုန် ပခုံးလေးကျုံ့၍ ရှက်ရွံ့ဟန်လေးနှင့် လှည့်ပြောသည်။

"ကျောင်းထဲမှာပဲ တွေ့ခွင့်ရတာကွာ မတတ်နိုင်ဘူး"

သူ သုန့်ပခုံးလေးတစ်ဖက်ကို ငုံ့နမ်းတော့ စွယ်တော်ရွက်ကလေးတွေ လှုပ်ခတ်သွားကြသလိုလို၊ လေရှူးလေးက သုတ်ခနဲ ထွက်ပြေးသွားသလိုလို။ သုန့်မျက်နှာလေးကတော့ နီရဲငုံ့လျှိုးကာ သူဆုပ်ကိုင်ထားသည့် လက်ကလေးကိုလည်း ရုန်း၍. . .

"ကိုကလည်း. . ."

သုန့်အသံလေး တုန်ယင်နေသည်။

ရှက်နေတာကို တိုင်း မြတ်နိုးတပ်မက်စွာ စိုက်ကြည့်ကာ. . .

"သိပ်လှတာပဲ သုန်ရယ်. . . မင်းကို ကိုယ်ဆုံးရှုံးရမယ်ဆိုရင် ရူးသွားမလားပဲ"

ပန်းချင်းထပ် မျက်နှာနားကပ်ကာ တိုးတိုးကလေး ပြောမိသည်။

ချစ်သူအနားမှာ ရှိတဲ့အချိန်တိုင်းဟာ ဘဝမှာ အလှဆုံးနေ့ရက်စွဲများသာ. . .

❖ ❖ ❖





. . . ငိုက

# အခန်း (၂၂)

"အဲဒါ ကိုယ်ညွှန့်လို့ ခံရတာ. . . ကိုယ့်မှာပဲ အပြစ်ရှိတာ"

"ဘာကိုယ်ညွှန့်တာလဲ. . . သူတို့ဒီလောက် ဝိဝိရိရိ လှုပ်ရှားနေကြတာ ငါတို့က ဘယ်လိုလုပ် ရိပ်မိမှာလဲ. . ."

"မမကို ရွှေ ပြောဖူးသားပဲ. . . ရွှေတို့ အပြင်ထွက်ကြတိုင်း ကိုင်းဝဠာ တစ်ခါမှမပါဘူးလို့"

"ဟုတ်တယ်လေ. . . နင်လည်း မပါတာပဲပြောတာ. . . ဘယ်ရောက်နေတယ်ဆိုတာ ရိပ်မိခဲ့လို့လား. . . ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ ကြည့်စမ်း. . . ငါတို့ကို တစ်ပတ်ရိုက်ထုတ်ပြီး ဟိုကောင်မနဲ့ နှစ်ပါးကြည်နေကြတာ"

နေခြည် ဒေါသကြောင့် အသားများဝင် တုန်ချင်သည်။

ရှက်လည်းရှက် မခံမရပ်နိုင်ဖြစ်၍ ကိုယ့်ကိုယ်ကိုလည်း ဘယ်လိုမှ ဖြေလို့မရပေ။

"အဲဒါ မမ ဆက်ကိုကိုကို မက်တာကိုး. . . တကယ်တော့ ရွှေတို့နှစ်ယောက်လုံး အဝင်လေဟပ်သွားတာ. . . ဆက်ကိုကိုတို့ ချက်ချင်းကြီးလာရောကြတာကို နည်းနည်းလေးမှ သံသယ မဝင်မိကြဘူး"

"သူတို့ကလည်း အရမ်းပိရတာလေ. . . ပလာဇာမှာ ငါတို့ကို တစ်နေ့တစ်နေ့ ဝယ်ခြမ်းပေးတာချည်းပဲ လေးသောင်းကျော် ငါးသောင်းမှန့်ဝင်စားရင် ရေတ်သီးလျှော့စားပါတို့ ကော်ဖီပလိန်းသောက်ရင် မွှေပေးတာတို့ ဒါမျိုးက ဟန်ဆောင်လို့ရသလား"

"ရလို့ပဲ ခု ရွှေတို့ ခံလိုက်ရတာပေါ့. . . ရွှေတောင်မှ စိုးရာဇာကို. . ."

ရွှေခြည် သာယာခဲ့မိတာ ကိုယ့်ကိုယ်ကို ခနဲ့မိသည်။

အမူအရာတွေ ကောင်းလိုက်ကြတာ အကယ်ဒမီ ပေးထိုက်ပါပေသည်။ ငွေကို ရေလိုသုံး၍ ပစ်ခတ်လှည့်စားသွားသည်။

အစကတည်းက ထိုသုံးယောက်ဆို အထင်ကြီးခဲ့ပြီးသား စိတ်ကသဘောယာမှုနောက် ကောက်ကောက်ပါခဲ့မိသည်။

ကိုယ့်ကို တကယ်မချစ်ဘဲ ဆွဲချင်ပြောချင်လို့ ဒီအချိုးမျိုး ချိုးသွားတာဆို ခံနိုင်ပါသေးသည်။

ကိုယ်က တစ်ဖက်သတ်ချစ်ခဲ့မိတာပဲလို့ ဖြေလိုက်မည်။

ငွေတွေအကုန်ခံ ကြင်နာမှုတွေနဲ့ မြှားယောင်းပြီး ခုကျတော့ ရယ်ပြုံးပြ နှုတ်ဆက်ရုံနဲ့ မျက်နှာလွှဲသွားကြတဲ့အဖြစ်။

ညီအစ်မနှစ်ယောက် အရှုံးဖြစ်ရပြီဆိုမှ သိလိုက်ရသည်က သူနဲ့ဆီကို တိုင်းဝင်္ဂာ နေ့တိုင်းရောက်လာသတဲ့။ ဆက်စပ်တွေးကြည့်လိုက်တော့ အဖြေက ရှင်းနေသည်။

ဘယ်လောက် ရှက်စရာ ကောင်းလိုက်ပါသနည်း။

"ရွှေကတော့ တစ်ယောက်ကို ပါးနှစ်ချက်စီလောက် သွားရိုက်ချင်တယ်. . ."

"တွေးကြည့်ရင် ဘာမှဆိုင်ကြသေးတာမှ မဟုတ်ဘဲပဲ. . . သူတို့က ငါတို့ကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောခဲ့တာမှ မဟုတ်တာ. . ကိုယ်ကသာ ပြောလာနိုးနိုးနဲ့ မျှော်လင့်ခဲ့ကြတာ. . . ပါးသွားရိုက်တော့ ဘယ်သူကခံမှာလဲ. . . အဲဒီခါကျမှ တစ်ရှက်ကနှစ်ရှက် ဖြစ်ဦးမယ်"

"ဟုတ်တယ်. . . ငါတို့ကို မပြောဘဲ. . . ကြိတ်လုပ်ရှားနေတာ ဘိုကောင်မကိုပဲ သေအောင်သတ်ရမှာ. . . ဒီတစ်ခါ ကြီးတော့ပြီး ရိုက်မယ် ဘမင်းမကျွေးဘဲထားမယ်"

"သမီးရေ လာဦး. . . နှစ်ယောက်လုံးလာခဲ့ မြန်မြန်"

နေခြည်တို့ ဖေဖေ့အသံကြောင့် အပြင်ကို ပြေးထွက်ခဲ့ကြသည်။

"လာကြ. . . ငါ့သမီးတွေ ဒီနေ့တော့ ကောင်းကောင်း စားစမ်းသတ်စမ်း ဟောဒီမှာ"

"ဘာတွေလဲ ဖေဖေ"

"လာကြ"

ဦးအောင်လွင်က လက်ထဲက စားစရာနဲ့ အထည်ဖိတ်တွေကို စားပွဲပေါ် သေချာတင်သည်။

ဒေါ်စုစုလွင်က ကျူညီဖြတ်ချပေးကာ စားစရာတွေကို သပ်သပ်ယူ၍ ထမင်းစားခန်းထဲ သွားပြီးထား၏။

တစ်သက်နဲ့ တစ်ကိုယ် ဖေဖေ အမြန့်စားစရာဝယ်ခြမ်းလာခဲ့သည်ဆိုတာ တစ်ခါမှ မရှိခဲ့ဖူးပေ။

ခုတော့ စားစရာအပြင် အဝတ်အထည်တွေပါ မနိုင်မနင်း ဝယ်ခဲ့လာသဖြင့် ညီအစ်မနှစ်ယောက် စောစောက ဒေါသတွေကို မေ့သွား

သည်။

"ကဲ. . . ပြောပါဦး. . . ရှင် မနေ့ကပဲ ညည်းနေသေးတယ်. . . ဒီနေ့ ဘယ်လို အဆင်ပြေလာတာလဲ"

"နိုင်ငံခြားနဲ့ ဖက်စပ်ကုမ္ပဏီကြီးတစ်ခု ထူထောင်ဖို့ မြေကွက်ရှာနေကြတဲ့ကိစ္စ မင်းကို ငါ ဟိုတစ်နေ့က ပြောပါရောလား"

"အင်းလေ"

"အဲ့ဒါ မြေကွက်ရှာတဲ့ကိစ္စ ငါနဲ့ ကိုသန်းစိန်နဲ့ တာဝန်ယူလိုက်တာ"

"ပွဲစားပေါ့"

"အေး. . . အဲ့ဒီသဘောပဲ. . . ဒါပေမယ့် အခု အဆင့်မြင့်တယ် ခြောက်ဦးစပ်မြေကွက် ခြောက်ကွက်ထဲက နှစ်ကွက်ကို ငါတို့ လိမ်ရောင်းလိုက်တာလေ"

"ဟင်"

"အို. . . မေမေကလည်း ပေါ်သွားမှဖြင့်"

ဦးအောင်လွင်က အောင်နိုင်သူအပြုံးနှင့် ခပ်မိန့်မိန့်ပြုံး၍ ခါးကြားက ဆယ်ယူလာဖုန်းကို စားပွဲပေါ် မြှုတ်တင်ကာ ဆိုဖာမှာ ထိုင်လိုက်၏။

"ဒီလိုလူတွေကို မပိုင်ဘဲ လုပ်ရဲပါ့မလား သမီးရယ်"

"နို့. . . မြေကွက်ပိုင်ရှင်ကရော"

"ပိုင်ရှင်က အမွှာညီအစ်မ တစ်ယောက်က မျက်မမြင်. . . ငါတို့က မြေကွက်တစ်ကွက်ကို နှစ်ဦးရောင်းထားတာ ဟား. . . ဟား. . . ဟား"

"ကိုအောင်ရယ်. . . ဒါမျိုးက ပေါ်သွားရင် မလွယ်ဘူးနော်"





"ပေါ်သွားလည်း ပူစရာမလိုဘူး. . . ကိုသန်းစိန်က မနက်ဖြန် နိုင်ငံခြားကို လစ်တော့မှာ သူဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး လက်မှတ်ထိုးရောင်းခဲ့တာက သူပဲ"

"ပိုင်ရှင်ကရော. . ."

"ပိုင်ရှင်လား. . . ပိုင်ရှင်က အမွှာညီအစ်မထဲက အကြီးက သူရဲ့ ဟိုဥစ္စာလေ"

"သြော်"

"အဲဒါကြောင့် ပြောတာပေါ့ ဒီကိစ္စက ဘာမှပူစရာ မရှိဘူးလို့"

"ဒါဆို ရှင်က အစွန်းအဖျားလောက်ပဲ စားရတာပေါ့"

"မဟုတ်ဘူး. . တစ်ယောက်တစ်ဝက်ပဲ၊ ပြီးတော့ အဲ့ဒီမြေကွက်မှာ စက်ရုံဟောင်းရှိတယ်လေ. . . စက်ရုံကို ဖျက်ပေးရတာဆိုတော့ အဲ့ဒီက အကျတွေ ပြန်ထုတ်တာလည်း ငါတို့ပဲရတာ"

"ဘယ်လောက်စီရလဲ"

ဦးအောင်လွင် ရုတ်တရက် မဖြေဘဲ ရယ်နေသည်။

အတော်ကြီးပွားလာတာ သေချာပြီမို့ ဒေါ်စုစုလွင် မျက်နှာကြီး ဝင်းလက်လာ၏။

"တီ. . . တီ. . . တီ"

စားပွဲပေါ်တင်ထားသည့် ဖုန်းကမြည်လာသည်။

ရွှေခြည်က ဖျတ်ခနဲ ကောက်ကိုင်လိုက်၏။

"ဖေဖေ့ကိုပေး သမီး. . . ဒါက သမီးတို့နဲ့ မဆိုင်ဘူး"

ဦးအောင်လွင်က ဆိုဖာမှာ အကျအန မှီချလိုက်ပြီး ဖုန်းကို လှမ်းယူလိုက်၏။

"ဟလို. . ."

"ဦးအောင်လွင် ထင်ပါတယ်"

"ဟုတ်ပါတယ်. . . မင်း ဘယ်သူလဲ"

ဖုန်းထဲက ရယ်သံသဲ့သဲ့ ကြားရ၏။

"ခင်ဗျာ ဝယ်ခြမ်းသွားတာတွေ စားသောက်လို့ ပြီးပြီလား"

"ဟင်"

"ကျွန်ုပ်က မိသားစု မရှိတဲ့သူဆိုတော့ ခုလောက်ဆို ခင်ဗျား မိသားစုနဲ့ စားသောက် ရယ်မောနေကြမှာပဲဆိုတာသိလို့ မဖျက်ဆီးချင်တာနဲ့ ဖုန်းကိုင်ပြီး ထိုင်စောင့်နေတာပါ. . . ဘယ်လိုလဲ ပြောလို့ရပြီလား"

ဦးအောင်လွင် ကိုယ်လုံးကြီး တပြည်းပြည်း ကြွက်သားထောင်မတ်လာကာ မျက်နှာကြီးသည် တင်းလာ၏။

"မင်း. . . မင်းဘယ်သူလဲ"

"ခင်ဗျားတို့ လုပ်သွားတာတွေကို သိတဲ့လူပေါ့. . . အခု ဦးသန်းစိန် ကျွန်ုပ်နားမှာ ရှိနေတယ်. . . ခင်ဗျားလိုတော့ မဟုတ်ဘူး. . . သူ့ ချွေးတွေပြန်နေတယ်"

"ဟင်"

ဦးအောင်လွင် ဆတ်ခနဲ တွန့်သွားသည်။

ချွေးတွေ ချက်ချင်းစို့တက်လာ၏။

ဒေါ်စုစုလွင်တို့သားအမိ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြကာ ဘာမှမသိရပေမယ့် နားလည်လိုက်ကြ၏။

"မင်း. . . မင်း ဘာတွေလာပြောနေတာလဲ. . .ကိုသန်းစိန်နဲ့ ငါ ဘာဆိုင်လို့လဲ"

လွှန်စွာခံရခက်သော ရယ်သံသဲ့သဲ့ကို ကြားရပြန်သည်။

"ဒီမှာ ဦးအောင်လွင် ကျွန်ုပ် ဘယ်သူလဲ ခင်ဗျားသိလား"

သန္တာမွန်စာပေ



"မ. . . မသိဘူး"

"ခင်ဗျား ခင်ပေါပေါကောင်လို့ ထင်ပြီးတစ်ပတ်နိုက်သွားတဲ့ အမိန့်ရှင်"

"အမိန့်ရှင်"

"ကျွန်ုပ် နိုင်ငံတကာဈေးကွက်တိုင်းမှာ ကျင်လည်လာတာ ကိုယ့်နိုင်ငံကျမှ ခင်ဗျားလိုလူ လှည့်စားတာကို ခံလိုက်ရရင် ရယ်စရာကြီး ဖြစ်သွားမှာပေါ့. . . ပြောမယ် ခင်ဗျား နားထောင် အခု မိုးချုပြီးတဲ့ စားစရာတွေကလွဲရင် ခင်ဗျား ဝယ်ခြမ်းသွားတဲ့ ရွှေထည် အဝတ်အထည် မိတ်ကပ်နှုတ်ခမ်းနီကအစ စာရင်းတစ်ခုမှ မလျှော့စေဘဲ စားပွဲပေါ်မှာ တင်ထားပါ ဟစ်နေရာမှာ သိမ်းဆည်းထားတဲ့ ငွေတွေကို အခု ချက်ချင်း ပြေးယူပြီး ခင်ဗျားရှေ့မှာချထား. . . ခင်ဗျားကို ကျွန်ုပ် တစ်နာရီတိတိ အချိန်ပေးမယ် စာရင်းနဲ့ ငွေကွက်တိ စာရင်းမပြနိုင်ရင် ခင်ဗျားတို့ကို ကျွန်ုပ် လိမ်လည်မှုနဲ့ ထောင်ချမယ်"

"နေပါဦး အမိန့်ရှင်. . . ကျွန်ုပ်"

"ဦးအောင်လွင် ကျွန်ုပ်က အပြစ်ရှိရင် ခွင့်မလွှတ်တတ်ဘူး. . . ဒါပေမယ့် အခု မြန်မာပြည်မှာ ပထမဆုံး ထူထောင်လိုက်တဲ့ လုပ်ငန်းမို့ အနှောင့်အယှက် မဖြစ်မသွားချင်တဲ့အတွက် ခင်ဗျား သက်သာသွားတာပဲ. . . ပြောတဲ့အတိုင်း မဖြစ်ခဲ့ရင် ခင်ဗျားနာပြီ"

"အမိန့်ရှင်. . . ကျွန်ုပ် ဝန်ခံပါ့မယ်. . . အကြီးအကျယ် မလုပ်ပါနဲ့. . . ဘယ်ကိုလာပို့ရမလဲ ပြောပါ"

"ကျွန်ုပ်လာမယ်"

ဦးအောင်လွင် ဖုန်းကိုင်ရင်း တောင့်တောင့်ကြီး ဖြစ်သွားလေသည်။ သူ့ကုတ်အင်္ကျီထဲမှာ မိန်းမနဲ့ သမီးတွေအတွက် ဝီနီလော့ကတ်နဲ့

ရွှေဆွဲကြိုးသုံးကုံး ရှိနေသည်။

နောက်မှ ဝမ်းသာအားရဖြစ်သွားရအောင် ဖြုန်းခနဲ ထုတ်ပြဖို့ဖြစ်၏။

ခုတော့ သူ ထုတ်ခွင့်မရခဲ့ပြီ။

သူ ပစ္စည်းတွေကို ခံပြင်းကြေကွဲစွာ ငုံ့ကြည့်ကာ အိတ်ထဲက ရွှေဘူးတွေကို ထုတ်၍ ပစ္စည်းပုံတွေနားမှာ ချထားလိုက်သည်။

“ဖေဖေ အဲ့ဒါဘာလဲဟင်”

“ဖုန်းထဲက ဘယ်သူလဲ ဖေဖေ”

“ဒါတွေကို မကိုင်ကြနဲ့တော့”

ဦးအောင်လွင် နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

သူ့မျက်နှာမှာ စောစောက သကာလောင်းထားသလို ချိုကြည်သောအပြုံးတို့ မရှိတော့ပေ။

အောင်နိုင်သူကဲ့သို့ ဂုဏ်ယူဝင့်ကြွားသော ရယ်မောခြင်းများလည်း ကွယ်ပျောက်ကုန်၏။

ဒေါ်စုစုလွင် ရွှေဘူးတွေမှန်းသိ၍ ကောက်ယူဖွင့်ကြည့်လိုက်သည်။

“ဟင်”

“အို. . . လှလိုက်တာ”

ဖအေ ဘာဖြစ်နေမှန်း မသိပေမယ့် မိန်းကလေးပီပီ လှတာလေးမြင်တော့ ဟျာဟျာသလဲ ဖြစ်သွားကြသည်။

တပ်မက်စိတ်များ ချက်ချင်း ဖြစ်ထွန်းလာကြကာ ဘူးတွေကို ကောက်ဖွင့်ကြည့်ကာ ဆွဲကြိုးတွေကို ထုတ်ကြည့်လိုက်ကြ၏။

“လှလိုက်တာ မမရယ်. . . ကြည့်ပါဦး”



“ဟုတ်ပ. . . ငါတို့မှာ ဆောက်ဖြတ်ကြိုးလေးတွေနဲ့ နေခဲ့ရတာ ထည်လဲဆွဲဖို့တောင် မရှိခဲ့ဘူး. . . ဖေဖေ ဒါလေး သမီးတို့ မရတော့ဘူးလားဟင်”

“ဟဲ့”

ဒေါ်စုစုလွင် မျက်နှာမသာမယာနှင့် လိုက်မာန်သည်။

ဦးအောင်လွင် မျက်နှာကြီးပျက်ပျက်နှင့် ခေါင်းခါယမ်း၍. . .

“ကိစ္စကပေါ်သွားပြီး သူ အားလုံးသိသွားပြီ ဘာမှမကိုင်ကြနဲ့တော့”

“ဖေဖေပဲ ပိုင်တယ်ဆို”

ဦးအောင်လွင် မျက်နှာသုန်မှုန်လာလျက်. . .

“သူ ဘယ်လိုလူစားဆိုတာ. . . ငါ လူကဲခတ်မှားသွားတာ”

ဦးအောင်လွင် ထွက်သွားလေသည်။

သူ တခြားမှာ လုံခြုံစွာ သိမ်းဆည်းထားခဲ့သော ငွေသိန်းပေါင်းများစွာကို သွားယူရပါမည်။

“ဘယ်သွားမှာလဲ ဖေဖေ”

“ရှင်က ဘယ်ထွက်သွားမှာလဲ”

“သူမလာခင် ငါ အားလုံးစုထားပေးရမှာ”

နေခြည် ဆွဲကြိုးကို ကိုင်၍ အံကလေးကြိတ်သည်။

ရွှေခြည် နှမျောတသစွာ တောက်ခေါက်၏။

မရတော့ဘူးဆိုမှ အထည်အိတ်တွေကို ဆွဲထုတ်ကြည့်တော့ တကယ့်အကောင်းစား အဝတ်အထည်တွေ။

“ကြည့်ပါဦး မေမေရယ်. . . ဖေဖေ သမီးတို့ဖို့ ဝယ်လာလိုက်တာ”

"မေမေ သနားပါတယ်"

"အဲဒါကြောင့် ညည်းကို့ တောင်မေးမြောက်မေး မလုပ်ဖို့ ငါတား တာပေါ့. . . ဖအေ ပြဿနာတက်နေတာ မသိတဲ့အတိုင်း ဒါမျိုးက ပုပ်ပ ကြီးနဲ့ တောင်ချလို့ရတယ် သိလား. . . ပစ္စည်းကို မက်မနေနဲ့ ဖအေ ဘာမှ မဖြစ်ဖို့ပဲ ဆုတောင်း"

ခေါင်းညိတ်၍ ပစ္စည်းတွေကို ပြန်ချထားလိုက်ရပေမယ့် နေခြည် နဲ့ ရွှေခြည် မျက်နှာလေးတွေကို ပျက်ကာ။

❁ ❁ ❁

## အခန်း (၂၄)

တဲပွဲပေါ်မှာ လက်ဆွဲတိတ်တွေ ကျွတ်ကျွတ်အိတ်နဲ့ အထုပ်တွေ ပုပုံလျက် မနည်းမနော တွေ့သည်။

မိသားစု စုလင်စွာ ဝိုင်းထိုင်နေကြလျက် ဦးအောင်လွင်က အတက်ရှိကျောင်းကို ဖွင့်ကြည့်ပြီးမှ ပြန်ပိတ်ကာ တဲပွဲစွန်းကို ရွှေ့ထားလိုက် ဘာလည်း မြင်သည်။ ဓါတ်ပိုင်းလို စကားတွေ ထွက်ထိုး၍ ဝိုင်းဖွဲ့ရယ်မော နေကြသည် မဟုတ်ဘဲ တိတ်ဆိတ် ငေးမှိုင်နေကြတာကိုလည်း သတိထား မိကာ သုန် ခြေလှမ်းကို ရှေ့ဆက်မတိုးဖြစ်တော့ဘဲ ဖြံထဲသို့သာ ပြန်ဆင်း လာခဲ့မိလေသည်။

ပန်းပင်တွေ ရေလောင်းပြီးပြီမို့ အပေါ်ပြန်တက်၍ တဖတ်ဖို့ မြင်ကာ စောစောကတည်းက ပေါ်တီကိုအက်ကို ရောက်ခဲ့တာဖြစ်၏။ သို့သော် အထဲကအခြေအနေကို အကဲခတ်၍ ဖြံထဲမှာပဲ နေနဲ့ရသည်။

အိမ်ပေါ်ကို ရှေ့ကပဲတက်တက် နောက်ကပဲတက်တက် သူတို့

မြင်ကွင်းထဲ ရောက်မှာပဲ သူတို့တွေ မကြည်မသာ ဖြစ်နေကြတုန်း သုန်ကိုယ်ရောင်မပြဝံ့ပေ။ သူမကို မြင်လိုက်သည်နှင့် အားလုံး၏ အဆင်မပြေခြင်းတွေ သူမအပေါ် စုပြုံကျလာမည်ဖြစ်သည်။

"အို. . .ဟိုမှာ ငှက်ကလေး တစ်ကောင်ပါလား"

အနက်နဲ့ အဝါရောင်လေး ကျားထားသော နှုတ်သီးချွန်ချွန်လေးနဲ့ ငှက်ကလေးတစ်ကောင်။

စာကလေးသာသာ အရွယ်လေးရှိသည်။

ဘာရယ်မဟုတ်ဘဲ ခြံထဲပြန်ဆင်း၍ အစိပ္ပာယ်မဲ့ လျှောက်လာမိတုန်း ငှက်ကလေးက သူမရှေ့သို့ ဘုတ်ခနဲ ပြုတ်ကျလာတာဖြစ်သည်။

ရုတ်တရက် အံ့အားသင့်သွားမိပြီးမှ သုန် ငှက်ကလေးကို ကြောက်လိုက်သည်။

လွန်စွာလှပသော်လည်း ဘာငှက်ကလေးမှန်း သုန် မသိပါ။

ထိုငှက်ကလေးဟာ ပြူးနက်ဝိုင်းစက်သော မျက်လုံးလေးများနှင့် သုန့်ကိုပြန်ကာ ကြည့်နေပြီး ငုံ့ကောက်လိုက်တော့မှာ ဟူးခနဲ ထပျံသွားသည်။

"ဟောတော့. . .ဟယ်. . ."

ငှက်ကလေးက အလှမ်းမကွာလှသည့်နေရာမှာ ဖက်ခနဲ ပြုတ်ကျပြန်သည်။ ထိုအခါကျမှ ဒဏ်ရာနဲ့ ငှက်ကလေးမှန်း သုန် နားလည်သွား၏။ သုန် အသာလေး ကပ်သွားသည်။

ငှက်ကလေးက စောစောကလိုပဲ အနားရောက်မှ ဟူးခနဲ ထပ်ပြေး၏။ ချစ်မြတ်နိုးသောစိတ်နှင့် သနားကြင်နာမိကာ သုန် အားမလျှော့ဘဲ လိုက်ဖမ်းနေမိသည်။

သို့သော် ငှက်ကလေးက ခြံဝဘက်သို့ ဟူးခနဲ ပျံပြေးသောအခါ



"ဟယ်. . . ဟိုမှာကား. . . မပြေးနဲ့လေ. . . ခဏခဏလေး"

သုန် စိုးရိမ်တကြီး ကားကိုလည်းလှမ်းတား ငှက်ကလေးကိုလည်း လှမ်းအော်မိကာ ပြေးလိုက်၏။

"ဟာ. . . ဟိတ်"

အမိန့်ရှင် ကားကို ချက်ချင်း ဘရိတ်အုပ်ပစ်လိုက်သည်။

ခြံတံခါး အဆင့်သင့် ဖွင့်ထားသဖြင့် သူ လွတ်လွတ်လပ်လပ် ကွေ့ဝင်လာခဲ့သည်။ ခဏလေး ခဏလေးဆိုသော အသံနှင့်လူက ကားရှေ့ ပြေးဝင်လာတာ တစ်ပြိုင်တည်း။ သူ့ကားရှေ့မှာ မိန်းကလေးတစ်ယောက် လဲကျသွားတာကို သိလိုက်သဖြင့် ကားပေါ်က ဆင်းလိုက်သည်။

သို့သော် သူထင်သလို ကားတိုက်ခံရကာ ဒဏ်ရာအနာတရနှင့် လဲကျနေသည် မဟုတ်ဘဲ မိန်းကလေးက ကားအောက်ထဲကို ကိုယ်တစ်ပိုင်းဝင်ကာ တစ်စုံတစ်ခုကို လှမ်းယူနေတာဖြစ်၏။

"ဟိတ်. . . ဘာလုပ်နေတာလဲ ထွက်ခဲ့စမ်း"

မိန်းကလေးအနားမှာ မုဆိုးဒူးထောက်ထိုင်၍ သူပါ ငုံ့ကြည့်မိ၏။ ကိုယ်လုံးလေး နောက်ပြန်ဆုတ်ကာ လက်ထုတ်လိုက်တော့ မိန်းကလေး လက်ထဲမှာ ငှက်သေလေး တစ်ကောင်။

"ရှင် တော်တော်ရက်စက်တယ် သိလား"

"ဟ. . . အသာလွတ်ကြီးပါလား. . ."

သူမိန်းကလေးကို သေချာကြည့်မိသည်။ တစ်ပင်ချင်း အောက်ခြေလေးတွေမှာ စိမ်းညို့နေသော မျက်ခုံးတန်းလေးနှစ်ဘက်က အမွှားလေးတွေနားမှာ အနည်းငယ် ကော့တက်နေသည်။ ရှည်လျားသော မျက်တောင်လေးတွေ တဖျတ်ဖျတ်ခတ်လျက်။ မျက်ရည်ဝဲနေသော မျက်ဝန်းလေးတွေက စုံဖြာ၍ ရွှန်းလဲ့နေကြ၏။

ထိုမျက်ဝန်းလေးများက သူ့ကို ခပ်စွေစွေ ခပ်စောင်းစောင်းလေး မေးစင်းကြည့်ပုံက ဂျစ်ကန်ကန် အသည်းယားဖွယ်ဖြစ်လေသည်။

"သုန် ခဏနေပါဦးလို့ တားနေတာကို အတင်းမောင်းလာတော့ ငှက်ကလေးကို ကြိတ်မိသွားတာပေါ့. . . သူ့ခမျာ ပျံနိုင်ရှာတာ မဟုတ်ဘူး"

အမိန့်ရှင် သဘောပေါက်သွား၏။ သူ့ကိုသူ သုန်ဆိုသော ကောင်မလေးက စူးစိုက်ကြည့်၍ ပြုံးမိသည်။

"ဆောရီး. . . ကိုယ်က ငှက်ကိုမမြင်ဘူး လူကိုပဲမြင်တာ"

နှုတ်ခမ်းလေးအစုံက အတင်းစေ့ပိတ်ထားပေမယ့် အလှမပျက်ဘဲ ပါးမို့လေးတွေ နှာတံချွန်ချွန် ထိပ်ဖျားလေးတွေမှာ နီရဲလာ၏။

သူမ ဒေါသဖြစ်နေသည်က စကားလုံးတွေ ထွက်ကျမလာပေမယ့် မျက်နှာလှလှလေးမှာ ထင်ရှားနေသည်။ သုန်သည် ငှက်ကလေးကို သနားကြင်နာစွာ ငုံ့ကြည့်ကာ. . .

"နင်က ငါခေါ်တာမှမလာဘဲ အတင်းပြေးတော့ ကားနင်းခံရတာပေါ့"

တစ်ယောက်တည်း တတွတ်တွတ်ပြော၍ သူ့ရှေ့မှ လှည့်ထွက်သွားလေသည်။

"ဟိတ် နေဦး"

အမိန့်ရှင် မိန်းကလေးရှေ့က ပိတ်ရပ်လိုက်၍. . .

"မနက်ဖြန် ဒီငှက်မျိုး ကိုယ်ပြန်လျော်ပေးမယ်"

မကျေနပ်သော မျက်လုံးလေးအစုံ လက်ခနဲ ပင့်တက်လာ၏။

သို့သော် ချက်ချင်း ပြန်လည် နှုတ်ခမ်းလျှိုမိန်ဖျော့လျက်. . .

"လျော်ဖို့မလိုပါဘူး. . . ဒါ သုန့်ငှက်မှ မဟုတ်တာ"





"ဒါပေမယ့် မင်း နှမြောနေတယ် မဟုတ်လား. . . ကိုယ့်ပြန်ပေးမယ်"

သုန် သူ့ကိုသေချာပြန်ကြည့်သည်။ သို့သော် ချက်ချင်း မျက်နှာလွှဲ၍ လှည့်ထွက်လာခဲ့၏။

သူမအတွက်သာ ဘယ်လူစိမ်းမှ အပိုစကားပြောဖို့ မကြိုးစားတာ အကောင်းဆုံး။

အမိန့်ရှင်သည် ကိုယ်လုံးသွယ်သွယ်လေးနှင့် နောက်ကနေ လှမ်းကြည့်၍ ကားပေါ်ပြန်တက်သည်။ သို့သော် သူ့မျက်လုံးများက သုန်ဆိုသော မိန်းကလေးထံမှာဘဲ မရွတ်သိမ်းဖြစ်ဘဲ ရှိလေသည်။

ခန္ဓာကိုယ်နွဲ့နွဲ့နှင့် လှုပ်ခပ်နွဲ့ခါသွားသော ကျစ်ဆံမြီးလေးနှစ်ဘက်က မျက်ဝန်းထဲမှာ ကဗျာတစ်ပုဒ်ဖြစ်သွားသည်။

စိုလက်နေသော နှုတ်ခမ်းပါးလေးအစုံကို သတိတရဖြစ်ခဲ့ရင်း သူ မပွင့်တပွင့် ပြုံးမိသည်။ ဘယ်ဘက်ရင်အုံထဲမှာ ခိုးလိုခုလုဖြစ်ကျန်ရစ်တာ မည်သည့်အရာပါသနည်း။

## အခန်း (၂၄)

ဆံင်ဝင်အောက်မှာ ပြောင်လက်နေသော ကားနက်ကြီး ထိုးရပ်သတာမြင်သည်နှင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။

"ဒို့လာပြီ"

ဦးအောင်လွင့် ခါးမတ်မတ်ဖြစ်ထိုင်ကာ အသင့်ဖွင့်ထားသည့် ဘံခါးဝမှ လှုရိပ်ပေါ်လာသည်နှင့် ဖျတ်ခနဲ ထရပ်လိုက်၏။

"လာပါ. . . ကျုပ် အားလုံးပြင်ဆင်ပြီးပါပြီ"

မြင်တွင်းထဲ ရောက်လာသူကို မြင်လျှင် ရွှေခြည်အနားမှာ ထိုင်နေသော နေခြည်ကို လက်ကုတ်လိုက်မိ၏။

နေခြည် မျက်တောင်တစ်ချက်မှ မခတ်မိဘဲ အမိန့်ရှင်ဆိုသော ပုဂ္ဂိုလ်ကို ငေးကြည့်နေမိသည်။

မြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ ဒီလောက်မြင့်တဲ့ အရပ်မျိုး ဒီတစ်ခါပဲ မြင်ဖူးသေးတယ်ဟုပြောလျှင် လွန်မည်မထင်။





ပြောင်လက်မည်းနက်နေသော ရှူးဖိနပ်ကို စီးထားလျက် ခပ်ပွပွ ဘောင်းဘီရှည် မီးခိုးရောင်နှင့် ကုတ်အင်္ကျီမီးခိုးရောင်ကို ရင်ဖွင့်ဝတ်ထား သည်။ အတွင်းမှာ အနီရဲရဲ စပို့ရှပ်နှင့် ပခုံးလောက်ထိရှည်သော ဆံပင် တွေကို နောက်မှာ စုချည်ထား၏။

ဘေးနှစ်ဖက်မှာ အနည်းငယ်တိုသော ဆံပင်တချို့ ပြန်လည် ကျဆင်းနေပုံက ကပိုကရိုဆန်ပေမယ့် လှမ်းကြည့်လိုက်သူကို စူးစိုက်မိ သွားအောင် ဆွဲဆောင်ထားနိုင်လေသည်။

သူသည် ဘယ်သူ့မှ ဂရုစိုက်နေသော ဟန်မရှိဘဲ လှမ်းဝင်လာ ခြင်းဖြစ်သည်။ မြင်လိုက်တာနှင့် ရှိန်ကျသွားစေနိုင်သော တင့်တယ်ခမ်း နားခြင်းမျိုးလည်း သူ့မျက်နှာမှာ ရှိသည်။

ဒေါ်စုစုလွင် ကိုယ်တိုင် သူ့မှ ထင်မှတ်မထားခဲ့သော အရွယ်ပုံ စံနှင့် တကယ်ရောက်လာသူကို စူးစိုက် အကဲခတ်နေမိဆဲဖြစ်၏။

ထူထဲတန်းနက်သော မျက်ခုံးနှင့် စူးရဲသော မျက်လုံးတွေက ရဲ ရင့်နေသည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး နေရာများမှာ ရိပ်သင်ထားသလို စိမ်းမှောင်နေ၏။

"ထိုင်ပါ. . . အမိန့်ရှင် သမီးတို့ စားစရာ တစ်ခုခုသွားလုပ်ပါ"

"ရတယ် မလိုဘူး"

အမိန့်ရှင်က နေခြည်ရဲ့ ရှေ့တည့်တည့်မှာ ဝင်ထိုင်၍ စားပွဲ ပေါ်က ပစ္စည်းတွေကို ကြည့်သည်။

ဦးအောင်လွင် ရလသံကို အစွမ်းကုန် လျှော့ချထားကာ. . .

"ဟောဒီမှာ စာရင်းလည်း လုပ်ထားပြီးပါပြီ. . . ဒီမှာ ပစ္စည်းတွေ နဲ့ငွေပါ စိတ်ကြိုက်စစ်ကြည့်ပါ. . . ကျုပ် မှားသွားပါတယ်. . . အဲ့ဒါကို ထပ်ပြီး တောင်းပန်ပါတယ်. . . ကျုပ်က. . ."

"ခဏနေဦး"

အမိန့်ရှင်က လက်ကာပြလိုက်ပြီး ရွှေဘူးသုံးဘူးနဲ့ အမျိုးသမီး သုံးယောက်တို့ တစ်ချက်စေ့ကြည့်သည်။

"ခင်ဗျာ ဘယ်လောက်သုံးထားသလဲ"

"ဒီမှာ စာရင်းလုပ်. . ."

"မေးတာကိုပဲ ဖြေပါ"

"ကိုးသိန်းရှစ်သောင်း"

"ဘယ်လောက် ကျန်သလဲ"

"နှစ်ရာ့ကိုးဆယ်နှစ်"

"ခင်ဗျား သုံးရာယူထားတယ်ပေါ့"

"ဟုတ်ပါတယ်. . . ကျွန်ုပ် သူပေးသလောက်ပဲ ရတာပဲ. . . သူမှာ. . ."

"နေဦး"

အမိန့်ရှင် မျက်လုံးတစ်ချက်မှိတ်၍ တွက်သည်။

တိုစိပ်သော မျက်တောင်မည်းလေးတွေကို နေဖြည် သတိထား ကြည့်မိ၏။

သူမ စိတ်သည်လက်ရှိ ဖြေရှင်းနေသော ပြဿနာရပ်ထဲမှာ မရှိပါ။ အမိန့်ရှင် ဖျတ်ခနဲ မျက်လုံးပြန်ဖွင့်ကာ. . .

"ခင်ဗျားတို့နှစ်ယောက်မှာ တစ်ယောက်ကတော့ လိမ်ပြီ"

"ဟာ. . . ကျွန်ုပ်. . . ကျွန်ုပ်မလိမ်ပါဘူး. . . ခုနတင်ပဲ အိမ်ပြန် ရောက်တာပါ. . . ဗီးဗိုထဲမှာ စားစရာတွေတောင် မစားရသေးပါဘူးကွယ် တကယ်ပြောတာပါ"

"ဦးသန်းစိန် ဝန်ခံထားတာ လေးရာ. . သုံးရာကွာနေတယ်. . ."





"ဟာ. . . အမိန့်ရှင် အဲ့ဒါတွေ ကျွန်ုပ် ဘာမှမသိပါဘူး. . . သူ ပေးသလောက်ပဲ ယူခဲ့တာပါ. . . ကျွန်ုပ် ပါဝင်ကြံစည်ခဲ့တုန်းကလည်း အဲ သလောက်များမှန်း မသိခဲ့ပါဘူး"

"ထားလိုက်ပါ. . . အခု ခင်ဗျား ကျွန်ုပ်နဲ့ ခဏလိုက်ခဲ့"

"ဟင်"

"တို့. . . သားရယ်. . . အန်တီတို့ယောက်ျား. . . တကယ့်ကို မသိ တာပါ. . . ခုနကမှ ဒီပစ္စည်းတွေ သူဝယ်လာတာပါကွယ်. . . အိမ်မှာ ဘာမှလည်း ဖွက်မထားပါဘူး. . . မယုံရင် ဝင်ရှာကြည့်ပါ"

အမိန့်ရှင် နှုတ်ခမ်းစေ့၍ စူးစိုက်ကြည့်ရင်း ထရပ်လိုက်သည်။

"မှန်ရင်. . . အမှန်အတိုင်း ဖြစ်လာမှာပါ. . . ကျွန်ုပ် ခွင့်လွှတ် လိုက်တဲ့ ပထမ တစ်ထစ်ပြီးသွားပြီ. . . နောက်ထပ် မရိုးသားတာကတော့ မရိုးသားတဲ့သူခံရမှာပဲ. . . ကျွန်ုပ်ထပ်ပြီး သဘောထားကြီးဖို့ စိတ်ဆန္ဒမရှိ တော့ဘူး"

"မဟုတ်သေးပါဘူး သားရယ်. . . အန်တီ ပြောပါရစေ"

"မလိုက်နဲ့တော့ စုစု"

ဦးအောင်လွင်က အမိန့်ရှင် ထွက်သွားတဲ့ နောက်ကိုလိုက်ဖို့ ခြေလှမ်းပြင်ပြီးမှ နောက်ပြန်လှည့်ပြောသည်။

"ဒီကိစ္စမှာ ငါ ရိုးသားစွာ ဝန်ခံပြီးပြီ. . . ဘာမှဖြစ်ဖို့ မလိုပါဘူး မပူပါနဲ့"

"မဖြစ်ဘူးပဲထား. . . သူအမှုဖွင့်လိုက်ရင် ရုံးရောက်ဂတ်ရောက် နဲ့ အားလုံးလိမ်လည်မှုနဲ့ အရှက်တွေကွဲတုန်မှာပေါ့ရှင်. . . ဒီမှာ သမီးပျို လေးတွေနဲ့. . ."

"ဖြစ်လာမှာတော့ ဘာမှမတတ်နိုင်တော့ဘူး စုစု. . . ငါလည်း

ချောင်မလားလို့ လုပ်လိုက်မိတာပဲ. . . ဒါပေမယ့် တောင်းပန်လို့ မရနိုင်တဲ့လူမျိုးကို မင်းတို့တောင်းပန်နေလည်း အဝိုပဲ မထူးမယ့်အလုပ်ကို လုပ်မနေနဲ့တော့"

"ဖေဖေ"

ရွှေခြည် ဖအေနား ပြေးကပ်၍. . .

"ရအောင် တောင်းပန်ပါ ဖေဖေရယ်. . . အမှုဖွင့်လိုက်ရင် သမီးတို့ ရှက်လို့သေလိမ့်မယ်"

မိန်းမပျိုလေးတွေ ရှေ့မှာထားပြီး ဖအေတစ်ယောက်လုံးတောင် မထောက်မညှာ ပြောသွားရဲသူကို သူမတို့ ဘယ်လိုစကားလုံးမျိုးနဲ့ ဝင်ရောက်တောင်းပန်ရမှန်းလည်း မသိခဲ့ပါ။

ရှက်ရွံ့အားငယ်မှုများနှင့် ပါးစပ်ပိတ် နှုတ်ဆိတ်နေခဲ့မိတာဖြစ်၏။ ထိုပုဂ္ဂိုလ်ငယ်သည် ခြေဖျားမှ ဆံဖျားထိကြီးစွာသော မာန်မာနများ ပြည့်လျှမ်းကာ သူ့မျက်ဝန်းများမှာ မိုန်ဖျော့ရီဝေသွားခဲ့သည်မရှိ ကိုယ်ဟာ သမီးများရဲ့ အရှင်ပေမယ့် ရောက်လာသော ဒေါသများနဲ့ လူငယ်တစ်ယောက်အပေါ် ဘယ်လိုနည်းနဲ့မှ ဖြားယောင်းနိုင်ခြင်းမရှိခဲ့သည့်အဖြစ်အတွက် အားမလိုအားမရ ဖြစ်နေမိလျက်ရှိတော့သည်။

❁ ❁ ❁



## အခန်း (၂၅)

"သုန်ဆိုတဲ့ မိန်းကလေးကိုပါ"

"ဟင်. . . ဘယ်သူကလဲ"

" Mr.Chark "

"မစ္စတာချက်စ်ဆိုတာ အန်ကိုတို့မှ မသိတာ"

လှမ်းပေးနေသည့် အလွန်လှပသော ငှက်ကလေးထည့်ထားသည့် လှောင်ချိုင့်လေးနဲ့ နီစွေသော အရောင်များချည်းပါသော နှင်းဆီ. . .နှင်းစည်းကို ဘာမှန်းမသိပေမယ့် လှမ်းယူလိုက်မိရင်း ဒေါ်စုစုလွင် သိချင်ဘာကိုပဲ မေးနေမိလေသည်။

" Mr.Chark ဆိုတာ အမိန့်ရှင်ဆိုတဲ့ ကျွန်တော့် Master ပါ"

"အမိန့်ရှင်"

"ဟုတ်ပါတယ်. . . ဒါတွေကို သုန်ဆိုတဲ့ မိန်းကလေးကို ပေးဖို့ သေသေချာချာ မှာလိုက်တာပါ. . ."

ဒေါ်စုစုလွင် 'အမိန့်ရှင်' ဆိုသည်မှာ နားမည်ကြားသည်နှင့် ဒေါသဟာ ထောင်းခနဲ ဖြစ်သွားသည်။

သုန်ဆိုတဲ့ မိန်းမနဲ့ သင်းက ဘာကြောင့် ပတ်သက်သွားရပြန်သလဲ၊ ဘယ်လိုမှ မထင်မှတ်ဘဲ သုန်ဟာ တကယ့်အရေးပါ အရာရောက်သော အခန်းကဏ္ဍများမှာ ရောက်ရောက်နေတတ်သည့် အဖြစ်အတွက် မခံချင်ဒေါသများကို ဘယ်လိုမှ ထိန်းချုပ်လို့မရပေ။

ညက ဖအေပြန်ရောက်မလာ၍ သမီးနှစ်ယောက် မိုးလင်းသည်နှင့် ထွက်လိုက်သွားကြသည်။ ဘာသတင်းများ ကြားရမလဲလို့ သူမမှာတော့ တမျှော်မျှော် ရောက်လာတော့ မျှော်နေတဲ့သူတွေ မဟုတ်ဘဲ သုန့်အတွက် ဖြစ်နေပြန်ရော. . .

"ရတယ်လေ. . . အန်တီပေးလိုက်မယ်. . ."

" Master က သူ့လက်ထဲကို ထည့်ပေးဖို့ ကျွန်တော့်ကို မှာလိုက်လို့ပါ"

သူ့ရှေ့မှာ သုန့်လက်ထဲသို့ ထည့်ပေးတာ မမြင်လျှင် ဖြစ်မှာမဟုတ်သည့် ပုံစံမျိုးဖို့ ဒေါ်စုစုလွင်ဒေါသကို ပြန်လည်မျိုသိပ်ကာ. . .

"သုန်ရေ"

"ရှင် လာပါပြီ"

သုန် ချက်ချင်းပြေးထွက်လာသည်။

ငှက်ကလေးနဲ့ လှောင်အိမ်လေးကို မြင်တော့ မျက်လုံးလေးဝိုင်းသွား၏။ ဒေါ်စုစုလွင် မျက်လုံးများက မီးတောက်မတတ် ဖြစ်နေသော်လည်း လေသံက လွန်စွာ ရိုးသားသော တည်ငြိမ်ခြင်းများနှင့်. . .

"ဒီမှာ အမိန့်ရှင်က ပေးခိုင်းတာတဲ့ ဘယ်တုန်းက သိလိုက်တာလဲ. ."





ထိုမေးခွန်းအချိန်ကို သုန် နားလည်လိုက်သည်၊ ရပ်နေသည့် လှငယ်လေး ပြုံးချိုစွာ နှုတ်ဆက်၍ ပြန်သွားသောအခါ. . .

"ဖြန်း"

"အား. . ."

သုန့် ပါးတစ်ဖက် ကျိန်းစပ်ပူလောင်သွားသည်။

"ပေးစမ်း"

ဒေါ်စုစုလွင်က လှောင်အိမ်နဲ့ ပန်းစည်းကို ဆောင့်ဆွဲယူကာ အားနဲ့လွဲ၍ ကိုင်ပေါက်ပစ်လိုက်သည်။

သို့သော် လှောင်အိမ်ကလည်း ပွင့်မသွားပေ။

ပလပ်စတစ် အကြည်သားနဲ့ ပါကင်ပိတ်ထားသည့် ပန်းစည်းကလည်း ပျက်စီးမသွား။

"မိသုန် ညည်း ခြေလှမ်းတွေ သွက်လှချေလား ဟင်. . . မှန်းလိုက်တာလည်း တကယ့် ဂရိတ်တွေချည်းပါပဲလား. . . ညည်းက ငါ့သမီးတွေကို သက်သက်စိန်ခေါ် အရှက်ခွဲပြနေတာလား ပြောစမ်း"

"မဟုတ်ပါဘူး အန်တီစုစုရယ်. . . သုန်. . . သုန် အမိန့်ရှင်ဆိုတာကို လုံးဝမသိပါဘူး"

"ဘာမသိတာလဲ. . . သိလို့အခု ဒါတွေရောက်လာတာပေါ့. . . ကုတ်ကမြင်းမ နင့်ကို ငါ ဒီနေ့သတ်ပြမယ် ကြည့်"

ဒေါ်စုစုလွင် အိမ်မှာအဆင်မပြေ စိတ်ညစ်သမျှ ကြိတ်မှိန်းထားရ၍ သုန့်ခြေထောက်တွေကို တအားလွှဲရိုက်ပစ်သည်။

"ရှွမ်း. . . ရှွမ်း"

"အား. . . သုန် ကြောက်ပါပြီ ကြောက်ပါပြီ အန်တီစုစု"

"ဘာကြောက်တာလဲ. . . ပြောလိုက်ရင် ပါးစပ်က သူတော်

ကောင်းသံနဲ့ လူယုတ်မာမ နင့်ကို ငါ လုံးဝမညှာတော့ဘူး. . . ကဲ. . . ကဲ ဟယ်"

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း"

"အား"

သုန် ကြမ်းပြင်ပေါ်မှာ လူးလူးလိမ့်လိမ့် ဖြစ်နေသည်။

ထိနေတဲ့နေရာ လွှဲရိုက်နေသဖြင့် လက်မောင်းနဲ့ရင်ဘတ် ပေါင်ပြင်တွေမှာပါ ရိုက်ချက်တွေ ထိကုန်သည်။

သုန့်ကိုယ်မှာ အရွှိုးရာတွေ မြင်မကောင်းတော့ပေ။

ထိုစဉ် နေခြည်တို့ ညီအစ်မသုံးယောက် ပြန်ရောက်လာကြ၏။

"ဘာဖြစ်နေတာလဲ မေမေ"

သုံးယောက်လုံး အိမ်ပေါ် ပြေးတက်လာကြ၏။

"ဘာဖြစ်ရမှာလဲ. . . တပင်တိုင်မင်းသမီးကြီးလေ ဟောဟိုမှာ အမိန့်ရှင်က ပို့ပေးလိုက်သတဲ့ ငှက်လှောင်အိမ်နဲ့ ပန်းစည်း"

"ဘာ"

"အံမယ် သူ့ကို"

"ဟုတ်တယ် ဟုတ်တယ် ငါတောင် အမိန့်ရှင်ဆိုတာ ဘာမှန်း မသိဘူး"

"သူတို့က ထိကုန်ငြိကုန်ကြပြီ. . . ကောင်းကြသေးရဲ့လား"

နေခြည် လက်ထဲက ပိုက်ဆံအိတ်ကို ဆိုဖာပေါ် ဖြစ်သလို လှမ်း ပစ်လိုက်၏။

"ကိုယ်ကမှန်းလိုက် သူက သုတ်သွားလိုက်"

"ကိုယ့်စိတ်ကူးထဲမှာ မရဲတရဲပဲရှိသေးတာ သူကပိုင်ပြီ"

တစ်ကိုယ်လုံးမှာ ရှိသမျှ သွေးတွေ ပွက်ပွက်ဆူလာ၏။ ဒေါ်စုစု





လွင် လက်ထဲက ကြက်မွေးတံကို လက်ပြောင်းယူကာ. . .

"ရွှမ်း. . . ရွှမ်း"

"အား. . . အမလေး"

"ဘာခုမှ လျှောက်လိမ့်နေတာလဲ ကောင်မ. . ."

နွေခြည်က သုန့်ဆံပင်တွေကို မပြေနိုင်အောင် စုဆွဲထားပေး ၏။ စုစုအောင်လွင်က ပခုံးတစ်ချက်တွန်းကာ အပေါ်ထပ် ဆက်တက် သွားလေသည်။ သုန် သတိလစ်မေ့မျောသွားလေသည်။

သို့သော် ဝန်တိုမျက်ရှနေကြသော တောက်ခေါက်သံတို့ ရှိနေ ဆဲ။

❁ ❁ ❁

## အခန်း (၂၆)

"သူ ကျောင်းမတက်တာ သုံးရက်ရှိပြီ"

"ဟုတ်တယ်. . . ဟိုနှစ်ယောက်ကလည်း ငါတို့ကို သိပ်မကြည်ဘူးကွ. . . နည်းနည်း အရှိန်ထိန်းလိုက်တော့ သူတို့ရိပ်မိသွားတယ် ထင်တယ်. . . မသိန်းလို့လည်း မရဘူး. . . ငါမှာ နိုးနိုးက မေမေ့ကို တိုင်မယ် ခွတ်ဖြစ်နေလို့ သိသိသာသာပဲ နောက်ဆုတ်လိုက်ရတယ်. . . ဆောရီးကွာ. . ."

"ရပါတယ်. . . မင်းတို့ ဒီလောက်ကူညီခဲ့တာကိုပဲ ငါကျေးဇူးတင်ပါတယ်. . . သုန်နဲ့ ငါအဖြစ်က စပြီးဆုံဆည်းကြကတည်းက ကံအဆင်မပြေခဲ့တာ. . . သူတို့သိသွားပြီဆိုတော့ သုန့်ကို နှိပ်စက်ကြမယ် ထင်တယ်. . . အဲဒီအတွက် ငါစိတ်ပူနေတယ်ကွာ. . . သုန် ကျောင်းမတက်နိုင်တာ အဲဒီအတွက်ကြောင့်များလား မသိဘူး. . . သုန့်ကို ငါ နှိပ်စက်သူလိုဖြစ်နေပြီ"





ပြီးတော့မည့် မိုးလိုညိုမှောင်နေသော တိုင်း မျက်နှာကိုကြည့်၍. . .

ဆက်ကိုကို သက်ပြင်းချမိသည်။

"ကောင်မလေးက သနားစရာ ကောင်းတာတော့ အမှန်ပဲကွ. . . နိုးနိုး ပြောပုံအရဆို နေခြည်တို့ကို လက်တုန်ခြေတုန်ဖြစ်အောင် ကြောက်ရတာတဲ့"

"သူ ဘာဖြစ်လို့ ဒီလောက်ထိ ကြောက်ရတာလဲ"

"ငါတို့လည်း အဲဒါတွေးမိတယ်. . . အဲဒီတိုက်တွေ ကားတွေ အားလုံး သုန့်မိဘပိုင်ပစ္စည်းတွေဆိုတာ လူတိုင်းသိတယ်ကွ. . . သူတို့ကို အစက ကားဂိုဒေါင်မှာ ထားတာတဲ့. . . သုန့်မိဘတွေ ဆုံးကုန်တော့မှ အားလုံး ပြောင်းလဲကုန်တာတဲ့"

"ဒါကို သူဘာဖြစ်လို့ ဒီလောက်ကြောက်ရမှာလဲ"

"ရှင်းနေတာပဲကွ. . . ကလေးဘဝလေးနဲ့ သူတို့လက်ထဲရောက်တော့ ဘယ်လောက်ထိ နှိပ်စက်နေကြသလဲမှ မသိတာ. . . သုန့်ကို စာသင်ပေးနေကြတာလည်း ပတ်ဝန်းကျင်ကြောင့် လူပြောလွတ်ရုံလေးပေါ့ကွာ. . . ဒီပြင် ဘယ်ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့မှ သုန့်ကို ထိစပ်ခွင့်မပေးဘူးတဲ့ကွ. . . အဲဒါကြောင့် ပညာတော့တော်တယ်. . . အသိဉာဏ် အလင်းရောင်နည်းပြီး သူတို့ပြုသမျှ နုနေတာပေါ့"

မာဓီ လက်မခံနိုင်တာ ဒါပဲဟု စိတ်ထဲမှာ ဆွေးကျသွားမိသည်။ အညွန့်ချိုးခဲ့တဲ့ သုန့် အသိဉာဏ်ပညာ အဖူးအညွန့်ကလေးကို ပြန်လည်သန်းဆန်းလာအောင် သူအတော်ကြီး ကြိုးစားရလိမ့်မည်။

အထူးသဖြင့် ထိုအသိုင်းအဝိုင်းနှင့် ပတ်သက်မှုပဲ ဖြစ်သည်။

"မင်း ဘာလုပ်ချင်သလဲ တိုင်း. . ."

"ငါ သုန့်ကို လွမ်းတယ် အရမ်းတွေ့ချင်တာပဲ. . . သူ့ဆီသွားချင်တယ်ကွာ"

ဆက်ကိုကိုက အံ့ဩဟန်နှင့် ဖျတ်ခနဲကြည့်၏။

"သွားချင်တယ်"

"ဟုတ်တယ်"

"မင်း သူ့ကို သနားတယ်ဆိုရင် သွားဖို့မကြိုးစားသင့်ဘူး တိုင်း မင်းတိုရော သူကာထွက်တွေ့နိုင်မှာမို့လား. . . ကောင်းကျိုးထက် ဆိုးကျိုး ဖြစ်ဖို့ပဲရှိမယ်"

တိုင်း မျက်မှောင်ကုတ်လျက် ငြိမ်ကျသွားသည်။

"မင်း သူ့ကို ညှာတာဖို့ စိတ်ကူးရင် မသွားပါနဲ့ကွာ. . . မင်းကြောင့် သူအရိုက်အနှက်ခံရရင် ချစ်တာက နစ်ရာကျမှာပဲ. . . ခု သူကျောင်းမတက်နိုင်တာလည်း ဒီကိစ္စပဲဖြစ်မှာပဲ"

"ဖုန်းလည်း ဆက်လို့မရ. . . လူလည်း မမြင်ရနဲ့ ငါ မနေတတ်ဘူးကွာ"

ခုံတန်းနောက်မှီမှာ မျက်နှာလှန်တင်လိုက်တော့ အပွင့်ဖြူဖြူလေးတွေနဲ့ တင့်တယ်နေသော စွယ်တော်ပင်ကြီးက သူ့ကို ငုံ့ကြည့်ကြင်နာနေဟန်နှင့် လေညှင်းနုနုကို ဖန်ဆင်းပေးနေပြန်သည်။

ခုတော့ ပန်းစွယ်တော်တောမှာ သူတစ်ယောက်တည်းပါလားလွမ်းလိုက်တာ သုန်ရယ်. . .

ဆက်ကိုကိုက လွယ်အိတ်ကို ရင်ခွင်မှာ ပွေ့ပိုက်၍. . .

"သုန်နဲ့ မင်းရဲ့ ရွှေရေးကို ငါ အစောကြီးကတည်းက မြင်တယ်ဒါပေမယ့် ဖျက်ကောင်းတဲ့အရာမဟုတ်လို့ ငါကြည့်နေခဲ့တာ. . . အထူးသဖြင့် မင်းမာမီနဲ့ မဖြစ်ဘူးဆိုတာပေါ့. . . အန်တီဇင်က သုန့်ဘက်





သူ ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး. . . အဖက်ဖက်က စဉ်းစားပါ သူငယ်ချင်းရာ"

"ငါစဉ်းစားသမျှ သုန့်ကို မစွန့်လွှတ်နိုင်ဘူးဆိုတဲ့ အဖြေပဲရတယ် ငါ သုန့်ကို ရွှဲရွှဲလမ်းလမ်းကို ချစ်ခဲ့တာ ဆက်ကို. . . ဘယ်သူဖျက်ဖျက် သုန့်ကိုတော့ ငါရအောင်ယူမှာပဲ"

"ဒါပေမယ့် မလွယ်ဘူးဆိုတာတော့ မင်းသိမှာပါ. . . ဘာဖြစ်လို့လဲဆိုတော့ မင်းဘက်က အဆင့်သင့်ဖြစ်ဦး သုန့်ဘက်ကို မင်း မငဲ့လို့မရဘူး. . . နှစ်ဦးနှစ်ဖက် ညှိလို့ရဖို့က သုန့်စိတ်ကို မင်းစည်းရုံးနိုင်ဖို့ ကိုးဆယ်ရာခိုင်နှုန်းက မသေချာဘူး. . . သူ့စိတ်ထဲမှာ အကြောက်တရားကလွဲလို့ ဘာမှရှိမှာမဟုတ်ဘူး. . . အဲဒါ ငါပြောရဲတယ်"

"မင်းက တကယ်တမ်း ဖြစ်လာရင် သုန် ငါ့ဘက်ကရှိမှာ မဟုတ်ဘူးလို့ ပြောတာလား"

"သေချာတာပေါ့. . . မင်းတို့ စတွေ့ကြတုန်းက အဖြစ်ကိုပဲကြည့် ငါတို့ နိုးနိုးနဲ့ ဆက်စပ်မိလို့ အဖြစ်မှန်ကို သိခဲ့ကြတာပဲ. . . မဟုတ်ရင် သူလုပ်ပုံနဲ့ သူ့သိက္ခာတွေ ရေစုန်မျောပြီလေ. . . ဒါမျိုး သူလုပ်ငံ့ကတည်းက တစ်ဖက်က ဖိအားထဲမှာ သူဘယ်လောက်ထိ နစ်မြုပ်နေပြီလဲဆိုတာမှန်းကြည့်လို့ရတယ်. . . ပြီးတော့ မင်းဟာမင်း ကင်းပဲဖြစ်ဖြစ် ဘာကောင်ပဲဖြစ်ဖြစ် ဒီပြင်မိန်းကလေးတွေလို သူ မင်းကို မက်မက်မောမော ရှိခဲ့လို့လား. . . မင်းက ကာယကံရှင်ပဲ ပိုသိမှာပေါ့ကွာ. . . ချစ်တယ်ဆိုတဲ့ သူ့စိတ်ထဲမှာတောင် ကြောက်လန့်နေတာတွေ စီးမျောနေတယ်. . . အဲ့ဒါ မင်းမယုံမရှိနဲ့"

တိုင်း ငေးမှောနေလေသည်။

သုန် သူ့ကို သတ္တိရှိရှိ ချစ်ရဲဖို့အတွက် သူ့ဘက်က ဆွဲအားလိုမှ

သည်လား။

"တစ်ခုတော့ရှိတယ်. . . သူ့အသိုက်အဝန်းထဲက သူကိုယ်တိုင် အစွမ်းကုန် ခံစားတံ့ပြန်ပြီး သူ့ဆုံးဖြတ်ချက်နဲ့ သူကန့်ထွက်လာတဲ့ တစ်နေ့ အဲ့ဒီ နေ့စွဲရဲ့ နောက်မှာတော့ သူ့စိတ်တွေ ပြောင်းလဲလာမှာပဲ. . . ဒီထဲမှာ မင်းဖန်တီးဖို့ လုံးဝမလွယ်ဘူးဆိုတာ. . . ငါပြောရဲတယ်"

ဆက်ကို ပြောသမျှကို သူလက်ခံသည်။

သို့သော် ဘယ်လိုဖြစ်ဖြစ် သုန့်ကိုသူချစ်သည်။

## အခန်း (၂၉)

"ပတ်ဝန်းကျင် အားလုံးသိပါတယ်. . . အဲ့ဒီတိုက်နဲ့ခြံ စီးနေတဲ့ ...ား သူတို့လုပ်နေတဲ့ လုပ်ငန်းရော အားလုံး လက်ဝဲသုန့်ဆိုတဲ့ ကောင်မ ...လေးရဲ့ မိဘများပိုင်တာပါ. . . လူကြီးတွေ သေကုန်ကြတော့ သူတို့က ...ိုင်ရှင်လုပ်ပြီး ကလေးမလေးကို စောင့်ရှောက်သလိုလို ထိန်းသိမ်းသလိုလို ...့ အားလုံး အပိုင်စီးထားကြတာ. . . ဒိုပြင် ဆွေနီးမျိုးစပ်လိုလို ဟာတွေရှိ ...ကြပေမယ့် ဦးအောင်လွင်က ကောင်မလေးရဲ့ အဖေနဲ့ ညီအစ်ကိုဝမ်းကွဲ ...ာက်နေတာဆိုတော့ အရိပ်အမြွက် သိနေကြပေမယ့် ဘယ်သူမှ ဝင်မစွက် ...ကြဘူးပေါ့. . ."

သူ စီးကရက်တစ်ရှိုက်ငုံထားပြီး ခပ်ဖိုင့်ဖိုင့် အမျိုးသမီးကြီးကို ...းစိုက်ကြည့်သည်။ ထိုအမျိုးသမီးကြီးသည် ဦးအောင်လွင်တို့အိမ်မှာ ...နေ့ခဥ် အဝတ်လျှော် မီးပူတိုက် ဝင်ထွက်နေတဲ့သူ။

သူ စီးကရက် မီးခိုးတွေကို ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်ပြီး. . .

"ဦးအောင်လွင်က သူ့တူမကို ဂရုမစိုက်ဘူးလား"

"အခေါ် သိသလောက်တော့ မဆိုင်သလိုနေတာပဲ ရှိတယ်. . . ကောင်မလေးကိုတော့ ထင်တိုင်း နှိပ်စက်နေကြတာပဲ. . . တစ်ခါတလေ များဆို အမဲဖျက်သလိုပါပဲကွယ်. . . ကောင်မလေးကို သားအမိနှစ်ယောက် ဝိုင်းရိုက်ကြတာ သတိတောင်လစ်ခဲ့ရှာတယ်"

အမိန့်ရှင် မျက်ခုံးတစ်ချက် တွန့်ခနဲ ဖြစ်သွားသည်။

စီးကရက်ကို ပြာခွက်ထဲမှာ ထိုးချေပစ်လိုက်၏။

"သူက ဘာမှမတုံ့ပြန်ဘူးလား"

"ဘယ်တုံ့ပြန်ရဲပါ့မလဲကွယ်. . . ဟိုငယ်ငယ်ကတည်းက အနိုင်ကျင့်လာကြတဲ့ဟာ ငယ်ကြောက်ပေါ့"

သူနေရာမှထကာ ပြတင်းပေါက်နားကို လျှောက်သွား၏။

"ဝီလီ"

" Yes,Master "

အမိန့်ရှင် ပြတင်းပေါက်နားရောက်မှ ချာခနဲ နောက်ပြန်လှည့်၍. . .

"မင်း အဲ့ဒီလိုခေါ်တာကို ပြင်တော့ ကာလဒေသံဆိုတာ ရှိတယ်"

"အကျင့်ပါနေလို့ပါ Master. . နောက်ပြင်ပါ့မယ်"

အမိန့်ရှင် မျက်နှာတည်တည်နှင့် ပြန်၍ ကျောခိုင်းကာ. . .

"အဲ့ဒီ ဒေါ်သဲလုံးဆိုတာကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးလိုက်ပါ"

"ရက်စ်"

ဝီလီက အသင့်ကိုင်ထားသည့် ငါးရာတန် အထပ်လေးကို ဒေါ်သဲလုံးလက်ထဲ တလေးတစား ထည့်ပေးသည်။





"ဆေးချာပြောပြတာ ကျေးဇူးတင်ပါတယ် အန်တီ"

"ရပါတယ်ကွယ်. . . မဟုတ်တာပြောရတာမှ မဟုတ်တာ အတင်းအဖျင်းဖြစ်မှာ စိုးလို့မပြောဘဲ နေရပေမယ့် ကောင်မလေးဘက်က ခံချင်လွန်းလို့ ခုလိုပြောလိုက်ရတော့ ရင်ထဲတောင် ပေါ့သွားပါတယ်"

သူ လက်ညှိုးညွှန်လိုက်တာနှင့် ဝီလီက အားလုံးဖြစ်အောင် ဆောင်ရွက်စေးခဲ့သည်။

မဖြစ်ဘူးဆိုတာ မရှိစေရ။ မရနိုင်ဘူးဆိုသည့် စကားလုံး ဘယ်တော့မှ မသုံး။ ထိုသို့ ပြည့်စုံစေသော အရာကို အမိန့်ရှင် ဖန်ဆင်းနိုင်စွမ်းရှိသည်။ ခုလည်း သုန်ဆိုသော မိန်းကလေးကို သူ စိတ်ဝင်စားခဲ့သည်။

ထိုမိန်းကလေးနဲ့ ပတ်သက်၍ သူသိချင်သည်။ ဝီလီ အနီးစပ်ဆုံး ဆောင်ရွက်ပေးခဲ့၏။

သူ ကုတ်အင်္ကျီထဲက ဖုန်းလေးထုတ်ယူ၍ နံပါတ်တစ်ခုကို ခေါ်လိုက်၏။ တစ်ဖက်က ထူးသံကြားရမှ သူပြုံး၍. . .

"ဦးအောင်လွင် ကျွပ်ပါ"

"ဟင် မင်းနဲ့ကျွပ် ဘာရှိသေးလို့လဲ"

"ရှိသေးတယ်. . . ခင်ဗျား အကျိုးရှိမယ့် ကိစ္စဆိုပါတော့ စိတ်ဝင်စားရင် ခုချက်ချင်း လာခဲ့ပါ"

"ဟင်. . . အင်း. . . အင်း လာခဲ့မယ်လေ"

ဖုန်းပြန်ပိတ်၍ သူ ဟင်းခနဲ မဲ့သည်။ စိတ်ထဲမှာ ခပ်ချဉ်ချဉ်ဖြစ်နေခဲ့တာ ဘာကြောင့်မှန်းမသိ။

## အခန်း (၂၈)

"ဘယ်လို. . . ဘယ်လို. . . အမိန့်ရှင်က သုန့်ကို လက်ထပ်ချင်တယ် ဟုတ်လား"

"ဟုတ်တယ်. . . အဲဒီအတွက် ဟိုတလောက သူ ငါ့ဆီက ငြိမ်းတဲ့ဟာတွေ အားလုံးပြန်ရမယ်. . . သုန့်ကို သူက တစ်ခမ်းတနား လက်ထပ်ယူမှာ"

"အဲ့ဒါကိုပဲ လက်မခံနိုင်တာ လုံးဝသဘောမတူဘူး ကိုအောင်ဒိုသက် မချမ်းသာလည်း ဒီအတိုင်းပဲနေမယ်. . . ကိုယ့်ကို သက်သာကျော်တက်သွားမှာမို့တော့ လုံးဝလက်မခံနိုင်ဘူး. . ."

"ဘာလဲကွ. . . မင်းဟာက"

"ဘာလဲမှ မဟုတ်ဘူး ဖေဖေ. . . ဖေဖေပြောတာက မှန်တယ် အဲဒီလူ ဒီသုန်ကို လက်ထပ်ခွင့်တောင်းတာ သမီးတို့ ဘယ်လောက်ရှက်စို့ ကောင်းသလဲ"



"ဘာဖြစ်လဲ ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ဖေဖေ. . . အပျိုတွေ အပြိုင်အရှိုင်းတွေ ရှိနေကြတဲ့အထဲမှာ သူ့ကိုမှ ရွေးထုတ်သွားတာ သမီးတို့ ဘယ်လိုမျက်နှာထားရမလဲ"

"သူ့ကိုရွေးတာ သူ့ကိုပဲ မေတ္တာရှိလို့ပေါ့. . . ခုလို စီးပွားရေးကျဆင်းနေတဲ့ အချိန်မှာ ရှိသမျှပြုတ်နေတာ သမီးတို့ အမြင်ပဲ. . . လုပ်ငန်းတစ်ခုလုံးလည်း ကြွေးနဲ့ ထိုးအပ်ရတော့မယ်. . . ဒီတိုက်နဲ့ ကားအခွံပဲကျန်တော့တာ ဒီလောက်ငွေများများကို ဘယ်လိုနည်းနဲ့ ရနိုင်ဖို့ရှိသလဲ"

"အစကတည်းကလည်း တိုးတက်ခဲ့ဖူးလို့လား ဖေဖေရယ်. . . မထူးပါဘူး"

"ဟုတ်တယ်. . . ရွှေတို့လည်း သဘောမတူဘူး. . . တော်ရုံသူဌေးလောက်ဆို လက်ခံပေးနိုင်သေးတယ်. . . အခုအမိန့်ရှင် ဘာလဲဆိုတာ ရွှေတို့သိပြီးပြီ ရှိသမျှ လုပ်ငန်းရှင်အတော်များများ သူ့လက်အောက်မှာချည်းပဲ. . . အမိန့်ရှင်ဆိုရင် အားလုံး မီးသေနေကြတာ၊ ဖေဖေကအစမ်းသုန် ဒီလိုလူမျိုးဆီ ရောက်သွားရင် ဒီကောင်မကို သမီးတို့ကပါ ဘုရားဒူးရတော့မှာ. . . လုံးဝ လက်မခံနိုင်ဘူး ဖေဖေ. . . ကိုယ့်အိမ်မှာ ကျွန်လိုနေခဲ့တဲ့သူကို သခင်လို မော်မကြည့်နိုင်ဘူး"

"ဘာကျွန်လဲ ဘယ်သူက သခင်လဲ ကိုယ်ထားသလို နေခဲ့တဲ့သူကို သမီးတို့ သက်သက်အနိုင်ကျင့်နေကြတာ၊ ဖေဖေ မသိချင်ယောင်ဆောင်နေခဲ့တာ ကြာပြီ. . . ဒါ ဘယ်သူ့အိမ်လဲ. . . ဘယ်သူ့ပစ္စည်းလဲ သမီးတို့ သုံးစွဲစားသောက်နေတာ. ."

ဦးအောင်လွင် အသံကျယ်လာတော့ ဒေါ်စုစုလွင် ဝုန်းခနဲ ထရပ်လိုက်၏။

"ရှင် ခုမှ ဒါတွေလာပြောမနေပါနဲ့. . . လောလောဆယ်ကိစ္စကို

လောလောဆယ်ပြော"

"ပြောမယ်. . . ငါငွေရဖို့ အဓိကထားတယ်. . . ဒီအိမ်မှာ ငါ ဦးဆောင်နေတာ ငါ့မှာ ငွေလိုတယ်. . . ငါ့တူမကို ငါသဘောနဲ့ ငါပေးစားမယ်"

"ရှင် ဒီလောက်တောင် ငွေမက်ရသလား ဟင်. . . ကြည့်ပါဦး အုပ်ထိန်းသူဆီက သမီးတောင်းတာ သူကမလာဘဲ သူ့ဆီကို ခေါ်ပြောသတဲ့၊ ရှင်တို့ ပြဿနာဖြစ်ခဲ့တုန်းမှာ ရှင့်တူမကိုမင်ပြီး လိုက်နှလျှာခဲ့တာ ဘာရှိလဲ. . ဒီပြဿနာ ကြီးထွားမသွားအောင် သူလျှော့ပစ်လို့ရတာပဲ. . . လျှော့ပြီးမှ သမီးတောင်းတော့ ပိုမကောင်းဘူးလား. . . ခုတော့ ခင်းကြီးခင်းငယ် ရှင်းကြလင်းကြနဲ့ အရှက်လည်း ဗျန်းဗျန်းကွဲခဲ့ရပြီး သူ့ဘက်ကို သူလုပ်ချင်ရာသူလုပ်ပြီးမှ. . . ဒီငွေတွေ ပြန်ပေးမယ်ဆိုတာကို ရှင် မက်စရာလား. . ."

"ဒါက ငါမဟုတ်တာ လုပ်ခဲ့မိတာပဲလေ. . . အမိန့်ရှင်လိုလူမျိုး ခေါ်တဲ့ဆီသွားရတာ ငါတစ်ယောက်တည်း မဟုတ်ဘူး. . . ငါထက်မြင့်တဲ့ ဟိုက်ဘော့စ်တွေမှ အများကြီး ဒီလိုလူမျိုးနဲ့ ကိုယ့်တူမ ညားသွားတဲ့အတွက် ဂုဏ်ကျက်သရေတိုးဖို့ပဲရှိတယ်. . . ဆုတ်ယုတ်ဖို့ မရှိဘူး"

"ဒီကောင်မက ရှင့်ကို သိတတ်မယ်မျှား ရှင်ထင်လို့လား"

"မလိုပါဘူးကွာ. . . ငါ့က သူ့ပေးစားကမ်းစာကို မျှော်လင့်ပြီး ပြောနေတာမှ မဟုတ်တာ. . . အဓိက အမိန့်ရှင် လက်ထပ်ယူထားတာ ငါ့တူမကွလို့ ကြွေးကြော်နိုင်ဖို့ပဲ. . . ဒီအခွင့်အရေးမျိုး သမီးရှင်အတော်များများ မျှော်လင့်နေကြတဲ့အထဲမှာ ငါ့တူမ ကံထူးသွားတာ"

ဦးအောင်လွင် ပြောသမျှ စကားလုံးတိုင်းဟာ ဒေါ်စုစုလွင် နားစည်ကို တူနဲ့ ထုနက်သလိုပင်။





နေခြည်တို့ ညီအစ်မလည်း အံ့တကြိတ်ကြိတ် ဖြစ်နေကြ၏။

အမိန့်ရှင်ဆိုသော နဖူးပြောင်ပြောင် ခပ်ဝဝနဲ့ အသက်ကြီးကြီးလူကြီးတစ်ယောက်ဆို ပြောနေစရာပင် မလိုပါ။

ခုတော့ အရည်အချင်းက မက်မောလောက်စရာတွေ အပြည့်နှင့် မိန်းကလေးတိုင်း ပစ်ကျစေနိုင်သော သူ့ပုံစံ သူ့စတိုင်လ်က ဆွဲဆောင်မှုအပြည့်။

ဒီလိုလူမျိုးက သုန့်ကို ဘာဖြစ်လို့ ရွေးချယ်သွားခဲ့သလဲ၊

သူတို့ လုံးဝအထင်မကြီး ဂရုမထားခဲ့သော သုန့်လက်ထဲမှာ အဖိုးမဖြတ်နိုင်သော ရတနာတွေ ဘာကြောင့်စုဝေးလျက်ရှိနေတာလဲ။

နေခြည် အံကြိတ်လိုက်သည်။

ဖေဖေက သူ့တူမ သူ့သဘောဆိုပြီး ဟစ်ကြွေးသွားပြီ၊

မေမေ ဘာမှမတတ်နိုင်ဘဲ ကျန်နေခဲ့သည်။

သူမ ဆုံးဖြတ်ချက်ကို ဝီပြင်စွာချသည်။

အမိန့်ရှင်ကို မိသုန့် ဘယ်တော့မှ မရစေရ၊

✿ ✿ ✿

## အခန်း (၂၉)

"ညည်း ဘယ်တော့မှ ကျောင်းမတတ်ရတော့ဘူး" ဆိုသည့် အမိန့်တစ်ရပ်ရဲ့ နောက်မှာ အရိုက်အနှက်ခံထားရတာ ဒဏ်ရာများစွာနှင့် ရောကာ စိတ်ကြောင့် သုန် အိပ်ယာထဲမှာ ဘုန်းဘုန်းလဲလေသည်။

"ကောင်မ နေမကောင်းဘူးဆိုပြီး အိပ်ယာထဲ လှဲနေပြီးတော့ ဆာတာမှ ထလာကြည့် ဇော်ပြီသာမှတ်"

ဆော်ဖီတစ်ခွက် မုန့်တစ်ချပ်နဲ့ပဲ ပြီးခဲ့ရသည့် နေ့တွေ ရက်ဆက်ခဲ့၏။ ဒါကို သုန် ဝမ်းမနည်းပါ။

ဘဝအတွက် ပညာတည်းဟူသော အလင်းရောင် လွင်ပြင်သို့ မရောက်နိုင်တော့သည့် ကိုယ့်အဖြစ်ကိုပဲ ကြေကွဲမဆုံးဖြစ်မိသည်။

သူမဘဝ ရေစုန်သာမက ရေဆန်မှာပါ မျောခဲ့ရပြီ။ အားလုံးရဲ့ ခြေကျို့ခြေကြားမှာ သက်ဆုံးတိုင် ပေးဆပ်ရတော့မည်။

ဘွဲ့တစ်ခုကို ရအောင်ယူပြီး ကိုယ့်ဘဝ ကိုယ့်ရပ်တည်နိုင်





အောင်ကြိုးစားဖို့ အားလုံးအပေါ် သည်းခံအနစ်နာခံသမျှ သဲထဲရေသွန် ဖြစ်ခဲ့ရ၏။ သုန် မျက်ရည်တွေကျရင်း ကိုတိုင်းကို သတိရမိသည်။

ဒီချစ်သူဟာ သူမဘဝအတွက် လုံခြုံမှုတွေ ပေးမည့်အကြောင်း ကတိတွေ အထပ်ထပ်ပေးခဲ့ဖူးသည်။

သူ သုန့်ကိုချစ်တာလည်း ပုံကြည်ပါသည်။

ဒါပေမယ့် ခုချိန်မှာတော့ သုန့်ဘေးမှာ ဘယ်သူမှမရှိပါချေ။ ကိုယ့်ဘက်က ဘယ်သူ့ကိုမှ မျှော်လင့်အားကိုးဖွယ်မမြင်။

ဒီအဖြစ်အတွက် ဘယ်သူကိုမှလည်း အပြစ်တင်လို့ မရနိုင်သော ကံကြမ္မာဝဲဂယက်မှာ သုန် ဝိတ်ကျော်မွန်းကျပ်နေခဲ့ရလေသည်။

လေးကွေးသော ခြေလှမ်းများနှင့် သုန် အိပ်ယာပေါ်က ထလိုက်သည်။ ကိုယ့်စိတ်ကို အစွမ်းကုန် မြှင့်တင်ရန်ပါ။

ဤသို့ ဤပုံ အိပ်ယာထဲမှာ ဝမ်းနည်းကြေကွဲနေရုံမျှဖြင့် သူမ ဆုံးရှုံးလိုက်ရသမျှကို ပြန်ရနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် မနက်ဖြန်မှစ၍ သူမ ပုံမှန်အတိုင်း နေနိုင်အောင် ကြိုးစားရမည်။

စိတ်လည်း လန်းဆန်း ကိုယ်ကျန်းမာမှ ဘဝအတွက် ဘယ်လို ရုန်းထွက်ဖို့ကို စိတ်ကူးကောင်းတွေ ရနိုင်မှာဖြစ်သည်။

ရှုံးနိမ့်ပြီးရင်း ရှုံးနိမ့်ခဲ့ရသော အဖြစ်ဆိုးတွေဟာ ကိုကိုချစ်ခဲ့မိတဲ့ အဖြစ်တွေလည်းပါသည်။ ထို့ကြောင့် သုန့်အချစ်ကိုလည်း မေ့ဖို့ကြိုးစားရတော့မည်။ ကိုကို သုန် မေ့ပစ်ရပါမည်။

မှန်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်၍ ပွယောင်ဖြန့်ကျနေသည့် ဆံပင်တွေကို စိမ်ပြေနပြေ ဖြီးနေလိုက်၏။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် မစားသောက်ပဲ ခွေနေခဲ့သမျှ

ခေါင်းဖြီးရတာလေးကိုပင် လက်တွေချောင်းလာသည်။

ဗီးရောင်မွေးမွေးအောက်မှာ မှန်ထဲမှာပေါ်နေသည့် ကိုယ့်မျက်နှာကို ငေးကြည့်ရင်း ခေါင်းဖြီးခြင်းကို ရပ်ပစ်လိုက်မိ၏။

အမိန့်ရှင်။

အမိန့်ရှင်ဆိုတာ ငှက်ကလေးကို ကားနဲ့တိုက်ပစ်လိုက်သည့် ဆံပင်ရှည်တွေကို စုစည်းထားကာ အလွန်အရပ်မြင့်မားသော လူလား။ သူတကယ်ပဲ သုန့်အတွက် ငှက်ကလေး တစ်ကောင် ပို့ပေးခဲ့သည်။ ငှက်ကလေးဟာ သေဆုံးသွားသည့် ငှက်ကလေးနဲ့ မတူပေမယ့် ပို၍စိုလက်လှပပါသည်။ သို့သော် သုန့် ချစ်ခင်မြတ်နိုးခွင့် မရလိုက်ပါ။

"ယောက်ျားတွေကို ညည်း ဘယ်လိုပညာတွေနဲ့ မရမက မြူစားယူနေတာလဲ"

ဟု မမနေ သူမကို ထုထောင်းရိုက်ပုတ်ရင်း မေးခဲ့သည်။

သုန့် မှန်ထဲက မျက်နှာကို ငေးကြည့်ရင်း မျက်ရည်တွေ ဝေလာသည်။ ကိုယ်ဘာမှ မသိခဲ့ရသော အဖြစ်အတွက် ပေးဆပ်လိုက်ရသည်က ကျောင်းထွက်လိုက်ရခြင်း. . .

"ကျောင်းမှာလည်း ဘယ်လိုအုပ်ထားထား ဟိုကောင်နဲ့ ချောင်းရာထွက်မှာပဲ ကျောင်းထုတ်ပစ်လိုက်မလား"

ရွှေခြည် အပြင်းအထန် ဝင်ပြောသည်။

အကြောင်းအားလုံးဟာ သုန့်ကို ယောက်ျားလေးများနှင့် သမုတ်၍ ဖြစ်ခဲ့သည်သာ။

သုန့် ဘယ်လောက်လှနေသလဲ။

သုန့် တကယ်ပဲ ယောက်ျားတွေကို မြူစားခဲ့သလား။

အင့်ခနဲ ရှိုက်လိုက်မှ သုန့် မျက်ရည်တွေ နွေးခနဲ ကျသွားသည်။





သုန့် ဘယ်သောအခါမှ ဘယ်ယောက်ျားကိုမှ တပ်မက်သောစိတ်နှင့် မော်မကြည့်ခဲ့ဖူးပါ။

ကိုကိုချစ်ခဲ့မိတာတောင် ကိုရဲ့ ဇွတ်တရွက်တောင်းဆိုမှုကို ကြောက်ရွံ့ခဲ့တာ အများကြီးပါသည်။ ပြီးတော့ ကိုယ့်အပေါ် နူးညံ့ကြင်နာစွာ ဆက်ဆံမည့်သူမရှိခဲ့သည့် ဘဝတစ်လျှောက်မှာ ကိုရဲ့ကြင်နာမှုကို သာယာခဲ့မိတာ ဖြစ်သည်။

ခုတော့ ထိုတဒင်္ဂသာယာမှုကို မက်မောခဲ့မိ၍ သုန့် ဘဝပျက်ရပြီ။ သူများတွေ အလှအပကို မြတ်နိုးတတ်ကြပေမယ့် သုန့် စိတ်ပျက်မိပါသည်။ လှပခြင်းဟာ အန္တရာယ်လို့ပဲ သူမမြင်သည်။

ဘဝတစ်လျှောက်မှာ အားလုံးဆိုးဝါးမှုတွေချည်းပဲ ဖြစ်ခဲ့သမျှ ဒီမျက်နှာဟာ ဒီမိသားစု မုန်းတီးရန်ရှာချင်စရာ ဖြစ်လာခဲ့သည်။

သုန့် ကိုယ့်ဘဝကိုယ် စိတ်ပျက် နာကျည်းခံစားနေမိသည်။ မှန်ရှေ့မှာ အသာထရပ်ရင်း အခန်းပြင်ကို ထွက်ခဲ့မိ၏။

ညအိပ်ယာဝင် အားလုံးအသံတွေ တိတ်ကျတဲ့အချိန်ကို စောင့်နေခဲ့ရခြင်း ဖြစ်သည်။ မဟုတ်လျှင် မုန့်တစ်ခု မျိုချရဖို့ မျက်ရည်စက်ပေါင်းများစွာကျပြီးမှ မျိုချခဲ့ရသည်။

"လူမမာကလည်း စားဖို့တော့ ထလာပါလား"

ဆိုတာတစ်မျိုး။

"လင်ပူမိနေတဲ့ရုပ်က ဖုံးလို့ဖိလို့ မရပါလား. . . ပြောစမ်းကောင်မ ဘယ်လင်ကို တမ်းတနေတာလဲ. . . ညည်းမှာ လင်တွေများလွန်းလို့ မေးရတာ"

ရင့်သီးစွာ ပြောဆိုကြသည်များက နားမခံသာ။

သုန့် ဖွဖွလေး အသာလျှောက်ရင်း မီးဖိုခန်းဘက် ထွက်လာခဲ့

စဉ်. . .

"ဖေဖေက အမိန့်ရှင်ကို အကြောင်းတောင် ပြန်ပြီးပြီ ထင်တယ် ဖေဖေ လက်ခံလိုက်တာနဲ့ ဟိုက မိသုန်ကို လာတောင်းမှာ"

နေခြည်အသံ. . .

"သူဟာသူ မဏ္ဍာပ်ပဲ ထိုးပြီးနေနေ မမရယ်. . . အစိက မိသုန် ဆိုတဲ့ကောင်မကို အမိန့်ရှင်နဲ့ မညားစေဖို့ပဲ မဟုတ်လား. . . တိုင်းဝဠာ နဲ့ဖြစ်သွားတဲ့ ကိစ္စတုန်းကလည်း ရွှေတို့ဘယ်လောက် အရှက်ကွဲခဲ့ရသလဲ အဲဒါ သူ့ကြောင့်ပဲ ဒီကောင်မ ကောင်းစားမှာကို မမက ကြည့်နေမှာလား"

"ကြည့်ချင်ပါ့မလား. . . ဒါပေမယ့်. . ."

"ဒါပေမယ့် မနေနဲ့ ဒီကိစ္စ မိသုန်ကို ဖေဖေ လုံးဝမပြောသေးဘူး မပြောခင် ရွှေတို့ လှုပ်ရှားမှဖြစ်မှာ သူ့မှာ အမိန့်ရှင်လို လူအားကိုးရှိမှန်း သိရင် ဒီကောင်မ ရွှေတို့လုပ်တာကို ငြိမ်ခံမှာ မဟုတ်ဘူး"

"အဲဒါဟုတ်တယ်. . . ဒါပေမယ့် အမိန့်ရှင် ဘာကောင်မှန်း ဒီ ကောင်မ မသိပါဘူး ရွှေရယ်. . . ရှုံ့ခဲမှန်းမသိ ပတ္တမြားမှန်းမသိတဲ့ ကောင်မပါ. . . ဟင်း. . . သင်းကိုက ကံကောင်းထောက်မပြီး ယောကျ်ား တွေကမြင်တာနဲ့ စွဲလမ်းကုန်တာ အဲ့ဒါကိုပဲ ငါလည်း ဒေါသဖြစ်တာ"

"ဖြစ်မနေနဲ့ ရွှေအကြံပေးတဲ့အတိုင်းလုပ် ဒီကောင်မ မြောင်း ပုတ်ထဲရောက်သွားမှာပဲ. . . အမိန့်ရှင်လို လူမပြောနဲ့ လမ်းဘေးက ဈေး သည်ကတောင် ယူမှာမဟုတ်တော့ဘူး"

သုန့် ရင်ခုန်သံတွေ တဖိန်းဖိန်း မြည်လာသည်။

သူတို့ သုန့်ကို ဘာလုပ်ကြမလို့လဲ။

"နင်ပြောတာက ကောင်းတော့ကောင်းပါတယ်. . . အဲ့ဒီ ဒေါ်သူဇာဆိုတဲ့ မိန်းမကြီးက နာမည်ပျက်ထားတာရှိတယ်. . . သူ့ တး





သောက်ဆိုင်က ဟန်ပြကြီး ထင်တယ်"

"အဲဒါ မမစိတ်ဝင်စားဖို့ မလိုပါဘူး. . . အဓိက ဒီကောင်မ ဒေါ်သူဇာကြီးဆိုင်ကို ရောက်သွားဖို့ပဲ. . . ဒေါ်သူဇာကြီးက နာမည်ပျက် ရှိထားတော့ အဲ့ဒီဆိုင်မှာ ဒီကောင်မကို လေးငါးဆယ်ရက်လောက်ပို့ပြီး ဖျောင်ထားလိုက်တာနဲ့ ပြန်ခေါ်ပေးလည်း အမိန့်ရှင်က ယူတော့မတဲ့လား"

"ဖေဖေက ဘယ်လိုမှ သည်းခံမှာ မဟုတ်ဘူး. . . ပြီးတော့ ဒေါ် သူဇာကြီး ညစ်ပတ်ပြီး ရောင်းရက်စားလိုက်ရင် ဘယ်လိုရှင်းမလဲ"

"အဲ့ဒီတော့လည်း သူ့စရိတ်နဲ့ သူသွားပစေပေါ့. . . ကိုယ်က အလုပ်သမားပုံစံသွင်း ပေးထားတာပဲ. . . ဒီကောင်မမျိုးကို ဒေါ်သူဇာက ဘယ်လိုပုံစံ ကိုင်ရမလဲဆိုတာ သိပြီးသား. . . သွင်းပေးရင်သာ ရွှေတို့နဲ့ ညီအစ်မတော်တာ လုံးဝမသိစေနဲ့. . . ဘာအားကိုးမှမရှိတဲ့ တစ်ကောင် ကြွက်လို့ ပြောမယ်. . . ကိစ္စပြီးပြီ"

"ဟုတ်တယ်. . . အဲ့ဒါကောင်းတယ်. . . ဒီကောင်မက ငါတို့ သေဆိုသေ ရှင်ဆိုရှင်တဲ့ ကောင်မပဲ. . . ဖေဖေ မေးတော့လည်း သူ့ဟာ သူ ထွက်ပြေးတယ်ပေါ့. . . ပြန်ခေါ်တော့လည်း ပြန်တွေ့လာပြီ ဒေါ်သူ ဇာဆိုင်ကပေါ့. . ."

"ဟဲ. . . ဟဲ. . . မမ သဘောပေါက်ပြီ"

"ဘယ်တော့ လုပ်နေးစမလဲ"

"ရွှေ မေမေ့ကို နည်းနည်းပါးပါး တီးခေါက်ကြည့်ပြီးပြီ မေမေ လည်း ဒီကောင်မနဲ့ အမိန့်ရှင်ကို လုံးဝမဖြစ်စေချင်ဘူး. . . ဒါလောက်သိ ရင် ပိုင်ပါတယ်. . . ဒီကောင်မ ဟိုကိုရောက်ပြီးမှ မေမေ့ကို တပ်စည်း နှံလိုက်ရင် ဖေဖေ့ဒေါသကို ခုခံဖို့ အားရှိသွားပြီပေါ့"

"အေးလေ. . . ဘယ်တော့လုပ်မှာလဲ"

"မနက်ဖြန် သဘက်ခါဆိုရင်ပဲ ဖေဖေတာ လွှပ်ရှားတော့မှာ ရွှေတို့က ဖေဖေထက်ဦးမှ ဖြစ်မှာပေါ့. . . ရွှေအားလုံးနဲ့ ချိတ်ထားပြီးပြီ မနက်ဖြန် မိုးလင်းတာနဲ့ ဒီကောင်မကို လှည့်ထုတ်သွားမယ်. . . ဟိုမှာအပ်ခဲ့ရုံပဲ ဖေဖေတို့မေတော့ ညကတည်းက ထွက်ပြေးသွားတဲ့ပုံနဲ့ ဝွင်ဆင်လိုက်ရုံပဲ"

သုန် နောက်သို့ တရွေ့ရွေ့ တိုးဆုတ်လာခဲ့သည်။

ရက်စက်လိုက်ကြတာ။ သုန် မျက်ရည်စက်တွေ အဆက်မပြတ် သွန်ကျလာလျှင် အခန်းထဲပြန်ရောက်တော့ တံခါးကို ဂျက်ချပိတ်ပစ်လိုက်သည်။

အိပ်ယာထက်မှာ လူးလှိမ့် ငိုကြွေးနေမိ၏။ သူတို့ဖြုတ်ချ ချောင်ထိုးထား၍ ယူသိမ်းထားခဲ့သော ဖေဖေနဲ့မေမေရဲ့ ဓာတ်ပုံကြီးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ကာ တတွတ်တွတ် တိုင်တည်ရင်း တမ်းတမိ၏။

"ဟင့်အင်း. . . သုန် မခံနိုင်ပါ"

ခေါင်းကိုတွင်တွင် ခါယမ်းနေမိပေမယ့် သုန့်မှာ ပြေးစရာမရှိပေ။ ဒါဆို ဘယ်လိုမလဲ။ သုန့် သူမရဲ့ အဝတ်သေတ္တာလေးကို ဖွင့်လိုက်သည်။ အထဲက အဝတ်အစားများကို ကျော်လွှားကာ တစ်စုံတစ်ခုကို ထုတ်ယူလိုက်၏။ လက်ထဲမှာ ကိုပေးခဲ့သော ရွှေဘူးကလေးပါလာ၏။

သုန် ဘဝကို ထိုအရင်းအနှီးလေးဖြင့် စရတော့မည် ဖြစ်သည်။

ဆွဲကြိုးလေးကို ထုတ်၍ လော့ကတ်လေးကို ဖွင့်ကြည့်လိုက်သည်။

ပြုံးနေသော ကို့မျက်နှာချောချောက မျက်ဝန်းမှာ သုန့်အတွက် ချစ်ခြင်းတွေ ပြည့်လျှမ်းနေသည့်နှယ်။ ခွင့်လွှတ်ပါကို. . .

သုန် အမှတ်တရ သိမ်းထားခွင့် မရှိတော့လို့ပါ။

နာရီလက်တံတို့ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ သုန် အိပ်ယာ





ထက်မှာ ကိုယ့်ဒူးနှစ်ဘက်ကို ပွေ့ဖက်၍ ငုတ်တုတ်လေး ထိုင်ရင်း အချိန်ကို စောင့်နေမိသည်။

မနက်လေးနာရီကျော်လာတော့မှ အိပ်ယာထက်က ဆင်း၍ ဖေဖေနဲ့မေမေ့ဓာတ်ပုံကို ဦးချရှိခိုးလိုက်သည်။

"သမီး ဘယ်လိုမှ သည်းခံမနေနိုင်တော့လို့ ဒီကနေ ပြေးရတော့မှာပါ ဖေဖေနဲ့မေမေတို့ရယ်၊ သမီးကို စောင့်ရှောက်ပေးပါနော်. . . အားလုံးရဲ့အနိုင်ကျင့်နှိပ်စက်မှုကို ငြိမ်ခံနေမယ့်အစား သမီး ရုန်းထွက်ဖို့ ကြိုးစားတာပါ. . . ဒီထက် ဘဝဟာ ညှို့နက်သွားမယ်ဆိုလည်း ကံတရားအတိုင်းပါပဲ"

အဆုံးစွန်ထိ သည်းခံခဲ့ရသော နှလုံးသားက ဆက်လက်သည်းခံနိုင်ဖို့ကို ဘယ်လိုမှ လက်မခံတော့ပေ။

သုန့် ဘာပစ္စည်းကိုမှ မယူဘဲ နေရာမှ ထရပ်သည်။ အင်္ကျီထဲမှာ အညှိဆွဲထားသည့် ကို ပေးခဲ့တဲ့ဆွဲကြိုးလေး တစ်ကုံးသာရှိသည်။ ကျောင်းမှာ နိုးနိုး ပြောခဲ့ဖူးသည်။

"သုန်ရယ်. . . ရန်ကုန်မှာ တစ်ကောင်ကြွက်ဖြစ်လည်း ကြောက်ဖို့ မလိုပါဘူး. . . တစ်မြို့လုံး လူလိမ်တွေချည်း ရှိတာမှမဟုတ်တာ. . . အဆောင်မှာဆို ဟိုးတစ်နယ် တစ်ကျေးက တစ်ယောက်တည်း အလုပ်လာလုပ်နေကြတဲ့ မိန်းကလေးတွေမှ စက်ရုံတွေမှာပြည့်လို့ အဆောင်မှာ သွားကြည့်ပါလား. . . ကိုယ့်အိပ်ယာလေးနဲ့ကိုယ် ကောင်းရောင်းကောင်းဝယ်နေကြတာ. . . ကောင်းကောင်းမွန်မွန်နေတဲ့ မိန်းကလေးကို စောင့်ရှောက်မယ့်သူတော်ကောင်းတွေ ရှိပါတယ်"

နိုးနိုးနဲ့ ပေါင်းသင်းမိမှ ပထမဆုံးကြားခဲ့ရသော ဗဟုသုတတစ်ခု ဖြစ်သည်။ ထိုကတည်းက ဤသို့သော ရိုးသားစွာ လွတ်လပ်မှုလေးကို

သုန် တမ်းတမိခဲ့တာဖြစ်သည်။

ဖိနှိပ်ခံနေခဲ့ရသော ဘဝကို နာကျည်းကြေကွဲနေမိပေမယ့် ရုန်းထွက်ဖို့ သတ္တိတော့ မမွေးခဲ့မိပေ။

ခုတော့ သုန် သတ္တိမရှိလို့ မဖြစ်တော့ပါ။

လင်းရောင်ပျို့လာတော့ အခန်းတံခါးကို ဖွင့်လိုက်၏။

အပြင်လောကမှာ ပရိယေသန ဝမ်းစာအတွက် လူတွေယာဉ်တွေ လှုပ်ရှားသွားလာနေကြသူများကို ကြားနေရပြီ။

သုန် နောက်ဖေးဘက်ဆင်းသည့်တံခါးကို အသံမကြားအောင် ကြိတ်ဖွင့်ရင်း စက္ကူနံ့ပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။

မှောင်နဲ့မည်းမည်းဖြစ်နေသော မြဲထဲသို့ ပြေးဆင်းလိုက်သည်နှင့် ရင်ထဲမှာ ပေါ့ပါးလွတ်လပ်သွားသကဲ့သို့ရှိကာ ကြောက်ရွံ့အားငယ်ခြင်းများ တဖဲ့ ပြေပျောက်သွားကြ၏။

ခပ်တင်းတင်း ဆုပ်ကိုင်လာခဲ့သည့် မြဲတံခါးသော့ကို သော့ခလောက်မှာ ဖွင့်ရင်းလက်တွေ တဆတ်ဆတ်တုန်ကာ အားနည်းနေသည့် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

မထိန်းလိုက်နိုင်သည့်အတွက် သံတံခါးပေါ် အင့်ခနဲ ပစ်ကျကာ နဖူးနဲ့ တိုက်မိသဖြင့် ထူပူသွားသည်။

သို့သော် မျက်လုံးတွေ ခဏမှိတ်ထားပြီး တအောင့်ကြာသည်နှင့် သုန် ခြံပြင်ထွက်လိုက်သည်။

ထို့နောက် သံယောဇဉ် မကင်းနိုင်ဘဲ ခြံတံခါးကို သော့ပြန်ခတ်ကာ သော့ကို အထဲသို့ လှမ်းပစ်ထည့်လိုက်၏။

ပြီးတော့ တိတ်ဆိတ်စွာ ထီးထီးမားမားကြီး ကျန်ရစ်ခဲ့သော နှစ်ပေါင်းများစွာ မျက်ရည်များစွာနှင့် ဆေးကြောနေခဲ့ရသည်မှ တိုက်ကြီးကို





တစ်ချက်ငေးကြည့်ပြီး ကျောခိုင်းပစ်လိုက်၏။

သုန့်ဘဝ ဘာဖြစ်ဖြစ် ဤနေရာသို့ ဘယ်သောအခါမှ ပြန်လာဖို့ စိတ်မကူးတော့ပါ။ မီးရောင်တွေ လင်းတချို့ မှိတ်တချို့နှင့် မှောင်မည်းနေသေးသော လမ်းမကြီးကို မျှော်ကြည့်ကာ ရင်တွေ အဆမတန် လှုပ်ခုန်လာ၏။ ဤလမ်းမကြီးပေါ်မှာ သူမတစ်ယောက်တည်း ဘဝကို ရွက်လွှင့်ဖို့ ထွက်ခဲ့မိပြီ။

ခြေလှမ်းနိုင်ပါမည်လား။

လောလောဆယ် ဒူးတွေချောင်နေသည်။ လက်တွေတုန်ယင်ကာ ကွေးဆုပ်ကြည့်လို့မရဘဲ အားအင်တွေ ဆုတ်ခမ်းနေ၏။

ကြမ်းတမ်းသော ရင်ခုန်တုန်လှုပ်မှုကြောင့် ခေါင်းတွေမူးနေသည်။ သုန် တစ်သက်နဲ့တစ်ကိုယ် မကြုံစည်ဖူးခဲ့သော စွန့်စားခြင်းကို တစ်ညတာတည်းမှာ ဆုံးဖြတ်ပြေးထွက်ခဲ့ခြင်းပါ။

ရှေ့ကို တရွေ့ရွေ့ တိုးလျှောက်လာခဲ့ရင်း ခြေလှမ်းမှန်လာပါမှ ခပ်သွက်သွက် လျှောက်၏။

ဖြတ်သန်းသွားကြသော ကားမီးရောင်တို့က ပလက်ဖောင်းပေါ်မှာ လျှောက်နေသော သုန့်ကိုယ်ကို ဝင်းခနဲလင်းထိန် သွားစေသလို မည်းမှောင်သွားပြန်သောအခါ မျက်လုံးတွေ ပြာကျန်ခဲ့သည်။ သုန် ဘယ်တွေဘယ်လို လျှောက်သွားနေမိမှန်း မသိပေ။

လမ်းကြိုလမ်းကြားထဲကို မဝင်ရဲပေမယ့် လမ်းမကြီးတွေ မြင်သမျှ ဟိုကွေ့ဒီချိုးနှင့် ညောင်းရမှန်းမသိ မောရမှန်းမသိ။

အလင်းရောင် ပျပျလေး ထွက်ပြူလာတော့ သုန် မောဟိုက်လာ၏။ သူတို့လိုက်မလာ နိုင်သေးတာသိ၍ လူစည်းကားသော နေရာတွေမှာ ရောယောင်လိုက်ပါနေရသော်လည်း ဘယ်အရပ်ကို ဘယ်လိုသွားရမှန်း

မသိပေ။

အဆောင်ဆိုတာ ဘယ်လိုဟာကို ခေါ်မှန်းမသိ။

ဘယ်လိုဝင်သွားမလဲ နားမလည်။

တကယ်တော့ သုန် မျက်ကန်းလမ်းမမြင် လျှောက်နေခြင်းသာ။

ကားမှတ်တိုင်တွေ ရောက်သော်လည်း ကားစီးဖို့ ငွေက ခြောက်ပြားမှမပါ။

သုန် ပတ်ဝန်းကျင်ကို မေ့လျော့ကာ သွက်ခဲ့သော ခြေလှမ်းတွေ ပြန်လည်နှေးကျသွားတဲ့အထိ မနားမတမ်း လျှောက်နေမိသည်။

ကြာရှည်စွာ မစားသောက်ခဲ့သော ဝမ်းကဟာ၍ ဗိုက်တွေအောင့်လာ၏။

ခုချိန်ထိ သုန့် ဘယ်မှာနား၍ ဘယ်လိုစားရမှန်း စိတ်မကူးနိုင်။

"ဟိတ် ညီမလေး"

"တစ်ယောက်တည်းလားကွ"

"အို. . ."

သုန် ကြက်သီးတွေ ဖျန်းခနဲထသွားသည်။

"အချိန်တွေ အများကြီး ရှိပါသေးတယ်. . . လာ. . . အစ်ကိုတို့နဲ့လိုက်ခဲ့ပါလား"

"မင်း မနစ်နာစေရပါဘူး"

ယောကျ်ားသုံးယောက်. . .

သုန် ရှုတ်ခနဲ လှည့်ကြည့်လိုက်မိကာ ကြောက်လန့်တုန်ယင်သွားသည်။

အနည်းငယ် မှောင်ရိပ်ကျသော နေရာမှာ. . .

သုန် ဘာမှစဉ်းစားမနေတော့ဘဲ ပလက်ဖောင်းပေါ်မှာ ဖြတ်





ခနဲ လွှားဆင်းကာ လမ်းမကြီးကို မိုက်မိုက်ကန်းကန်း ဖြတ်ကူးလိုက်၏။

"ဟာကွာ. . . ဟိုကောင်မလေး"

"သေချင်လို့လား"

လမ်းမကြီးပေါ်မှာ ကားဟွန်းသံတွေ ဘရိတ်ဆွဲသံတွေ ဆူညံသွားသည်။ ထိုအထဲမှာ ဆဲဆိုသံများပါ ပါလေသည်။

ပြေးကာတည်းကိုက သုန် မျက်စိမှိတ်ပြေးတာ ဖြစ်သည်။

ကားတိုက်သေသွားလည်း ဘဝပျက် နာမည်ပျက်၍ အဖြစ်ဆိုးရမှာထက် အများကြီးသာပါဦးမည်။

သို့သော် သုန် လမ်းတစ်ဖက်သို့ ချောမောစွာ ရောက်သွားခဲ့၏။ ပြန်ကြည့်လိုက်တော့ ဟိုသုံးယောက်က လမ်းကူးဖို့ ပြေးလာနေကြပြီ။

သုန် ဘာမှဆင်ခြင်ချိန် မရတော့ဘဲ မီးတွေတဖွေးဖွေးလှုပ် လင်းထိန်နေသော ဟိုတယ်လို အဆောက်အဦးကြီးရှေ့မှ ကားကြိုကားကြားထဲကို ကွေ့ပတ်ပြေးဝင်ခဲ့၏။

ရင်တွေတအား ဆောင့်ခုန်ကာ မျက်လုံးတွေ ပြာဝေလာ၏။

ထိုခပ်ဝါးဝါး အာရုံထဲမှာ တလွှားလွှား ပြေးနေကြသော သုံးယောက်ကိုလည်း မြင်နေရ၏။

သုန့် ဆက်ပြေးဖို့ အလှည့်မှာ မိုက်ခနဲ ခွေဆင်းသွားသည်။ ဆွဲမိဆွဲရာဆွဲလိုက်စဉ် လျှပ်ခနဲ ပွင့်ပါလာသော ကားတံခါးတစ်ဖက်ကြောင့် ကားထဲကို ကုန်းကွ ပုန်းဝင်နေလိုက်ပြီး တံခါးကို ပြန်ဆွဲပိတ်လိုက်၏။ သူတို့ ကိုယ့်ကိုကားထဲက တမင်လာဆွဲထုတ်လျှင်ဖြင့် အော်ဟစ်အကူအညီတောင်း ရပေတော့မည်။

"ဘုရား. . . ဘုရား"

သုန် တုန်လှုပ်ခြင်းကြီးစွာ ဆုတောင်းရင် မျက်လုံးတွေကို မှိတ်

ထားမိသည်။

သူမရဲ့ နီတစ်လှည့် ဖြူတစ်လှည့် ရောယှက်ပြေးလွှားနေကြသော မဟူရာ လွင်ပြင်ထဲမှာ မေမေရယ် မေမေရယ်။

ပြီးတော့ သူတို့ သူတို့အားလုံးဟာ. . .

သုန် နောက်ထပ်၍ ဘာဆိုဘာမှ မသိတော့ပါ။

❁ ❁ ❁

## အခန်း (၃၀)

"ဟင် ဝီလီ မင်းဘာလုပ်နေတာလဲ"

"ကိုမိန့်ကို ထိုင်စောင့်နေတာ"

အမိန့်ရှင် ဒရင်းဘတ်ပေါ်မှာ ထထိုင်လိုက်၏။

ညက သူ အထူးမိတ်ဆုံစားပွဲအနေနဲ့ ဒင်နာတစ်ခုလုပ်ခဲ့သည်။

ညကိုးနာရီထိုးမှ စခဲ့တာမို့ ဒင်နာနဲ့မတူဘဲ အထူး meeting တစ်ခုလို ဖြစ်သွားကာ စားသောက်ဆွေးနွေးရင် ညဥ့်နက်သွားခဲ့၏။

အားလုံး သူနဲ့ပါဆို ငါးယောက်။

တစ်ယောက်မှ ထပြန်မယ့် သူမရှိဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးရင် အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့၏။

သူ ဝိုင်တစ်ခွက်ကိုင်၍ ဒရင်းဘတ်ပေါ် အသာလှဲမိသည်။ အိပ်ပျော်ခြင်းသို့ ဘယ်လိုဘယ်ပုံ ရောက်သွားခဲ့မှန်း မသိပါ။

နိုးလာတော့ ဝီလီက သူ့ဘေးမှာ ငုတ်တုတ်။

သစ္စာမှုန်စာပေ

စားပွဲမှာလည်း ဘယ်သူမှ ရှိမနေတော့ပေ။

"မိုးတောင် လင်းတော့မှာပဲ မင်းတစ်ရေးမှ မအိပ်ခဲ့ဘူးလား"

"မအိပ်ဘူး. . . ကိုမိန့် နိုးလာရင် ချက်ချင်း ပြန်နိုင်အောင် စောင့်နေတာ"

အရက်သောက်၍ဖြစ်စေ အိပ်မှုံစုံမွှားနှင့်ဖြစ်စေ၊

ကားမောင်းတာကို အမိန့်ရှင် မကြိုက်၊

ထို့ပြင် အမိန့်ရှင်အပေါ် လေးစားချစ်ခင်စွာ စောင့်ရှောက်နေမိခြင်းလည်း ဖြစ်ပေသည်။

"ဦးသန့်ဇင်တို့ ဘယ်တုန်းက ပြန်သွားကြတာလဲ"

"သုံးနာရီကျော်မှ ပြန်သွားတာပါ. . . ဦးထွန်းမြတ်က မနက်ဆယ်နာရီ ကိုမိန့်ဆီလာခဲ့မယ်လို့ သေချာပြောသွားတယ်"

"အင်း. . . သူ ညကပြောပါတယ်. . . မြင်းသစ်ကို သွားဖို့ကိစ္စ ထပ်ပြောမှာ"

အမိန့်ရှင် နေရာမှ ထရပ်လိုက်၏။

"ဆရာတို့ ဘာများလိုပါသေးသလဲ ခင်ဗျာ. . . ညကတည်းက အိပ်ခန်းကို ပြောင်းပေးဖို့ ကျွန်တော် လာပါသေးတယ်. . . ဒီ ညီလေးက မပြောင်းနဲ့ဆိုလို့"

"ရပါတယ်. . . ဘာမှမလိုတော့ဘူး"

ဟိုတယ် ဝန်ထမ်းလေးက အရှိအသေပြု၍ ပြန်ထွက်သွားသည်။ အပေါ်ဆုံးထပ် သီးသန့်ခန်းထဲမှာမို့ ဝိလီက ဟိုတယ်အောက်ဖက်ကို ပြတင်းဝမှ ငုံ့ကြည့်လိုက်ကာ. . .

"ကိုမိန့် မျက်နှာသစ်ဖို့ အဆင်သင့်ရှိတယ်လေ"

"အင်း. . . မင်း အောက်ဆင်းနှင့် ငါလာခဲ့မယ်"





"ရက်စ်"

ဝိလီ အောက်ဆင်းလာခဲ့၏။

သူ ကားပါကင်ထဲမှ ကားထုတ်ဖို့ ရှေ့တံခါးကို ဆွဲဖွင့်လိုက်သည်နှင့်. . .

"ဟာ. . ."

နောက်ခန်း ဆိုဖာပေါ်မှာ ခွေခွေလေး လဲကျနေသော မိန်းကလေးတစ်ယောက်။ တစ်ယောက်ယောက် သတ်ပြီးတော့များ ကိုယ့်ကားထဲ လာထည့်ထားခဲ့သလား။

စေ့စပ်သေချာတတ်လွန်းသော အမိန့်ရှင်၏ မျက်နှာကို မြင်ယောင်ကာ ဝိလီ ခေါင်းကြီးသွား၏။ ကားထဲ မီးကို အလျှင်အမြန် ဖွင့်လိုက်၍ မိန်းကလေးကို သေသေချာချာ ငုံ့ကြည့်လိုက်မိသည်။

"ဟာ. . ."

ဒုတိယအကြိမ် ဟာခနဲ ဖြစ်ကာ ဝိလီ တံခါး သေချာပြန်ပိတ်၍ အကျႌအိတ်ထဲက ဟန်းဖုန်းကို ကမန်းကတန်း နှိပ်လိုက်သည်။

"ကိုမိန့်. . . ကိုမိန့် ကားထဲမှာ မိန်းကလေးတစ်ယောက် ရောက်နေတယ်"

"ဘာ. . . ဘယ်က မိန်းကလေးက ရောက်နေတာလဲ. . . မင်း တံခါးသေချာ မပိတ်ခဲ့ဘူးလား တောက်"

အမိန့်ရှင် ဒေါသက ဟန်းဖုန်းထဲမှ ပြင်းထန်စွာ. . .

"ကျွန်တော် သေချာပိတ်ခဲ့ပါတယ်. . . ကိုမိန့်ရာ အခုဟာက"

"ဟိတ်ကောင်. . . မင်းပါးစပ်ကို ပိတ်ပြီး အဲဒီမိန်းကလေးကို ကားပေါ်က မြန်မြန်ဆွဲချပစ်လိုက် ငါ ဘာမှထပ်မကြားချင်ဘူး"

"မဟုတ်ဘူး ကိုမိန့်. . . မိန်းကလေးက တခြားလူမဟုတ်ဘူး. .

လက်ဝဲသုန်ဆိုတဲ့ ကောင်မလေးရယ်. . ."

"ဘာ. . ."

ဖုန်းထဲမှာ အသံပျောက်သွားသည်။

ဝီလီ ထင်ထားသည့်အတိုင်း အလှမ်းကျယ်သော ခြေလှမ်းကြဲများနှင့် အမိန့်ရှင် ချက်ချင်း ဆင်းချလာသည်။

ထို့နောက် ဝီလီ လက်ညှိုးထိုးပြသည့် တံခါးကိုဆွဲဖွင့်၍ ငုံ့ကြည့်လိုက်၏။

တကယ်ပဲ လက်ဝဲသုန် ဖြစ်နေသောကြောင့် သူ အံ့အားသင့်သွား၏။

ရှည်လျားသော ဆံပင်တွေက ဆိုဖာပေါ်မှာ ခွေဝိုက်ပုံကျနေကာ ရှန်သားပါးပါး အင်္ကျီအဖြူလေးနှင့် နီညိုရောင် ထမီလေးကို ဝတ်ထားသဖြင့် ဆိုဖာစိမ်းစိမ်းပေါ်မှာ ဖြူဖြူပွံ့ပွံ့လေး ဖြစ်နေလေသည်။

"သူ ဘာဖြစ်ထားတာလဲ"

"ကျွန်တော် မသိဘူး. . . သူမှန်းသိလို့ ကိုမိန့်ကို လှမ်းခေါ်တာ"

အမိန့်ရှင် ကားထဲ ဖျတ်ခနဲ ဝင်ထိုင်ကာ သုန့် ကိုယ်ခန္ဓာလေးကို ပွေ့ထူလိုက်သည်။

သုန့် ကိုယ်လေးက သူ့ရင်ခွင်ထဲသို့ နွေးနွေးအိအိလေး ပျော့ခွေပါလာ၏။

သေချာကြည့်တော့ ဘာဒဏ်ရာမှ မတွေ့ပေ။

"ဒေါက်တာမျိုးမြင့်ဆီ ဖုန်းလှမ်းဆက်စမ်း. . . ပြီးရင် အိမ်ကို အမြန်ဆုံး ရောက်အောင်မောင်း"

"ရက်စ်"

မောင်းသူနေရာမှာ ဝင်ထိုင်ပြီး နေပြီဖြစ်သည့် ဝီလီက ချက်ချင်း





ဖုန်းဆက်၍ ကားကို အမြန်ဆုံး မောင်းထွက်လိုက်သည်။

အမိန့်ရှင် ရင်ခွင်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားခဲ့လေသော ကိုယ့်အဖြစ်ကို မသိရှာသော သုန်တစ်ယောက်ဟာ အပူမင်းကင်းမဲ့စွာ အိပ်မောကျနေသော ကလေးငယ်လေးသဖွယ် စိတ်ချလက်ချ မှိတ်ချထားသော ထူထဲကော့နက်နေသော မျက်တောင်ရှင်တို့က ဟုတ်တုတ်မျှ လှုပ်ခတ်ခြင်း မရှိပါချေ။

ကံကြမ္မာဟာ ထိုသို့ပါတည်း။

◆ ◆ ◆

## အခန်း (၃၁)

"ငါတယ်ကို ရောက်နေတာလဲ"

သုန် မိမိလဲလျောင်းနေခဲ့သည့် အိပ်ယာကို ပွတ်သပ်ဆုပ်ကိုင်ကြည့်ရင်း တအံ့တဩနှင့် အသံလေးပင် ထွက်သွားမိသည်။

နီရဲဖောင်းကြွနေသော အဆုပ်အပွင့်ကြီးများနှင့် နူးညံ့အိစက်နေသည့် ဖဲမွေ့ယာကြီးမှာ သူမကိုယ်လေး နစ်ဝင်နေသည်။

စောင်ခေါင်းအုံး အားလုံးမှာ ဒီလိုဒီဇိုင်းတွေချည်းပဲမို့ အိပ်ယာက များသောအားဖြင့် ရှိတတ်ကြသည့် အပြာရောင်-ပန်းနုရောင်တွေကို မြင်ရသလို မဟုတ်ဘဲ ရဲရဲတောက်နေသည်။ တလက်လက် အိစက်နေသော အဆင်အပြင်က အနီရောင်ပေမယ့် ထူးခြားလှပနေ၏။

အခန်းတစ်ခုလုံးကို ဝေ့ကြည့်တော့ စားပွဲကုလားထိုင် ဗီရိုမြင့်ကြီးနှစ်လုံးနှင့် အကျီချိတ်တွေ တိုင်ခွေက ဘေးမှာအပြည့်။

အိပ်ယာဘေးစားပွဲပေါ်မှာ ကွန်ပျူတာ တစ်လုံးရှိလျက် ဖိုင်အ





ထပ်လိုက်ကို သေချာစွာ စီရီတင်ထား၏။

သုန် အိပ်ယာထက်မှ အသာထလိုက်သည်။

ချို့နေသော ကိုယ်လေး ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၏။

အခန်းထဲမှာ ယောကျ်ားလေးအကျီ ဘောင်းဘီတွေ မြင်သဖြင့် ဒါယောကျ်ားလေးတစ်ယောက်ရဲ့ အခန်းဆိုတာကိုသိကာ အိပ်ယာပေါ်မှ မနေရဲတော့ဘဲ ထိုင်လိုက်ခြင်းဖြစ်၏။

သို့သော် လူက မဟန်နိုင်ဘဲ မူးဝေနောက်ကျိသွား၏။ ခြေဖဝါး နှစ်ဖက်ချလိုက်တော့ နီစွေးသော ကတ္တီပါကော်ဇောကို ငုံ့ကြည့်မိပြန်သည်။ တစ်ခန်းလုံး ရဲရဲတောက် နေပေမယ့် ပူလောင်သော ခံစားချက်မျိုး မဖြစ်ဘဲ အခန်းရဲ့ ပြင်ဆင်မှုကို သုန် နှစ်သက်မိသည်။

"ဟင်"

အခန်းတံခါးကို ဖွင့်တော့မရ။

အပြင်ကနေ သော့ပိတ်ထားတာ ဖြစ်သည်။ ဘေးက မှတင်းပေါက်နားကို ပြန်လျှောက်လာကာ ဟိုဒီငုံ့ကိုင်းကြည့်ရင်း ဘယ်သူ့အိမ်လဲ ဆိုတာကို သုန် အလွန်အမင်း သိချင်နေမိသည်။

ညက သူမကားတစ်စီးရဲ့ နောက်ခန်းထဲ ဝင်ခဲ့သည်။

ထို့နောက်ပိုင်းကို ဘာဖြစ်ခဲ့မှန်း ဘယ်လိုမှ စဉ်းစားမရတော့ပေ။

ဒါဟာ ထိုကားပိုင်ရှင်တို့ရဲ့ အိမ်လား။

ထိုစဉ် ချောက်ခနဲ တံခါးဖွင့်လိုက်သံ ပေါ်လာသဖြင့် သုန် တစ်ယောက် ဝင်လာမည့်အရေးကို စိတ်လောကြီးစွာ လှမ်းကြည့်နေမိသည်။

ပန်းစောင်းတစ်ခုနဲ့ မျက်နှာတစ်ခြမ်းပေါ်လာ၏။

အခန်းထဲကို ချောင်းမြောင်းကြည့်ပုံမျိုး ဖြစ်၏။

သုန့်ကိုတွေ့သောအခါ တစ်ချက်ပြုံးပြကာ ပြန်လည်ပျောက်

ကွယ်သွားသည်။ ထိုမျက်နှာကို သုန် မြင်ဖူးသလိုလို သိနေသလိုလို ဒါပေမယ့် ဘယ်မှာမြင်ဖူးမှန်းမသိ။ သုန် ပြန်လည်စေ့ပိတ်သွားသည့် တံခါးကို ငေးကြည့်ကာ စဉ်းစားမရဖြစ်နေဆဲ တံခါးက ဖျက်ခနဲ ပွင့်သွားသည်။

"အို. . ."

မြင်လိုက်ရသည့် လူတစ်ယောက်ကြောင့် သုန် နောက်ကိုခြေတစ်လှမ်းဆုတ်မိသွား၏။

"ရှင်. . ."

ဆင်တူရိုးမှား ဖြစ်နိုင်ဖွယ် အိပ်မရှိသော ထိုပုံသဏ္ဍာန် ထိုမျက်နှာကို သုန် ချက်ချင်း မှတ်မိသည်။

ရွှေညိုစိမ်းရောင်ဂျာကင် ဘောင်းဘီရှည်အနက်နှင့် ဆံပင်ရှည်တို့ကို နောက်မှာ စုစည်းထားတတ်သော လေးထောက်ဆန်သည့် မျက်နှာမှာ လက်လက်တောက်နေတတ်သည့် ထိုမျက်လုံးများကို သုန် မမေ့ပါ။

ထိုသူသည် သုန့်အရင် လွန်စွာလှပသော ငှက်ကလေးကို လျှော်ကြေးပေးခဲ့ဖူးသလို လွန်စွာဆိုးရွားသော ရိုက်ချက်များဟာလည်း သူ့ကြောင့်ပဲ ဖြစ်လာသည်။

အမိန့်ရှင်ဟာ ထိုသူဖြစ်ခဲ့ပါလျှင် သူဟာ သုန်ကို လက်ထပ်ဖို့ ကမ်းလှမ်းထားသည်ဆိုတာပေါ့။ သုန်ဘာဖြစ်လို့ သူ့ဆီရောက်လာတာလဲ။

အမိန့်ရှင်က သူ့ခြေလှမ်းရွေ့လာတဲ့အတိုင်း မမှိတ်မသုန် လိုက်ကြည့်နေသည့် သုန့်ကို ခပ်စူးစူးကြည့်၍ သဘောပေါက်သွားသည့်နှယ်။

"မင်း ကိုယ့်ကားပေါ် ရောက်နေတာလေ. . . သတိလစ်နေတယ်. . . ဘာဖြစ်မှန်းမသိလို့ ဆရာဝန်ပင့်လိုက်ရတယ်. . . ခုနကမှ ပြန်သွားတာ"

"သုန် သတိလစ်နေတယ်. . . ဟုတ်လား"





"ဟုတ်တယ်. . . ဘာဖြစ်တာလဲ ပြောနိုင်မလား"

သုန် သူ့မျက်နှာကို လှမ်းငေးနေကာ. . .

"သုန်. . ."

သုန် ဘာပြောရမှန်း မသိ။ ဖြစ်ခဲ့တာက သူ့ကြောင့်။

"အမိက မိသုန်ဆိုတဲ့ကောင်မနဲ့ အမိန့်ရှင် မညားဖို့ပဲ"

ရွှေခြည် ပြောတဲ့စကားသံက နားထဲမှာ ခုချက်ချင်း ပြောနေသလိုကြီးရှိနေဆဲ။ ပြီးတော့ တိရစ္ဆာန်တစ်ကောင်ကို နှိပ်စက်သလို သုန် အလူးအလိမ့်ခံခဲ့ရတဲ့ အဖြစ်တွေ ဘာအကြောင်းကမှ ပြန်ပြောလောက်အောင် ဖွယ်ရာတာမရှိပေ။

"ဟိတ် ဘာကြည့်နေတာလဲ ပြောလေ"

သုန် မျက်ရည်တွေ ဝေ့ဝိုက်စို့စွက်လာပြန်သည်။

ထို့နောက် ဖျတ်ခနဲ မျက်လွှာချပစ်လိုက်ကာ. . .

"သုန် ဘယ်လိုပြောရမှန်း မသိလို့. . ."

ဟု တိုးတိတ်စွာ ပြောသည်။

"ပြောတတ်သလိုပြောပေါ့. . . ဘယ်သူနဲ့ ဘာဖြစ်တာလဲ. . . မိုးမလင်းခင်ကြီးဆိုတော့ မင်း အိမ်ကထွက်ပြေးလာတာ မဟုတ်လား"

သုန် မျက်နှာမမော့ဘဲ ခေါင်းညိတ်လိုက်စဉ် မျက်ရည်စက်တို့ လွင့်စင်ကျသွားတာကို အမိန့်ရှင် မြင်လိုက်၏။ သုန် မျက်နှာလေးလွှဲထားကာ ပြတင်းပေါက်ကို ကျောခိုင်းတစ်မိလိုက်၏။

"ရှင့်ကို သုန် ကျေးဇူးတင်ပါတယ်"

"ဟင်. . . ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ"

"သုန့်ကို ခုလို ကောင်းကောင်းမွန်မွန် လက်ခံပေးထားလို့ပါ. . . ပြီးတော့ ထပ်ပြီး အကူအညီတောင်းပါရစေ. . . သုန့်ကို စိတ်ချရတဲ့ အ

ဆောင်တစ်ခုခုမှာ အပ်ပေးပါနော်. . . အဆောင်ဆိုတာ သုန် လုံးဝမစုံစမ်းတတ်လို့ပါ"

"ဘယ်လို"

သူ မျက်ခုံးပင့်မေးရင်း သုန့်နားကို လျှောက်လာသည်။

"မင်းက အဆောင်မှာ နေမလို့ ဟုတ်လား"

"ဟုတ်တယ်. . . သုန် ဟိုအိမ်ကအပြီး ထွက်ပြေးလာတာ. . . လမ်းမှာ လူဆိုးတွေနဲ့ တွေ့ပြီး ထွက်ပြေးလာရင်း ရှင့်ကားပေါ် တက်ပုန်းမိတာ. . ."

သူက ခေါင်းညိတ်၍ စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်လိုက်၏၊

"ထိုင်ပါဦး"

သုန်ကို ဒရင်းဘတ်ကို ညွှန်ပြ၍ ထိုင်ခိုင်း၏။

သုန်က ခပ်ရှိုးရှိုးလေး ဝင်ထိုင်သည်။

"မင်း ထွက်ပြေးလာတဲ့အကြောင်းကို ကိုယ်သဘောပေါက်ပြီ. . . ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် သူတို့နှိပ်စက်တာ မခံနိုင်လို့ မင်းထွက်ခဲ့တာ မဟုတ်လား"

သုန် ခေါင်းညိတ်သည်။

ဖားလျားပြန့်ကျဲနေသော ဆံပင်ရှည်များ ဒရင်းဘတ်ပေါ်မှာ ခွေဝိုက်မေးတင်နေပုံကို ကမိန့်ရှင်က ငေးကြည့်၍. . .

"တလွဲတော့ ဂဏင်နဲ့ လက်ဝဲသုန် မင်းကို ကိုယ် အဆောင်ကို ပို့မပေးနိုင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"မင်းကို လက်ထပ်ဖို့ ဦးအောင်လွင်ဆီမှာ ကိုယ်ခွင့်တောင်းထားတာပဲ. . . အဲဒါ မင်းသိပြီးပြီဖြစ်စေ. . . မသိရဘူးဖြစ်စေ. . . ကိုယ့်ဘက်





ကတော့ သေချာခဲ့တယ်လေ. . . အခု မင်း ကိုယ့်လက်ထဲကို တ ကိုယ်အ ကြီး ဟိုးဝင်လာပြီးမှ တခြားကို ကိုယ်ပို့ပစ်ဖို့ လိုသေးလို့လား" က်လွတ်

ဒါကိုတမင် မသိသလိုပဲ ထားခဲ့ချင်တာ. . .

ဒါကြောင့်ပဲ သုန် အနှိပ်စက်ခံခဲ့ရတာ. . .

သုန့် မျက်ဝန်းလေးတွေမှာ ရန်လိုခြင်းတွေ ကူးလူးသွား၏။

ထို့နောက် ချက်ချင်း အားငယ်ပျော့ကျသွားကာ မျက်ရည်. . . အိခနဲ ဝိုင်းတက်လာ၏။

"ရှင်ဘက်က ပိုင်ခဲ့တယ်ပေါ့. . . ဟုတ်မှာပါလေ. . . သုန် အားလုံးရဲ့ လက်ခုပ်ထဲကရေပဲ"

"ဟော့. . . မင်းကိုယ့်ကို ဒီစကားမျိုးနဲ့ တိုက်ခိုက်ဖို့မကြိုးစ မင်းကိုရဖို့ တောင်းတဲ့ကိစ္စမှာ ကိုယ့်ပေါ့ပေါ့လေး ပါးစပ်ဆော့လိုက် မဟုတ်ဘူး. . . တခမ်းတနား လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီးမှ တောင်း ပစ္စည်းဆိုရင် ဘယ်ကပဲကောက်ရလာလာ ဘယ်လောက်ပဲ တန်ဖိုးကြီး နဲ့ပဲဝယ်ဝယ် အသုံးပြုမယ့်သူရဲ့ လိုအပ်ချက်ဟာ တန်ဖိုးပဲ ကိုယ် ကို နားလည်ရဲ့လား"

"မလည်ဘူး. . . လည်ဖို့လည်း မကြိုးစားချင်ဘူး. . . အဆောင်ပို့ပေးပါ"

"ဆောရီးပဲ. . . လက်ဝဲသုန် ပို့မပေးနိုင်ဘူး. . ."

သူ ထိုင်နေရာမှ ထရပ်ကာ ပြတင်းပေါက်နား လျှောက်သွားသည်။ ပြီးတော့ အိတ်ထဲက စီးကရက်ဘူးထုတ်၍ သူရဲ့စီးကရက်ထုတ်ခြင်း မီးညှိခြင်း ဖွာရှိုက်၍ မီးခိုးငွေ့လေးတွေကို စိမ်ပြေနပြေ မှုတ်ထုတ်နေခြင်း အားလုံးပြီးမှ. . .

"ကိုယ် မင်းကို အမြန်ဆုံးရဖို့ တစ်ဖက်သတ် ကြိုးစားခဲ့မိတာ

အဲဒါ မင်းကို အရူးအမူး စွဲလမ်းနေလို့တော့ မဟုတ်ဘူး. . . ဆောင်တန်သ်ဆုံခဲ့ကြတာ အဲသလောက်ဖြစ်ဖို့ မလိုအပ်သေးဘူးလေ. . . တတ်လိုင်တာ တစ်ခုက မင်းကို သဘောကျတယ်. . . ထူးထူးခြားခြား ဝင်စားသွားခဲ့တယ်. . . ဒါကြောင့် မင်းအကြောင်း စုံစမ်းကြည့်တော့ ဒိုးစိတ်ဝင်စားစရာတွေ ဖြစ်လာတယ် အမိုက အဲဒါပဲ. . ."

အစိန့်ရှင်က သုန့်ရဲ့ဆံနွယ်ရှည်တွေ ဖုံးလွှမ်းနေသည့်နောက် ပျာဖြင့်လုလုလေးကို စူးစိုက်ကြည့်ကာ. . .

လင် "မင်းရဲ့ဘဝကို သိပြီးတဲ့အတွက် သူတို့နဲ့ မင်းရဲ့ ပတ်သက်မှုကို မိတ ်ထည့်မတွက်ဘူး. . . အဲဒါကြောင့် ငွေမက်တဲ့သူကို ငွေနဲ့ပေါက်ပြီး ပ်ကြိုးစားလိုက်တာပဲ. . . ဒီထဲမှာ မင်းကို အထင်သေးတာတွေ ဘာ တွေ ဘာမှမပါဘူး. . . နံပါတ်တစ် ကိုယ့်အသက်အရွယ် အလုပ်အ ်နဲ့ မိန်းမပိုးပန်းနေဖို့ အချိန်မပေးနိုင်ဘူး. . . နံပါတ်နှစ် မင်းကို အဲဒ် ရာက ဆွဲထုတ်ချင်တယ်. . . နံပါတ်သုံး အဲဒီကိစ္စအတွက် မင်းအပေါ် ထားကြတဲ့ သူတို့လိုလူတွေဆီမှာ သမီးတော်းသလို ခယတောင်း ဘာအ မလိုဘူးလို့ ကိုယ်သတ်မှတ်တယ်. . . မင်းနားလည်ဖို့က အခု ခဲ့တာ ဉပ်ခဲ့သမျှဟာ မင်းဘက်ကကြည့်ရင် အထင်တစ်မျိုးရောက်စရာ မယ့် ကိုယ့်ဘက်ကတော့ မင်းအပေါ် ရိုးရိုးလေးပဲ မြင်ခဲ့တာပါ"

"ဒါဆို သူကလည်း သုန့်ကို မချစ်ဘဲ သနားလို့ လက်ထပ်ဖို့ စိတ်ကူးခဲ့တာလို့ ပြောလိုက်တာပေါ့"

"ကိုယ်ရှင်းပြတာ မင်းသဘောပေါက်သင့်ပြီ ထင်တယ်. . . ဇုပ် ထိန်းသူမဲ့နေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ဟိုထွက်ပြေး ဒီထွက်ပြေး နဲ့ သိက္ခာမဲ့တဲ့အလုပ်ကို မင်းထပ်လုပ်ဖို့ စိတ်မကူးပါနဲ့. . . မင်းနဲ့ကိုယ် လောလောဆယ် စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ထားမယ်. . .





အဲဒါ မင်းရဲ့ကိစ္စအတွက် ညှိခံပွဲလုပ်ပြီး မင်္ဂလာဆောင်ဖို့ကို ကိုယ်အမြန်ဆုံး ကြိုးစားမယ်. . . ဒီရက်ပိုင်းမှာ ဒီအခန်းထဲမှာပဲ မင်း လွတ်လွတ်လပ်လပ်နေပါ. . . ခေါင်းရင်းခန်းမှာ ကိုယ့်ရှိမယ်"

သူသည် သုန့်ထံမှ မည်သည့်စကား တစ်ခွန်းကိုမှ ငံလင့်ခြင်း မရှိဘဲ သူပြောလိုရာကိုသာ ဆက်တိုက်ပြောချသွားကာ တံခါးဆီ လျှောက်ထွက်သွား၏။

တံခါးရွက်ကို ဆွဲဖွင့်လိုက်ပြီးမှ နောက်ပြန်လှည့်ကြည့်ကာ. . .

"ကိုယ် ညနေလောက်မှ ပြန်ရောက်မှာ မင်းဆာရင် အောက်မှာ ဆင်းစား. . စားစရာအစုံရှိတယ်. . . ဒါပေမယ့် ထမင်းဟင်းတော့ အိမ်မှာ မရှိဘူး. . . ဆယ်နာရီထိုးရင် ဝီလီ လာပို့ပေးလိမ့်မယ်"

သုန် တစ်ယောက်တည်း ကျန်ခဲ့သည်။

နန်းဆောင်ခန်း တစ်ခန်းလို ခန့်ညားလှပသော အခန်းကို ငေးငေးကြည့်ရင်း သုန် သူပြောသွားသည်တို့ကို ပြန်လည်ကြားယောင်နေမိ၏။

"အုပ်ထိန်းသူမဲ့နေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ဟိုထွက် ပြေးဒီထွက်သွားနဲ့ သိက္ခာမဲ့တဲ့အလုပ်မျိုး မင်းထပ်လုပ်ဖို့ စိတ်မကူးပါနဲ့" တဲ့ သုန့်ဒီကနေ ထပ်ထွက်မသွားဖို့ သူပြောသွားတာ ဖြစ်မည်။ တကယ်ပဲ သူမ ဒီမှာနေဖို့ ဆုံးဖြတ်ရတော့မည်လား။

သုန် သူ့ကို လက်ထပ်ဖို့ ခေါင်းညိတ်ရတော့မည်လား။

သူကတော့ သုန်ဘာမှ ပြန်ခွင့်မရလိုက်ဘဲ ဘာမှလည်း မမေးမြန်းပါဘဲ သူ့သဘောအတိုင်း လက်ထပ်ဖို့ကို စီစဉ်နေပြီဖြစ်၏။

ဟင့်အင်း သူနဲ့သုန် ဘယ်တုန်းကမှလဲ တရင်းတနှီး မရှိခဲ့ဘူးဘဲနဲ့ လက်မခံနိုင်သည့် စိတ်ကြောင့် ခေါင်းကိုခါယမ်းပစ်မိသည်။

ဒါဆို ညည်းဘယ်သွားမလဲ သုန်။ ပတ်ဝန်းကျင်ဆိုတာ ဘာမှန်း

မသိဘဲနဲ့ ဒီဆွဲကြိုးလေးတစ်ကုံး အားကိုးနဲ့ ဘဝကိုရပ်တည်သွားလို့ရမှာတဲ့လား။

ဘယ်မှာသွားနေပြီ ဘယ်အလုပ်ကို ဘယ်သူ့အားကိုးနဲ့ လုပ်မလဲ။ သုန်သိပါသည်။

ဒါပေမယ့် သူ့ကို သုန်ကြောက်သည်။ မရင်းနှီး မချစ်ခင်ခဲ့သော အမိန့်ရှင်ပုံစံက နေရာတကာ လွှမ်းမိုးနိုင်သော သဘောရှိကာ သူဖြစ်ချင်သည်ကိုသာ ဆွဲယူလုပ်ဆောင်မှုမျိုးဖြစ်သည်။

ကိုယ်နဲ့မပတ်သက် မရင်းနှီးခဲ့ဖူးသော ယောက်ျားလေးတစ်ယောက်ကို သုန် မည်သို့ လက်ထပ်နိုင်ပါမည်နည်း။

သို့ဆိုလျှင် ချစ်ခဲ့ရင်းနှီးခဲ့သော တိုင်းဝဏ္ဏကို သူမ အားကိုးမည်လား။ သုန်မျက်ဝန်းမှာ ဝေ့သီနေသော မျက်ရည်စတို့က စီးကျလာသည်လည်းမဟုတ် ဆုတ်ခမ်းသွားခြင်းလည်းမရှိဘဲ မျက်ဝန်းမှာ ပြည့်ဝိုင်းရစ်သီကာ မျက်တောင်တစ်ခတ်မှာ နှုတ်ဆက်ပြေးထွက်ဖို့ တာစူနေကြလေသည်။

တိုင်းဝဏ္ဏကို မြင်ယောင်လာမိတော့ သုန် အံကလေးကြိတ်မိ၏။ ကိုဟာ သူမကို မြတ်နိုးချစ်ခင်သည် မှန်သော်လည်း လက်ထပ်ကြပါစို့လို့ ပြောလာခြင်း မရှိခဲ့တာဟာ အရာရာသော အကြောင်းကြောင်းတွေ ရှိနေလို့သာ ဖြစ်ပေသည်။

"သုန်တို့ လက်ထပ်ကြရအောင်နော်" လို့ ချစ်သူကို ဖွင့်ဟတောင်းဆိုဖို့ထိ သုန် သိက္ခာမမဲ့ချင်ပေ။

ထို့ပြင် ဒီလောက်ထိ ခုက္ခသောကတွေနှင့် မျက်ရည်ပင်လယ်ဝေခဲ့ရသော်လည်း ကိုဆီထွက်ပြေးဖို့ သုန်လုံးဝ မစဉ်းစားမိခဲ့တာ ထူးဆန်းစွာပဲဖြစ်လေသည်။





ချစ်သူတစ်ယောက်သာ အားကိုးဖွယ်ရှိသော်လည်း သုန် ကို့ကို အားကိုးဖို့ အဘယ့်ကြောင့် စိတ်မကူးမိခဲ့ပါသနည်း။ စဉ်းစားစမ်း မိသုန်။

"ညည်း ဘယ်လိုအင်အားမျိုးနဲ့ ဒီကထွက်သွားမှာလဲ"

သုန် ဒရင်းဘတ်မှာ နှမ်းသွဲ့စွာ မှီချလိုက်မိသည်။

မျက်ရည်စက်တို့ကို လွတ်လပ်စွာ ဖြတ်သန်းခွင့် ပေးလိုက်ရင်း လက်ခုံနဲ့ တို့သုတ်သည်။ အမြဲတမ်း သူများစိတ်နဲ့ ကိုယ့်ရဲ့ကိုယ်နေလာခဲ့ရသော သုန့်ခေါင်းထဲမှာ ဘယ်အရာကိုမှ ရေရေရာရာ ဆုံးဖြတ်ဖို့ ခွန်အားမရှိဘဲ ဖြစ်နေသည်။

ဘဝအတွက် သူမဖြစ်ချင်တာကို လုပ်သင့်သလား။ ဖြစ်သင့်တာကို ဆုံးဖြတ်ရမည်လား။

သုန် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချပစ်လိုက်သည်။ အရာရာကို ကျော်လွှားဖို့ သူမအတွက် ဘာလိုသလဲ။

## အခန်း (၃၂)

"မနက်ကိုးနာရီ မင်္ဂလာဆောင်နဲ့ကိုယ် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးမယ်. . . . ရွှေနေတွေနဲ့ လူကြီး ဆယ့်လေးငါးယောက် လာကြလိမ့်မယ် အဆင်သင့်ပြင်ထား"

ပြော၍ သုန့်ဘေးမှာ ပစ္စည်းတွေ လာချပေးသွားသည်။

အဖြူရောင်ဇာဝမ်းဆက်နှင့် လက်ဝတ်ရတနာတွေပါသည့် ဘူးတစ်ဘူး၊ ပြီးတော့ ဘာထည်တွေမှန်း မသိသည့် အကျီအဝတ်အစားတွေ ပါသေးသည်။

သုန့် စုံအောင် ထုတ်မကြည့်ဖြစ်ပါ။ အိတ်တွေကိုဖွင့်ပြီး အပြင်ကနေပဲကြည့်၍ ပြန်ချထားလိုက်သည်။

သူနဲ့ကိုယ် လက်မှတ်ထိုးရတော့မည်။ ခုချိန်ထိ သူနဲ့ စကားဟဟ မပြောဖြစ်သေးပါ။

လက်ထပ်ကြမည့် လူနှစ်ယောက်ရဲ့ အနေအထားဟာ ခနီးသွား





ဟန်လွဲ စကားခေါ် ပြောနေမိကြတဲ့ မျက်နှာသိများအဆင့်ထက် မပိုခဲ့ပေ။

သုန့် လျှောက်လှမ်းရမည့် ဘဝခရီးဟာ ဤသို့သော ကျွင်ခဲအေးစက်နေခြင်းမျိုးနှင့် စရတော့မည်လား။

"မသုန့်"

"ရှင်"

မှန်ရှေ့မှာ ငုတ်တုတ်လေး ထိုင်နေမိဆဲ ဝီလီက အခန်းရှေ့မှ လှမ်းပြောလိုက်သဖြင့် လန့်သွားမိသည်။

"ပြီးရင်ထွက်ခဲ့ပါတဲ့ ကိုမိန့်ခေါ်နေတယ်"

"ရှင် ဟုတ်ကဲ့"

ကမန်းကတန်း ထရပ်လိုက်ပြီးမှ သုန့် မှန်ပြန်ကြည့်သည်။

ဘာမှမလုပ်တတ်၍ ကျစ်ဆံပြီးနှစ်ဘက်ကျစ်၍ပဲ ဆံပင်ကို အတိုင်း ချထားခဲ့သည်။ ဘူးဖြစ်နေတိုင်း

သူဝယ်ပေးထားသည့် အလှပြင်ပစ္စည်းများထဲ့ညီးပဲ" တာလောက်ပဲ ကိုယ်သိတာမို့ မိတ်ကပ်ပါးပါးလေးလိမ်း၍ ဝဲသုန်ဆိုတဲ့ မိန်းလိုက်ခဲ့၏။ လုပ်ပြီး သူများ

ဇာအဖြူဝမ်းဆက်က သူဘယ်လိုမှန်းဆ ချုပ်လာမှီး မလိုချင်နဲ့ မသိ။ သုန့်နဲ့ အတော်ပဲ ဖြစ်နေသည်။

အပြင်ထွက်လာတော့ သူက အခန်းဝမှာ ရပ်စောင့်နေဝဲမှာ တွေ၏။ အမိန့်ရှင်က သုန့်ကို ခပ်စူးစူးကြည့်ကာ. . .

"လက်ဝတ်လက်စားတွေက ဘာလို့မဝတ်တာလဲ"

သုန့် ထည်ပင်းကို ယောင်ယမ်းစမ်းလိုက်မိသည်။

"ဟို သုန့် မဝတ်တတ်လို့ . ."

"အောက်မှာ လူကြီးတွေစုံနေပြီကွ၊ အားနားဖို့ကောင်းတယ်လာ"

သူ ရှေ့ကနေ အခန်းထဲမြန်ဝင်သွားတော့ သုန်လိုက်သွားသည်။ သုန့်ရဲ့သတ်တောက်ဝတ် နှစ်ဘက်မှာ လက်ကောက်တွေ ဝတ်ပေးသည်။ တစ်တိတ်လဲ့နေသော စိန်လည်ဆွဲတစ်ကုံးကို သူကိုယ်တိုင်ဆွဲပေးတော်။

သူ့ရင်ခွင်ထဲမှာ ရင်ချင်းကပ်မတတ်ဖြစ်နေရသဖြင့် သုန်အသက်ပင် မရှူရဲဘဲ နှုတ်ခမ်းလေးကိုက်၍ ပခုံးကလေးကို ကျုံ့ထားမိသည်။

သူ့ကိုယ်မှ လွန်စွာအဖိုးတန်သည့် ရေမွှေးနံ့သင်းသင်းလေးကို သုန် ရှူရှိုက်မိ၏။

ရှက်၍လား ကြောက်၍လားမသိ။

သုန် ရင်တွေခုန်နေသည်။

အပြင်ထွက်ခဲ့ကြတော့ သူက သုန် လက်ဖဝါးလေးကို ဖွဖွဆွဲမယ်. . . မှကာ လူကြီးတွေရှေ့မှာ ယှဉ်တွဲ၍ထိုင်၏။

အဆင်ဘင့်ပြွဲရှည်ပေါ်မှာ စားသောက်စရာတွေ အပြည့်တည်ခင်းထား

ပြောလှပသော ငွေဖလားကြီးနှင့် ပန်းရောင်စုံတွေကို စိုက်တင်

ဦးမငြီးစရာဖြစ်၏။

တစ်ဘူး၊ ဗဟိုတရားရုံးချုပ် ရှေ့နေများနှင့် အမျိုးသား အမျိုးသမီး ဧည့်ပါအေအားလုံး၏ မျက်လုံးများက ပြုံးကြည့်နေကြသည်။

"ခုလို ကျွန်တော်တို့ နှစ်ယောက်ရဲ့ နှစ်ဦးသဘောတူ လက်မှတ်ထိုး လက်ထပ်ကြတဲ့ပွဲကို တရားဝင်စာချုပ်စာတမ်းများနဲ့ အသိအမှတ်ပြုချီးမြှင့်ဖို့ ရောက်လာကြတဲ့ ရှေ့နေကြီးများနဲ့ လူကြီးမင်းများ အားလုံးကို အထူးကျေးဇူးတင်ပါတယ်. . . ကျွန်တော်တို့နှစ်ယောက်ရဲ့ လောလောဆယ်ဆယ် အနေအထားမှာ သူ့ဘက်က အုပ်ထိန်းသူမိဘမရှိတော့သလို





ကျွန်တော့်ဘက်က မိဘကလည်း အနီးအနားမှာ မရှိပါဘူး. . . ဒါကြောင့် နှစ်ဖက်မိဘများအဖြစ်ရော အသိသက်သေများအဖြစ်ပါ လူကြီးမင်းများကို ဖိတ်ကြားလိုက်ရတာပါ"

သူ့ရဲ့လေးစားသော ရည်မွန်စွာ ပြောဆိုမှုအောက်မှာ အားလုံးပြုံး၍ ခေါင်းညိတ်ကြသည်။

လက်မှတ်ထိုးခြင်း ကိစ္စပြီး၍ အားလုံးစားသောက်ကြတော့ ဦးရန်ရှင်းဆိုသော ထိပ်ပြောင်ပြောင် ခပ်ဝဝ ပုဂ္ဂိုလ်ကြီးက ပြုံး၍. . .

"ကျုပ်က အမိန့်ရှင်လိုလူတော့ ဒီတစ်သက် မိန်းမယူဖို့ စဉ်းစားတော့မှာ မဟုတ်ဘူးလို့ တွက်ထားတာ. . . ကျုပ်မြင်ဖူးသမျှ လူငယ်တွေထဲမှာ မင်းလောက် အလုပ်လုပ်တဲ့သူ အလုပ်များနေတတ်တဲ့သူ မင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"ဒါပေါ့ ဦးရန်ရှင်းတစ်ယောက်ဟာ သူ့လူပျိုကြီးဖြစ်နေတိုင်း သူများအိမ်ထောင်ပြုပြီဆို စမယ် နောက်မယ်ဆိုတာချည်းပဲ"

"မစပေါင်ဗျာ. . . ဝမ်းသာပါတယ်. . . လက်ဝဲသုန်ဆိုတဲ့ မိန်းကလေးကို ပြောမလို့ပါ. . . စိမ်းမမထက်လို အပျိုကြီးလုပ်ပြီး သူများမင်္ဂလာဆောင်တိုင်း ပါရမီဖြည့်နေရတာနဲ့ အထီးကျန်ဘဝမျိုး မလိုချင်နဲ့လို့. . ."

"ဘာအထီးကျန်တာလဲ. . . ဦးရန်ရှင်းနော်. . . စိမ်းမမှာ တူတူမတွေ့မှ တစ်ပုံကြီး ခါတောင်ချရတယ်"

"သားသမီးနဲ့တော့ တူမလားဗျ. . . သားသမီးဆိုမှ ကိုယ့်အနားမှာ အမြဲရှိမှာပေါ့. . . အိမ်ထောင်ရက်သားတွေ ကျကုန်တာတောင် အမေနဲ့အမေကို ပြုစုလုပ်ကျွေးကြတုန်း အမိန့်ရှင်တို့ဆို မကြာခင် သားနဲ့သမီးဖြစ်တော့မယ်. . . ဘယ်လောက် ချမ်းမြေ့လိုက်မလဲ"

သူတို့အတော့ ကြေရယ်ကြနှင့် စိုပြေနေသည်။

သုန် ငါးပြင်လေးနှစ်ဖက် နီရဲကာ မျက်တောင်ရှည်များနဲ့ ယှက်တာ ဖုံးကွယ်ထားသော်လည်း မလုံမလဲနဲ့ ချထားသည့် သုန့်မျက်ဝန်းလေးတွေကို အမိန့်ရှင်က ငုံကြည့်နေ၏။

သုန် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တော့ သူ့မျက်ဝန်းများနဲ့ဆုံသည်။

နှစ်ယောက်ပြိုင်တူ မျက်နှာလွှဲလိုက်မိကြ၏။

သူမ အိမ်ထောင်ပြုခဲ့ခြင်းဟာ ဒီအချိန်ထိ နွေးထွေးသော စိတ်ဝင်စားလောက်ဖွယ် မရှိခဲ့သေးပေ။

❖ ❖ ❖

## အခန်း (၃၃)

"သွားပြီ. . . အားလုံး သွားပြီ. . . အမိုက်မတွေ. . . ဘယ်မှာလဲ ခေါ်ထုတ်ခဲ့စမ်း"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ် မင်း သမီးတွေ အားလုံးခေါ်. . . "

ဦးအောင်လွင် အသံဆတ်ဆတ်တုန်နေသဖြင့် ဒေါ်စုစုလွင် ဘာမှမမေးတော့ဘဲ သမီးတွေကို လှမ်းခေါ်ရသည်။

"မြန်း. . . မြန်း"

ရှေ့ရောက်လာသည်နှင့် ဦးအောင်လွင်ရဲ့ အားပါသော ရိုက်ချက်များက နေခြည်နဲ့ ရွှေခြည်တို့ရဲ့ပါးများပေါ် သို့ ပြင်းထန်စွာကျလေသည်။

"သမီးတို့ ဘာလုပ်လို့လဲ ဖေဖေ"

"ဘာလုပ်လို့လဲ ဟုတ်လား. . . မိန်းမယုတ်လေးတွေ. . . နင်တို့လုပ်လိုက်ကြလို့ ဟိုကောင်မလေး ထွက်ပြေးသွားတာ. . . အခု ငါ အကုန်သိခဲ့ပြီ၊ ငါမှာတော့ အမိန့်ရှင်ကို ကတိပေးလိုက်ပြီးပြီမို့လို့. . . မိသုန်ကို

ကြိတ်မှာလိုက်ရတာ သမီးတွေစကားကို ယုံပြီး အရူးကြီးဖြစ်လို့ အခု မိသုန် ဘယ်ရောက်နေသလဲသိလား"

နေခြည်က နာကျင်သော ပါးပြင်ကို ဆုပ်ကိုင်၍ ရူးစူးရဲရဲ ပြန်ကြည့်သည်။

"သူ့ဘဝနဲ့ သူ့အကြောင်းပဲ ဖေဖေ. . . သမီးတို့ သူ့ကို ခါတိုင်းလို ဆူမိရိုက်မိတာပဲ ရှိတယ်. . . သူဟာသူ ထွက်သွားတာ. . . သမီး အပြစ်လား"

"ဟုတ်တယ်. . . ရွှေတို့ သူ့ကို နှင်ချတာမဟုတ်ဘူး. . . သူဟာသူ ဘယ်တာဝရောက်ရောက် ရွှေတို့နဲ့ ဘာဆိုင်လဲ"

ကိုယ်က တောင်တောင်မြောက်မြောက် မပို့ရဘဲ သူဟာသူ ထွက်သွားတော့လည်း ကောင်းတာပဲဟု သဘောပိုက်ခဲ့ကြသည်။

ဖေဖေ ဒီလောက် ဒေါသထွက်လာမုံ ထောက်လျှင် မိသုန် ဘယ်လောက်ထိ အဖြစ်ဆိုးနေပြီလဲ။

"အခု ရှင့်တူမက ဘာဖြစ်နေလို့လဲ. . . သူဟာသူ ဆင်းသွားလို့ ဖြစ်တဲ့ကိစ္စ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာရင် ကျွန်မကတော့ လုံးဝ လက်ခံမှာ မဟုတ်ဘူး အပြတ်ပြောတာ"

"ဘာပြောတယ်"

ဦးအောင်လွင် ဒေါ်စုစုလွင်ဘက် စွေ့ခနဲ လှည့်သည်။

"ဘာလဲ မင်းပြောပုံက ငါ့တူမ ဘာဖြစ်သွားပြီလို့ ထင်လို့လဲ. . . ဘာဖြစ်ပြီထင်လို့ ဆွေခန်းမျိုးခန်း ဖြတ်နေတာလဲ"

"လမ်းပေါ်ထွက်သွားမှတော့ လမ်းဘေးမှာပေါ့. . . ရှင့်တူမကို ရှင် အမိန့်ရှင်နဲ့ လက်ထပ်ပေးဖို့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား သူနဲ့တန်တဲ့လမ်း သူဟာသူ ဆင်းလျှောက်သွားတာပဲ"





"အေး ဟုတ်တယ်. . . အခု သူနဲ့တန်တဲ့လမ်းကို ရောက်သွားတာပဲ. . . မင်းတို့ မိသုန်ကို အမိန့်ရှင်နဲ့ ပေးစားမယ့်ကိစ္စမှာ ဘယ်လောက်ထိ အပြင်းအထန် မလိုလားခဲ့သလဲဆိုတာ ထဲထဲဝင်ဝင် မရိပ်မိခဲ့တာ ငါ့အမှား မင်းတို့သားအမိကိုယုံပြီး မိသုန်ကို ပစ်ထားမိတာလည်း ငါ့မှားတာပဲ. . . ခုတော့ ဖွတ်မရ မိုးမဆုံးဖြစ်ပြီ၊ မိသုန်ဟာ ငါ့လက်ထဲကနေ ငါ့တူမအဖြစ်နဲ့ ရောက်သွားရင် ရရှိလာမယ့် အကျိုးအမြတ် အားလုံး ခုတော့ ငါ ဘာမှမရတော့ဘူး. . . ဒီမနက်ပဲ အမိန့်ရှင်နဲ့ မိသုန် လက်ထပ်သွားပြီး အဲဒါ မင်းတို့ ဘာသိလဲ"

"ဘာ. . ."

"ဘယ်လို"

ဒေါ်စုစုလွင် မျက်လုံးကြီး ပြူးသွားသည်။ နေခြည်နဲ့ရွှေခြည်ပါးက ဒဏ်ရာကို မေ့သွား၏။ မိသုန်က ဘာဖြစ်လို့ အမိန့်ရှင်ဆီ ရောက်သွားတာလဲ။ သူမ ဘယ်ကမှန်း ဘာမှန်းမသိသေးတဲ့ ယောကျ်ားတစ်ယောက်ကို စွန့်စား ရှာဖွေသွားလောက်အောင်တော့ မိသုန် မလည်ဝယ်နိုင်။ လည်လည်ပတ်ပတ် ရောက်သွားဦးတော့ အနေအထားတစ်မျိုးဖြစ်သွားမည်။ အမိန့်ရှင်လိုလူက လက်ထပ်ပါမည်တဲ့လား။

"ဖေဖေ့ကို ဘယ်သူပြောတာလဲ"

"သူကိုယ်တိုင် ရွှေနေတွေ ဝတ်လုံတွေကို ဖုန်းကို ပြန်ပို့တာ ဘာတွေဘယ်လို ဖြစ်ကုန်တာလဲ သိချင်သေးလား. . . မင်းတို့ ရိုက်နှက်လိုက်တဲ့ ဒဏ်ရာတွေနဲ့ ကောင်မလေးကို အမိန့်ရှင် ကိုယ်တိုင် ဆရာဝန်နဲ့ပြပြီး အားဆေးတွေသွင်း ဒဏ်ရာကုနဲ့ မင်းတို့ငါတို့ အားလုံး ဒီကောင်မလေးကို ဘယ်လိုထားခဲ့တယ်ဆိုတာတွေပါ သိကုန်ကြပြီ"

ဒေါ်စုစုလွင် မျက်နှာအပျက်ကြီး ပျက်နေလေသည်။

ထိုကိစ္စများကြောင့် သုန့်ကို သူမတို့ အပြင်လူစိမ်း ဘယ်သူနဲ့မှ ဆက်ဆံရင်းနှီးခွင့်မပြုခဲ့တာ ဖြစ်သည်။

ဒီကောင်မလေးကို အမြဲနှိမ်ထားနိုင်မှ ဒီအိမ်ရာကို သူမတို့ပိုင်မှာ။ သုန် ထွက်သွားတယ်ဆိုတုန်းက ပြင်ပ ရောက်သွားမှာစိုး၍ ပူပန်မိသော်လည်း ဖျက်စီးရာပျက်စီးကြောင်း ဖြစ်ဖို့ကများတာမို့ သူ့စရိုက်နဲ့သူ သွားတာပစေဟု သဘောထားခဲ့မိသည်။ ခုတော့. . .

"နေပါဦး ကိုအောင်. . . ဒီဟာမလေးက အဲဒီတစ်ယောက်ဆီ ဘယ်လိုရောက်သွားတာလဲ"

"မသိဘူး. . . အဲဒါကို ငါမသိဘူး. . . အခု ရုံးမှာမျက်နှာချင်းဆိုင်မိတော့ ငါ့ကို လုံးဝ အရာမသွင်းတော့တဲ့ မျက်နှာမျိုးနဲ့ ဒီအိမ်ခြံဟာ ဦးဇေယျာကျော်ရဲ့ခြံလား ဦးအောင်လွင်ခြံလားလို့ မေးတယ်"

"အံမယ်"

"ကြည့်စမ်း. . . သူက"

"အေး. . . ဟုတ်တယ်. . . အမိန့်ရှင် ဘာကောင်လဲဆိုတာ နင်တို့ မကြာခင် သိရတော့မှာ လမ်းပေါက်မပိတ်အောင် ပြေးစရာလမ်းရှာထားကြ"

ဦးအောင်လွင် ငိုချတော့မတတ် မျက်နှာကြီးနှင့် ဆိုဖာပေါ်ကို အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"မင်းတို့ လူတစ်ယောက်ကို ခွေးတစ်ကောင်လို ချောင်ပိတ်ရိုက်ကြတယ်. . . ငါနိုင်တာပဲဆိုပြီး ဒူးထောက်ရှိခိုးနေတဲ့သူကို ကြိုးတုပ်ရိုက်တယ်. . . လူ့ဆိုတာ ပတ်ဝန်းကျင်ရှိတယ်. . . နား မျက်စိတွေရှိတယ် အစဉ်သဖြင့် တည်မြဲသွားတဲ့အရာ ဘယ်အရာမှ မရှိဘူးကွ. . . ခုတော့ သွားပြီး ဘာတစ်ခုမှ ပြန်လိုချင်လို့ မရတော့ဘူး. . . အမိန့်ရှင်လက်ထဲကို





နဖူးလေးနမ်း ကျောလေးသပ်ပေးပြီး လွှတ်လိုက်ရုံနဲ့ ငါတို့ဘဝ နိဗ္ဗာန်ဖြစ်ရမယ့်ဟာ ခုတော့ အားလုံး ခွေးဖြစ်ကုန်ပြီ"

ဒေါ်စုရှုလွင်က အားနည်းသော လေသံနှင့်. . .

"သူ့လိုလူက ဒီတိုက်နဲ့ခြံလောက်ကို မက်မောပါ့မလား. . . ကိုအောင်"

"ဟာ. . . အဲ့ဒါတော့ မင်းပြောမှလား. . . သူ့မိန်းမ ကျောပေါ်က ဒဏ်ရာမြင်တိုင်း မင်းတို့ တစ်ချက်ရိုက်ထားရင် သူက နှစ်ချက်ပြန်ရိုက်ဖို့ ကြိုးစားမှာပဲ. . . အခု ပြောလိုက်သေးတယ်. . . သူတို့ ဌာနခွဲအသီးသီးနဲ့ အရေးကြီးစည်းဝေးပွဲကြီးပြီးရင် ငါနဲ့ တွေ့ဦးမယ်တဲ့"

အားလုံး လက်မှိုင်ချကုန်ကြသည်။

လက်ဝဲသုန်ဆိုသည့် မိန်းကလေးတစ်ယောက်ဟာ သူတို့အားလုံးရဲ့ ခြေကြိုလက်ကြားကနေ အောက်ဆုံးဘဝမှ ဒီလောက်ထိမြင့်မြင့်မားမားကျော် တတ်ရောက်ရှိသွားခဲ့သည့်အဖြစ်ဟာ မယုံနိုင်စရာဝင်။

"ကြံကြဦး. . . မင်းတို့ ထုတ်ခဲ့တဲ့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်သုံးကြပါဦး. . . ခုတော့ ဘာမှ မကြံတတ်တော့ဘူးလား"

"ကြံလို့ အများကြီးရပါသေးတယ် ဖေဖေ. . . စောင့်ကြည့်ပါဦး ဒီသုန်ဆိုတဲ့ကောင်မ ဘယ်ရောက်နေနေ နေခြည်ဆိုတဲ့ အသံကြားတာနဲ့ ကြမ်းပေါက်ဖြေပြေးရမှာပါ"

"တောက်. . . ငါတယ်"

ဦးအောင်လွင် ဆတ်ခနဲ ထကာ လက်ကြီးမြှောက်၍ ပစ်လိုက်၏။ သို့သော် မျက်နှာနားရောက်မှ ဒေါသကို ပြန်ထိန်း၍. . .

"ခုချိန်ထိ မိုက်လုံးကြီးချင်တုန်း" ဟု အံကြိတ်ပြောလေသည်။

## အခန်း (၃၄)

"မင်း ဘာလုပ်မလို့လဲ"

"သုန် အိမ်မှာပဲ ချက်စားမလို့ ကိုဝီလီကို ဈေးမှာထားတာပါ"

သူက သုန် ချက်ပြုတ်နေတဲ့ နားကို လှမ်းဝင်လာကာ. . .

"နှစ်ရက်သုံးရက်အတွင်း ချက်ပြုတ်ဖို့ အမျိုးသမီးတစ်ယောက် ကိုယ်ရှာခိုင်းလိုက်မယ်. . . မင်း စိမ်ပေးရုံပဲဝင်ပေါ့. . . နောက်ပြီး မင်းနဲ့ ကိုယ် လက်ထပ်ပြီးတဲ့အခါ မင်း မီးဖိုထဲမှာ အချိန်ကုန်နေလို့ မရဘူး. . . ကိုယ်သွားတဲ့နေရာ အတော်များများ မင်းလိုက်ရမယ်. . . ကိုယ်နဲ့ပတ်သက်တဲ့ နယ်ပယ်မှာ မင်းဝင်ဆံ့အောင် ကြိုးစားရမယ်. . . အထူးသဖြင့် မင်းနောက်ကြောင်းကမကောင်းတဲ့ ဆွေမျိုးအသိုင်းအဝိုင်းကို မင်း ရဲရဲတဲ့ ပြန်နိုင်ရမယ်"

"ရှင်"

အသံကြားတာနဲ့ပင် သုန် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။





"သုန် သူတို့ကို မတွေ့ပါရစေနဲ့. . . သူတို့"

"ဘာဖြစ်လို့ မတွေ့ရမှာလဲ. . . မင်း သူတို့နဲ့တွေ့မှ ဖြစ်မယ့် အကြောင်းတွေ ရှိသေးတယ်"

သုန် ငရုတ်သီးဆီသတ်ဖို့ ငရုတ်ဆုံထဲက ငရုတ်သီးတွေကို နှမ်းနဲ့ခပ်ရမယ့်အစား ယောင်ယောင်မှားမှားနှင့် လက်နဲ့ နှိုက်ယူလိုက်မိသည်။

"ဘာလုပ်တာလဲကွ. . . လက်တွေ ပူကုန်တော့မှာပဲ"

အမိန့်ရှင်က သုန့်လက်ကလေးကို ဖမ်းဆွဲထားကာ ဘေဇင်ကို ခေါ်သွားပြီး ရေဆေးခိုင်းသည်။

ပြီးတော့ သုန့်မျက်နှာလေးကိုလည်း စူးစိုက်စွာ ကြည့်ဖြစ်လေသည်။ ဒီမိန်းကလေးရဲ့ စိတ်တွေ မာကျောလာအောင် သူ အတော်ကြီး လေ့ကျင့်ပေးရဦးမည် ဆိုတာလည်း သဘောပေါက်သွား၏။

သုန်သည် လွန်စွာ လှပနူးညံ့သော်လည်း ကွဲကြေဖွယ်ကောင်းသော ကြွေရုပ်ကလေး တစ်ရုပ်နှယ်ပါလား။

"မင်း စားသောက်ပြီးရင် တစ်ရေးလောက်အိပ်ပေါ့. . . ပြီးတော့ အဆင်သင့်ပြင်ထား သုံးနာရီထိုးရင် ကိုယ် ဝီလီကို လွှတ်လိုက်မယ်. . . ကိုယ့်ရုံးခန်းကို လိုက်ခဲ့. . . အဲဒီကနေ မင်္ဂလာကိစ္စအတွက် လိုအပ်တာတွေ ဝယ်ခြမ်းဖို့ မင်းကို ကိုယ်လိုက်ပို့မယ်"

အမိန့်ရှင်က စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

သုန်က ပြောင်နေပြီဖြစ်သော လက်ကို မပြီးစီးနိုင်စွာ ပွတ်နယ်ဆေးနေဆဲနှင့် မျက်နှာမော့မလာဘဲ ခေါင်းညိတ်သည်။

ဒါကို အမိန့်ရှင်က စိုက်ကြည့်၍ စကားကိုပြီးအောင် ဆက်ပြောသည်။

"ဝယ်ခြမ်းဖို့ကို စဉ်းစားပြီး စာရင်းနဲ့မှတ်ထားနော်. . . ဟိုကျမှ

စဉ်းစားနေဖို့ ကိုယ့်မှာ အချိန်မရဘူး. . . နှစ်ခေါက်သုံးခေါက် ပို့ဖို့လည်း မလွယ်ဘူး. . . ဘာမှမကျန်ခဲ့စေနဲ့"

"ဟုတ်"

"ဘယ်လိုလဲကွာ. . . လက်တွေ ရေနူးတော့မယ်"

"အို. . ."

အမိန့်ရှင်က သုန့်လက်မောင်းလေးကို ဖျတ်ခနဲ လှည့်လိုက်သဖြင့် သုန် သူ့ဘက်ကို ရင်ဆိုင်လှည့်လိုက်ပြီးသား ဖြစ်သွား၏။

စူးစူးရဲရဲ စိုက်ကြည့်နေသည့် သူ့မျက်ဝန်းများကို သုန် ရင်ဆိုင်မကြည့်ဝံ့ဘဲ မျက်လွှာချပစ်သည်။

သူက သုန့်လက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ထားလျက်နှင့်

"ကိုယ်စကားပြောနေရင် မင်းကိုယ့်ကို ဘာဖြစ်လို့ မကြည့်တာလဲ"

အနည်းငယ် ဆွဲပင့်လိုက်တော့ သုန် ခြေဖျားလေးထောက်လျက် သူ့မျက်နှာနဲ့ နီးကပ်သွားသည်။ သုန် သူ့ရင်ဘတ်ကို တွန်းထားကာ မျက်နှာကို ဘယ်လွှဲချရမှန်း မသိဖြစ်နေ၏။ လွန်စွာရင်ခုန် အနေခက်ဖွယ် ဖြစ်နေသည့် အချိန်တွင် ဆီထည့်ပြီး ခလုတ်ဖွင့်ထားခဲ့သည့် ဒယ်အိုးဆီက အိုးညှော်နံ့ထွက်လာသည်။

"အို့. . . ဆီ. . . ဆီအိုးကျက်နေပြီ"

သုန် သူ့လက်ထဲက ကပျာကယာ ရုန်းထွက်၍ မီးဖိုဆီပြေးသည်။

"ဟိတ်. . . မီးအရင်ပိတ်လေ. . . ငရုတ်သီးတွေ သွားမထည့်နဲ့"

ပြောသံနှင့်အတူ ငရုတ်သီးထည့်တော့မည့် သုန့်လက်ကို ချုပ်ထားကာ သူပဲ ခလုတ်ကို ပိတ်ပစ်လိုက်တာဖြစ်သည်။

"ဘာပဲလုပ်လုပ် သတိအမြဲရှိရကယ်. . . သတိလစ်တာနဲ့ ဒုက္ခ





ရောက်မှာပဲ"

ဒုက္ခရောက်မှသာ ရောက်တော့. . .

သုန် သူ့ရှေ့မှာဆို ဘယ်လိုနေရမှန်း မသိတာဖြစ်သည်။

သူ့မျက်လုံးတွေကို အကြောက်ဆုံး။

ရင်တွင်းထဲထိ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားသလို စူးရဲအေးစက်နေတတ်သည့် မျက်လုံးအစုံဟာ အမြဲတမ်း တဖိတ်ဖိတ် လက်နေတတ်တာဖြစ်၏။

ပြီးတော့ အမြဲတမ်း ရဲရင့်မှုတွေ ပြည့်ဝနေသည့် သူ့လှုပ်ရှားသွားလာပုံကိုလည်း ကြောက်သည်။

သူ့ရှေ့မှာဆို သုန်တစ်ကိုယ်လုံး ပြစ်ချက်ပေါင်းများစွာနှင့် လူးလဲ အရည်ပျော်ကျသွားတော့မလို သေးငယ်သွားသည့်အတိုင်း။

❖ ❖ ❖

## အခန်း (၃၅)

"မင်း သဘောကျရဲ့လား သုန်"

အခန်းတံခါးဖွင့်လိုက်ကတည်းက သုန် 'ဟယ်'ခနဲ ဖြစ်သွားခဲ့တာ အခန်းတံခါးမှာ ဖဲမွေယာ ခေါင်းအုံး ခြင်ထောင် အခန်းဆီးကအစ ဖွေးဖွေးလှုပ် လက်တောက်နေသည်။

ခုံးမှာ အလှပြင်ပစ္စည်း အပြည့်အစုံနှင့် လှန်စွာ ခေတ်မှီသော သုံးမျက်နှာစာပ မှန်တင်ခုံတစ်လုံးရှိသည်။

မှန်တွေကို ဖြူလွှသော ဇာဖြူပါးပါးလေး အုပ်ထားၐ်။

ဘေးမှာ အရွယ်တူဗီရိုနှစ်လုံးက ကပ်လျက်. . .

"ကိုယ်တို့ မင်္ဂလာခန်း ပြင်ခိုင်းထားတဲ့အထဲမှာ ပစ္စည်းပေါင်းဘာမှ ပြန်မသုံးထားဘူး. . . တကယ်ဆို ကိုယ်က အနီရောင်ပဲ ကြိုက်တာ လူတွေပြောမှာကိုတော့ ဂရုမစိုက်ပါဘူး. . . ဒါပေမယ့် မင်း စိတ်ကသိကအောင့် ဖြစ်နေမလားလို့ အဖြူရောင်ကိုပဲ သုံးလိုက်တာ နီချင်နီ မနီဘူး





ဆိုရင် ဖြူလိုက်တာပဲ ကောင်းတယ်လေ. . . ပန်းရောင်တွေ ဘာတွေတော့ ကိုယ် လုံးဝမကြိုက်ဘူး. . . ခွန်အားမဲ့ပေမယ့် အဖြူရောင်က ဖြူစင်တယ် ပန်းရောင်မှာ မာယာရှိတယ်. . . ကိုယ်မကြိုက်တာ အဲ့ဒါပဲ"

သူက စကားတွေ အများကြီးပြော၍ မှန်တင်ခုံပေါ်တွင် အုပ်ထားသော ဇာပဝါတွေကို ဆွဲဖယ်ပစ်လိုက်၏။

"မှန်တွေကြည့်လို့ကောင်းရဲ့လား. . . လာကြည့်ပါဦး"

အနီကွက်ပါသော ထမီစကတ်လေးနှင့် ကိုယ်ကျပ်အင်္ကျီအနီရဲရဲကို ဝတ်ထားသည့် သုန့်ကိုယ်လုံးလေးက မှန်ရှေ့မှာ ရပ်လိုက်တော့ တစ်ကိုယ်လုံး ထင်းရှင်းနေသည်။

ဝင်းစက်နေသော မျက်နှာပြည့်ပြည့်လေးက ကျစ်ဆံမြီးလေးနှစ်ဖက်နှင့် နုနုငယ်ငယ်လေး ဖြစ်နေသည်။

သူက သုန့်တစ်ကိုယ်လုံးကို ကြည့်၍ သုန် တစ်ခုခုပြောလာမည်လားဟု စောင့်ကြည့်နေ၏။

သုန်က နောက်ပြန်ဆုတ်ရပ်ကာ ဟိုဒီလိုက်ကြည့်နေသဖြင့်. . .

"ကြည့်လေ သဘောမကျတာရှိရင်ပြော. . ."

"မရှိပါဘူး"

စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်မိသည်။

သူနေရာ သူ့ဝန်းထဲ ရောက်ကတည်းက အမိန့်ရှင် လုပ်ကိုင်ထားသမျှဟာ သုန် သဘောကျတာတွေချည်း ဖြစ်နေတာ တိုက်ဆိုင်စွာ အကြိုက်ချင်းတူနေတာ ဖြစ်နိုင်သည်။

ရောက်တဲ့နေ့ကတည်းက သုန့်ကို သူ့အိပ်ခန်းထဲမှာထားကာ သူက ဒီအခန်းထဲမှာ အိပ်သည်။ ယခု မင်္ဂလာအိပ်ခန်းပြင်တဲ့အထိ သုန် ဘာမှ သေချာမကြည့်ခဲ့မိပေ။

မိုးလင်းတအောင့်ကြာတာနဲ့ သူထွက်သွားကာ ဝီလီနဲ့သူ လစ်ခွဲ ပြန်ရောက်လာလိုက် ပစ္စည်းတွေ သယ်တင်သွားလိုက်။

ပြီးတော့ ပြန်ထွက်သွား ပြန်လာ။

ဝီလီ တစ်ယောက်တည်း အပေါ် ထပ်တက်သွားပြီး မွေ့သ သာတ်ရှိမှ ပြန်ဆင်းလာတာမျိုးလည်း ရှိ၏။

မနက်ဖြန် မင်္ဂလာပွဲကျင်းပတော့မှာမို့ သူ ဒီနေ့သုန်ကို ဝီအခန်း ခေါ် လာခဲ့တာဖြစ်သည်။

"မင်္ဂလာဆောင်တာကို နာမည်ကြီး ဟိုတယ်တွေ ဘာတွေမှာ မပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး. . . အဲဒီလောက်ထိ ကိုယ့် တကယ်အချိန်မရဘူး. . . စက်ဘူကို ခရီးထွက်ရဖို့ရှိတယ်. . သုံးနိုင်ငံ ပူ့ကာ ဒါရိုက်တာတွေနဲ့ ဆွေးနွေးပွဲတက်ရမယ်. . . မြန်မာပြည်ကို ပြန် ရောက်လာပြီး ကိုယ့်လုပ်ငန်းအတွက် ကိုယ်ဘာမှ ဖြစ်မြောက်အောင် မလှုပ်ရှားရသေးဘူး"

သူက စကားရပ်၍ ဝိတ်ထားသည့် အခန်းအဆီးဇာတွေကို သေသေ ချပစ်၏။

ပြီးမှ သုန့်နားကို ပြန်လျှောက်လာကာ. . .

"မင်း ကိုယ်စီစဉ်ထားသမျှကို ကျေနပ်ရဲ့လား"

"ဟုတ်"

"ဘာဟုတ်တာလဲ"

"အို. . ."

အမိန့်ရှင်က သုန့်ပုခုံးလေးနှစ်ဘက်ကို သူ့ဘက် ဆွဲလှည့်လိုက် ပြီး. . .

"ဘာဖြစ်လို့ မင်းပါးစပ်တွေကို ပိတ်ထားတာလဲ. . . လက်စဲသုန့်





ကိုယ် အဲ့ဒီလို ဖျင်းရိုးငြီးငွေ့ဖို့ကောင်းတဲ့ အိမ်ထောင်ရေးမျိုးကို မလိုချင် ဘူး. . . ဘာပဲဖြစ်ဖြစ် ဘဝနှစ်ခုကို ထူထောင်ကြပြီဆိုရင် မင်းကကိုယ် ကိုယ်ကမင်းပဲ ကိုယ့်ကို မင်း ဘာဖြစ်လို့ မပွင့်လင်းရဲတာလဲ. . . မင်း ကြောက်လန့်နေရလောက်အောင် မင်းကို ကိုယ် ဆူပူကြိမ်းမောင်းထားခဲ့ ဖူးလို့လား"

"သုန် - ဒီလိုပဲနေတတ်လို့ပါ"

ကဗျာကယာလေး ဖြေရှင်းရန် သုန်က သူ့လက်ထဲက ရုန်းထွက် ခဲ့ ကြိုးစားသည်။

သူက ပို၍တင်းတင်း ဆုပ်ကိုင်ထား၍. . .

"ဘယ်လိုပဲ နေခဲ့နေခဲ့ အခု မြပြင်ဖို့ ကိုယ်ပြောထားတာပဲ. . . ခင်းမျက်လုံးတွေထဲမှာ ကိုယ့်ကို ကြောက်ရွံ့နေတာတွေ ရှိတယ်. . . ဦးနှစ် ကိုယ်မကြိုက်ဘူး. . . တကယ်ရှိသင့်တာက တစ်ယောက်ကို တစ်ယောက်ကား ားလည်မှု"

"ဘာပဲဖြစ်ဖြစ် သုန်ခေါင်းညိတ်ပေးနေတာပဲ. . . အဲ့ဒါ တစ် သည်မှု မဟုတ်ဘူးလား. . . သုန့်ကိုလွှတ်ပါ"

သုန့် အသံလေး ဓာသွားတော့ သူ့မျက်နှာ ချက်ချင်းပြေကျသွားသည် ၍ အပြုံးတစ်ချက် လက်သွားသည်။

"ဩော်. . . မင်း စကားပြောတတ်သေးတာပဲ. . . အဲ့ဒါမျိုးကို ကိုယ်လိုချင်တာ"

"အို. . . ရှင်"

သူ သုန့်ခါးလေးကို သိမ်းပွေ့လိုက်သည်။

သုန့်ဟာ သူ့လက်ထဲမှာ အရုပ်ကလေး တစ်ရုပ်လို ပေါ့ပေါ့ပါးပါး လေးရှိလျက် တွန်းဖယ်ရုန်းထွက်လို့လည်းမရ။

သူသည် သုန့်ရဲ့ ဝင်းမွတ်နူးညံ့နေသော ဂုတ်သားနုနုလေးကို တိုးတိုက်နမ်းရှိုက်တာ ထိုမှတဲ့၍ မေးဖျားသွယ်သွယ်လေးမှတစ်ဆင့် . . .

သုန် မျက်လုံးလေးတွေ အတင်းမှိတ်ထားကာ သူပြုသမျှ နေနေ လိုက်မိသည်။

ဝ

ပွင့်

ရောက်လ

မလှုပ်ရှား

ချပစ်၏

## အခန်း (၃၆)

အကျဉ်းချုံ့မှု စိစဉ်ခြင်းဆိုသော မင်္ဂလာဧည့်ခံပွဲက နှစ်ဦးနှစ်ဖက် မိတ်သင်္ဂဟနည်းပေမယ့် ဂုဏ်သိမ်ထည်ဝါစွာနှင့် အထူးစည်းကားနေသည်။

သူ့စိတ်ကြိုက် ချုပ်ပေးထားသည့် အထပ်ဇာဂါဝန်က ပုံကျနေအဖြင့် သုန့်မှာ သူ့နဲ့ လက်ချင်းချိတ်ထားရသည့်ကာတစ်မျိုး ဂါဝန်ကို တစ်ဖက်က 'မ'ထားရတာနှင့် လျှောက်လာရတာ ဒုက္ခရောက်နေတော့သည်။

နိုင်ငံခြားဧည့်သည်များ ရှေ့မှာရောက်တော့ သူတို့ချင်း ပလစ်ဆန်အောင် ပြောနေသော အင်္ဂလိပ်ဘာသာစကားများကို သုန် နားလည်တာရှိသလို နားမလည်လိုက်တာတွေတစ်ည်းရှိကာ အမိန့်ရှင်ကတော့ ရယ်မောမပျက်နှင့် သုန့်ကို ငုံ့ကြည့်လိုက် ပြန်ဖြေလိုက်။

ပြင်သစ်၊ ဂျပန် ဘယ်လိုလူမျိုးပဲလာလာ သူက ကိုယ့်ဘာသာစကားပြောသွားသလို ရေရေလည်လည်ရှိတာမို့ သုန် အံ့လည်းအံ့ဩ

သည်။ အမိန့်ရှင်အပေါ် အထင်ကြီး လေးစားစိတ်လည်း ဝင်မိသည်။

အားလုံးဟာ သန့်ကို လှကြောင်းသော အားပါးတရ ချီးမွမ်းကြသည်။ ဒါကို သူက ကျေနပ်စွာပြုံးလျက် ကျေးဇူးတင်ကြောင်းနှင့် တုံ့ပြန်၏။

မျက်နှာမှာ ဖိတ်ကပ်ဖျော့ဖျော့လေးတင်ကာ ပါးပြင်နှစ်ဖက်မှာ ပါးမို့လေးတွေ ရဲနေကာ အတုအပ်စရာမလိုသည့် သန့်မျက်တောင်တွေကို အနည်းငယ် အရောင်တင်ပေးလိုက်တာနှင့် ပို၍လက်ကောက်နက်မှောင်သော မျက်တောင်တို့နှင့် စေဒါရောင်ဖျော့ဖျော့လေး ဝတ်ထားသည့် သန့်မျက်နှာလေးက မြင်တဲ့လူတိုင်း ငေးသွားရသည်သာဖြစ်သည်။

တော်ရုံမိန်းကလေးတို့ မဆော်ကြသော ပန်းရောင်လည်းမဟုတ် စေဒါလည်းမဟုတ် ဖြူဖျော့ဖျော့ နှုတ်ခမ်းဆိုးကြားက သန့် နှုတ်ခမ်းတုပ်ပြည့်ပြည့်လေးမှာ တလက်လက် စိုအိနေသည်။

"Oh! Mr Chark congratulation."

"Yes, Thank you."

အလွန်ထွားကျိုင်းသော နိုင်ငံခြားသားနှစ်ယောက်က ခပ်လှမ်းလှမ်းကတည်းက လက်တွေကို ဆန့်တန်ထား၍ နှုတ်ဆက်ကြသည်။

အမိန့်ရှင်က ခပ်သွက်သွက် လျှောက်သွားကာ လက်ဆွဲနှုတ်ဆက်၏။ ထို့နောက်မှာ မြန်မာပီပီ သိမ်မွေ့ခန့်ညားစွာ ဝတ်ဆင်ထားသည့် ဇနီးမောင်နှံနှစ်ဦး။

သူတို့နောက်မှာတော့. . .

"ဟင်. . . ကို. . . ကိုတိုင်း"

သန့် နှုတ်ခမ်းလေး ဖွင့်ဟသွားသည်။

သိနေပြီးသည့် ပုံစံမျိုးနှင့် တိုင်းဝဋ္ဌာက စူးစိုက်ပြန်ကြည့်ကာ



နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

အားလုံးသိထားပြီးသည့် ဒေါ်မြင့်မြတ်ဇင်က ခုမှမြင်ဖူးသော လက်ဝဲသန့်၏ လှပလွန်းသည့် အဆင်းအင်္ဂါတို့ကို ငေးခနဲ လှည့်ကြည့်မိ၏။ သားကိုလည်း သတိပေးသလို လက်နောက်ပြန်ဆွဲထားကာ. . .

"သမီးလေးက လက်ဝဲသန့်ဆိုတာကိုး လှလိုက်တာကွယ်"

သူမက မနေနိုင်စွာ သန့်လက်ဖဝါးလေးကို လှမ်းဆွဲ၍ နှုတ်ဆက်ရင်း သားရဲ့ရှေ့က ကာရပ်လိုက်သည်။

ဟန်မဆောင်တတ်ရှာသော သန့်မျက်နှာလေးက ခြောက်ခြားဖျက်ကျနေသလို သားဖြစ်သူကလည်း ကတိအထပ်ထပ်ပေး၍ လိုက်လာပြီးမှ မျက်နှာကြီးက ပြိုတော့မယ့်မိုးလို ဖြစ်နေသည်။

သို့သော် တိုင်းဝဋ္ဌာက ဖအေဖြစ်သူ တားဆီးထားသည်ကို ရှောင်ကွင်း၍ သန့်ဘေးမှာ သွားရပ်လိုက်၏။

ပြီးတော့ နီရဲနေသော ကတ္တီပါဘူးလေးတစ်ဘူးကို လှမ်းပေး၏။

"ဒါ ကိုယ့်လက်ဖွဲ့ပါ. . ယူလေ သန့်"

တစ်ယောက်ကို တစ်ယောက် မမြင်ဖူးသလို ငေးကာကြည့်နေမိကြ၏။ တစ်ဖက်မှာ ဧည့်သည်နှစ်ယောက်နဲ့ စကားပြောနေသည့် အမိန့်ရှင်က ဖျတ်ခနဲ လှည့်ကြည့်တော့ သူတို့ကို မြင်သွားသည်။

ဒေါ်မြင့်မြတ်ဇင် ဘယ်လို ဖျောက်ဖျက်ရမှန်းမသိ ဖြစ်သွား၏။

ဦးထင့်မြတ်က ဘာမှမသိသလို နောက်ပြန်လှည့်ကြည့် သူလည်း မဟုတ်တာကြောင့် အမိန့်ရှင်လက်ကို သွားဆွဲနှုတ်ဆက်ကာ. . .

"ကျုပ်တို့ကတော့ မိသားစုလိုက် လာအားပေးတာနော်. . . ကိုမိန့် ခုလို လှပတဲ့ဇနီးချောလေးနဲ့ ပြည့်စုံသွားတာကို အရမ်းဝမ်းသာဘယ်ဗျာ"

သစ္စာမွန်စာပေ

●

သုန် ဘာကိုမှ မကြားလို မမြင်လိုတော့ပေ။

အနားမှာ လူရှင်းသွားသည်နှင့် နေရာမှ ဂါဝန်လေး 'မ'၍ ခပ်သုတ်သုတ် ရှောင်ထွက်လာခဲ့သည်။

ပါးပြင်ထက်မှာ မျက်ရည်စီးကြောင်းလေးတစ်ကြောင်း ဖြတ်ပြေးသွားတာ ကိုယ့်ကိုယ်ပင် သတိမထားမိခဲ့ပေ။

တိုင်းဝဏ္ဏမျက်နှာကို မြင်လိုက်ရသည်နှင့် ပြောင်းဆန်သွားသော ရင်တစ်ခုလုံး ဘာဖြစ်သွားသည်ဆိုတာ ပြောမပြတတ်ပေ။

"သုန်"

"ဟင် ကို"

သုန် လန့်ဖျန့်သွားသည်။

ညှို့ခံပွဲနဲ့ လှမ်းသောမှောင်ရိပ်ကျသည့် သစ်ခွတိုင်တွေကြား တောင့်တောင့်လေး ရပ်နေသည့် သုန့်အားကို ဘွားခနဲ ရောက်ချလာသည့် တိုင်းဝဏ္ဏကို လှည့်ကြည့်ကာ မျက်လုံးလေးပြူးသွား၏။

"ဒီ. . . ဒီကို ဘာလို့လိုက်လာတာလဲ ကိုတိုင်း"

"လိုက်လာတာက ကိုယ် ဘယ်လိုမှ မျိုသိပ်ထားလို့ မရလို့ပါ. . . ဒီပွဲကို ကိုယ်ရောက်လာတာ မင်းတို့အတွက် မျက်နှာပြောင်ပြောင်နဲ့ လက်ဖွဲ့ပေးဖို့ မဟုတ်ဘူး. . . သုန်. . . ကိုယ် မင်းကို မေးချင်လို့"

"ဘာလဲဟင်"

တိုင်းဝဏ္ဏက သုန့်ရှေ့ နီးနီးလေးမှာ တိုးရပ်ကာ. . .

"မင်း. . . ရုတ်တရက်ကြီး အမိန့်ရှင်ဆိုတဲ့လူနဲ့ လက်ထပ်ပစ်တာ ဘာဖြစ်လို့လဲ. . . ကိုယ်နဲ့မင်း အဆင်မပြေတာ ဘာမှမဖြစ်ခဲ့ဘဲ သစ်စိမ်းချိုး ချိုးပစ်လိုက်တာ ဘာသဘောလဲ. . . ကိုယ် မင်းကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်းသိရက်နဲ့. . ."





"မဟုတ်ဘူးကို. . သုန် ကို့ကို သစ်စိမ်းချိုး ချိုးချင်တာ မဟုတ်ဘူး သုန့်ဘက်က အခြေအနေ. . ."

"မပြောနဲ့တော့ သုန်. . အခြေအနေကို ကိုယ်စိတ်မဝင်စားတော့ဘူး. . . မင်း ကိုယ့်ကို ချစ်တယ်မဟုတ်လား. . . ချစ်နေသေးတယ်ဆိုရင် အခု ကိုယ်နဲ့လိုက်ခဲ့"

"အို. . . ဟင့်အင်း"

တိုင်းဝဏ္ဏက သုန့်လက်ဖျားလေးကို ဆွဲယူလိုက်၏။

သုန်က ပြန်ရုန်းသည်။ သို့သော် သူက ဖွတ်ဆွဲထားကာ. . .

"ဘာလဲ ကိုယ်က အမိန့်ရှင်လောက် မြင့်တဲ့ကောင် မဟုတ်လို့. . . ကိုယ့်ကို မင်းက ငြင်းနိုင်နေပြီပေါ့. . ဟုတ်လား သုန်"

"မဟုတ်ပါဘူး ကိုရယ်. . . သုန့်ကို ခွင့်လွှတ်ပါ. . . သုန်ကိုယ်တိုင် ဆုံးဖြတ် လက်ထပ်ခဲ့ပြီးမှ သစ္စာမပျက်ပါရစေနဲ့. . . သုန်ကိုလွှတ်ပါ သုန် တောင်းပန်ပါတယ်"

"ကိုယ်နဲ့လိုက်ခဲ့ပါ သုန်ရယ်. . . မင်းကို ကိုယ်. . ."

တိုင်းဝဏ္ဏ စကားမဆုံးခင် အနားမှာ အဖြူရိပ်တစ်ရိပ် ကျရောက်လာလျက် ဆုပ်ကိုင်ထားသည့် လက်ဖဝါးနှစ်ဘက်ပေါ်မှာ ထပ်အုပ်ဆုပ်ကိုင်လိုက်ပြီး. . .

"မင်းအတွက် ရေလိုနေပြီ တိုင်းဝဏ္ဏ. . . ဒီနားက ကိုယ့်ပန်းပင်တွေ မင်းရင်ထဲက အပူတွေကြောင့် ညှိုးကုန်ပါ့မယ်"

အမိန့်ရှင်က ခပ်အေးအေးပြော၍ ဖိဆုပ်ထားသည့် လက်နှစ်ခုကို ဆွဲခွာပစ်လိုက်၏။

တိုင်းဝဏ္ဏက သူ့ကို မကျေလည်စွာ ပြန်ကြည့်ကာ. . .

"သုန်က ကျွန်တော့်ချစ်သူပါ"

"ဟုတ်လား. . . ဒါပေမယ့်. . အခု ကိုယ့်ဇနီးဖြစ်သွားပြီ ဦးထွဋ်မြတ်ရဲ့ ဂုဏ်သရေကို လေးစားသောအားဖြင့် ကိုယ် သဘောထားကြီးလိုက်မယ်. . . မင်း အခု ဒီနားက ထွက်သွားပါ"

"သုန်"

တိုင်းဝဠာက သုန့်ကို လှည့်ခေါ်သည်။

"ကျွန်တော် သူ့ဆုံးဖြတ်တာကို သိချင်တယ်"

"သူ ဆုံးဖြတ်ဖို့ မလိုတော့ဘူး တိုင်းဝဠာ. . . ဒါ ပန်းကုံးစွပ်ကျင်းပနေတာ မဟုတ်ဘူး. . . ရှပ်ရှင်တွေကြည့်ပြီး စိတ်ကူးယဉ်မှုနဲ့ အပြင်မှာ အဲသလောက် မလွယ်ဘူး. . . မင်း သဘောပေါက်လား"

"အို. . . ဘား. . . သား ဘာလာလုပ်တာလဲဟင်"

နောက်ကလိုက်ပါလာသည့် ဒေါ်မြင့်မြတ်ဇင်က သားရှေ့မှာ ဝင်ရပ်လိုက်ပြီး အခြေအနေကို အကဲခတ်ကာ. . .

"အမိန့်ရှင်ကို အန်တီ တောင်းပန်ပါတယ်. . . ကလေးတွေကို နားလည်ပေးပါနော်. . . လာ. . . သား. . . လာ. . . မာမီ့ကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ သားရယ်"

သုန့်ကို မြင်လိုက်ရမှ ကိုယ့်သားလေး မြတ်နိုးစုံမက်ရှာမှာပဲဟု ကိုယ်ချင်းစာမိခဲ့သော်လည်း နောက်ကျခဲ့ပြီမို့ စိတ်မကောင်းဖြစ်ရုံအပြင် ဘာမှမတတ်နိုင်တော့ပါ။

တိုင်းဝဠာသည် အံကြိတ်ထားသော်လည်း မျက်နှာကြီး နီရဲခက်ထန်နေသည်။ ဘယ်မျှအထိ ထိခိုက်ခံစားနေရကြောင်း သိသာလှစွာ။

"မင်း. . . မင်း သိပ်ရက်စက်တယ် သုန်. . . ငါ လုံးဝ မထင်မှတ်တဲ့အရပ်မျက်နှာက မင်း. . ငါ့ကို အလဲထိုးသွားတာ. . . ငါ ဘာမှ ပြင်ဆင်ချိန်မရလိုက်ဘဲ ကျဆုံးခဲ့ရတာ. . . မင်းတော်ပါတယ်"





ငိုသံပါကြေကွဲသော သူ့အသံ တစ်စတစ်စ ဝေးသွားခဲ့တဲ့အထိ။

သုန် ဘေးမောနေရင်း ထိန်းချုပ်ထားပါလျက်နှင့် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ထိုမျက်ရည်စက်တို့ကို မျက်မှောင်ကုတ် စူးစိုက်ကြည့်နေရင်း အမိန့်ရှင် မျက်နှာတဖြည်းဖြည်း ပြေကျသွားလျက် သုန့်လက်ကလေးကို သုပ်ဆွဲလိုက်သည်။ သုန်က အမိန့်ရှင် တစ်စုံတစ်ရာ ပေါက်ကွဲတော့မည် ထင်ကာ ခြောက်ခြားသော မျက်လုံးများနှင့် မော့ကြည့်၏။

အမိန့်ရှင်သည် သုန့်ပခုံးလေးကိုဖက်၍ မျက်ရည်လမ်းကြောင်းလေးတွေကို နူးညံ့စွာ ဖျက်ချေပစ်ရင်း. . .

"ကိုယ်စိတ်မကောင်းပါဘူး"

ဟု ခပ်တိုးတိုး ပြောသည်။

"ကိုယ် မင်းကို မေးမလို့ စိတ်ကူးခဲ့ဖူးတယ်. . . ဒါပေမယ့် အကျပ်အတည်းဖြစ်လာရင် အားကိုးစရာမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ချစ်သူရှိတဲ့ဆီကိုပဲ အားကိုးတကြီး ပြေးသွားကြမှာပဲ. . . အဲဒီအကောင်ကိုပဲ ပိုခိုင်းခဲ့တဲ့ မင်းစကားရဲ့ အငွေ့အသက်ကို ခံစားပြီး ဒီမေးခွန်းကို မေးဖို့မလိုဘူးလို့ ကိုယ် ဆုံးဖြတ်ပြီး ရုတ်သိမ်းခဲ့တာ"

ပြီးမှဆက်၍. . .

"ဒါကို တမင်မေ့ပစ်လိုက်တာလဲ သိပါတယ်. . . ဘာဖြစ်လို့လဲ ဆိုတော့ မင်းအဖြေက ကိုယ်မကြားချင်တဲ့ အဖြေမျိုးဖြစ်လာရင် ကိုယ် မတွေ့ဝေချင်ပါဘူး. . . ဒါကိုလုပ်တော့မယ်ဆိုရင် ဖြစ်အောင် ဇွတ်တိုးလုပ်တတ်တဲ့ ဥာဉ် ကိုယ့်မှာရှိတယ်. . . ခုလည်း ဇွတ်တိုးလုပ်တော့မှာပဲ. . . မင်း သူ့ကို မေ့နိုင်အောင် ကြိုးစားပါ"

အမိန့်ရှင် ချာခနဲ ဖြစ်မှသည်၍ သုန့်ကိုကြည့်သည်။

"ဒီနေ့ ဒီလိုရှိတာကို သိရပြီးတဲ့အတွက် မင်းရဲ့မျက်ရည်တွေကို ကိုယ် နားလည်မပေးနိုင်တော့ဘူး. . . ကိုယ့်ကွယ်ရာမှာရော ရှေ့မှာရောပါ မင်း အကြောင်းမဲ့ မျက်ရည်ကျနေတာမျိုး မဖြစ်ပါစေနဲ့၊ အဲဒီအတွက် ကိုယ် မင်းအပေါ် အနိုင်ကျင့်သလို ဖြစ်သွားခဲ့ရင်တော့ တောင်းပန် လက်ဝဲသုန် . . . မှားရင် ကိုယ်ဝန်ခံတတ်တယ်. . . အရှုံးပေးတာတော့ ဝါသနာမပါဘူး"

အမိန့်ရှင်သည် သူ့စကားသံက တိကျပြတ်သား၍ ငုံ့ညွှာစာနာမှု လွန်စွာ နည်းပါးလှသည်။

သို့သော် သုန် ကျေးဇူးတင်ပါသည်။

သူဟာ သုန် ထင်ထားသလို ဂုဏ်ပကာသနနဲ့ ဖိနှိပ်ပေါက်ကွဲ တာ သုန်ဖြစ်ခဲ့သမျှကို လက်ဦးမှုယူ ပြောဆိုနှိပ်စက်ခြင်း မရှိခဲ့ပေ။

ဒါဟာလည်း သုန် လေးစားမိခဲ့သော အကြောင်းတစ်ရပ်ဖြစ်၏။

## အခန်း (၃၇)

သုန် အိပ်ပျော်နေရာက ဖျတ်ခနဲ နိုးလာတော့ ပတ်ဝန်းကျင်က ဘိတ်ဆိတ်လျက် အမ်ကျသံပင် ကြားရလောက်ပေသည်။

"ဟင်"

ဒရိုင်းဘုတ်ပေါ်မှာ အမိန့်ရှင်က စီးကရက်သောက်လျက် ခြေ ဘစ်ဖက်ကိုဘေးက ကုလားထိုင်ပေါ် လှမ်းတင်ထား၏။

ခေါင်းစွတ်ဆွယ်တာ အနီရဲရဲလက်ရှည်နှင့် သူ့မျက်နှာက မီး ရောင်အောက်မှာ ဖြူဝင်းနေသည်။ အပြာနုနု ချည်ပုဆိုးကွက်စိပ်ကို ဝတ် ထားသည်။ သူ ဘယ်တုန်းက ပြန်ရောက်နေမှန်း မသိလိုက်တဲ့ အဝတ်အ စားလဲတာလည်း သုန် မသိပေ။

နာရီကိုကြည့်တော့ ညဥ့်နှစ်နာရီတိတိ။ သုန် အိပ်ယာပေါ်က သူ့းလဲထလိုက်သည်။

သူမ အဝတ်အစားမလဲဘဲ အိပ်ပျော်သွားတာမို့ ပြောစရာဖြစ်

မှာစိုး၍ပါ။

"မင်းနိုးလာပြီလား"

"ရှင်ဘယ်တုန်းက ပြန်ရောက်လာတာလဲ ဟင်. . . သုန် စောင့်နေရင်းနဲ့ အိပ်ပျော်သွားတာ"

သူက စီးကရက်တိုကို ပြာခွက်ထဲအသာချ၍ ပြုံးလိုက်၏။

"ဆယ်နာရီခွဲ ကိုယ် ပြန်ရောက်တယ်. . . မင်း အဖက်အဖားတွေမလဲဘဲ အိပ်ပျော်နေတာတွေ့လို့ ထိုင်စောင့်နေတာ"

"အို. . ."

သုန် သူ့ကိုအားနာသွားသည်။

"သုန် အခန်းထဲဝင်လာကတည်းက လဲမလို့ပါ. . . ဒါတွေ သုန်မဖြုတ်တတ်လို့ ခဏဆိုပြီး လှဲလိုက်မိတာ. . . ဘယ်လို အိပ်ပျော်သွားမှန်းမသိဘူး"

လည်တိုင်မှာ ဘပ်ဆွဲထားသည့် ရတနာကြိုးကုံးတွေက ဂါဝန်နောက်ကျောမှာ ကပ်တွယ်ထားတာတွေမို့ သုန် ဘာမှမလုပ်တတ်ဘဲ ဒီအတိုင်း လှဲနေမိခြင်း ဖြစ်သည်။

မြင်ဆင်ပေးသွားတုန်းက သူများလုပ်ပေးသွားတာ အဟုတ်။ တစ်ယောက်တည်းကျတော့ သုန် ဘာမှမဖြုတ်တတ်ပေ။

"နေ. . နေ ကိုယ် ဖြုတ်ပေးမယ်"

အမိန့်ရှင်က နေရာမှ ထလာကာ သုန့်အေးမှာ ဝင်ထိုင်သည်။ ပြီးတော့ ဂါဝန်ဂုတ်ပိုးစလေးတွေမှာ တွယ်ထားသည့် လည်ဆွဲနဲ့ လည်တံတွေကို တစ်ခုချင်း ဖြုတ်ချပေး၏။

သုန်က လက်ခုပ်လေးထဲမှာ ပြည့်လျှံလာသော ရတနာတွေကိုမှန်တင်ခုံပေါ် မမှီတမီ လှမ်းတင်ကာ သူဖြုတ်ပေးနေတာကို ငြိမ်အောင်





စောင့်သည်။

လည်တိုင်မှာ တစ်ကုံးမှ မရှိတော့မှ နေရာကထလိုက်၏။ အမိန့်ရှင်က သုန့်ကိုယ်လုံးလေးကို ဖွဖွခနဲ ပွေ့ယူလိုက်ပြီ. . . ဂါဝန်နောက်မှ လှပစွာ အပွင့်ဖော်၍ ချည်ထားသည့် ပန်းပွင့်ကြိုးစလေးကို ဆွဲဖြေချလိုက်၏။

"အို. . . ဘယ်လိုလုပ်လိုက်တာလဲ"

"မင်း နောက်ပြန်ဖြုတ်နေရမှာစိုးလို့"

"ဟင့်အင်း. . . ဟင့်အင်း"

ဘယ်လိုမှ ရှောင်တိမ်းမရခဲ့သော အနမ်းများနှင့်အတူ ရှက်ရွံ့ထိတ်လန့်ခြင်းများနှင့် သုန်သည်. . .

❖ ❖ ❖

## အခန်း (၃၈)

တစ်ညလုံး သူ့လက်မောင်းပေါ်မှာ ပွေ့ဖက်ထားသဖြင့် သုန် မွန်းကြည့်ကာ အိပ်ပျော်သလိုဖြစ်လိုက် နိုးလာလိုက်။ သူနိုးသွားမှာစိုး၍ မလှုပ်ရဲခဲ့တာလည်း တစ်ကိုယ်လုံး တောင့်တင်းနေပြီ။ အော်ကိုနာရီလေး က ငါးနာရီထိုးသံကြားကာ သုန် မအောင့်နိုင်တော့ဘဲ လူးလူးလွန့်လွန့် ဖြစ်လာ၏။ သူ့မျက်လုံးတွေ ချက်ချင်း ပွင့်လာကာ. . .

"ဘယ်ထသွားမလို့လဲ"

သုန် မျက်နှာလေး ရှုံ့မဲ့လျက် သူ့ကိုမော့ကြည့်သည်။

"သုန် ညောင်းလှပြီ"

အမိန့်ရှင်က ရယ်၍ သုန့်ကိုယ်လုံးလေးကို ဆွဲဖက်ကာ သူ့ရင် ဘတ်ပေါ် တင်လိုက်၏။

"ရှုံ့မဲ့နေလိုက်တာ ကလေးကျနေတာပဲ"

သုန် အနေရခက်ကာ ဆင်းဖယ်ဖို့ ကြိုးစားပေမယ့် သူက တင်း





ကျပ်စွာ ဖက်ထားတာမို့ မအောင်မြင်။

"ဒီမှာ တစ်ညလုံး ဒီအဝတ်အစား ဒီမျက်နှာကြီးနဲ့ မိတ်ကပ်တွေ လည်း စေးကပ်နေပြီး မနေတတ်တော့ဘူး"

"ဘယ်မှာလဲ မိတ်ကပ်. . . မင်းမျက်နှာမှာ ဘာမှမရှိတော့ဘူး"

သုန့် မျက်နှာလေး နီမြန်းလျှတ် ပြာလဲ့လဲ့ မီးလုံးလေးရဲ့ အလင်း ရောင်အောက်မှာ လှချင်တိုင်းလှနေသည်။

သူ စူးစူးစိုက်စိုက် ကြည့်နေတာကို ရင်မဆိုင်ရဲစွာ သုန် သူ့ပခုံး စွန်းမှာ မျက်နှာလေးဝှောင်း၍ ပုဝင်နေလိုက်၏။

"ဟိတ် ကိုယ်ပြောစရာရှိလို့. . . ခေါင်းပြန်ထောင်စမ်း"

"ဟင့်အင်း"

"ဘယ်လိုဖြစ်တာလဲကွ"

"ရှင်က တအားကြည့်တာကိုး"

"အဲဒီ တရှင်ရှင်ကြီးကို ကိုယ်ပြောမယ်. . . မင်း ကိုယ့်ကို ခုကစ ပြီး ကိုကိုလို့ ခေါ်ရမယ်"

သုန် ငြိမ်သက်နေသဖြင့်. . .

"ကြားရဲ့လား"

"သုန် မခေါ်ရဲဘူး"

"မခေါ်ရဲလို့ မရဘူး. . . ဒါ အမိန့်ပဲ ညနေ မင်းနဲ့ကိုယ် ဗိုလ်တီ တစ်ခုသွားရမယ်. . . အများရှေ့မှာ တရှင်ရှင်နဲ့ ကိုယ်မကြားချင်ဘူး"

သုန် ချက်ချင်း မျက်နှာလေးပေါ်လာ၍ သူ့ကို တောင်းပန်သလို ကြည့်သည်။

"သုန် အဲဒီပွဲမျိုးတွေ မလိုက်ပါရစေနဲ့ကို. . . ကိုကိုရယ်. . . သုန် တောင်းပန်ပါတယ်"

"ဘာဖြစ်လို့လဲ"

"သုန် တစ်ခါမှ ပွဲလမ်းသဘင် မသွားဖူးဘူး. . . အမှားအယွင်း ဖြစ်သွားရင် ကိုကို သိက္ခာကျမှာစိုးလို့ပါ"

"မလိုဘူး. . . နောက်ဆို မင်းကို ကိုယ်သွားတဲ့ နိုင်ငံတွေကိုပါ ခေါ်သွားမှာ"

"speaking သင်ရမယ်. . . ဘာသာသုံးမျိုးလောက် မင်း တတ်ရမယ်. . . အမိန့်ရှင်ရဲ့ဇနီးဟာ အမိန့်ရှင်နဲ့ တစ်ထပ်တည်း ဖြစ်ရမယ်"

သုန်မျက်နှာလေးက ညှိုးကျသွားကာ. . .

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ. . . ကိုကိုရယ်. . . သုန်က ဘွဲ့တစ်ခုတောင်မှ မရှိတဲ့ဟာ ဘယ်လိုလူရာဝင်မှာလဲ. . . သုန့်ကို ကိုကို ကျောင်းတက်ခွင့်ပေးပါလားဟင်"

"အဲဒါ မတောင်းဆိုနဲ့ လက်ဝဲသုန်. . . မင်းကို ကိုယ့်မျက်စိတွယ်ရာ ဘယ်မှာမှ စိတ်မချတော့ဘူး. . .အိမ်မှာ မင်းငြီးငွေ့ဖို့ အချိန်မရှိရအောင် speakingတွေ သင်ပေးမယ်. . . ကွန်ပျူတာ သင်ရမယ်. . . ကိုယ်ကတော့ သင်ပေးနိုင်မှာ မဟုတ်ဘူး. . . ကိုယ့်မိတ်ဆွေ ဒေါ် ယဉ်မင်း သုန့်ကို အကူအညီပေးရမှာပဲ"

သုန် မျက်နှာမော့ကြည့်တော့ သူက မွေ့ဖက်ထားလျက်နှင့် ထထိုင်လိုက်သည်။

"မင်းက ကိုယ့်ထက် အသက်နှစ်ဆယ်လောက် ငယ်တယ် လက်ဝဲသုန်. . . ပြီးတော့ မင်းသိပ်လှတယ်. . . မင်းကို ကိုယ် ယုံကြည်တာက သိပ်သပ်၊ ပတ်ဝန်းကျင်ကို စိတ်မချတာက တစ်ပိုင်း. . ."

ဖြန့်ဝဲကျနေတဲ့ ဆံပင်ပျော့နွဲ့နွဲ့လေးတွေကို သူက တယုတယ ဖယ်ရှား၍ နှုတ်ခမ်းလေးကို သူ့နှုတ်ခမ်းနဲ့ ဖွဖွလေးထိကာ ကော့နက်နေ





သည့် မျက်တောင်ရှည်တွေကို နမ်းသည်။

"ကိုယ် နိုင်ငံခြားကို သွားလာခဲ့ဖူးပေမယ့် ဘယ်မိန်းကလေးကိုမှ မွေ့ဖက်မနမ်းခဲ့ဖူးဘူး. . . သူတို့ ယဉ်ကျေးမှုအရ မလွဲသာတဲ့အခါ နမ်းရတယ်. . . လက်ချင်းဆွဲဖူးတယ်. . . ဘယ်လောက်လှတဲ့ မိန်းမဖြစ်ဖြစ် ကိုယ်မသာယာခဲ့ဖူး. . . ပြီးတော့ ကိုယ့်မှာ ဆုံးဖြတ်ချက်ရှိတယ်. . . ကိုယ့်သွေးသားကို ဘယ်နိုင်ငံ ဘယ်လူမျိုးဆီမှာမှ မပြန့်ပွားစေရဘူးဆိုတာပဲ. . . မြန်မာမိန်းကလေးကိုပဲ လက်ထပ်မယ်. . . မြန်မာနိုင်ငံမှာပဲ ခေါင်းချမယ် ဒါကို ဖေဖေက နားလည်ပေးတယ်. . . ခွင့်ပြုတယ်"

"ကိုကို့ ဖေဖေက ဘယ်မှာလဲဟင်"

"အမေရိကန်မှာ. . မင်းကို ကိုယ် အလည်အပတ် ခေါ်သွားဦးမှာပါ. . . ကျောင်းမတက်ရဘူးဆိုလို့ ကိုယ့်ကို စိတ်ကောက်သေးလား လက်ဝဲ သုန်"

အများခေါ် သလို သုန်လို့ မခေါ်ဘဲ 'လက်ဝဲသုန်'လို့သာ တစ်စ တစ်ဆုံးခေါ်တတ်သော သူကိုမော့ကြည့်ကာ မျက်လွှာလေး ပြန်ချပြီးမှ သုန် ခေါင်းခါလိုက်သည်။ စတွေ့ကတည်းက အနိုင်ကျင့်သလို သူပြောဆိုခဲ့သမျှ အပေါ် မှာ သုန် မည်သို့သော ထိခိုက်နာကျင်မှုတို့ မခံစားမိခဲ့ပါ။ ဒါဟာလည်း မေတ္တာရဲ့သဘောသာ ဖြစ်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် အမိန့်ရှင်ဆိုသော ယောကျ်ားဟာ သုန့်ဘဝကို လုံခြုံနွေးထွေးသော အရိပ်ကောင်းတစ်ခုကို ပေးစွမ်းနိုင်မည့်သူဆိုတာ သုန် ယုံကြည်ခဲ့လေသည်။

## အခန်း (၃၉)

ကိုမိန့် ခေါ် နိုင်းတယ်ဆိုလို့ လိုက်လာခဲ့ရသည်။ ဘာမှန်းမသိ။

“မသုန် ဒီကနေတက်သွား ကိုမိန့် ရုံးခန်းတည့်တည့်ပဲ”

ဟိုတယ် အဆောက်အဦးကြီးလား ကုမ္ပဏီကြီးတစ်ခုလားမသိ။

ဖောင်ဒေးရှင်းချ ငြမ်းဆင်ထားရုံနှင့် အဆောက်အဦးကြီးက အဆမတန် မြင့်မားကျယ်ဝန်းလျက် စိတ်ဝင်စားဖွယ် ဖြစ်နေလေသည်။

ပန်းရံ အလုပ်သမားတွေက သုန်တို့ကားရပ်လိုက်သည်နှင့် လှမ်းကြည့်ကြ၏။

နံ့သာရောင် ပိုးပျော့ထမီစကတ်နှင့် ခါးတင်လက်ပြတ် ဝမ်းဆက်က ဝတ်ထားကာ ခေါင်းလျှော်ထားစမို့ ဆံပင်ရှည်တွေကို ဖြန့်ချထားသည့် သုန့်ကို၊ အလုပ်သမား မိန်းကလေးတွေ လှမ်းငေးနေကြသည်။

သုန် ဘယ်ကိုမှ ထပ်မကြည့်တော့ဘဲ ဝီလီ ညွှန်ပြသည့် အဆောက်အဦးရဲ့ နောက်တောင့်ကို လျှောက်လာခဲ့သည်။





“ကျွန်တော် တကယ် မလာနိုင်လို့ပါ. . . မင်္ဂလာကိစ္စအတွက် ဖွဲ့ယူလိုက်ရတဲ့ အချိန်တွေအတွက် ကျွန်တော် လူရောခေါင်းရော လုံးဝ မအားဘူး. . . သူတို့ အင်တာဗျူးမယ်ဆိုတာ ပြောတော့ အင်တာဗျူးပြီး အဲဒီနောက်မှာ ညှိသည်တွေပါလာမှာ ကျွန်တော်သိတယ်. . . ရှေ့အစီအစဉ်သိချင်တာတွေ ဘယ်လုပ်ငန်းက ဘယ်လိုလဲ ဘယ်နိုင်ငံရဲ့ ဘာလုပ်ငန်းက ဘယ်လိုအခြေအနေလဲ. . . အဲဒါတွေ အင်တာဗျူးမှာပဲ ကျွန်တော် နိုင်ငံဟာကာ သတင်းကြေညာရတော့မှာ ကျိန်းသေတယ်”

“မစ္စတာချက်စ်က လုပ်တော့မယ်ဗျာ”

“ချက်စ်ရယ်. . . ဒါဟာ ကျော်ကြားမှုကြောင့် ဖြစ်လာတာပဲ. . . ချက်စ်ရဲ့ပုံတွေ နိုင်ငံတကာမှာ ပြန့်နှံ့နေတာ ဘယ်လောက်ဂုဏ်ယူဖို့ ကောင်းသလဲ. . . တွန့်တိုတတ်လိုက်တာ”

အမျိုးသမီးအသံက ချွဲနွဲ့စူးကြည်နေသည်။

အဆောက်အဦးကြီးရဲ့ အနောက်ထောင့် အသစ်စက်စက် လုံးချင်းတိုက်သေးသေးလေးထဲက အမိန့်ရှင်အသံနှင့်အတူ ယောက်ျားမိန်းမ အသံတွေကို ကြားနေရသည်။

သုန် ခြေလှမ်းကို ခပ်ဖြေးဖြေးလျှောက်ကာ တိုက်ကလေးရှေ့နားမှာ ရပ်လိုက်သည်။

မျက်နှာရှေ့နားမှာ ကပ်လျက်နေသည့် ပြတင်းပေါက်လေးကနေ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိတော့ ယောက်ျားတစ်ယောက် မိန်းမတစ်ယောက်။ မိန်းမတစ်ယောက်က အမိန့်ရှင်နဲ့ ထောင့်မှန်ကျ ထိုင်နေတာပေမယ့် ကုလားထိုင်ချင်းက တကယ့်နီးနီးလေး။ ယောက်ျားကြီးက အမိန့်ရှင်နဲ့ မျက်နှာချင်းဆိုင်။

“ချက်စ်ကလေ. . . အိမ်ထောင်ပြုပြီးကာမှ သိပ်စိမ်းကားတာပဲ

သိလား. . . တည်လည်းတည်သွားတယ်. . . တကူးတက လူကြီးလုပ်ပစ်လိုက်တာလည်း သိသာတယ်. . . ဟိုမှာဆို အရမ်းတက်ကြွပြီး သွက်လက်တယ်. . ပျော်ဖို့လည်း အရမ်းကောင်းတာပဲ. . . ဟင်. ဒီ. သူ့ကိုယ်သူ တကယ့် လူကြီးစတိုင်လ်နဲ့ သိပ်အသည်းယားဖို့ ကောင်းတယ်"

လက်သီးဆုပ်လေးနဲ့လည်း လှမ်းထုပြ မျက်စောင်းလှည့် ထိုးဖော့ အမိန့်ရှင်က ပြုံးလျက် စီးကရက် ထုတ်သောက်သည်။

ပြီးတော့ ရှေ့ကလူကြီးရှေ့ကို စီးကရက်ဘူးထိုးပေး၏။

"ဒါက မက်ကီထင်လို့ပါ. . . ဟိုမှာနေတော့ ဟိုယဉ်ကျေးမှုလိုပေါ့. . . ဒါမြန်မာနိုင်ငံလေ ပြီးတော့ တို့က ဒီမှာပဲ ခေါင်းချတော့မှာ သုံးနိုင်ငံဌာနခွဲတွေနဲ့ contant လုပ်ပြီးရင် ခရီးသွားတာတွေ ပြေးရလွှားရတာတွေ အားလုံးနားလိုက်တော့မယ်. . . ဒါကြောင့် တို့ ဒီအလုပ်မှာ ပုံအောသုံးထားတာ သူတို့ အင်တာဗျူးမှာလည်း ဒါတွေပဲ. . . တို့ အဲဒီအတွက် အချိန်မပေးနိုင်ဘူး"

"သွားပါ. . . အဲဒီမျက်နှာကြီးနဲ့ မပြောပါနဲ့. . . ကိုကြီးသိလား ဟိုမှာဆို ချက်စ်က မက်ကီ့ကို အရမ်းအဲလိုလိုက်တာ မိန်းမရမှ"

"ဒါကတော့ ဒီလိုပဲ ဖြစ်မှာပေါ့ ညီမလေးရယ်"

မောင်နှမ ထင်ပါသည်။

အတိုင်းအဖောက်ကလည်း ညီသည်။ ညီမလုပ်သူက တစ်ယောက်အားတစ်ယောက်နဲ့ ဒွေးရောယှက်တင်နေတာကိုလည်း တားမြစ်လိုမှုမရှိဘဲ သဘောကျကြည့်နေသည်။

သုန် ဘာကိုမှန်းမသိဘဲ စိတ်ထဲမှာ မလိုလားခြင်းတွေ မြင်လာခဲ့သည်။ ပြီးတော့ ကိုယ့်ကိုယ်ကို သိမ်ငယ်သလို ဝမ်းနည်းသလိုလို။

"သုန် လာလေ"





အမိန့်ရှင် အထဲကနေ လှမ်းမြင်သွားပုံရကာ သုန့်ကို လှမ်းခေါ်သည်။ သုန် လှမ်းဝင်သွားတော့ တစ်ကိုယ်လုံး လက်တောက်နက်မှောင်နေသော ကျပ်ကပ်နေသည့် ဝတ်စုံကို ဝတ်ထားကာ ဆံပင်တိုကစ်ကပ်လေးနှင့် အနက်ရောင် နားကွင်းကြီးကိုလည်း ဆွဲထားသည့် မက်ကီဆိုသော မိန်းမချော၏ မျက်လုံးများက ချက်ချင်း ကျဉ်းမြောင်းသွားသည်။

ဖောင်ဒေးရှင်းမိတ်ကပ် ဘာမှမပါဘဲ ပက်ဖ်ရိုက်လာရုံနှင့် ဝင်းမွတ်နုဖောင်းနေသည့် သုန် မျက်နှာလေးကို စူးခနဲ ကြည့်ပြီး ချက်ချင်းပြုံးကျသွား၏။ ဒါဟာ ဟန်ဆောင် ဖုံးကွယ်လိုက်ခြင်းတစ်ခု။

"ဪ. . . ဦးအောင်လွင်အိမ်က ကောင်မလေးဆိုတာ သူလားချစ်စရာလေးပဲ ချက်စ်ရဲ့. . . မင်္ဂလာပွဲတုန်းက မက်ကီမရှိတာနဲ့ မရောက်တော့ မမြင်လိုက်ရဘူး"

ခနိုးခနဲ့ လေသံနှင့် ရီသည်။

သုန် ခြေလှမ်းမှားသွားပေမယ့် အမိန့်ရှင်က အပြုံးမပျက်ပေ။

"ဘယ်ကလာ. . . ဦးအောင်လွင်အိမ်ကမှာလဲ မက်ကီ. . . ဦးအောင်လွင်က သုန့်ဖေဖေ ဦးဝေယံနိုင်ရဲ့ညီပါ. . . ဦးဝေယံနိုင်အိမ်မှာ သူတို့က နေတာ"

"ဟုတ်လို့လား ချက်စ်ရယ်. . . မက်ကီတို့ ကြားတာတော့ ဒီလိုမဟုတ်ပါဘူး"

အမိန့်ရှင်က သူကိုယ်တိုင် ကုလားထိုင်ထဆွဲ၍ သုန့်ကို သူ့ဘေးမှာ ထိုင်ခိုင်းသည်။

"ကဲ. . . ကဲ အမျိုးသမီးရောက်လာပြီဆိုတော့ ကိုယ်တို့က ပြန်မဖြစ်တော့မယ်. . . အင်တာဗျူးကိစ္စ ကိုမိန့် လက်မခံဘူးလို့ပဲ အကြောင်းပြန်လိုက်တာပေါ့. . . ဟုတ်လား"

တစ်ယောက်တ ထရပ်လိုက်သော်လည်း မက်ကီက ဖထသေး ဘဲ. . .

"စကားပြောရတာ အားမရသေးဘူးကွာ. . . ချက်စ် ဘယ်နေ့ အားလဲ"

"လောလောဆယ် ပြောလို့မရသေးဘူး. . . အားတာကတော့ ဘယ်တော့မှ အားမှမဟုတ်ဘူး. . . အချိန်ပေးဖို့ ဖြစ်လာရင်တော့ ပေးသင့်ရင် ပေးရမှာပေါ့. . . အကြောင်းရှိရင် ပြောလေ. . ."

မက်ကီ နှုတ်ခမ်းစူသွားသည်။

"အကြောင်းရှိမှတဲ့ ဟင့်. . . သိပ်ကြီးကျယ်တာပဲ"

နေရာမှ ဆောင့်ခနဲ ထရပ်ကာ အမိန့်ရှင်ကို မျက်စောင်းထိုးသည်။

"ရပါတယ် ချက်စ်ရယ်. . . ချက်စ်က နိုင်ငံကျော်ပဲ မက်ကီတို့ကို မေ့ထားလို့ ရပြီပေါ့. . . သွားမယ် ကိုကြီး"

တဖင် ကလေးဆိုးလေးလို မှုန့်သွားပုံက နွဲ့နွဲ့ခါခါ။

ကိုကြီးဆိုသူက အားနာဟန်နှင့် ရယ်၍ သုန့်ကိုပါ နှုတ်ဆက်သွားသည်။ သူတို့ပြန်သွားတော့ အမိန့်ရှင်က ချွတ်ထားသည့် ကုတ်အင်္ကျီကို ပြန်ဝတ်၍ ရှည်၍ ဖောင်းပြည့်နေသော ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်၏။

"ဟိတ် ထလေ ဘာငိုင်နေရတာလဲ"

"ဘာလုပ်မလို့လဲ ကိုကို. . . သုန့်ကို ဘာလုပ်ဖို့ ခေါ်တာလဲ"

"ပလာဇာဖြစ်ဖြစ် စူပါမားကတ်တစ်ခုဖြစ်ဖြစ် သွားမယ်လေ မင်းမှာ ကိုယ်ဝယ်ပေးထားတာချည်းပဲ. . . ဈေးဝယ်လိုက်ပို့မယ်ဆိုပြီးတော့လည်း တစ်ခါမှ မပို့ဖြစ်လို့ မင်းစိတ်ကြိုက် လိုချင်တာ ဝယ်ရအောင်"



"သုန် ဘာမှမလိုချင်ဘူး"

"ခုမလိုချင်ပေမယ့် ဟိုရောက်တော့ လိုချင်တာတွေ့မှာပေါ့. . . ထကွာ. . . အချိန်တွေ အလကားကုန်တယ်"

သုန် ထိုင်ရာမှ ထရပ်လိုက်၍. . .

"သုန့်အတွက် အချိန်ကုန်မခံပါနဲ့ ကိုကို. . . ကိုကို ဝယ်ပေးထားတာတွေ ပိုတောင်ပိုနေပါသေးတယ်. . . သုန် ဘယ်မှမသွားချင်ဘူး အိမ်ပြန်မယ်"

"ဘယ်လို"

သူက ပိုက်ဆံအိတ်ကို စားပွဲပေါ် ပြန်ပစ်တင်၍ သုန့်ဘေးနား ရောက်လာသည်။

"သုန် မင်းကိုယ့်ကို စိတ်ကောက်တာလား"

"ဟင့်အင်း"

သုန် မျက်နှာလွှဲထားကာ သူ့ရှေ့က ရှောင်ထွက်လိုက်၏။

အမိန့်ရှင်က ဖျတ်ခနဲ ဖမ်းဆွဲထားကာ သုန့်မျက်နှာနားကို ငုံ့ကြည့်လေ၏။

"မင်း တစ်ခုခုတော့ ဖြစ်နေသလိုပဲ. . . ဒီကို ရောက်အောင် လိုက်ခဲ့ပြီးမှ ဘာဖြစ်လို့ မသွားချင်တော့တာလဲ"

"ဒီကိုလိုက်ခဲ့တာက ကိုကိုခေါ်တယ်ဆိုလို့ပါ. . . ပလာဇာသွားဖို့ဆိုရင် မလာပါဘူး"

"ဘယ်မိန်းကလေးမဆို အလှအပ အဝတ်အစားကို မက်မောကြတာပဲ. . . မင်းက မမက်ဘူးဆိုတာ မဟုတ်သေးပါဘူး. . . ကိုယ်က မင်းအတွက် မအားတဲ့ကြားက အချိန်ကို ဖဲ့ပေးထားတာ"

"မပေးပါနဲ့ သုန့်ကို အဲသလောက်ထိ အလေးထားဖို့ မလိုပါဘူး"

သစ္စာမွန်စာပေ

"ဘယ်လိုကြီးလဲကွာ"

သူ လေသံမာသွားကာ သုန့် မျက်နှာလေးကို သူ့လက်နှစ်ဖက်နဲ့ ဆွဲဖမ်းယူလိုက်သည်။

ပြီးတော့ သုန့် မျက်လုံးလေးတွေကို စူးစိုက်ကြည့်ကာ. . .

"ကိုယ်က မင်းကို အလေးမထားရင် ဘာကိုအလေးထားရမှာလဲ အမိကကမင်းနဲ့ကိုယ် ဘဝပြည့်စုံနေဖို့ပဲ. . . အဲ့ဒီပြည့်စုံမှုက ငွေမဟုတ်ဘူး. . . ဒါကြောင့် ငွေကိုရှာနေပေမယ့် မင်းအတွက် ကိုယ့်အလေးထားခဲ့တာ ပြောစမ်း. . . မင်း ဘာကို မကျေနပ်တာလဲ"

သုန် မဖြေတတ်ပါ။

ဒါပေမယ့် သူ့ကို ဂျစ်တိုက်ချင်နေသည့် စိတ်ကူးလေးကတော့ ရှိနေသည်။ သူမကြောင့် နည်းနည်းလေးဖြစ်ဖြစ် စိတ်ကသိကအောင့် ဖြစ်သွားစေချင်သည်။ ဒါဟာ မက်ကီဆိုသည့် မိန်းမကြောင့်ပဲ ဖြစ်သည်။

ထိုမိန်းမနဲ့ ပတ်သက်၍ ရင်မှာ လှိုင်းထသွားခဲ့တာ ဘာကြောင့်ဆိုတာပေဟာ့ ပြောမပြတတ်ပေ။

"သုန် ပြန်တော့မယ် ကိုကို. . . ကိုဝီလီကိုပဲ ပို့ခိုင်းတော့မယ်"

သူ့လက်တွေကို ဖယ်ချ၍ သုန် ထွက်ထွက်လာခဲ့သည်။

သူ နောက်ကလိုက်ပါလျက် ဝီလီကို ဟန်းဖုန်းနဲ့ လှမ်းခေါ်၏။

ဝီလီ ချက်ချင်းရောက်လာသည်။

"သုန့်ကို ပြန်ပို့ပေးလိုက်. . . ပြီးရင် မင်းချက်ချင်းလာခဲ့"

"ဗျာ. . . ဟုတ်ကဲ့"

ဝီလီ အံ့ဩသလို ဖြစ်သွားကာ သုန့်ကို လိုက်ပို့သည်။

အိမ်ပြန်ရောက်တော့ သုန် မှန်ရှေ့မှာ အသာလေးထိုင်ကာ ကိုယ့်မျက်နှာကို ငေးကြည့်နေမိ၏။ သို့သော် တကယ်မြင်နေသည်က





မက်ကီ မျက်နှာရဲရဲလေးကို ဖြစ်သည်။ သုန့်မျက်လုံးထဲမှာတော့ မက်ကီ တော်တော်လှနေပါသည်။ ပြောပုံဆိုပုံအရ ကိုကို့နဲ့ နိုင်ငံခြားမှာ အတော်ကြီးရင်းနှီးလာခဲ့ဟန်တူကာ ကိုကို အခွင့်အရေးပေးမှုကိုလည်း ရလိမ့်မည်။

ကိုကိုကရော ဒီလောက်လှတဲ့ မိန်းမကို လိုလားမှု မရှိဖူးတဲ့လား။

သုန့် ဘာဖြစ်နေမိမှန်း ကိုယ့်ကိုယ်ကိုပင် မသိပါ။

တိုင်းဝဠာနဲ့ ချစ်ခဲ့ကြသောအချိန်များမှာ သူ့အနားမှာ ရှိနေတဲ့ အချိန်တိုင်း ကိုးလန့်စာစားဖြစ်နေခဲ့ရတဲ့ ကြောက်လန့်စိတ်ဟာ ချစ်တာကိုလည်း မခံစားပဲ ရင်ခုန်နေတာကိုလည်း ကြောက်နေတာလား။ ချစ်၍ ရင်ခုန်ခြင်းလား မခွဲခြားမိခဲ့ပေ။

ကြောက်မိတဲ့အတိုင်းပဲ သုန့်တွေ့၍ အရိုက်ခံရ၊ သူကချစ်လို့ အယောင်းခံရ၊ ငါးဖယ်လို အသားတွေ မာမာလာခဲ့ပေမယ့် သုန့် အလူးအလိမ့်ခံခဲ့ရသည်။ ချစ်တဲ့စိတ်ဟာ ကြောက်လန့်ခြင်းများအောက်မှာ သာယာမှုကို ရှာဖွေချိန်မရခဲ့ပါ။

ဒါဆို အခု သုန် ကိုကို့ကို မကျေနပ်စိတ်လေး ဝင်နေခဲ့တာ သဝန်တိုတာလား။ ဒါမှမဟုတ် ကိုယ့်ဘက်က မျက်နှာငယ်တဲ့ဘဝမို့ ဝမ်းနည်းအားငယ်ခြင်း ရှောင်ဖယ်ချင်တာလား။

"လက်ဝဲသုန်"

မှန်ထဲမှာ ဘွားခနဲပေါ်လာမှ သူဝင်လာတာကို သုန် သတိထားမိ၏။ ဒီအချိန် ပြန်မလာဖူးသဖြင့် သုန် နေရာမှထကာ. . .

သူ့ဘက်ကို လှည့်လိုက်သည်။

"ဘာပြန်ယူတာလဲ ကိုကို. . . ကိစ္စရှိလို့လား"

"ဟုတ်တယ်. . . မင်းကို ချော့မလို့"

"ဟင်"

အမိန့်ရှင်က သုန့်ကိုယ်လုံးလေးကို အဲ့ဖက်ထားလိုက်ကာ. . .

"မင်းကိုယ့်ကို မက်ကီနဲ့ ယုံထင်ကြောင်ထင် ဖြစ်သွားတာ မဟုတ်လား. . ."

"မ. . . မဟုတ်ပါဘူး"

"ညာရဲရင်လည်း ကိုယ့်မျက်နှာကို တည့်တည့်ကြည့် ညာစမ်းပါကွာ. . . ဒီမှာ ဘာဖြစ်နိုင်မလဲလို့ စဉ်းစားလိုက်ရတာ ဘယ်လောက် ဦးနှောက်ခြောက်သွားလဲ သိလား. . . ဘယ်လိုမှကို နေလို့မရလို့ ထလိုက်လာတာ. . . အဲဒီတစ်ယောက်က ပြောပုံဆိုပုံက အဲဒီအတိုင်းပဲ ဘယ်သူနဲ့ စကားပြောပြော ဒီမှလသံပဲ. . . ကိုယ်နဲ့က ငယ်သူငယ်ချင်း မေမေဆုံးလို့ ကိုယ်ဖေဖေ့ဆီ ရောက်သွားတော့ ရှစ်တန်းကျောင်းသားလေ ဘွဲ့ရပြီးမှ အမေရိကန်မှာ သူနဲ့ပြန်တွေ့တာ. . . သူ့အဖေနဲ့ ကိုယ့်အဖေက ဝါသနာတူ မြန်မာဖြစ်ပြီး မြန်မာပြည်ကို မချစ်တာပေါ့. . . မိန်းမတွေကို အကွဲခံပြီး နိုင်ငံခြားထွက်သွားကြတော့လည်း အတူတူပဲ. . . အဲဒီတုန်းက ကိုယ်တို့ လူမမယ်အရွယ်လေးတွေနဲ့ မေမေ့ဆီမှာ ကျန်ခဲ့ကြတာ. . . ကိုယ်က မေမေဆုံးသွားတော့ ဖေဖေ့ဆီတန်းရောက်သွားတယ်. . . သူကတော့ သူ့အမေနဲ့ ဘိုးဘေးဘွားဘေတွေနဲ့နေတော့ ဟိုကို အလည်အပတ်သဘောနဲ့ ရောက်လာတာ ကိုယ်ပြန်မှ သူ့ကို ပြန်ခေါ်လာခဲ့တာပေါ့"

အမိန့်ရှင်က ရှည်လျားစွာ ရှင်းပြနေသည်။

သူ့ကို ယုံကြည်ထားပြီးသား စိတ်က အားလုံးကို လက်ခံပြီးဖြစ်သည်။ သုန် ခေါင်းလေးငုံ့ထားလျက် ပြုံးလိုက်မိသည်။

"ဖေဖေက သုန်နဲ့လက်ထပ်ပေးဖို့အထိ ပြောလာဖူးတယ်. . . ကိုယ်က လက်မခံခဲ့တာ ပတ်သက်ဖူးတာ ဒါပဲကွာ. . . ရှင်းရဲ့လား. . . အစည်းအဝေးတက်ရတာထက်တောင် မောသေးတယ်. . . မိန်းမယူရတာ





မလွယ်ပါလား"

သုန် မနေနိုင်တော့ဘဲ ရယ်လိုက်မိသည်။ သူက သုန့်ကို ခပ်တင်းတင်းလေးဖက်၍ မျက်နှာလေးကို ညင်သာစွာ နမ်းသည်။

"မင်း စိတ်ကောက်နေတာနဲ့ ပလာဇာလည်း သွားလို့မရတော့ဘူး. . . ဟိုပြေး ဒီပြေးရနဲ့ ကိုယ်လည်း ခပ်ပေါပေါဖြစ်သွားပြီကွ. . . ပြန်ပြေးရဦးမယ်. . . ဆိုဒ်ထဲကို"

သူ့နှုတ်ဆက်အနမ်းနှင့် ခပ်လော်လော ပြန်ထွက်တော့ သုန်သူ့ကို အားနာသွားမိသည်။

ဘေးနားရောက်တော့ သူက သုန့် နဖူးလေးကို လှမ်းထု၍. . .

"နောက်တစ်ခါ စိတ်ကောက်ရင် မင်း တွေ့မယ်"

ဟု ကြိမ်းလေသည်။

## အခန်း (၄၀)

သူရေးပေးထားခဲ့သည့် အသံထွက်နဲ့ အမိပ္ပာယ်တွေကို ကျက်မှတ်နေရင်း သုန် ဆိုဖာပေါ်မှာ ထုံးလုံးလေး လှဲမနေမိသည်။

အလုပ်များနေတတ်သည့် သူ့ကိုလည်း အမြဲမြင်ရ၍မဖြစ်။

သုန် နေ့စဉ် ဒီလိုပဲ စာကျက်လိုက် မုန့်စားလိုက်နှင့် အချိန်တွေထဲအားပိုခံနေခဲ့သည်။ တစ်ခါတစ်ခါကျတော့လည်း သူ့နောက်လိုက်သွားကာ အနားမှာ ထိုင်နေချင်တဲ့စိတ်တွေ ဖြစ်လာတတ်သည်။

သူကမှ မခေါ်တာ။

"တီ. . .တီ"

တံခါးဝက လူခေါ်ဘဲလ်သံကြောင့် သုန်လှဲနေရာမှ ထလိုက်မိ၏။ မှန်တစ်ဝက်တပ်ထားသည့် ကျွန်းတံခါးကြီးရဲ့ အပြင်ဘက်မှာ ရပ်နေသူကို မှန်ချပ်မှတစ်ဆင့် လှမ်းမြင်လိုက်ရလျှင် သုန့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားသည်။





"ဆက်လျှောက်ခဲ့ပါ မိသုန်ရဲ့. . . အဟင်း. . . တို့ကို ဘီလူးသရဲ မြင်ရ...ဘ ကျနေတာပဲ. . . ကိုက်မစားပါဘူး"

သုန် မျက်နှာပျက်သွားတာကို နေခြည်က ဂုဏ်ယူဝံ့ကြွားဟန်များနှင့် တဟင်းဟင်း ရယ်နေသည်။

နောက်ထပ် ပေါ်လာသည့် မျက်နှာတစ်ခုက ရွှေခြည်။

"မိသုန် ညည်းက ကျုပ်တို့ကို တံခါးတောင် ဖွင့်မပေးချင်တော့ဘူးလား"

သုန် ပင့်သက်လေးရှိုက်၍ ရှေ့ဆက်လှမ်းသည်။

သုန်ဟာ သူတို့အရိပ်အောက်မှာ မဟုတ်။

သူတို့ နှိပ်စက်သမျှ လူးလိမ့်ခံနေရတဲ့ သုန် မဟုတ်တော့ပေ။ အများပေါ်မှာ လွှမ်းမိုးထားနိုင်တဲ့ အမိန့်ရှင်ဆိုတဲ့ လူတစ်ယောက်ရဲ့ဇနီး။ ကိုယ့်ကိုယ်ကို အင်အားဖြည့်တင်းလျက် တံခါးကို ဖွင့်ပေးလိုက်၏။ ညီအစ်မနှစ်ယောက်က အထဲကို လက်ပိုက်လှမ်းဝင်လာရင်း တစ်အိမ်လုံးကို ဝေ့ဝဲကြည့်သည်။

"အဆောင်ယောင် အခမ်းအနားတွေနဲ့ တယ်ကြီးပွားနေပါလား မိသုန်. . . မင်္ဂလာဆောင်တာတောင် ဆွေမှန်းမျိုးမှန်း မသိဘဲ ဖိတ်ဖေါ် မရလောက်အောင် အောက်ခြေလွတ်တဲ့ ဟာမ"

သုန် နှုတ်ခမ်းလေးစေ့၍ ခပ်စူးစူး ပြန်ကြည့်သည်။

ကိုယ့်ကို ရောင်းစားပစ်ဖို့ထိ ကြံခဲ့ကြတဲ့သူတွေ. . .

အမှိုက်တစ်စလို လွှင့်ချင်ရာလွှင့် ကျချင်ရာကျ လုပ်ထုတ်ဖို့ ကြံစားခဲ့ကြသည်။ ဒါကို သုန် ဘာလို့ လေးစားကြောက်ရွံ့နေရမှာလဲ။

"မင်း သူတို့ကို ခေါင်းထဲက ထုတ်ပစ်လိုက် လက်ဝဲသုန်. . . မကောင်းဆိုးဝါးတွေလို သဘောထားပြီး တောထုတ်သလို ထုတ်ပစ်နိုင်ဖို့

အင်အားမွေး"

အမိန့်ရှင် ပြောခဲ့သော စကားတို့ကိုလည်း သတိရမိသည်။

"မမနေတို့ ကိစ္စရှိလို့လား"

"ဘာအေ့. . . ညည်းဆိုကို ငါတို့က ကိစ္စရှိမှ လာရမှာလား"

"ဟုတ်တယ်. . . ကိစ္စရှိမှ လာသင့်တာပေါ့. . . မင်လာအောင် မဖိတ်ကတည်းက သဘောပေါက်ရင် မင်းတို့ ဒီနေရာထိ မလာသင့်ဘူး"

"ကိုကို"

"ဟင်"

အမိန့်ရှင်က သူတို့နောက်က လှမ်းဝင်လာ၏။

ကားသံမကြားလိုက်ဘဲ ရောက်လာသဖြင့် နေခြည်တို့ မျက်နှာတွေ ဖျက်ယွင်းကုန်ကြသည်၊ ကဲ့ရဲ့နှိုက်ကိုက်လာခဲ့ကြသည်က အမိန့်ရှင် မရှိတဲ့အချိန်မှန်း သိလို့၊ သို့သော် ဖာနကိုယ်ဖို့ဆိုသည့် စကားနှင့်အညီ မျက်နှာကို ချက်ချင်း ပြင်ဆင်တာ. . .

"နေခြည်တို့က ကာစိမ်းတွေ မဟုတ်ပါဘူး ကိုမိန့်ရယ်. . . မခေါ် ချင်လို့ရပေမယ့် မတော်ချင်လို့ မရဘူး"

"မခေါ်ချင်လည်း ရတယ်. . . မတော်ချင်လည်း ရတယ်. . . ဘယ်နှယ့် ခုကျမှ အတင်းကြီး ဆွေမျိုးလာစပ်နေရတာလဲ. . မလိုလားဘူး ဆိုရင် လှည့်ပြန်သွားပေါ့"

"လူကြီးလူကောင်းဖြစ်ပြီး ရှင် ရိုင်းလှချည်လား. . . ကိုအမိန့်ရှင်. . ."

"ဟော့. . . မင်း ငါ့ကို ဝေဖန်စရာမလိုဘူး. . . ဝိလိ. . ."

"ဗျာ. . ."

ဝိလိ ရောက်လာ၏။





"ဘို. . ."

"ရှင်. . . ရှင်"

ဝိလိ သူတို့ရှေ့ရောက်လာတော့ တွန့်ခနဲဖြစ်ကာ နေခြည်နဲ့ ရွှေခြည် တံခါးဝနား ချက်ချင်းဆုတ်သွား၏။

ဒေါသရောင်လွှမ်းသော မျက်နှာမှာ ရှက်ရွံ့ခံပြင်းခြင်းများပါ ဖြစ်လျက် နီလိုက် ဖြူလိုက်ဖြစ်ကာ စကားလည်း မဆိုနိုင်ဘဲ ရှိလေသည်။

"ဟိတ်. . . ဘာကြည့်နေကြတာလဲ သွားကြ"

နေခြည် နှုတ်ခမ်းကို တင်းခနဲ စေ့ကာ. . .

"မိသုန် ညည်း ညည်းသိမယ်. . . ငါ့အကြောင်းသိမယ်"

နေခြည်တို့ ချာခနဲ လှည့်ထွက်သွားကြ၏။

အမိန့်ရှင်က သုန့်လက်ကလေးကို လှမ်းဆွဲလိုက်သည်။

လက်ဖျားလေးတွေ အေးနေတာကို သူ မကျေမနပ်ဖြစ်သွား၏။

"မင်း ဘာကိုဂရုစိုက်နေတာလဲ. . . လက်ဝဲသုန်. . . ကိုယ့်အိမ်ပေါ် တက်နေပြီး တစ်သက်လုံး ပေးဆပ်ခဲ့ရတဲ့ မင်းရဲ့အတိတ်မှာ ဖျက်စီးခဲ့သမျှ မနက်ဖြန်ပေါင်းများစွာရဲ့ သာယာကြည်နူးခြင်းတွေ ရှင်သန် လန်းဆန်းခြင်းတွေ ဒါတွေအတွက် မင်း သူတို့ကို ဆက်အရှုံးပေးနေဦးမှာလား ရှေ့ဆက်ပြီး ပေးဆပ်သွားဖို့ အရှုံးပေးချင်တဲ့ ကြောက်ရွံ့စိတ်တွေကို မင်း မွေးမြူထားဦးမလို့လား"

သုန် သူ့ကို ငေးနေရင်း ခေါင်းခါသည်။

"သုန် မကြောက်ဘူး"

သုန့်ကို သေချာကြည့်နေပြီးမှ သူ့မျက်နှာ အနည်းငယ်ပြေလျော့သွားသည်။ ပြီးတော့ သူ ချာခနဲ လှည့်ထွက်တာ. . .

"မဖြစ်ဘူး. . . ဒီကိစ္စကို အချိန်ပေးပြီး စီစဉ်မှ ဖြစ်တော့မယ်

"ဝီလီ. . . မင်း ရှေ့နေကြီး ဦးညိုမှိုင်းကို သွားခေါ်. . မင်းကို စုံစမ်းခိုင်းထားတဲ့ ဦးအောင်လွင်ကို ကူညီနေတဲ့ SNO ကုမ္ပဏီကိစ္စတွေကို တစ်ခါတည်း ခိုင်မာအောင်လုပ်ခဲ့"

"ဟုတ်ကဲ့"

"အရေးကြီးတယ်. . . ဘာမှ အတိမ်းအစောင်း မရှိစေနဲ့ ဦးအောင်လွင်နဲ့ ပတ်သက်ပြီး ငါစုံစမ်းခိုင်းထားတဲ့ကိစ္စ အားလုံး စုဆောင်းပြီး ဒီတစ်ရက်နှစ်ရက်အတွင်း ငါ့ဆီယူလာပေး. . အားလုံး အတိအကျနော် ခန့်မှန်းလာတာ ဘာမှမလိုချင်ဘူး"

"စိတ်ချ ကိုမိန့်. . . လိုချင်တဲ့အတိုင်း အားလုံး ကွက်ကိဖြစ်စေရမယ်"

သုန် မေးလည်းမမေးရဲဘဲ သူဘာတွေ လိုချင်နေမှန်းလည်း မသိ၊ ကာ. . .ဝီလီကို ဘယ်အတွက် ညွှန်ကြားနေမှန်းလည်း မသိပေ။

သို့သော် ဦးအောင်လွင်ဆိုတာကို ကြားထားတာမို့ ရိပ်မိနေသလို တော့ ရှိသည်၊ သူ ဘာအတွက် လှုပ်ရှားဖို့ ပြင်ဆင်နေသလဲဆိုတာ. . .

❁ ❁ ❁

## အခန်း (၄၁)

"ဟာ. . . အမိန့်ရှင်. . . သုံးနာရီလောက်နဲ့ ဒီလောက်နှင့် မောင်းက ဖိုင်တွေကို ကျွပ် ဘယ်လိုလုပ် စုဆောင်းရမှာလဲ"

"ခင်ဗျား ကိုင်တွယ်နေတဲ့ စာရင်းတွေ လုပ်ငန်းတွေပဲ. . . အားလုံး ခင်ဗျား လက်ထဲမှာပဲရှိရမှာပေါ့. . . သုံးနာရီဆိုတဲ့ အချိန်က မနည်းပါဘူး ဦးအောင်လွင်. . . နေ့လည်ဆယ့်နှစ်နာရီတိတိ လက်ဝဲသုန်ရောက်လာလိမ့်မယ်. . . ကျွပ်နဲ့ ပတ္တိုလ်တွေရောပေါ့. . . ခင်ဗျား အဆင်သင့်ဖြစ်ပါစေ"

"အမိန့်ရှင်"

သူ ခေါ်ပေမယ့် မရတော့ပေ၊ ဦးအောင်လွင် အိတ်ထဲက လက်ကိုင်ပဝါထုတ်၍ မျက်နှာတစ်ပြင်လုံးကို ပွတ်သုတ်ပစ်လိုက်သည်။

"ဘာတဲ့လဲ ကိုအောင်. . . ဘာပြောသွားလို့လဲ"

ဦးအောင်လွင်က ရုတ်တရက် မဖြေဘဲ ထိုင်နေကြသည့် ညီ

အစ်မသုံးယောက်ဆီကို စူးစူးဝါးဝါး လှမ်းကြည့်သည်။

"အစ်ကိုဆုံးပြီးတဲ့ နောက်ပိုင်းနှစ်တွေက လုပ်ငန်းစာရင်းတွေကို တောင်းတာ"

"အို့. . . အဲ့ဒါ သူနဲ့ ဘာဆိုင်လို့လဲ"

"သူနဲ့မဆိုင်ပေမယ့်. . . မိသုန်က ပိုင်တယ်လေ. . . အခု ငါတို့ကို စီးပွားရေး အလွဲသုံးစားမှုနဲ့ တရားစွဲတော့မယ်"

ဒေါ်စုစုလွင် မျက်နှာ ဇီးရွက်ခန့် ငယ်ကျသွား၏။

သို့သော်. . .

"မိသုန်ကို ကျွန်မတို့ ဒီအရွယ်ထိအောင် ကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ. . . ပြီးတော့. . ."

"တော်. . . တော်တော့. . . ဘာမှမပြောကြနဲ့တော့ အမိန့်ရှင်ဆိုတဲ့ကောင်က လမ်းကြားထဲက စကားမျိုးပြောမယ့်ကောင် မဟုတ်ဘူး ဘယ်လိုတိုးနှက်ချက်တွေ သက်သေအထောက်အထားတွေနဲ့ ပြင်ဆင်လာမယ်ဆိုတာ နင်တို့လို ဦးနှောက်မျိုးနဲ့ တွေးခေါ်မနေနဲ့. . . ဖြစ်လာတော့ ငါပဲ လေးဘက်နံရံထဲရောက်ရမှာ လုပ်ကြဦးလေ. . . နှိပ်စက်ကြတာ သိပ်ကိုအရသာရှိကုန်ပြီလား"

ဦးအောင်လွင် အရူးတစ်ယောက်လို အော်ဟစ်၍ လက်သီးနှင့် ဘက်ကို ဆုပ်ထားသည်။ ဘယ်သူမှ မျက်နှာမမော့ရဲကြပေမယ့် နေခြည်တို့ အံကြိတ်နေကြ၏။ ဦးအောင်လွင် ကားသော့ဖြုတ်၍ အိမ်ရှေ့ကို သုတ်သုတ် ထွက်သွား၏။ ထို့နောက် ကမန်းကတန်း ပြန်တက်လာကာ စာကြည့်ခန်းထဲ ဝင်သွားပြန်သည်။ စကားပြောသံများ ဆိတ်သုန်နေလျက် ဦးအောင်လွင် ဝင်သွားတဲ့ဆီကိုသာ ဘာမှန်းမသိဘဲ ငေးကြည့်နေမိကြသည်။





"ဟော. . . ဘယ်မှာလဲ ငါ့ကားသော့"

"ရှင်"

"ဟော့တော်. . . ရှင်ပဲ ကိုင်ဝင်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူး ဖေဖေရယ်. . . အိမ်ရှေ့က ပြန်ဝင်လာပြီး စာကြည့်ခန်းထဲ တန်းဝင်သွားတာပါ"

စုစုအောင်လွင်က ပြော၍စာကြည့်ခန်းထဲ လိုက်ဝင်သွားကာ. .

"ဒီမှာလေ ဖေဖေရယ်. . . စာအုပ်ပေါ်မှာ ဒီအတိုင်းကြီး ဥစ္စာကို. . ."

"စကားမများနဲ့ပေး"

ဦးအောင်လွင် အယောင်ယောင် အမှားမှားနှင့် မျက်နှာကြီး သုန်မှုန်နေသည်။ သော့ကို ဆတ်ခနဲ လှမ်းယူကာ အိမ်ရှေ့ပြန်ထွက်သွား၏။

"သမီး ညည်းအဖေ ဘာလုပ်တာလဲ"

"ဖိုင်တွေ ဖွရှာနေတာပဲ ထင်တယ်. . . ဖေဖေ ဂယောင်ချောက်ချားတွေဖြစ်ကုန်ပြီ သနားပါတယ် မေမေရယ်"

စုစုအောင်လွင်က အစ်မတွေ လုပ်သမျှ အကုန်သိထားသူမို့ မကျေမနပ် လှမ်းကြည့်ကာ. . .

"အဲဒါ မမတို့ကြောင့် သုန်ကိုဆို နိုင်ပြီးသားပဲ၊ ဟိုနေ့ကပဲ သွားကြသေးတယ်. . . အမိန့်ရှင်နဲ့ တွေ့လာခဲ့ကြတယ်လေ. . . အခုဖြစ်လာတာ အဲဒါကြောင့် အများကြီးပါတယ်"

"မိစု. . . ဘာတွေ လျှောက်ပြောနေတာလဲ"

"ပြောမှာပဲ"

ညီအစ်မတွေကို ကြည့်ကာ ဒေါ်စုစုလွင် မျက်စိမျက်နှာပျက်

လျက်. . .

"ကြည့်စမ်း. . . ညည်း ညည်းတို့ ထပ်သွားကြသေးတယ်ပေါ့. . . ဖြစ်မှဖြစ်ရလေအေ. . . ဒီလောက်တောင်ပဲ ဆင်ခြင်တုံတရား နည်းရသလားဟင်. . . ကိုယ်ကျိုးတွေတော့ နည်းတုန်ပါပြီ. . . ဒါကြောင့် ဟိုကမြင်းမြင်းထန်ထန် ဖြစ်လာတာ. . . ညည်းတို့ ဒီဟာမကို မနာလိုဖြစ်နေကြတိုင်း အမဲဖျက်ဖို့ပဲ ကြိုးစားနေကြတယ်. . . အဲဒါ မနာလိုတာ၊ ဟိုဟာမလှတာ ကောင်းစားတာကို မနာလိုဖြစ်နေတာ. . . ငါလည်း ချစ်လှတယ်တော့ မဟုတ်ပါဘူးအေ. . . ကိုယ့်သားသမီးကို ကျော်ပြီး ကောင်းစားသွားတာ ဘယ်ကျေနပ်ပါ့မလဲ. . . ဒါပေမယ့် ကိုယ်လုပ်ချင်တိုင်း လုပ်လို့ဖြစ်သလား. . . မိုက်လိုက်ကြတာ"

ပြောနေရင် ဒေါ်စုစုလွင် မျက်ရည်တွေ ဝဲလာသည်။

ဖြစ်လာခဲ့ပြီးမှ ပြော၍ ထုနှက်ရိုက်ပုတ်တော့ရော ဘာတတ်နိုင်ပါမည်နည်း။

◆ ◆ ◆

## အခန်း (၄၂)

"ဦးလေယျာနိုင်ဆုံးသွားတဲ့ ကိုးဆယ့်သုံးခုနှစ်တတည်းက ဒီနေ့ထိ ခင်ဗျား ဦးဆောင်ထိန်းချုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ NS အလှကုန်ကုမ္ပဏီရဲ့ တိုးတက်နှုန်း အတက်အကျအလိုက် မှတ်တမ်းပြုထားတဲ့ စာရင်းအပြည့်အစုံ သို့မဟုတ် ရှစ်နှစ်စာ စာရင်းအင်းကို ပြရမယ်. . . နောက်တစ်ချက် မိန်းကလေး လက်ဝဲသုန်တို့ ကျွေးမွေးပြုစု စောင့်ရှောက်ရင် ခင်ဗျား ကိုင်တွယ်ထားတဲ့ မိန်းကလေးရဲ့ စီးပွားရေးထဲက ဒီမိန်းကလေးအတွက် ခင်ဗျား ဘယ်အတိုင်းအတာထိ အလုပ်လုပ်ပေးခဲ့သလဲ. . . ဥပမာ စုဆောင်းငွေအားဖြင့် မိန်းကလေးအတွက် ဘဏ်မှာအပ်ပေးထားတာမျိုး သို့မဟုတ် လက်ဝတ်ရတနာအားဖြင့် ဆင်ယင်ပေးခဲ့တာမျိုး"

ရှေ့နေကြီးက မျက်မှန်အထက်ကကျော်၍ ချွေးပြန်နေသည့် ဦးအောင်လွင် မျက်နှာကြီးကို တစ်ချက်ကြည့်သည်။ ပြီးမှဆက်၍. . .

"အကယ်၍ ငွေတစ်စုံတစ်ရာကို ခင်ဗျားဘက်က ပျောက်နှပ်

လော်ကော်ဖွယ် တင်ပြနိုင်ခြင်း မရှိခဲ့သော်. . ."

"ခဏ ခဏနေပါဦး ရှေ့နေကြီးရယ်. . . ကျွန်တော် ပြောပါရစေ ဒီမှာ ကျွန်တော် စုဆောင်းတင်ပြထားတာ ဒီစာရင်းသုံးအုပ်ပဲ ထွက်ပါတယ်. . . ဒါလည်း အကုန်ပါပဲ နောက်ပိုင်း ကုမ္ပဏီကျဆင်းလာတာနဲ့အမျှ လူရောစိတ်ပါ မအားရလို့ ဘာစာရင်းမှလည်း မလုပ်ခဲ့နိုင်ပါဘူး. . . အမြတ်မရှိတဲ့ လုပ်ငန်းက ဘာမှစုဆောင်းမရလို့ သုန့်ကိုလည်း ဘာမှလုပ်မပေးခဲ့နိုင်ဘူး. . . တစ်အိမ်လုံးမှာ လူတန်းဆင့်မှီအောင် မနည်းကြိုးစားနေရတာပါ. . . ဒါကို ကျွန်တော်က ဘယ်လိုလုပ်ပြီး သက်သေသာဓကတွေ ပြနိုင်မှာလဲ"

ရှေ့နေကြီးက အမိန့်ရှင်နဲ့ အတူထိုင်နေသည့် သုန်ကို လှမ်းကြည့်၍. . .

"ဒါဆိုရင် လက်ဝဲသုန်နဲ့ အိမ်ရာစီးပွားအားလုံးကို လွှဲပြောင်းအုပ်ချုပ်ဖို့ ခင်ဗျားကို တစ်စုံတစ်ယောက်က လွှဲပြောင်းအပ်နှံတာရှိသလား ဥပမာ လက်ဝဲသုန်ရဲ့မိခင် သို့မဟုတ် ဖခင် သို့မဟုတ် သူ့ရဲ့လိုလားမှုတစ်ခုခု. . ."

"ဒါကတော့ သူမအော မှာချိန်ပြောချိန်မရဘဲ ဆုံးသွားတာပါ အနားမှာ ဆွေမျိုးရင်းချာလည်း ကျွန်တော်ပဲ ရှိတာပါ. . ."

"မှာချိန် ပြောချိန်ရ တယ်. . . ဆွေမျိုးတွေကလည် သူ့ကိုမလိုလားကြပါဘူး"

သုန် မျက်နှာလေးက တင်းမာနေသည်။

နားကပ်နဲ့ စိန်လည်ဆွဲဆီမှ တဖျတ်ဖျတ်လက်နေသော အရောင်များနဲ့အပြိုင် သုန့်မျက်လုံးလေးတွေ ရောင်စဉ်ဖြာနေ၏။

"မေမေက သူတို့ကို မယုံဖို့ သေချာမှာသွားပါတယ်. . . တကယ်



လို့ သူမရှိတော့ရင်း မိုးကုတ်က မေမေ့ညီမဆီမှာ သွားနေဖို့လည်း တဖွဖွမှာပါတယ်. . . ဒါပေမယ့် သုန်က အဲဒီအချိန်မှာ အရမ်းငယ်သေးတော့ မေမေမှာသမျှကို မမှတ်မိဘူး. . . သုန့်အိပ်ယာခေါင်းရင်းမှာ မေမေ့ ဒိုင်ယာရီထားခဲ့တယ်. . . အဲဒီထဲမှာ အခု သုန်ပြောတဲ့စကားတွေ မေမေအပြည့်အစုံ ရေးထားပါတယ်. . . မေမေဆုံးသွားတော့လည်း အန်တီ မိုးသဇင် ရောက်လာပါတယ်. . . ဒါပေမယ့် သုန့်ကို ဘာမှမပြောရဲ မလိုက်ရဲအောင် သူတို့က အမျိုးမျိုး နှိပ်စက်တားဆီးကြတယ်. . . သုန် သူတို့နိုင်းသလို ခါးခါးသီးသီး ငြင်းလိုက်လို့ အန်တီမိုးသဇင် ပြန်သွားရတယ်. . . မေမေ့လုပ်ငန်း မေမေ့နေရာကို သူတို့ အတင်းယူထားပြီး သုန့်ကို ဝိုင်းနှိပ်စက်ကြတယ်"

သုန့် လက်ညှိုးထိုးပြောနေသမျှ အနားမှာရှိနေကြသည့် နေခြည်တို့ အံတကြိတ်ကြိတ် ဖြစ်နေကြသည်။

ဒေါ်စုစုလွင် လုံးဝသည်းမခံနိုင်စွာ. . .

"ငါတို့ ဝရုစိုက် ကျွေးမွေးခဲ့လို့ တဏှာသိုလ်ရောက်တဲ့အထိ ညည်း လူတစ်လုံးသူတစ်လုံး ဖြစ်လာတာပါ မိသုန်ရယ်. . ."

"သုန့်မိဘရဲ့ ပစ္စည်းဥစ္စာတွေကို အမျိုးမျိုး စားသောက် သုံးဖြုန်းပြီးပြီမဟုတ်လား အန်တီစုစု"

"ခဏနေဦး"

အမိန့်ရှင်က အားလုံးကို နားထောင်ပြီးမှ စကားဝိုင်းထဲဝင်လာ၏။

"စောစောက ရှေ့နေကြီး မေးထားတဲ့ မေးခွန်းကို ခင်ဗျားမဖြေနိုင်ခဲ့ဘူးလို့ သတ်မှတ်ပြီး ကိစ္စရှေ့ဆက်ရအောင် ခင်ဗျားပြောသလို ကုမ္ပဏီ အရှုံးပေါ်တာတွေ မှတ်ချိန်မရခဲ့တာတွေကို ကျုပ်က အားလုံးစု

ဆောင်းယူခဲ့တယ်. . . ဒါက ခင်ဗျား ကုန်ကြမ်းထုတ်တာ ပစ္စည်းပြန်သွင်းတာ အားလုံးရဲ့ လယ်ဂျာအပြည့်အစုံပဲ၊ SRO ကုမ္ပဏီက ဦးအေးကို ကိုယ်တိုင် မူရင်းအတိုင်း ပြည့်စုံအောင် စုဆောင်းပေးလိုက်တာ"

အမိန့်ရှင်က စားပွဲပေါ်မှာ တင်ထားသည့် ဖိုင်တွေထဲက စာရင်းဟောင်းတွေကို အထပ်လိုက်ကိုင်၍ ရှေ့မှာချပြသည်။

"ခင်ဗျား ကိုးဆယ့်ခုနှစ်ခုနှစ်ကစပြီး နှစ်ထောင်ပြည့်အထိ သုံးနှစ်မှာ အရှုံးကြီး ရှုံးပစ်လိုက်တဲ့ ငွေစာရင်းနဲ့ တိုက်ပေါင်ခဲ့တဲ့ဒီဒ်. . . ဒေါ်သန္တာချိုဆီမှာ ခင်ဗျား ပေါင်ခဲ့တာ ဟုတ်ပါတယ်နော်"

"ကျုပ်. . . လစဉ် အတိုးပေးနေတာပဲ. . . အချိန်မရွေး ပြန်ရွေးပေးလို့ရတယ် လုပ်ငန်းထဲမှာ ငွေလျော့သွားမှာစိုးလို့"

ဦးအောင်လှိုင် အသံကတုန်ခါနေသည်။

"ခင်ဗျား ပါးစပ်ကိုပိတ်ထား ဦးအောင်လှိုင်. . . အခု ကျုပ်တို့လာတာ ခင်ဗျား ထုချေလွှာတာကို နားထောင်ဖို့ မဟုတ်ဘူး ရှင်းရှင်းပြောမယ်. . . ခင်ဗျား ကိုင်တွယ်ခဲ့တဲ့ စီးပွားသက်တမ်းမှာ လုပ်ငန်းရဲ့ပုံမှန်ဝင်ငွေဟာ လေးဆယ်ရာခိုင်နှုန်း အထိရှိနေခဲ့တယ်. . . ဒါကို ခင်ဗျားတို့ အလွဲသုံးစား သုံးဖြုန်းခဲ့ကြတာဖယ်ပြီး နှစ်ဆယ်ရာခိုင်နှုန်း သတ်မှတ်ရင် ဒီနေ့ထိ ဘယ်လောက်ဖြစ်မလဲ. . . အဲဒီငွေကို ကျုပ် အတိအကျ လိုချင်တယ်"

ဦးအောင်လှိုင် မျက်လုံးပြူးသွားသည်။

"ခင်ဗျားကို ကျုပ် တစ်လအချိန်ပေးမယ်. . . အဲဒီတစ်လကျော်တဲ့အထိ ခင်ဗျားဘက်က အဆင်သင့်မဖြစ်ရင် ခင်ဗျားကို ကျုပ် တရားစွဲမယ်"

"အမိန့်ရှင် ကျုပ် ပြောပါရစေ"





အမိန့်ရှင်က လုံးဝပြောခွင့်မပေးဘဲ. . .

"အမှုရင်ဆိုင်တဲ့ အချိန်ကစပြီး ခင်ဗျားတို့ ဒီအိမ်ခြံမှာ လုံးဝနေထိုင်ခွင့် မရှိတော့ဘူး"

"အို. . ."

ဒေါ်စုစုလှိုင် တွန့်ခနဲ ဖြစ်သွား၏။

"နေရေးထိုင်ရေးက ဒီလောက်မြန်မြန်ကြီး လုပ်လို့ဘယ်ရမလဲ ဒီလောက်ထိတော့ မညှာမတာ မပြောသင့်ပါဘူးကွယ်. . . ငါတို့က ဆွေမျိုးရင်းချာတွေပါ"

အမိန့်ရှင်က ခပ်တည်တည် ပြန်ကြည့်သည်။

"သန့်စင်တိမ်က မိုးမရွာဘူး ဒေါ်စုစုလှိုင်. . . ရေငွေ့အစိုင်အခဲကြောင့် မိုးရွာတာ ခင်ဗျား သဘောပေါက်မှာပေါ့"

ဒေါ်စုစုလှိုင် ဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်တွေ ကျလာကာ. . .

"သုန် ညည်း. . . ညည်း ဒီလောက်ထိ ရက်စက်တော့မှာလား ဟင်. . . ဒါ ညည်း ဦးလေး မဟုတ်လား"

အမိန့်ရှင်ကို တိုးမရတော့ သုန့်ဘက်ကို လှည့်သွားသည်။

သုန် ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်၏။

ဒီမျက်ရည်လောက်ကို သုန် ငဲ့ညှာသနားသင့်သလား။

နှစ်ပေါင်းများစွာ သုန့်မျက်ရည်တွေနဲ့ သူတို့ ပျော်ပျော်ကြီး လှေစီးရယ်မောခဲ့ကြသည်။ သုန် အံကလေးကြိတ်၍ ဒေါ်စုစုလှိုင်ရဲ့ ရှိုက်သံရောထွေးသော စကားလုံးများကို ဥပေက္ခာပြုထားလိုက်လေသည်။

ဦးအောင်လှိုင် တိတ်ဆိတ်စွာ ငေးကြောင်နေလျက်. . .

❖ ❖ ❖

# အခန်း (၄၃)

"လက်ဝဲသုန်"

"ရှင်. . . ကိုကို"

"ဘာလုပ်နေတာလဲ"

"သုန့် စာကျက်နေတာ"

"တော်တော်အလိုက်မသိတဲ့ မိန်းမပဲ. . . ယောကျ်ားအိမ်မှာရှိရင် စာအုပ်မဖတ်ရဘူး. . . ဇာထိုးပန်းထိုး မလုပ်ရဘူး နားမလည်ဘူးလား"

"ကိုကိုပဲ အားရင် ဒါတွေကျက်ရမယ်ဆို သုန် အလုပ်မှမရှိတာ"

သုန်က စာကြည့်စားပွဲမှ မထဘဲ နောက်လှည့်ပြောသည်။

အမိန့်ရှင်က သုန့်နောက်မှာလာရပ်၍ ခေါင်းကို လက်ဝါးနဲ့ ခပ်ဖိဖိ ပွတ်ပစ်ကာ. . .

"ဒီမှာ မင်းယောကျ်ားလေ အဲဒီယောကျ်ားဆိုတဲ့ကောင်ကို မြုစု





ရမှာ အလုပ်မဟုတ်ဘူးလား"

သုန့်က ချစ်စဖွယ်လေးပြုံး၍ နေရာမှ ထရပ်လိုက်သည်။

"ပြောလေ. . သုန် ဘာလုပ်ပေးရမလဲ"

"ရေသွားကူးမယ်"

"သုန်မှ ရေမကူးတတ်တာ"

"သင်ပေးမှာပေါ့"

"ဟင့်အင်း"

အမိန့်ရှင်က မျက်နှာ ခပ်တည်တည်ကြီးနဲ့ ကြည့်သည်။

အမြဲစည်းထားတတ်သည့် ဆံပင်တွေကို ရေချိုးသည့်အခါတိုင်း ဖြန့်ချထားတတ်ကာ ရေကူးကန်ကို ဆင်းမှာမို့ ဘောင်းဘီတိုပွပွနှင့် ရောင်စုံမွေးပွ သဘက်ကြီးခြုံထားသည့် သူ့မျက်နှာကို မော့ကြည့်၍ သုန် ပြုံးလိုက်မိသည်။ သူ့အရပ်ဖြင့်မြင့်ကြီးကို ဒီလိုကျတော့ အက်ရှင်ကားတွေထဲက ရုပ်ရှင်မင်းသားနဲ့ တူနေသည်မို့ သဘောကျမိ၍ပါ။

"ဟိတ် ဘာပြုံးတာလဲ. . . လူကိုကြည့်ပြီးတော့. . . "

"ဘာမှ မပြုံးပါဘူး"

"ရေသွားကူးမယ်"

"မလိုက်ချင်ပါဘူး. . . သုန်. . . ရေချိုးပြီးသွားပြီဥစ္စာ"

"လူသုံးယောက်ပဲရှိတာကွာ. . . နှစ်ယောက်က မကူးဘူး. . . ဒီကန်ကြီး ဘာလုပ်ရမှာလဲ"

"ကိုကိုတို့ပဲ ကူးပေါ့"

"ပြီးရော. . . "

မိတ်ကပ်ရောင် အနက်ပွင့် ထမီစကတ်လေးနဲ့ တီရှပ်လက်ပြတ်မိတ်ကပ်ရောင်လေး ဝတ်ထားသည့် သုန့်ကို တစ်ချက်စိုက်ကြည့်ကာ. . .

အမိန့်ရှင် ချော်ခနဲ လှည့်ထွက်သွားသည်။

နှုတ်ခမ်းထောင့်မှာ ပြုံးရိပ်ထင်သွားခြင်းအား သုန်မမြင်ပါချေ။ သူထွက်သွားလို့ စားပွဲပေါ်မှာ ပြန်ထိုင်၍ ပြင်သစ်စကားပြောတွေ ကျက်နေမိဆဲ ယက်ခုပ်တီးသံကြား၍ မော့ကြည့်လိုက်မိတော့ . . .

ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် ရေကူးကန်ထဲမှ အမိန့်ရှင်က ဆပ်ပြာယူလာခဲ့ဖို့ ပုံစံလုပ်ပြသဖြင့် သုန် ကပျာကယာ ထသည်။ ဆပ်ပြာမွှေးထည့်သည့် သေတ္တာလှလှလေးကို ယူကာ ခြံထဲဆင်းလာခဲ့၏။

အမိန့်ရှင်က သုန် လာတာမြင်မှ တန်ဘောင်နားကူးလာ၏။

"ချမထားခဲ့နဲ့ကွ . . . ခဏနေဦး ကိုယ့်ကိုပေးခဲ့"

သုန် ခေါင်းကလေးညိတ်၍ ကန်ဘောင်ပေါ်ကနေ ဆပ်ပြာလှမ်းပေးသည်။ အမိန့်ရှင်သည် ဆပ်ပြာကို လှမ်းယူသည် မဟုတ်ဘဲ သုန့်လက်ကလေးကို ဆတ်ခနဲ ဆွဲချလိုက်လေရာ . . .

"အား"

"ဗွမ်း"

သုန် ကန်ထဲသို့ ဗွမ်းခနဲ ပစ်ကျသွားလေသည်။

"ဟား . . . ဟား . . . ဟား"

"ကိုကို မကောင်းဘူး . . . သွား . . . သုန် မကူးတတ်ပါဘူးဆို"

"ကိုယ့်ကို ဖက်ထားလေ"

သုန် ခြေထောက်ထောက်လို့ မမိတာနဲ့ ကိုကို့လည်ပင်းကို တအားကျုံးဖက်ထားမိသည်။

အမိန့်ရှင်သည် သုန့်ကိုဖက်၍ ရေထဲဆွဲချသွားရာ . . .

"အား . . . ဝူး"

သုန် ခေါမွန်းလျက် ဘွားခနဲ ပြန်ပေါ်လာတော့ မျက်စိနဲ့နားတွေ





ထူပူကျိန်းစပ်ကုန်၏။ ရင်တွေ တလှပ်လှပ်ဖြစ်ကာ ကြောက်လည်းကြောက်ဒေါသလည်းဖြစ်လျက်။ ကိုကို့ကို တအားထုနှက် ရှန်းကန်မိ၏။

"ကိုကို တအားဆိုးတာပဲ သုန်ကြောက်တယ်သိလား . . . ဒီတစ်ခါ ရေထဲနှစ်ရင် ငိုပစ်လိုက်မှာ"

အမိန့်ရှင်က ရှည်လျားသော သုန့်မျက်တောင်လေးတွေပေါ် ယက်ခုပ်နဲ့ ရေတွေခပ်၍ တမင်တင်အောင်လုပ်သည်။

"လှလိုက်တာကွာ မျက်တောင်လေးတွေမှာ ရေသီးလေးတွေ တင်နေတာ စိန်ပွင့်လေးတွေ လက်နေသလိုပဲ"

"မသိဘူးကွာ"

"သိပါတယ် သိလို့ အဲဒီမျက်နှာမျိုးလေး မြင်ရအောင် တမင်လုပ်တာ"

"ကိုကိုနော် . . . သုန် တကယ်မွန်းသွားတာ"

"နှုတ်ခမ်းကြီးကလည်း စူထားတာ ဝက်နှုတ်သီးကြီးကျနေတာပဲကွာ"

"ကြည့်ပါလား"

သုန် ကိုကို့ကို ထုပစ်တော့ . . .

ကိုကိုက သုန့်ကိုယ်လေးကို လွှတ်ချလိုက်သည်။

"အား . . ."

သုန် မျက်လုံးပြူးသွားတာ ကိုကို့လည်ပင်းကိုပဲ ကမန်းကတန်း ပြန်ဖက်ထားလိုက်မိသည်။

"ကိုကို"

"ဟင်"

"သုန် . . . သုန့်ကို ပြန်တင်ပေးပါတော့"

အမိန့်ရှင် သုန့်ကို လှေခါးသံတန်းပေါ် ကိုယ်တစ်ပိုင်းပေါ် မှီ လေးဆွဲတင်ပေးပြီး ရေစိုရွှဲကပ်နေသည့် သုန့်ကိုယ်လုံးလေးကို စူးစိုက်ကြည့်သည်။ သုန့် မျက်နှာလေး နီရဲကာ မနေတတ်တော့ မလုံမလဲလေး ရယ်မိ၏။

"ကိုကိုကလည်း"

"ဘာလဲ"

"ဘာလို့ တအားကြည့်နေတာလဲ"

"မင်း ဘာလို့ ဒီလောက်လှနေတာလဲ"

ပြော၍ ရေစိုနေသည့် ကျစ်ဆံမြီးလေး နှစ်ဘက်ကို ပူးယှက်၍ ကိုင်လိုက်၏။ သူသည် ရေထဲမှပဲ သုန့်ခါးလေးကို ဖက်ထားလိုက်ပြီး.

"လက်ဝဲသုန့်"

"ဟင်"

"ကိုယ့်ကို ချစ်လား"

သုန့်က သူ့မျက်နှာကို ငေးငေးလေး ပြန်ကြည့်သည်။

"ဖြေလေကွာ"

"ဟင့်အင်း မဖြေဘူး"

"ဘာဖြစ်လို့လဲ"

"မှုဦးမှာပေါ့. . . ကိုကို မေးလို့ တန်းဖြေလိုက်ရင်း ကိုကိုက သုန့် ချစ်တာကို ဘယ်တန်ဖိုးထားတော့မလဲ"

"ဟား. . . ဟား. . . ဟား"

အမိန့်ရှင်က သုန့် အမူအရာလေးကို အသည်းယားသွားကာ ရေထဲပြန် ဆွဲချသည်။

"ကိုကိုနော်"





ကိုကို့ကို ပြန်ဖက်ထားရင်း ကြောက်ရွံ့စိတ်တို့ နည်းပါးသွားရ လျက် သုန့် နှုတ်ခမ်းလေး ပြုံးနေသည်။

"မရတော့ဘူး. . . ကိုယ် ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ မင်းသိအောင် ပြမှဖြစ်တော့မယ်. . . ချစ်တယ်ဆိုတာကို ခုဖြေမလား မဖြေဘူးလား"

"ကိုကို အနိုင်မကျင့်နဲ့"

"ကျင့်သင့်ရင် ကျင့်ရမှာပဲ. . . စောင့်ရတဲ့အလုပ်ကို သိပ်စိတ် မရှည်ဘူး"

"ကိုကိုကရော သုန့်ကိုချစ်ခဲ့လို့လား. . . သုန့်ဘဝကို သနားလို့ လက်ထပ်ခဲ့တဲ့အထိ ဖြစ်သွားတာ မဟုတ်လား"

"မင်း အဲလိုထင်တယ်ပေါ့"

"ကိုကို ပြောခဲ့တာပဲ"

"သနားလို့ မိန်းမယူရမယ်ဆိုရင် ကိုယ့်ရှေ့မှာ သနားဖို့ကောင်း လောက်အောင် ဖူးတောက် ခစားနေကြတဲ့ မိန်းမတွေ အများကြီးပါကွာ နိုက်သတ်လို့တောင် ကုန်မှာမဟုတ်ဘူး. . . အဲဒီမိန်းမတွေအားလုံးက ပညာဉာဏ် မင်းထက် အရည်အချင်းတွေ အားလုံးသာတယ်. . . ဒါပေမယ့် သူတို့မှာ လောဘတွေ ရှိတယ်ကွ. . . ကိုယ့်ရဲ့ အရည်အချင်းကို မက်မော ပြီး သူတို့ရဲ့ မာနတွေကို ခဝါချထားကြတာ၊ အမိန့်ရှင်ဟာ ဘာကောင်ဆို တာသိလို့ တပ်မက်ကြတာ အဲဒါတွေကို တို့က အထင်မကြီးဘူး"

ရေစိုပူးကပ်နေသည့် မျက်ခုံးလေးကို လက်မနဲ့ အသာဖိပွတ်၏။

"ကိုယ့်ကို အထင်ကြီးကြတဲ့ မိန်းမတွေထဲမှာ ကိုယ်က အထင် ကြီးခဲ့တဲ့ မိန်းမဆိုလို့ တစ်ယောက်ပဲရှိတယ်. . . အဲဒါ မင်းပဲ၊ မင်းကိုစတွေ့ လိုက်ကတည်းက မင်းမျက်လုံးက ရိုးသားမှုလေးတွေကို ကိုယ်မြင်တယ်

ပြီးတော့ ဘာမှအပြင်အဆင်မရှိဘဲ ထစိမ့်စိမ့် ထိုင်ကြည့်နေချင်လောက်အောင်လှတဲ့ မင်းမျက်နှာလေးကို မြတ်နိုးပြီး အဲဒီနေ့ကတည်းက အရုပ်ကလေးသာဆို အိတ်ထဲတစ်ခါဆည်း ကောက်ထည့်လာမိမှာ"

သုန် သွပ်ခုံးတစ်ဖက်မှာ ပါးလေးကပ်၍ ဖက်တွယ်ထားမိသည်။ ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းများနှင့် မျက်တောင်လေးတွေကို စင်းချမေးမှိတ်ထားမိသည်။

"ဒါပေမယ့် ကိုယ့်ကိုယ်ကိုတောင် အချစ်ဆိုတာ ဘာမှန်းညာမှန်း တွေးမကြည့်မိခဲ့ဘူး. . . မင်္ဂလာဧည့်ခံပွဲညက ပြိုင်ဘက်ပေါ်လာတော့မှ ကိုယ်တုန်လှုပ်သွားတယ်. . . မင်းကို ဘယ်လိုမှဆုံးရှုံးမခံနိုင်တာလေ. . . တကယ်ဆို မိန်းမတစ်ယောက်ကို တစ်စုံတစ်ယောက်နဲ့ အပြိုင်လုယူရလောက်တဲ့အထိ မက်မောမိလိမ့်မယ်လို့ ကိုယ့်ကိုယ်ကို မထင်ခဲ့မိတာ အမှန်ပဲ. . ."

သုန် ကိုကို့မျက်နှာကို မော့ကြည့်ကာ. . .

"သုန်လည်းလေ ကိုကို့ကိုချစ်တဲ့ အချစ်မျိုးနဲ့ သုန် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး. . . ကိုကို ယုံလားဟင်"

"ယုံတယ်. . . မင်းကို ကိုယ် ယုံကြည်လို့ ချစ်မိတာပဲ. . . ဒါဆို မင်းနဲ့ကိုယ်ကြားမှာ ဘာအတားအဆီးမှ မရှိတော့ဘူး. . . အဲဒီတော့ မင်္ဂလာရှိ(၁)၁ အထိမ်းအမှတ်နဲ့ ကိုယ် စက်ာပူက ပြန်ရောက်တာနဲ့ အိမ်မှာ ပါတီလုပ်မယ်. . . မိတ်ဆွေတွေဖိတ်ပြီး ဒါ ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်ရဲ့ အချစ်နေ့ အထိမ်းအမှတ်ပါလို့ ကြေညာမယ်"

"ကိုကိုကလည်း"

"ဘာဖြစ်လဲ. . . ဒါမှ မင်းကို ကိုယ် ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ မင်းနဲ့ လူတွေ သိသွားမှာ ခပ်ကြောင်ကြောင်ကောင်လို့





လူတွေ ထင်လဲထင်ပစေလေ. . . ကြောင်ဖူးတယ်ရှိအောင်ပေါ့။ တကယ်ဆို ကိုယ် မင်းကိုပါ ခေါ်သွားချင်တာ ဒီတစ်ခေါက်က အရမ်းအရေးကြီးတော့ မဖြစ်သေးလို့၊ အိမ်မှာ နွားနို့လာလာပို့တဲ့ ဒေါ်မိုးကို ကိုယ်သွားတဲ့ရက်မှာ အိမ်မှာလာနေပေးဖို့ ပြောထားတယ်. . . ဝီလီကိုလည်း ထားခဲ့မှာပဲ. . ."

"ကိုကိုက ဘယ်လောက်ကြာမှာလဲဟင်"

"အလွန်ဆုံး ဆယ့်လေးရက် မြန်ရင် ရှစ်ရက်ပဲ. . . မင်းအတွက် ဘာဝယ်လာရမလဲ. . ."

"ဘာမှမဝယ်ပါနဲ့ ကိုကိုရယ်. . . သုန် တစ်ခုပဲ ပြောချင်တယ် ကိုကို စိတ်တော့မဆိုးနဲ့နော်"

"ပြော. . . ဘာလဲ"

သူက သုန့်ကိုဆွဲ၍ ရေကူးရင် လှေခါးတန်းလေးပေါ် သုန့်ကို ပြန်တင်ပေး၍ ဖက်ထားပြန်သည်။

"ပြောလေ"

"သုန်. . . သုန်လေ ဟိုကိစ္စကို ဘာမှမလုပ်ချင်တော့ဘူး"

"ဘယ်ကိစ္စလဲ"

"ဦးဦးတို့ အိမ်ကိစ္စပါ. . . သုန် သူတို့ကို စိတ်နာပါတယ်၊ သုန့်ကို နှိပ်စက်ခဲ့သမျှ ဘယ်တော့မှလည်း မေ့မှာမဟုတ်ဘူး. . . ဒါပေမယ့် ဒါတွေဟာ ပြီးခဲ့ပြီပဲ ကိုကို၊ ကိုယ့်အလှည့်ရောက်လို့ ကောင်းကောင်းကြီး ပြန်ထုတာမျိုး သုန်မလုပ်ချင်ဘူး. . . ပြီးတော့ သူတို့မှာ ကြွေးဟောင်းတွေနဲ့ ဘယ်လိုလုပ်ပေးနိုင်မှာလဲ"

"အဲဒီတော့ မင်းက ဘာလုပ်ချင်သလဲ"

"သူများတကာ အိမ်ခြေရာခြေ ပျက်သွားတာမျိုးလည်း သုန် မကြည့်ရက်ဘူး. . . သူတို့အားလုံး [illegible]မ်းဘေးရောက်ကုန်ကြတာကို သုန်

ဘယ်လိုမှ ပျော်မှာမဟုတ်ဘူး ကိုကို. . . သုန် ပြောတာ မှားသွားတယ်ဆို ရင် ခွင့်လွှတ်ပါ. . . သုန် အမှုလည်း မလုပ်ချင်ဘူး. . . သူတို့ကိုလည်း နှင်မချချင်ဘူး"

"ဒါပဲလား"

"ကိုကို့ကို ဆန့်ကျင်တာ မဟုတ်ပါဘူး. . . သုန် သူတို့အတွက် ကိုကို့ကို တောင်းပန်တာပါ"

အမိန့်ရှင်က သုန့်မျက်နှာလေးကို ပြုံး၍စိုက်ကြည့်နေသည်။ ပြီးတော့ ပါးပြင်မို့မို့လေး တစ်ဖက်ကို ခပ်ဖွဖွ ဆွဲလိမ်၏။

"ကိုယ်ချစ်ခဲ့တာ အဲ့ဒါလေးတွေပဲ မင်းမျက်လုံးလေးတွေကို ကြည့်ပြီး ကောက်ချက်ချခဲ့တာ ကိုယ်မမှားဘူးဆိုတာ အခုပိုသေချာသွားပြီ မင်း အရမ်းကိုအေးချမ်းတဲ့ မိန်းကလေးပဲ လက်ဝဲသုန်"

"ကိုယ် သူတို့ကို ဒုက္ခရောက်စေလို့ ဒီအခြေအနေထိ လုပ်ပစ် လိုက်တာ မဟုတ်ဘူး. . . သူတို့အားလုံး ပါးစပ်က ကြေးကြော်ထားကြတဲ့ 'အမိန့်ရှင် ယူထားတဲ့ ကောင်မလေးက ငါတို့အိမ်က ငါကျွေးမွေးခိုင်းထား တဲ့ ကောင်မလေးပါ' ဆိုတာမျိုး ပတ်ဝန်းကျင်က မြင်နေတာကို အမှန် အတိုင်း သိစေချင်လို့ လုပ်ပြလိုက်တာပဲ. . . ဘယ်သူက အိမ်ရှင် ဘယ်သူ ကအလုပ်သမားလဲဆိုတာ လူတွေကို သိစေချင်တယ်. . . ဒါဟာ ပတ်ဝန်း ကျင်ကို အရမ်းဂရုစိုက်တာမျိုးတော့ မဟုတ်ဘူး. . . မိုက်ရိုင်းတဲ့ ဒဏ်ရာ ဆိုးတွေရှိတဲ့ သူတို့ကို နောင်တရစေချင်သောလည်း ပါတာပေါ့"

အမိန့်ရှင်က သုန့် မျက်တောင်လေးတွေပေါ်က ရေသီးလေး တွေကို လက်ညှိုးနဲ့ တို့သည်။

"အခု ရုံးမှာရင်ဆိုင်ရတော့ သူတို့မှာ ရေး လုပ်သော်ကြတဲ့ ကိစ္စ တွေ အားလုံးက သိသွားပြီ. . . [illegible]ပြောလိုချင်တာ အဲ့ဒါပဲ ကိုယ်စိတ်တူပြီး





သားပါ. . . သူတို့ တကယ်နောင်တရလို့ မင်းအပေါ်မှာလည်း အထင်သေး အမြင်သေး စိတ်တွေပျက်ပြီး မကောင်းစိတ် မမွေးတော့ဘူး မင်းကိုယ်တိုင် လည်း ခွင့်လွှတ်နိုင်တယ်ဆိုရင် ဒီအမှုကို လျှော်ပစ်ဖို့. . ."

"တကယ်လား ကိုကို"

"ဒါပေမယ့် မလောနဲ့ဦး စွဲထားတဲ့ အမှုက သေးသေးလေး မဟုတ်ဘူး. . . ပြီးတော့ သူတို့ရဲ့ မည်းညစ်နေတဲ့ စိတ်ဓါတ်တွေကို ကိုယ် မကြိုက်ဘူး. . . အတိုင်းအတာ တစ်ခုထိတော့ စောင့်ကြည့်ရမယ်"

"သုန် နားလည်ပါတယ် ကိုကို. . . ကိုကို့ကိုလည်း အရမ်းကျေး ဇူးတင်ပါတယ်"

"ဒါ လင်မယားချင်း ပြောရမယ့်စကားလား"

"အို. . . ကိုကိုကလည်း"

လေတိုးလို့ ချမ်းရမှန်းလည်း မသိတော့ပါ။ လေတိုးခွင့်မသာ အောင် ဖွေ့ပိုက်ထားသည့် အမိန့်ရှင် ရင်ခွင်ထဲမှာ သုန် ကြည်နူးနွေးထွေး နေလေသည်။

❖ ❖ ❖

## အခန်း (၄၄)

"အေးအေးဆေးဆေးနေပါ သမီးရယ်. . . ဒေါ်မိုး လုပ်ပါ့မယ် သမီးမှာ စာကျက် ကွန်ပျူတာခုံမှာ ထိုင်ရနဲ့"

"ရပါတယ်. . . ဒေါ်မိုးရဲ့ အညောင်းဖြေတဲ့ သဘောပေါ့. . . ပြီးတော့ အလုပ်နားလိုက်တာနဲ့ ကိုကို့ကို သတိရတယ်. . . အလုပ်လုပ်နေတော့"

"မေ့သွားရောလား"

"သတိရတာပဲ"

ဒေါ်မိုးက သုန့်မျက်နှာလေးကို ကြည့်၍ရယ်သည်။

အမိန့်ရှင်ဆိုတဲ့လူရဲ့ ဇနီးဆိုပြီး နာမည်ကြီးလိုက်တာ နို့လာလာ ပို့ရင်လည်း ချစ်စရာလေးမို့ သူမမှာ ကြည့်လိုက်ရတာ အမော။

ခုလို အတူနေခွင့်ရတော့ ပိုလို့ချစ်မိရသည်။

လက်ဝဲသုန်ဟု နာမည်ကြီးသော မိန်းကလေးမှာ မာန်မာန





လုံးဝမရှိဘဲ နူးညံ့ချစ်စဖွယ်လေးဖြစ်ကာ အမိန့်ရှင်သည်လည်း သည်းသည်းလှုပ်လှုပ် ချစ်နေရှာတဲ့အဖြစ်။

ယောကျ်ားရဲ့ အရှိန်အဝါနဲ့ ယုယမြတ်နိုးမှုကို ခံနေရသော်လည်း သုန်သည် လွန်စွာ နူးညံ့အေးဆေးလျက် မငော်လောဘလည်း မရှိ။

"ခုကနေ ကျွန်တော်ပြန်လာတဲ့အထိ အဒေါ် အိမ်ကနေ တစ်ဖဝါးမှ မခွာပါနဲ့၊ ကျွန်တော့်မိန်းမကို စောင့်ရှောက်တဲ့ အလုပ်တစ်ခုကိုပဲ တာဝန်ကျေအောင်လုပ်ပါ. . . လိုအပ်တာမှန်သမျှ ဝီလီကိုပြော သူ အားလုံးပြည့်စုံအောင် စီစဉ်ပေးလိမ့်မယ်"

အမိန့်ရှင်က သုန့်ရဲ့ကွယ်ရာမှာလည်း တတွတ်တွတ် မှာသွားသည်။ ဒေါ်မိုး အိမ်ဖေါ်မလုပ်ခဲ့ဖူးပါ။

အမိန့်ရှင်က ရက်ပိုင်လေးမျှ ဒီမှာလာနေပေးရုံနှင့် ငွေကိုမက်မောလောက်အောင် ပေးသည်မို့ နေဖြစ်ခဲ့တာ ဖြစ်သည်။

"သမီး ယောကျ်ားရတာ အရမ်းကံကောင်းတာပဲနော်. . . ဒေါ်မိုး သားမက်ဆို အမိန့်ရှင်ဆိုတဲ့ အသံကြားတာနဲ့ ဗျာဗျာသလဲ အရမ်းအထင်ကြီးတာ"

ဒေါ်မိုးက သမီးတစ်ယောက်တည်းရှိတာ. . သူဌေးနဲ့ညားသွားပြီ မအေကို အဝေးကနေပဲ ထောက်ပံ့ခဲ့သည်။

ဒေါ်မိုး ကိုယ်တိုင်က ငြိမ်ငြိမ်မနေနိုင်ဘဲ နို့စားနွားမနှစ်ကောင်နဲ့ နို့ညှစ်၍ လိုက်ပို့ရောင်းချနေခြင်းဖြစ်သည်။

"သမီးလေးကလည်း ချစ်ဖို့ကောင်းတယ်. . . ဘယ်လိုကြည့်ကြည့် သိပ်ကျက်သရေရှိတာပဲ. . . သမီးတို့နှစ်ယောက် လက်ထပ်ထားတဲ့ စုံတွဲပုံ ဂျာနယ်ထဲမှာ ပါလာတာကို လူတွေတော်တော် စိတ်ဝင်စားကြတယ်နော်"

"ကိုကို့ကို စိတ်ဝင်စားကြတာပါ ဒေါ်မိုးရဲ့. . ."

"ဒါလည်း ဒါပေါ့ကွဲ့. . . သမီးကို အမိန့်ရှင်က လက်ထပ်လိုက်တာကိုက သမီးရဲ့တန်ဖိုးကို အားလုံးက စိတ်ဝင်စားကုန်ကြတာ. . မိန်မှာလေး တော်တော်များများ စိတ်ဝင်စားနေတဲ့ ထောက်ထားမဟုတ်လား သမီးတို့နှစ်ယောက်ကို လိုက်ဖက်တယ်. . . ဒေါ်မိုး သွားမက်တွေဆို ဒူ အကြောင်း ပြောလွန်းလို့ပဲ အမိန့်ရှင်နဲ့ ပတ်သက်တာတွေ ဒေါ်မိုး သိနေတာ. . . ဟိုးအရင် နွားနို့လာလာပို့နေကတည်းက သမီးမျက်နှာလေးကို မြင်ပြီး ဒေါ်မိုးက ချစ်တာ"

"အခု နွားတွေကို ဘယ်လိုထားခဲ့သလဲဟင်"

"ဆွေမျိုးမကင်းတဲ့ထဲက မြေးလေးတစ်ယောက်ရှိတယ်. . အစကလည်း သူပဲ နွားစာကျွေး နို့ညှစ်လုပ်ခဲ့တာ၊ ခုလည်း သူ့နဲ့ ထားခဲ့တာပေါ့ ဒေါ်မိုးအိမ်မှာက နောက်ပိုင်းဖူစရာ ဘာမှမရှိဘူး"

ဖြူဖြူဝဝ မျက်နှာချောချောနှင့် ဒေါ်မိုးကို သုန်လည်း ခင်သည်။ အိမ်မှာ အဖေါ်မရှိတော့ စကားပြောရင်းဆိုရင် အထီးကျန်နေရခြင်းလည်း မဖြစ်တော့ဘဲ စိတ်ပင်ပန်းမှုဖြေသည်။

"တီ. . . တီ"

ဟော. . . ဖုန်းလာနေပြီ သမီး သွား. . . သွား. . . ဟင်းအိုးက ဒေါ်မိုးဆက်လုပ်မယ်"

သုန် စားပွဲပေါ်မှ မြည်နေသည့် ဖုန်းကိုယူ၍ ဆိုဖာမှာ ထိုင်ချလိုက်သည်။

"ဟလို. . ."

"မသုန်လား ကျွန်တော်ပါ"

"ဟုတ်ကဲ့. . . ကိုဝီလီ. . . ပြောလေ"





"ညနေ ဘာဝယ်လာခဲ့ပေးရမလဲ. . . ဟင်းချက်စရာ တစ်ခုခုဖြစ်ဖြစ် မုန့်ဖြစ်ဖြစ် အိမ်မှာလိုအပ်တာ တစ်ခုခု"

သုန် ပြုံးလိုက်မိသည်။

ဒါပါနဲ့ဆို ဝီလီ ဖုန်းဆက်တာ နှစ်ကြိမ်ရှိပါပြီ။

ကိုကို မှာခဲ့တာမှန်း သုန်သိသည်။

ဝီလီ စကားမရှိ စကားရှာ ပြောနေတာလည်း သိနေ၏။

"ရတယ် ကိုဝီလီ ဘာမှမလိုတော့ဘူး"

"မသုန်"

"ရှင်"

"ကျွန်တော် ဖုန်းခဏခဏ ဆက်တာကို အထင်မလွဲပါနဲ့နော် နောက်နေ့ နောက်ရက်တွေလည်း ဒီလိုပဲ ခဏခဏ ဆက်နေမှာပဲမို့လို့ ပြောထားတာပါ. . . ကိုမိန့်က မသုန်ကို စိတ်မချဘူး. . . အထူးသဖြင့် ဂိုအိမ်က မိသားစု တစ်ယောက်ယောက် မသုန့်ဆီ ရောက်လာမှာကို ဝိတ်မချတာ. . ဟိုတစ်ခါလိုဖြစ်မှာ သူအရမ်းစိုးတာ. . . ဒါကြောင့် အလုပ်ထဲရောက်နေရင်း မသုန်ဆီကို ခဏခဏ ဖုန်းခေါ်ဖို့ မှာခဲ့တယ်"

"သုန် နားလည်ပါတယ် ကိုဝီလီ. . . ကိုကို သုန့်ကိုလည်း မှာခဲ့ါတယ်. . . ရပါတယ်. . . ဒေါ်မိုးရှိနေတာပဲ"

"ဒေါ်မိုးရှိတာက သပ်သပ်. . ကျွန်တော်ကတော့ ကိုမိန့်မှာတဲ့ာတိုင်း ဆက်ရမှာပဲ တစ်မျိုးတော့ မထင်ပါနဲ့. . . မသုန် အိပ်တဲ့ပြုတဲ့ာခါ ဖုန်းကို ဒေါ်မိုးလက်ထဲ ထည့်ပေးထားပါနော်. . . တော်ကြာ မသုန် ာိပ်ပျော်ပြီ ဖုန်းပြန်မကိုင်ရင် ကျွန်တော် ဒိုင်ဗင်ပြေးချလာရမှာ"

"ဟုတ်ကဲ့ပါ"

သုန် ရယ်သံလေးထွက်၍ ပြောတော့ ဝီလီကလည်း ရယ်သည်။

"ဒါပဲ မသုန်"

"ဟုတ်ကဲ့"

သုန် ဖုန်းလေးပြန်ချ၍ ငေးကြည့်နေမိသည်။

ဒီ ဟန်းဖုန်းက ကိုကို့ဖုန်းဖြစ်သည်။

သုန်နဲ့ဝီလီ အမြဲဆက်သွယ်မှု ရှိနေဖို့ စာဖွဖွမှာခဲ့၏။

ဝီလီကလည်း ဆရာမှာတဲ့အတိုင်း တစ်သွေမတိမ်း လုပ်တဲ့သူ ခါတိုင်းလို မနေတော့ဘဲ အလုပ်ကို နောက်ကျမှထွက်၍ ခပ်စောစော ပြန်လာသည်။

သုန် မှာလိုက်တာတွေ ဝယ်ခြမ်းလာပေးပြီး ရေမိုးချိုး တရင်းတွေ လုပ်နှင့် ဒီမှာနေ ဘယ်မှမသွားတော့ပေ။

ဝီလီက အနေတည်သလို သုန်ကလည်း လိုအပ်သလောက်သာ ခေါ်ပြော ဆက်ဆံတာဖြစ်သည်။ သို့သော် ဝီလီ စောင့်ရှောက်နေတာကို တော့ သုန် ကျေးဇူးတင်ပါသည်။

ကိုကို့စကားကို ကွယ်ရာမှာလည်း မြေဝယ်မကျ နားထောင်တာ မြင်ရသဖြင့် ကျေနပ်မြင်းလည်း ဖြစ်၏။

"ထမင်းစားတော့မလား သမီး. . . ဒေါ်မိုး ပြင်လိုက်မယ်လေ"

"မပြင်နဲ့ဦး ဒေါ်မိုး. . . မုန့်နဲ့ကော်ဖီ သောက်လိုက်တာ ရင်ခံ သွားလို့ ရေချိုးလိုက်ဦးမယ်. . . အိပ်ချင်လည်း အိပ်လိုက်တော့မယ်. . . ဒေါ်မိုး စားလိုက်တော့လေ. . . ဟို ဖုန်းလာရင်လည်း ကိုင်လိုက်ဦးနော်"

"အေးအေး စိတ်ချလက်ချအိပ်. . . ဒေါ်မိုး ဖုန်းသံကြားတာနဲ့ ပြေးကိုင်လိုက်မယ်"

ရယ်၍ပြော၏။ ဝီလီကလည်း သုန်ကို ဂရုစိုက်ဖို့ ဖုန်းသံနား ထောင်ပြီး သုန် အိပ်နေရင် ဖုန်းကိုင်ပြန်ပြောဖို့ ဖုန်းကို အချိန်မရွေး





ဖွင့်ထားဖို့ကအစ အသေအချာ မှာထားသည်။ အမိန့်ရှင်က မထွက်ခင်မှာ သည်။ ဝီလီက မနက်အလုပ်သွားခါနီးတိုင်း မှာသည်။ နှစ်ယောက်လုံး မှာကြားတာက သုန်ကို ဂရုစိုက်ဖို့ပဲ ဖြစ်လေသည်။

အိမ်မှာ လူမမယ်ကလေးငယ်တစ်ဦး ကျန်ခဲ့သဖြင့် မိဘက စိတ်မချသလိုမျိုး နောက်ဆံတင်းနေကြတာ ဖြစ်သည်။

ဪ ဒီလောကထဲ အချစ်ခံရတဲ့ဘဝမျိုးမှာ ဘယ်လောက် အားကျဖို့ကောင်းလဲ။

❖ ❖ ❖

## အခန်း (၄၂)

"သုန်ရေ. . . ဟောဒီမှာ ဖွန်ပန်းလေးတွေ ကုံးပြီးသွားပြီ. . သုံးကုံး သမီးပန်ဖို့ သပ်သပ် ပန်းခိုင်လေး ချန်ထားတယ်"

"ဟုတ်ကဲ့. . . ဒေါ်မိုး ငှက်ပျောဖက်လေးနဲ့ ...ထုပ်ထားလိုက်ပါ. . . ညနေကျမှ ဘုရားပန်းလဲရင်း ကပ်လိုက်...မယ်"

ဘုရားပန်းဝယ်ခဲ့ဖို့ ဝီလီကို မှာလိုက်တာမို့ ညနေ ဝီလီ ပြန်လာမှ ဘုရားပန်းလဲရမှာ ဖြစ်သည်။

သုန် ကွန်ပျူတာရှေ့မှာထိုင်ရင်း အပိန်း... ချပေးခဲ့သည့် ဆဌမမြောက်အာရုံ ဆောင်းပါးအတိုလေးကို ရိုက်နေခဲ့သည်၊

ညဘက် ထမင်းစားပြီးတိုင်း သူကိုယ်တိုင် သင်ပေးတာကြော... သုန် ကွန်ပျူတာကို တော်တော်လေး ရိုက်တတ်နေပြီ ဖြစ်သည်။

ခရီးသွားခါနီးတော့ 'ဆဌမမြေ... ်အာရုံ' ဟု ခေါင်းစဉ်တပ်ထ...



သည့် ဆောင်းပါးတစ်ပုဒ်ကို ရိုက်ခိုင်းထားခဲ့သည်၊

အင်္ဂလိပ်လိုတစ်စောင်၊ ဂျပန်ဘာသာနဲ့တစ်စောင်၊ မြန်မာပြန်ဖို့ကတစ်စောင် အားလုံး သုံးစောင်ရိုက်ရမည်။ ရေးသားခဲ့သည့်ကိုက အသုံးအနှုန်းတွေ လွန်စွာခက်ခဲတာမို့ ဘာသာပြန်နေရတာနှင့် ရိုက်ဖို့က အဲတော်ခက်နေသည်။ ဂျပန်ဘာသာပြန်ဖို့ကို သုန် မကျွမ်းကျင်သေးမှန်း အပိန့်ရှင် သိသည်။ တမင် သုန် ဘာမှတွေးချိန် ငေးချိန်မရအောင် အလုပ်ပေးခဲ့တာဖြစ်သည်။

တကယ့်ကို ထိုဆောင်းပါးတစ်ပုဒ်ကို ဘာသာပြန်ရင်းနဲ့ပဲ သုန့် ထမင်းစားဖို့တောင် စိတ်မဝင်စားနိုင်တဲ့ အဖြစ်။

အင်္ဂလိပ်ဘာသာနဲ့ တစ်စောင်က ပြီးသွားပြီ၊ သေချာစစ်ကြည့်ပြီး ကျေနပ်တော့မှ ချထားလိုက်သည်။

ဂျပန်ဘာသာနဲ့ကို တစ်ကြောင်းနဲ့တစ်ကြောင်း အတော်ကြိုးစားစုဆောင်းနေရသည်။ ကျက်ထားသည့် စာတွေကို စဉ်းစားမရတော့ စာအုပ်တွေပြန်လှန် သုန့်အလုပ်ရှုပ်ရင်း ချွေးပါပြန်ချင်သည်။

"တင်းတောင်. . . တင်းတောင်"

အိမ်ရှေ့က လူခေါ် ဘဲလ်သံကို ကြားပေမယ့် ဒေါ်မိုးရှိနေတာမို့ သုန် ချက်ချင်းမထဖြစ်ပေ။

"သုန်ရေ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်. . . နေခြည်တဲ့ ဒေါ်မိုး တံခါးဖွင့်ပေးလိုက်ရမလား"

"ဟင်"

ကွန်ပျူတာ ခလုတ်ပေါ်မှာ ပြေးလွှားနေသည့် သုန့်လက်ကလေးတွေ ရပ်တန့်သွားသည်။ နေရာမှ ဆတ်ခနဲ ထလိုက်မိလျက် တံခါးဝဆီသို့ မမြင်ရဘဲနှင့် လှမ်းကြည့်လိုက်မိကာ: . .

"တစ်ယောက်တည်းလား. . . ခေါ်မိုး"

"နှစ်ယောက်သမီးရဲ့ အရေးကြီးလို့ပါကွဲ"

သုန် ခေါင်းညိတ်ကာ အိမ်ရှေ့ထွက်လာခဲ့သည်။

မှန်တံခါးအပေါ်ပိုင်းမှ ပေါ်နေသည့် နေခြည်မျက်နှာကို မြင်လျှင် တင်းထားမိသည့် မျက်နှာက ချက်ချင်းပြေသွားကာ သုန် အံ့ဩစိတ်လေးဝင်သွားမိ၏။ နေခြည့်နောက်က ရွှေခြည်ရော ညီအစ်မနှစ်ယောက်လုံးမျက်နှာ သေးငယ်စွာနှင့် နေခြည်မျက်ဝန်းမှာ မျက်ရည်တွေဝဲလို့။

"သုန်"

မှန်တံခါးကို လက်နဲ့ဆုပ်ကိုင်ကာ နေခြည်က တုန်ယင်စွာ လှမ်းခေါ်ကာ. . .

"ဖေဖေလေ ဖေဖေ ဆေးရုံတင်လိုက်ရပြီ သုန်ရယ်. . . စိတ်ညစ်ပြီး အစားပျက် အအိပ်ပျက်နဲ့ အရက်တွေချည်း ဖိသောက်ပြီး ဒီနေ့ လည်ကျမှ ထမင်းထွက်မစားတာနဲ့ သွားခေါ်တော့ ခေါ်လို့မရတော့ဘူး အခု ဆေးရုံတင်လိုက်ရတယ်"

သုန် တံခါးအတွင်းထဲမှ စူးစိုက်လှမ်းကြည့်နေမိ၏။

"အခြေအနေ မကောင်းဘူး သုန်. . . အဲဒါလေ"

"သုန်က ဘာတတ်နိုင်မှာလဲ မမနေ. . . ဆေးရုံတင်လိုက်ရင် ပြီးရောပေါ့"

"ပြောရက်လိုက်တာ သုန်ရယ်. . . ခုချိန်မှာ ငါတို့မိသားစုက ဆေးရုံကို မျက်နှာငယ်စွာနဲ့ သွားရတာပါ. . . ငွေမရှိ ဂုဏ်မရှိဘဝပေါ့ နင်က အမိန့်ရှင်ရဲ့မိန်းမ သူဌေးကတော် ဖေဖေ့ဘေးမှာ နင်လာရပ်လိုက်ရုံနဲ့ ဆေးရုံမှာ ငါတို့တွေအားလုံး မျက်နှာပွင့်သွားကြမှာ ခဏလေးလိုက်ကြည့်ပေးပါ သုန်ရယ်"





သုန့် စိတ်မကောင်းဖြစ်သွားမိတာတော့ အမှန်ပင်။

သို့သော် ခုလေးတင် ဘာသာပြန်နေခဲ့ရသည့် 'ဆဌမမြောက်အာရုံ' ဆိုသော အမိန့်ရှင် ရေးထားခဲ့သည့် စိတ်တန်ခိုးရဲ့ သဘောကြောင့်လားမသိ၊ သုန့်စိတ်ထဲက သူတို့ရဲ့ မျက်ရည်တွေကို မယုံကြည်သလိုဖြစ်နေမိ၏။

"မခေါ် ချင်ပေမယ့် မတော်ချင်လို့ မရပါဘူး သုန်. . . ခုဟာက မှာရေးကိစ္စပါ. . . နောက်မှ နင်ကြိုက်သလို ဆက်ဆံပါ. . . ခုတော့ ဖေဖေ့မျက်နှာကို နင် ငဲ့ညှာပါ. . . ငါတို့ ဘယ်မှ အားကိုးမရှိတော့လို့ နင့်ဆီလာခဲ့တာပါ"

သုန် တံခါးမဖွင့်ဖြစ်သေးပါ။

ရွှေခြည်ကပါ တံခါးနားတိုးကပ်လာကာ. . .

"အမိန့်ရှင်ကို ကြောက်လို့လားဟင်. . . သူ ခွင့်မပြုဘူးဆိုရင် ငါတို့ ခြေသလုံးဖက် တောင်းပန်ပါ့မယ်. . . ခဏလေး လိုက်ခဲ့ပါဟာ. . ."

ကိုကို စက်ဘုသွားတာ မြောက်ရက်ရှိပြီ။

ဒါကို သူတို့မသိကြဘူးဆိုတာ သုန့်စိတ်ထဲမှာ ပေါ်သွား၏။ ကိုကို မလိုလားမှန်းသိရက်နဲ့ လာရှာကြတာ အတော်ဇွတ်ရောက်လိုပဲ နေလိမ့်မည်။ သုန် သတ်ခနဲ ခေါင်းညိတ်ကာ အိပ်ခန်းထဲ ပြန်ဝင်လာ၍. . .

ပြီးတော့ ဖြန့်ချထားသော ဆံပင်တွေကို လက်ကိုင်ပဝါနဲ့ ဖြစ်သလိုစုချည်ကာ ပြန်ထွက်လာခဲ့၏။

"မသုန် အပြင်သွားမယ်ဆိုရင် ဘယ်ဖြစ်ဖြစ် ကျွန်တော့်ကို ဖုန်းဆက်ပါနော်"

"တစ်ယောက်တည်း ဘယ်မှမသွားနဲ့ လက်ဝဲသုန် လိုအပ်တာ ဒီလီကိုပြော"

ကိုကိုနဲ့ဝီလီ မှာထားကြတာတွေကို သတိရပါသည်။

သို့သော် သုန် မိုက်မဲစွာ ဆုံးဖြတ်၍ တံခါးဖွင့်ထွက်လိုက်ခဲ့သည်။ ဝီလီကို လှမ်းပြောလျှင် နေခြည်တို့နဲ့ဆိုလျှင် ဘာဖြစ်ဖြစ် တားမြစ်မှာပဲ ဖြစ်သည်မို့ မပြောချင်တော့ပေ။ ဒေါ်မိုးကတော့ မှာခဲ့သည်။

"ကိုဝီလီဆီက ဖုန်းဆက်ရင် ဦးလေးဦးအောင်[illegible] လိုက်ရတယ်ဆိုလို့ နေခြည်တို့နဲ့ ခဏလိုက်သွားတယ်လို့ ပြောပေးနော် ဒေါ်မိုး"

"တစ်ယောက်တည်း ဘယ်မှမသွားပါစေနဲ့လို့ သေသေချာချာ မှာခဲ့တာ သမီးရယ်. . . ဒေါ်မိုးပါ လိုက်ခဲ့မယ်ကွယ်. . ."

ဒေါ်မိုး ဗျာပျာသလဲ ဖြစ်သွားတာကို သုန် ဂရုမစိုက်ဘဲ ထားခဲ့သည်။ ပြဿနာဖြစ်ကြတဲ့နေ့က ခေါင်းငိုက်စိုက်ကျ ကျန်ခဲ့သည့် ဦးလေး ဖြစ်သူမျက်နှာကို သနားစိတ်ကလေး ဖြစ်ခဲ့မိတာက ခုလိုဖြစ်ပြီဆိုတော့ ဘယ်လိုမှ ကြည့်မနေနိုင်တော့ဘဲ ဖြစ်သွားသည်။

သုန် ပါလာပြီဆိုတော့ သူတို့ ဝမ်းသာအားရဖြစ်ကာ ရွှေခြည်က တစ်ဖက်က ဝင်ထိုင်သည်။ နေခြည်က ကားမောင်းရင်း ကျေနပ်စွာ ပြုံး၏။ အဓိပ္ပါယ်ရှင် စိတ်မချနိုင်စွာ ရှိခဲ့တာလည်း အပြစ်မဟုတ်ပေ။

ဆေးရုံဆိုတာ ဘယ်မှာရှိမှန်း မသိသော သုန်အဖြစ်က နေခြည် ဘယ်ဆီဘယ်ဝယ်ကို ဦးတည်မောင်းနှင်နေမှန်းလည်း မသိပေ။

ကားက မြို့ပြတိုက်တာများဆီမှ ဖယ်ကျဉ်ကာ လယ်ကွင်းလယ် ကွက်များနှင့် အိမ်ငယ်တဲပုတ်ကလေးတွေ တစ်ဖက်တစ်ချက်ရှိကာ မြင် ကွင်းက ပုံစံပြောင်းသွားပါမှ သုန် ဘတ်ခနဲ ဖြစ်သွား၏။

ကြာမြင့်စွာ ပြေးလွှားခဲ့ပြီဖြစ်သော ကားလေးက မြောင့်ရှင်း သော ပေတရာလမ်းမကြီးပေါ်မှာ ပြေးလွှားနေဆဲ။



"ဆေးရုံက ဘယ်မှာလဲ မမနေ. . . ဘယ်ကိုမောင်းနေတာလဲ"

"ဆေးရုံကို ဘာသွားလုပ်မှာလဲ. . . မိသုန်ရယ်. . . ညည်းကို တစ်ခါတည်း သင်္ချိုလ်စက်ထဲ ထည့်ပေးမလို့ ခေါ်လာတာ"

ကားက မြေနီမှုန့်တွေ ထောင်းထောင်းထနေသော မညီညာ သည့် လမ်းချိုးလေးအတွင်းသို့ ခပ်ကြမ်းကြမ်း ကွေ့ဝင်လိုက်သည်။

သုန့်ကိုယ်လေး ဒယိမ်းဒယိုင် ဖြစ်သွားကာ ကိုယ့်ကိုယ်ကို မထိန်းလိုက်နိုင်မီ ရွှေခြည်က ဘေးကနေ လက်တွေကိုပါရောစ၍ တအား ချုပ်ထားလိုက်၏။

"ဘာလုပ်တာလဲ သုန့်ကို ဘာလုပ်ကြတာလဲ လွှတ်. . . လွှတ်"

"ကောင်မ. . . နင့်ကို သတ်မလို့လေ ငြိမ်ငြိမ်နေစမ်း. . ."

တမင် ကြိုတင်ကြံစည်ထားမှုနှင့် အပိုင်ချုပ်ထားတာမို့ သုန် တအားရုန်းပေမယ့် မရပေ။ ကားက ရထားသံလမ်းဘေးမှာ ရပ်တန့်သွား လေသည်။ နေခြည်က နာရီကို ငုံ့ကြည့်ကာ. . .

"အတော်ပဲ ကောင်မကို ကြိုးတုပ်ရအောင်"

"ဟင့်အင်း. . . ဟင့်အင်း ဖယ် လွှတ်. . . လွှတ်"

နေခြည်က အတင်းကြိုးနဲ့ ဝင်တုပ်ရင်း ပါးကို ဖြန်းခနဲ ရိုက်ချ ပစ်လိုက်၏။ ကားပေါ်မှာ အမဲဖျက်နေကြသည့်အတိုင်း. . .

❖ ❖ ❖

## အခန်း (၄၃)

ဘေးမှာချထားသည့် ဖုန်းကိုကောက်ယူ၍ နံပါတ်တွေကို နှိပ်နေဆဲ တံခါးက ဖျတ်ခနဲ ပွင့်သွားသဖြင့် ဝီလီက ကြည့်လိုက်သည်။

"ဘာ. . . ကိုမိန်. . . ကျွန်တော့်က မနက်ဖြန်မှ ရောက်မယ်ထင်နေတာ. . . ဖုန်းလည်း မဆက်တော့ ဘာပဲဖြစ်ဖြစ် မနက်ဖြန် လာကြိုမလို့. . ."

အမိန့်ရှင်က အတက်ချီကော့စ်ကို စားပွဲပေါ် တင်၍ ရှေ့မှာထိုင်လိုက်သည်။

"အဆင်ပြေလား ကိုမိန်"

"ပြေတယ်. . . ကန့်ကွက်မယ့် ကိုယ်စားလှယ်က ရောက်မလာဘူးဆိုတော့ ရှိတဲ့လူတွေပဲ ဆုံးဖြတ်လိုက်ကြတယ်"

"မစ္စတာ ဟင်တာ မလာတာ မဟုတ်လား"

"ဟုတ်တယ်. . . သူဘယ်တော့မှ ပြန်ဝင်လို့ရတော့မှာ မဟုတ်





ဘူး. . ."

"ကိုမိန် ဒါဆို ပြန်နားလေ. . . အလုပ်ထဲဝင်လာတော့ ကျွန်တော့်ကို နိုင်းစရာရှိလို့လား"

"ဟုတ်တယ်. . . သုံးနာရီ ဖလိုက်နဲ့ပါလာမယ့် ညှို့သည်တစ်ယောက်နဲ့ မြရိပ်ညိုမှာ ချိန်းထားတာရှိသေးတယ်. . . ပြီးမှပဲ အိမ်ပြန်တော့မယ် သုန် နေထိုင်ကောင်းရဲ့လား"

"ကောင်းတယ် ကိုမိန်. . . ဒေါ်မိုးနဲ့ အဆင်ပြေနေကြတယ် . . ကြည့်လိုက်ရင် ကွန်ပျူတာ ရှေ့မှာချည်းပဲ ကိုမိန်. . . အလုပ်ပေးခဲ့တယ်ထင်တယ်"

အမိန့်ရှင်က ပြုံးသည်။

"ဖုန်းကိုင်ပြီး မင်းက ဘယ်ဆက်မလို့လဲ"

"ကိုမိန် တာဝန်ပေးခဲ့တဲ့ အတိုင်းပဲလေ. . . အိမ်ကို နှစ်နာရီခြား ဆက်နေတာ ခုပဲ ဆက်မလို့"

"ဆက်လေ. . . ငါရောက်နေတာတော့ သွားမပြောနဲ့ဦး. . . အိမ်အရင် မရောက်လို့ စိတ်ကောက်နေဦးမယ်"

ဝီလီကရယ်၍ မပြီးဆုံးခဲ့သည့် နံပါတ်တို့ကို အစကပြန်နှိပ်၍ ခေါ်လိုက်သည်။

"ဗျာ. . . ဘာ ဟာ သွားပြီ"

"ဟင် ဘာလဲ"

ဝီလီ ပြူးပြူးပြဲပြဲ ဖြစ်သွားသဖြင့် အမိန့်ရှင်က မျက်မှောင်ကုတ်နှင့် လှမ်းမေးသည်။

"ကိုမိန် မသုန်ကို နေခြည်တို့ လာခေါ် သွားတယ်တဲ့"

"ဟင်. . . ဘယ်ကိုတဲ့လဲ"

ဗီလီက ဖုန်းကို ပြန်ကပ်ကာ. . .

"ဒေါ်မိုး ဘယ်ကိုခေါ်သွားတာလဲ သိလား. . . ဟင်. . . အခုပဲ ဟုတ်လား. . . ဒေါ်မိုး အဲ့ဒီဖုန်းကိုယူပြီး လမ်းထိပ်ကိုထွက် ကားငှားပြီး အဲ့ဒီနောက်ကို မှီအောင်လိုက်ပါ. . . မှိုပါ့မလား. . . အင်း ဟုတ်ပြီ လိုက်ခဲ့ပါ. . . မြန်မြန် ကျွန်တော်တို့ ခုပဲလာမယ်. . . ကားပေါ်ကနေ လမ်းကြောင်းပြော"

ဗီလီက ထိုင်နေသည် မဟုတ်ဘဲ ဖုန်းပြောနေရင်း ကားရှိရာပြေးသည်။ အမိန့်ရှင်က နောက်ကပါလာ၏။

"ကိုမိန့်ဖယ်. . . ကျွန်တော် မောင်းမယ်. . . ကိုမိန့် ခရီးပန်းလာတယ်. . . စိတ်လှုပ်ရှားနေတုန်းဆိုတော့ မကောင်းဘူး"

"ရတယ်ကွာ"

ဒါဟာ ဘယ်လိုမှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဆိုတာ သူတို့နားလည်လိုက်ကြ၏။ အချိန်ပေးထားသည့် တစ်လကပြည့်ဖို့ သုံးရက်သာလိုတော့သည်။ ရှုံးတဲ့လူက ရှုံးမဲမဲကြလိမ့်မည်။

ဒါကို မသိစိတ်က ခံစားမိနေ၍ သုန့်ကို သူစိတ်မချခဲ့တာ ဖြစ်သည်။ ကားလေးက အဆောက်အဦးအပြင်ကို ထွက်လာခဲ့သည်။

"ဒေါ်မိုး. . . ဒေါ်မိုး ကားပေါ်ရောက်နေပြီလား. . . ဘယ်ကိုသွားနေတာလဲ. . ."

ဗီလီက မပြတ်တမ်းမေးနေသည်။

ကားလေးက လမ်းကြောင်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။

အမိန့်ရှင် မျက်နှာက စကားတစ်လုံးမှ မဆိုဘဲ နီရဲတင်းမာနေလေသည်။

❖ ❖ ❖



## အခန်း (၄၄)

"မမနေ. . . မနေ အဲသလို မယုတ်မာပါနဲ့. . . သုန့်ကို ပြန်လွှတ်ပေးပါ. . . မမနေတို့ လိုချင်တာ ဖြစ်ချင်တာအားလုံး သုန်ပေးပါ့မယ်"

ရထားသံလမ်းပေါ်မှာ သုန့်ကို ကန့်လန့်ဖြတ်တင်ကာ အသင့်ယူဆောင်လာသည့် ကြိုးနဲ့သေချာချည်ကြသည်။

"ကောင်မ. . . တော်တော် စကားများပါလား. . . ပါးစပ်ကို ပိတ်သွားအောင် ရိုက်ပစ်စမ်း"

"ရိုက်မနေပါနဲ့ မမရာ. . . တော်ကြာ သေမယ့်ဟာပဲ. . . ဒီမှာ မိသုန် ညည်းကို ငါတို့ ညည်းအိမ်ထဲကနေ ပြောင်ပြောင်တင်းတင်း ခေါ်ထုတ်လာရဲတယ်ဆိုကတည်းက ညည်းကို သတ်ဖို့ကို ဘယ်လောက်ထိ နိုင်မာနေခဲ့သလဲဆိုတာ မတွေးမိဘူးလား. . . ညည်းအသက်နဲ့ဆက်ပြီး ညည်းကြောင့် ငါတို့ သောကရောက်ခဲ့ရသမျှ စိတ်ဆင်းရဲခဲ့သမျှ ညည်းသေ

ပေးမှ ကျေနပ်မှာ"

သုန် ကြိုးတုပ်ခံထားရသည့် ခြေထောက်တို့မှာ လွန်စွာနာကျင်လျက် ရှန်းကန်ခြင်းကို လက်လျှော့လိုက်မိလေသည်။

ကြာက်လန့် ခံပြင်းစိတ်များနှင့် မျက်ရည်တွေ အဆက်မပြတ်ကျလာကြ၏။ ဒါဟာ ကိုကိုမှာခဲ့တဲ့ စကားကို နားမထောင်မိ၍သာ။

"မင်း အရမ်းအေးချမ်းတာပဲ. . . ကောင်းတော့ကောင်းတယ်. . ဒါပေမယ့် အဲဒီလိုလူမျိုးတွေက ယုံလွယ်တယ် အရှုံးပေးချင်တယ်. . . အဲဒါမျိုး ကိုယ်မကြိုက်ဘူး"

အမိန့်ရှင်ဆိုသည့် ယောကျ်ားဟာ အရာရာကို ကြိုသိ၍ အခက်အခဲတိုင်းကို ကျော်လွှားအောင်မြင်နိုင်သည့် အစွမ်းရှိပါသော်လည်း၊ သုန်ဆိုသော မိန်းမတစ်ယောက်ကတော့ သူများ လှည့်စားမှုအောက်မှာ အသက်ပေး၍ အသုံးမကျသည့် မိန်းမဘဝသို့ ကူးပြောင်းရတော့မည်၊ သုန် ဘာစကားမှ မပြောမိတော့ဘဲ မျက်လုံးတွေမှိတ်ကာ အနန္တော အနန္တငါးပါးနဲ့ အမိန့်ရှင်မှစ၍ ကျေးဇူးရှိဖူးသူအားလုံးကို စိတ်ထဲမှ ရှိခိုးဦးချိုက်သည်။ ဘဝကို စိတ်ပျက်လက်လျှော့၍ ဖြစ်သလိုကျဗျာ ရင်ဆိုင်တော့မှိုဆုံးဖြတ်မိတိုင်း သုန် ပြုမူနေကြအလုပ်ဖြစ်သည်။

သေမှာကို တွေးကြောက်နေလည်း မသေလို့ မရတော့ပေ။

နာရီတကြည့်ကြည့် ဖြစ်နေသည့် နေခြည့်အမူအရာကို ကြည့်ကာ ရထားလာတော့မည်မှန်း သိနေခဲ့သည်။ ရှိခိုးတောင်းပန်တော့ရော သူတို့မျက်ဝန်းမှာ သုန့်အတွက် အကြင်နာတရားဟူ၍ စိုးစဉ်မျှ ရှာမတွေ့ပါ။ ဘုရားတရားကိုသာ အာရုံပြု၍ ပြေပျောက်အောင် ကြိုးစားနေလိုက်တော့သည်။ ထိုစဉ် ရထားသံ ဥသြသံသဲ့သဲ့က နားထဲသို့ တိုးဝင်လာ၏။

"ဘူဘော်"





ရထားလာနေပါပြီ။ သူမ သေရတော့မည်။

မလှမ်းမကမ်းမှာ ဆုတ်ရပ်၍ နေခြည်တို့ ကားပေါ်ကနေ ကြည့်နေကြတာကို သူမ သိနေသည်။ သေစေလိုကြသူတွေ စိတ်ချမ်းသာနိုင်ကြပါစေ။ ငါဟာ သေသင့်လောက်အောင် ဆင်ခြင်တုံတရားနည်းခဲ့တဲ့သူကိုယ့်မိုက်ပြစ်နဲ့ကိုယ်။ ကိုယ့်ကိုယ်ကို သေရဲအောင် သုန် အားတင်းကြိုးစားနေပေမယ့် ရထားဥသြသံကို ကြားလိုက်ရပြီ။ ဤမျှ အသေဆိုးနှင့်ရင်ဆိုင်ရတော့မည် ကိုယ့်အဖြစ်အတွက် အသားဆတ်ဆတ် တုန်လေသည်။

"သုန်. . . "

ဒီ ကိုမိန့် အသံလား။ သုန် မျက်လုံးတွေ ဖျတ်ခနဲ အဖွင့်မှာ သူမရှေ့ကို အပြေးဝင်လာသည့် အရိပ်သည် တကယ်ပဲ အမိန့်ရှင် ဖြစ်နေသောအခါ. . .

"ကိုကို"

သုန် ဝမ်းသာအားရ ခေါ်လိုက်မိသော်လည်း. . .

"ဘူဘော်"

ရထားသံက ပို၍စူးရှလာ၏။ သုန် လှည့်ကြည့်လိုက်တော့ ရထားက ခေါင်းတို့ပြေးလာနေပြီ ဖြစ်၏။

"ဘူဘော်"

လမ်းပေါ်မှာ လူတွေ့၍ ရထားက ဥသြဆွဲသတိပေးနေတာ ဖြစ်၏။ ကြိုးဖြေပေးနေသည့် ကိုကို့အတွက် သုန် စိတ်ပူသွား၏။

သေရမည့်အတူတူ မသက်ဆိုင်သူတွေကို သုန် ဒုက္ခမပေးချင်တော့ပေ။

"ကိုကို. . . ကိုကို. . . သုန့်ကို ကယ်မနေနဲ့တော့. . . ရထားလာ

နေပြီ သွားတော့ကိုကို. . သွားပါ"

"မျက်လုံးမှိတ်ထား သုန်. . . ဘယ်မှမကြည့်နဲ့. . ဝီလီ မလွတ်လောက်ဘူး ထင်ရင် မင်းသွားတော့"

"လိုသေးတယ် ရအောင်ဖြေ ကိုမိန့်"

"ဘူအော်"

ရထားဥဩသံက ဆူညံနေသည်။

ကိုက်တစ်ရာ အကွာလောက်ကို ပြေးလွှားရောက်လာ၏။

"ကိုကိုရယ် သုန့်ကို ထားခဲ့ပါ. . သွားပါ"

"ဘာလို့ လျှောက်ကြည့်နေတာလဲ မျက်လုံးမှိတ်ထားလိုက်"

သုန် ကြောက်မှာစိုး၍ ကိုကိုကတောင် အားပေးနေသေးတဲ့အဖြစ်။ သုန်ကို ဒီလောက်ထိတောင် အသက်ပေးချစ်ရသလား ကိုကိုရယ်။

သုန် မျက်လုံးလေး မှိတ်ချကာ အံကြိတ်ထားမိသည်။

မေါင်းနှုထားရသည့် ရထားသံလမ်းက တဒုန်းဒုန်း ဆောင့်ခုန်နေသလို ရထားခုတ်လာသည့် အရှိန်ကအရင်ရောက်လာသည်။

"ဝီလီ. . . မင်း သွားတော့"

အပြောနှင့်အတူ အမိန့်ရှင်က ဝီလီ့ရင်ဘတ်ကို အားနဲ့ဆောင့်တွန်းပစ်လိုက်ကာ သုန့်ကိုယ်လေးကို ဖက်၍ သံလမ်းတစ်ဖက်သို့ လှိမ့်ချပစ်လိုက်၏။ လက်တစ်ဖက်က ကြိုးမပြတ်သေးပါ။

"လက်ကိုဆုပ်ထား သုန်"

"အား"

လက်ကို ဆွဲလိမ်ခံလိုက်ရသလို ဖြစ်သွားကာ သုန် ရထားကြိတ်ခံရပြီးဆိုသောအသိနှင့် တအားကျုံးအော်လိုက်မိ၏။

"ဂျုံး. . . ဂျုံး. . . ဂျုံး"



အမိန့်ရှင် သုန့်ကိုယ်လုံးလေးကို ဖက်ထားကာ မြေပြင်မှာ ပြားနေအောင် ကပ်ထားလိုက်၏။ ရထားဖြတ်ခုတ်သွားသည့် အရှိန်နှင့် ပြင်းထန်သော လေလုံးကြီး ပစ်ဆောင့်ကာ ဆံပင်တွေ အကျီစတွေသာမက တစ်ကိုယ်လုံး လွင့်ပါသွားတော့မယ့်အတိုင်း မှောင်းလှုပ်တုန်ခါနေခြင်းက အတော်ကြီး ကြာ၏။ ရထားလွန်သွားသည်နှင့် အမိန့်ရှင် ချက်ချင်းထကာ သုန့်လက်ကလေးကို ကြည့်လိုက်သည်။

"သုန်. . မင်း ဘာမှမဖြစ်ဘူး"

ကြိုးနဲ့ဆွဲလျက်ရှိပေမယ့် ချော်နေသော ကြိုးက လက်ကို တစ်ဖက်သို့ ကျွတ်လွတ်စွာ လွဲထွက်ခွင့်ပေးခဲ့လေသည်။

"ကိုကို"

"သုန်"

ကြိုးဖြေလိုက်သည်နှင့် သုန်သည် အမိန့်ရှင် ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုတော့သည်။ သူမ သေတွင်းထဲက လက်မတင်လေး လွတ်ခဲ့ရပြန်လေပြီ။ ရထားလမ်းတစ်ဖက်မှာ ဝီလီ ရပ်လျက် မျက်နှာကြီးပြုံးချိုနေ၏။

"မငိုနဲ့တော့ သုန်. . . အားလုံး လွတ်မြောက်ခဲ့ပြီပဲဟာ"

"ကိုကိုရယ် သုန်. . . သုန်ကြောင့်. . ."

အမိန့်ရှင်က ပြုံး၍ သုန့်မျက်ရည်တွေကို သုတ်ပေးသည်။

ပြီးတော့ တင်းခနဲ ဆွဲဖက်ကာ မျက်နှာလေးကို နမ်းရှိုက်လျက်

"မင်းလို မိန်းကလေးကို ဘယ်သူက သတ်လို့ရမှာလဲ. . . လက်ဝဲသုန်ရယ်"

ဝီလီ ကားဆီသို့ လျှောက်ထွက်သွားလေသည်။

သစ္စာမွန်စာပေ

## အခန်း (၄၅)

"ရွှေမှာ ကားကြောပိတ်နေတယ် ကိုမိန့်. . ."

"ဘာဖြစ်လို့လဲ"

"အက်ဆီးဒင့် ဖြစ်နေတယ်ထင်တယ်. . . သေးကြောကမပက် တက်မလား"

အမိန့်ရှင်ဖြေဖို့ ပါးစပ်ဟလိုက်စဉ်. . .

"အမှာထင်တယ်. . . လုလှချောချောလေးတွေ. . ."

"ဟုတ်တယ်. . . ချောပေမယ့် သွားပါပြီကွာ. . . တစ်ယောက် ကမှန်ကွဲတွေ မျက်နှာမှာ စူးထားတာ မနည်းဘူး. . . တစ်ယောက်က ကား အောက်က မနည်းဆွဲထုတ်ရတယ်. . ."

ဝီလီလည်း ကြားလိုက်သည်။ အမိန့်ရှင်ကို ဖျတ်ခနဲ လှည့်ကြည့် ၏။ သုန် ပခုံးလေးကို ဖက်ထားရင်း နောက်ခန်းမှနေ၍ အမိန့်ရှင်က ခေါင်းညိတ်ပြလိုက်ရာ ဝီလီ ကားပေါ်က မြေးဆင်းသွားသည်။

ဟအောင့်ကြာတော့ ပြန်ရောက်လာ၏။





"သူ့အကုသိုလ်နဲ့သူ သွားပြီ ကိုမိန့်. . . ဟိုညီအစ်မပဲ"

"သေကုန်ပြီလား"

"မှန်ကွဲစူးတဲ့ တစ်ယောက်ကတော့ မသေနိုင်ဘူးလို့ ပြောတာပဲ ကားအောက်က တစ်ယောက်ကတော့ အခြေအနေ မကောင်းဘူးတဲ့"

အမိန့်ရှင်က နှုတ်ခမ်းတွန့်၍ မဲ့သည်။

"မသေတဲ့လူ ထောင်ကျမှာပဲ"

အေးစက်သောလေသံက ထေ့ငေါ့ လှောင်ပြောင်လိုခြင်း မဟုတ် မှန်း သိသာနေသည်။ တစ်သက်နဲ့တစ်ကိုယ် ဘာအခက်အခဲဖြစ်ဖြစ် စိတ် ညစ်လောက်အောင် မဖြေရှင်းခဲ့ရဖူးသော သူ့မှာ ဒီနေ့ ချွေးပြန်မတတ် သောကများသွားခဲ့သည်။ ဒါကို ဘယ်လိုစိတ်ထားနှင့် ခွင့်လွှတ်လိုက်ရ မလဲ။

သုန် အားလုံးကို ကြားသော်လည်း သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ် လေး နွဲ့မှီလျက်သာ တစ်ခွန်းမှ ဝင်ရောက်ပြောဆိုခြင်း မပြုတော့ပါ။ သုန့်ရဲ့နောက်ဆုံးခန်းကို လှလှပပကြီး ကြည့်ဖို့ သူတို့စောင့်နေကြတာကို သုန်သိသည်။ ကိုကိုတို့ ရောက်လာတာမြင်မှ ကြောက်အားလန့်အား ပြန် လှည့်ပြေးကြရင်း ကားချင်းတိုက်မိတာဖြစ်မည်ကို တွေးမိ၏။

သူတို့ ဘာကြောင့် သုန့်ကို သေစေချင်ကြပါသနည်း။

"ညည်းကို သတ်ပြီးမှ ကြီးစင်ပဲတက်ရတက်ရ" တဲ့. . .

ဒါဆို ဂယောက်ခြောက်ခြား ဘာလို့ပြေးကြတာလဲ။ သတ္တဝါ တိုင်းဟာ ကိုယ့်အသက်လေးတွေကို နှမြောကြသည်သာ ဖြစ်သည်။ ခုတော့ သေစေလိုသူက မသေဘဲ သူတို့ ကိုယ်ကျိုးနည်းသွားပြီ။

ဪ. . . အရာရာဟာ ကိုယ်ပေးခဲ့တဲ့ အတိုင်းပါပဲလား. . .

❁ ❁ ❁

## အခန်း (၄၆)

"ဟော. . . ကိုမိန့်တို့ဇနီးမောင်နှံ လာပြီ. . . ကြွပါဗျာ"

"အို. . . ညီမလေးက လှလိုက်တာကွယ်"

အမိန့်ရှင်နဲ့သုန့်ကို မွေးနေ့ရှင် လင်မယားက မျှော်စွာ ဖွက်ကြို ကြသည်။ ညစ်ခံပွဲတစ်ခုလုံး သုန်တို့စုံတွဲဆီကို အာရုံတွေရောက်နေကြ၏

အမိန့်ရှင်သည် နိုပြာရောင် အနောက်တိုင်းဝတ်စုံနှင့် သူ့ပုံစံ အတိုင်း ဆံပင်ရှည်တွေကို နောက်မှာ စုစည်းထားသော်လည်း ဘေးနှစ် ဘက်မှ ခပ်တိုတို ဆံပင်တစ်ချို့ ပြန်ကျနေသည်။

လေးထောင့်ဆန်သောမျက်နှာနှင့် တင်းတင်းစေ့နေသော နှုတ်ခမ်းက လိုက်ဖက်၏။

မြင့်မြင့်မားမားနဲ့ သူ့ဘေးမှာတော့ နက်ပြာရောင် ဇာလမ်းဆက် နှင့် နီလာတွေချည်း ဝတ်ထားသည့် သုန် မျက်နှာလေးက နုဖက်ဝင်းစက် နေသည်။





ဆံပင်တွေ အားလုံးကို လှလှပပလေး သိမ်းတင်၍ ခပ်ဖွဖွလေး ထုံးကာ နက်ပြာရောင် သစ်ခွပွင့်တွေကို ညာဘက်ဆံထုံးအစပ်မှာ အပွင့် ချင်းယှက်၍ ပန်ဆင်ထားသည်။

တဖျတ်ဖျတ် လတ်နေသော နက်ပြာရောင် လက်မွေ့အိတ်လေး ကို ကိုင်ထားသည့် သုန်တစ်ကိုယ်လုံးက သွယ်နွဲ့ကျော့ရှင်းနေ၏။

"သိပ်ကိုလိုက်ဖက်တဲ့ ဇနီးမောင်နှံပါပဲဗျာ"

စားပွဲများမှ ထလာကာ လက်ဆွဲနှုတ်ဆက်ကြသူတွေကို သုန် ပြန်၍နှုတ်ဆက်ရသည်။

အားလုံး၏ ဂရုစိုက် လှိုက်လှဲမှုများကြားမှာ သုန် တိုက်ကွဲလက်ကို ချိတ်ထားကာ ဝမ်းသာကြည်နူးနေဆဲ မျက်နှာတစ်ခုကို ဖျတ်ခနဲ တွေ့လိုက် ရလျှင် ရင်ထဲမှာ လှုပ်ခါသွားသည်။ ဟုတ်ပါသည်။

အတော်လှမ်းသော စားပွဲတစ်ဝိုင်းဆီမှ မျက်နှာတစ်ခုသည် သုန့်ကိုသာ မမိုတ်မသုန် ကြည့်လျက် ပြုံးနေသည်လား။ အံကြိတ်နေသည် လား မသိလောက်အောင် နှုတ်ခမ်းများက ပြုံးယောင်ရှိပေမယ့် မျက်ဝန်း တို့က အေးစက်နေသည်။

တောက်လက်နေသော မျက်ဝန်းများသည် နားက စိန်နားကပ် အရောင်နဲ့ အပြိုင်ဖြစ်လေသည်။

အသက်ရှူပြင်းနေသော ရင်အစုံပေါ်မှာ စိန်လည်ဆွဲက ဝိုး၍ ဖျတ်ဖျတ်လတ်နေ၏။

သူမနဲ့ သုန်တို့ အကြာကြီး စူးစိုက်ငေးနေမိကြ၏။

ပေါ်မြင့်မြတ်ဇင် မချိတချိပြုံး၍ မျက်နှာလွှဲသွား၏။

မှန်ပါသည်။ သူမဟာ တိုင်းဝဠာရဲ့မိခင် ဒေါ်မြင့်မြတ်ဇင်ပါပဲ။

သူမ ဘာကို မကျေနပ်၍ သုန့်ကို ဒီမျက်ဝန်းများနှင့် ကြည့်ပါ

သနည်း။

"သုန် စားလေ"

"ရှင်. . ဟုတ်ကဲ့ ကိုကို"

သုန့်ကျွေးမွေးထားသည့် စားဖွယ်ရာများကို စိတ်မဝင်စားဘဲ ထို မျက်နှာဆီသို့သာ မကြာခဏ လှမ်းကြည့်ဖြစ်သည်။

"ကိုမိန့်တို့ ဟိုကိစ္စကလည်း တစ်ခုပြီးတော့မလို့နဲ့ တစ်ခုထပ် ဖြစ်တယ်နော်. . . အဲဒါ သက်သက်ညစ်ပတ်တာဗျ. . . ရှုံးနေရင် တောင်း ပန်လို့ရသားနဲ့ ယုတ်မာတာ သနားစရာ မရှိပါဘူး"

မွေးနေ့ရှင် ကိုပြည့်ဝက အနားမှာလာထိုင်ရင်း ပြောသည်။

"အခုတော့ အငယ်လေးလည်း ဆုံးသွားပြီး အကြီးမကြီးလည်း မျက်လုံးတွေ ကွယ်သွားတယ်ဆို"

"ဟုတ်တယ်. . . တော်တော်ဆိုးဝါးလို့ မျက်လုံးတွေကို ထုတ် ပစ်လိုက်ရတာ"

"ဒါ. . . သူ့အပြစ်နဲ့သူပဲ အကုသိုလ်စိတ်က ကြောက်စရာနော်"

ထိုစဉ်မှာပင် ဧည့်သည်တွေ အနားရောက်လာကြကာ အမိန့်ရှင် ကို နှုတ်ဆက်ကြ စကားပြောကြနှင့် စားပွဲတစ်ခုလုံးပြည့်သွားသဖြင့် သုန် ထိုအချိန်ကို ပျင်းရိငြီးငွေ့စွာ စောင့်နေခဲ့ရသည်။

အမိန့်ရှင်က သုန်ကို လှမ်းကြည့်၍ စကားပြောဖို့ကြိုးစားသည်။ သုန်က ပြုံးပြ၍ ခေါင်းခါပြလိုက်၏။

ဒိုကို သူမကြောင့် စိတ်ကသိကအောင့် မဖြစ်စေချင်။

ဧည့်သည်တွေ ရှင်းသွားသည်နှင့် အမိန့်ရှင်က သုန့်လက်က လေးကိုဆွဲ၍ နေရာမှထ၏။

"အားနာလိုက်တာ ကိုမိန့်ရာ. . . တကယ်ဆို လူတွေ ကိုမိန့်ကို





ဘယ်ထုနှံကတည်းက စောင့်ကြည့်နေသလဲ မသိဘူး. . . အဲဒီအမိအမဉ် တွေ ကျွန်တော် တကယ်မသိပါဘူးဗျာ ယုံပါ"

ကိုပြည့်ဝက လာတောင်းပန်သည်။

"ရပါတယ်. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ. . . ကျေးဇူးပါပဲ"

နှစ်ယောက်အတူ ကားဆီကို ပြန်လာကြရင်း သုန် လက်ကိုင် ပဝါလေး လွင့်ကျသွားသဖြင့် နောက်ဘက်ပြန်ငုံ၍ လှည့်ကောက်လိုက်စဉ် တစ်စုံတစ်ယောက်နှင့် တိုက်မိမတတ် ဖြစ်သွားလေသည်။

"ဟင်. . . အို"

သုန် လက်ကိုင်ပဝါလေးကို လက်ကကောက်သော်လည်း မျက် လုံးတွေက ထိုမျက်နှာဆီမှ မခွာဖြစ်ခဲ့ပေ။ ဒေါ်မြင့်မြတ်ဇင်ပဲ ဖြစ်လေ သည်။

သူမက နှုတ်ခမ်းစေ့၍ မေးဖျားလှုပ်ရုံလေး ပြုံးပြကာ. . .

"နေကောင်းရဲ့လား လက်ဝဲသုန်"

"ရှင်"

ဘာကိုပြောတာလဲ ရိုးရိုးမေးတာလား။ ဆန်းဆန်းပြားပြားလား သုန် မစဉ်းစားနိုင်ဘဲ ဘာမှလည်း မဖြေဖြစ်ပေ။

ဒေါ်မြင့်မြတ်ဇင်က အမိန့်ရှင်ကို တစ်ချက်လှမ်းကြည့်၍ သူမ လက်ကိုင်အိတ်ထဲက စာအိတ်လေးတစ်ခုကို ထုတ်ယူလိုက်သည်။

သုန် ဘာမှန်းမသိဘဲ ငေးကြည့်နေမိ၏။

"ရော. . . သားလေးဆုံးသွားလို့ နှစ်ဝက်ပြည့်တဲ့ အထိမ်းအမှတ် နဲ့ သဘက်ခါမနက် အိမ်မှာ ဘုန်းကြီးဆွမ်းကပ် တရားနာကြမှာ"

"ရှင်"

သုန့် ယောင်ယမ်းနောက်ဆုတ်မိကာ ဝိုင်းစက်သွားသည့် မျက်ဝန်းအိမ်လေးထဲမှာ မျက်ရည်တွေ ချက်ချက်ဝေ့တက်လာ၏။

ဒေါ်မြင့်မြတ်ဇင်က သုန့်ကို စူးစိုက်ကြည့်ကာ. . .

"သူငယ်ချင်းတွေဆိုတော့ လာကောင်းပါတယ် သမီးရယ်. . . သူ့သူငယ်ချင်းတွေကတော့ လစဉ် ရောက်လာကြတာပဲ"

"သုန့်. . . သုန့် တကယ်မသိခဲ့ဘူး"

ဒေါ်မြင့်မြတ်ဇင် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်အိုင်လျှံကျလျှက်. . .

"ဟုတ်မှာပါလေ. . . သားလေး သတင်းကို မကြားရက်လွန်းလို့ သတင်းစာထဲမှာတောင် မထည့်ရက်ခဲ့ဘူး. . . မျက်စိအောက်မှာ အနီးတီ သားလေး မရှိတော့ပေမယ့် ဒီနေ့အထိ သားလေးဟာ အန်တီရင်ခွင်ထဲမှာ ရှိနေတုန်းပဲ"

ဒေါ်မြင့်မြတ်ဇင် အင့်ခနဲ ရှိုက်သည်။

"သမီးတို့ အိမ်ထောင်သက် ခြောက်လပြည့်ပြီးပေါ်နော်. . . သမီးတို့ မင်္ဂလာပွဲ ပြန်လာတဲ့ညမှာပဲ သူ့ဖအေ အရက်သောက်တဲ့ အခန်းထဲဝင်ပြီး နိုင်ငံခြားအရက်တွေ ယူသောက်နေခဲ့တယ်. . .

ဘယ်သူမှမသိအောင် လူမသိသူမသိ ဖြစ်နေပြီး ခုနက်လေး နာရီတိုးမှ သူ့ကိုတွေ့တော့ အသက်မရှိတော့ဘူး. . . ဒါ. . . ဒါပေမယ့် သားလေးဟာ အန်တီသားပဲ အန်တီနားမှာ ရှိနေပါတယ်"

ဖြစ်ရလေ ကိုတိုင်းရယ်။ သုန့် ဘာမှ သတိမရ။ မေ့လျော့နေခဲ့တဲ့ အချိန်မှာ ကိုတိုင်းက သုန့်ကြောင့် သေဆုံးနေခဲ့ပြီတဲ့လား။

ရှင် သေလောက်အောင် ချစ်ခဲ့တဲ့မိန်းမဟာ အခြားယောက်ျားကို အရူးအမူး ချစ်နေတာများ ရှင်သိခဲ့ရင် ချစ်ခဲ့မိလေခြင်းဆိုတဲ့ နောင်တ





တွေ ရှင်ရမှာ။

ဒါဟာ ဘယ်သူ့ကြောင့်လဲ သုန့် သစ္စာမဲ့တာလား။

ဟုတ်တယ် ကိုတိုင်း ငါ့ကိုသိပ်ချစ်ခဲ့တာပါ။

သုန့် အံကြိတ်ထားလျှက်နှင့် မျက်ရည်တွေ ပြည့်သိပ်လာသည်။

သူသည် သက်ပြင်းငွေ့ငွေ့ချ၍. . .

"ငိုချင်ရင် ငိုချလိုက်လေ သုန့်. . . ဘာဖြစ်လို့ ချုပ်တီးထားတာလဲ"

သုန့် ကိုကို့ကို မော့ကြည့်လိုက်မိစဉ် မျက်ရည်စက်တို့ ကြွေကျသွားကြ၏။

ပြီးတော့ ကိုကို့ရင်ခွင်ထဲတိုးဝင်ကာ သုန့် အင့်ခနဲ ငိုမိလေသည်။ ကိုကို မည်သို့ခံစားနေရပြီလဲ။ ခွင့်လွှတ်ထားလိုက်ပေမယ့် သုန့် တခြားယောက်ျားအတွက် မျက်ရည်ကျနေတာကို ကိုကို သဘောကျနိုင်မည်တော့ မဟုတ်ပေ။

သုန့်ဟာ ယောက်ျားနှစ်ယောက်အပေါ် သစ္စာမတည်ခြင်းကို ပြုခဲ့မိသလား။

"ကိုကို"

"ပြောလေ သုန့်"

"သုန့်. . . သုန့်ကို ခွင့်လွှတ်ပါ ကိုကိုရယ်. . . သုန့်လေ. . ."

အမိန့်ရှင်က သုန့်မျက်ရည်တွေကို နားလည်စွာကြည့်၍ ပြုံးသည်။ ထို့နောက် သုန့်ကို ကားဆီသို့ အသာတွဲခေါ်လာကာ နှစ်ယောက်အတူထိုင်မိကြပြီးမှ သုန့်လက်ဖဝါးလေးကို လှမ်းဆုပ်၏။

"ကိုယ့်ကို အားနာနေသလား သုန့်. . . မင်းကို ကိုယ်နားလည်တယ်. . . ဒါဟာ ဝမ်းနည်းသင့်တဲ့ ဖြစ်ရပ်ပဲ မင်းမှာ အပြစ်မရှိဘူး"

ရှု ကြည်လင်စွာ ပြောၵ၏။

သုန် အမိန့်ရှင် ပဒုံးစွန်းမှာ ကလေးငယ်လေးသဖွယ် မိုနဲ့လိုက်ဖြ မျက်ရည်ထပ်မကျဖြစ်ဖို့ ကြိုးစားလိုက်သည်။

သို့သော် ကြေကွဲစွာ ခံစားမိနေသော ရင်တွင်းမှ

"ကိုတိုင်းတစ်ယောက် ဘဝဆက်တိုင်း ချစ်သောသူနဲ့ ပေါင်းဖက်ရစေ" ဟု တိုးတိတ်စွာ ဆုတောင်းပေးမိရင်း . . .

ပြီးပါပြီ။

သျှင်မ